www.burmeseclassic.com

# ပေါ်ဂျာရစ်

## ကမ္ဘာအချစ်



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အချစ်

ဝေပီရုချစ်

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၆၇၂၀၅၀၅
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၆၁၁၀၅၀၅
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ
အုပ်ရေ
၅၀၀
အဖုံးပန်းချီနှင့် အတွင်း
ကိုထက်မိုး
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ပယ်ိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြဲ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းမိုးသား သုံးခွာ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြဲ(၀၅၁၃၁)
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့
တန်ဖိုး
၇၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## ပညာရွှေတောင်စာအုပ်တိုက်မှ ထုတ်ဝေပြီးသော စာအုပ်များ

| | | |
|---|---|---|
| ၁၇၅။ | ဂျာအေးနှင့်ရွှေကြိုးပ်သား | ပေါ်ဂျာရစ် |
| ၁၇၆။ | ဂျူသာမဒ္ဒရိယ ဝီပါက်ကြမ္မာနှင့် နိုင်ငံရပ်ခြား ဗဏ္ဏုတိုများ | ထက်မြက် |
| ၁၇၇။ | အဏ္ဏဝါတရွှေ | မောင်မြင့်ကြွယ် |
| ၁၇၈။ | လင်းအွဲဇော်ယျာ | မာယာ |
| ၁၇၉။ | ဂျာအေးနှင့် နှစ်လော်ရာကုန်း | ပေါ်ဂျာရစ် |
| ၁၈၀။ | သူရဲ့လက်ဆောင် (တတိယတွဲ) | ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား) |
| ၁၈၁။ | ဂျာအေးနှင့်ယောက္ခမလည်မြန် | ပေါ်ဂျာရစ် |
| ၁၈၂။ | ညဘီလူး | မာယာ |
| ၁၈၃။ | ဂျာအေးနှင့် လောဘရပာတ်ကြီး | ပေါ်ဂျာရစ် |
| ၁၈၄။ | ဂျာအေးနှင့် မဟာဂျာသဘင်ကြီး | ပေါ်ဂျာရစ် |
| ၁၈၅။ | ထမန်းကျွာပေါက်ကျိုင်း | မာယာ |
| ၁၈၆။ | ဝိအေဂျာအေး | ပေါ်ဂျာရစ် |
| ၁၈၇။ | မရဏဒဏ္ဍာရီ | မာယာ |
| ၁၈၈။ | ရှားလော့ဟုမ်းနှင့် စိတ္တဇလူသတ်သမား | ဝင်းနိုင်ဦး(ရေနံ) |
| ၁၈၉။ | နှစ်ကိုယ်ခွဲ | ပေါ်ဂျာရစ် |
| ၁၉၀။ | နတ်လိုင်စင် | ပေါ်ဂျာရစ် |
| ၁၉၁။ | စိတ်ရွှေ | မာယာ |
| ၁၉၂။ | တောရတောင်ရေး | ပေါ်ဂျာရစ် |
| ၁၉၃။ | မာယာမင်းသမီး | မိုးကျော် |

ယခု

| | | |
|---|---|---|
| ၁၉၄။ | ကမ္ဘာအချစ် | ပေါ်ဂျာရစ် |

ဆက်လက်၍

| | | |
|---|---|---|
| ၁၉၅။ | ချစ်မျက်နှာဖုံး | ပေါ်ဂျာရစ် |

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

လူဦးရေ တစ်နေ့တခြား ဖောင်းပွ စူဖောင်းလာသော မြို့ကြီး။ မနက် မိုးလင်းသည်နှင့် လမ်းမကြီးများပေါ် ဥဒဟို သွားလာနေကြသော လူ အုပ်စုကြီး။ ဈေးသည်တွေကလည်း ပလက်ဖောင်းပေါ် အပြိုင်အဆိုင်။ စတိုးဆိုင်တွေ၊ စားသောက်ဆိုင်တွေကလည်း ပြွတ်သိပ်နေ၏။

ရုပ်ရှင်ရုံ၊ ကားဂိတ် ယုတ်စွအဆုံး ဆေးရုံတွေ၊ တရားရုံးတွေမှာပင် လူတွေ ကျိတ်ကျိတ်တိုး စည်ကားနေ၏။ ဘယ်နေရာကြည့်ကြည့် လူတွေ တိုက်တာအဆောက်အအုံတွေ၊ ကားကြီး ကားငယ်တွေ၊ အသံဗလံတွေနှင့် ပွရောင်းရောင်း ဖြစ်နေသော မြို့ကြီး။

နိုင်ဦးသော်သည်လည်း ပွရောင်းရောင်း မြို့ကြီးထဲက လူတစ်ယောက်။ ဘာလုပ်လုပ် သုတ်သီးသုတ်ပျာ သဘာဝရှိ မြို့ကြီးထဲ ကြီးပြင်းလာသူမို့ သူလည်း သုတ်သီးသုတ်ပျာ အကျင့်ရနေပြီ ဖြစ်၏။

စားသုတ်သုတ်၊ သွားသုတ်သုတ်၊ လာသုတ်သုတ်နှင့် သုတ်သီးသုတ်ပျာခေတ်ထဲ နိုင်ဦးသော်လည်း ခေတ်မီအောင် မနည်း ကြိုးစားနေရ၏။ ထိုသို့ သုတ်သီးသုတ်ပျာ ဖြစ်စဉ်များကို အမီလိုက်ရင်း သူလည်း နမော်နမဲ့ နိုင်လာ၏။

နေတော့ ရန်ကုန်အရှေ့ဘက် ရေကျော်ရပ်ကွက် အဆောင်တစ်ဆောင်တွင် နေထိုင်၏။ မိဘနှစ်ပါးစလုံးက နယ်မှာ။ အဆောင်မှာ နေရသည်မို့ အချိန်နှင့် သွားလာနေထိုင်ရ၏။ အဆောင်ပိုင်ရှင် ဦးရွှေကိုက အင်မတန်မှ စည်းကမ်းကြီးလှသူ ဖြစ်၏။

ဘာမလုပ် ညာမလုပ်နှင့် ထုတ်လိုက်သည့် စည်းကမ်းတွေက တစ်တာတစ်ခါ။ ညေ့သည် ညအိပ်ခေါ်လို့မရ။ မိန်းမများ အဆောင်ထဲ ခေါ်ရ။ အရက် မသောက်ရ။ စည်းကမ်းတွေက ဗုံးပေါလအော။ ပြီးတော့ ဦးရွှေကိုက လူပျိုကြီး။ အင်မတိ အင်မတန် ဂျိုကျောင် များလှသူ။

www.burmeseclassic.com



မနက်မိုးလင်းသည်နှင့် နေထွက်အောင် အိပ်၍မရ။ ငါးနာရီခွဲတိတိတွင် အချက်ပေးဘဲလ် တီးတတ်၏။ ညဆယ်နာရီတိတိဆိုလျှင် အိပ်ချိန်ဘဲလ် တီးတတ်၏။ ဦးရွှေကိုသည် ဘဲလ်တစ်လုံးနှင့် ညွှန်ကြားတတ်သူဖြစ်လေ၏။ နေရသည့်အခန်းက သုံးယောက်တစ်ခန်း။

အောင်ဘ၊ ဝင်းသစ္စာတို့ နှစ်ဦးက သူ့အခန်းဖော်များ ဖြစ်၏။ သူတို့သုံးယောက်စလုံး တစ်နယ်တစ်ကျေးမှ လာရောက် နေထိုင်သူများ ဖြစ်၏။

သူနှင့် အောင်ဘက ရန်ကုန်ကို အရင်ရောက်ခဲ့၏။ ကွန်ပျူတာပညာ ကျွမ်းကျင်အောင် တတ်မြောက်ခဲ့သည်မို့ ကုမ္ပဏီကြီးတစ်ခုတွင် အလုပ်ရခဲ့၏။ အောင်ဘကလည်း သူ့လို ကုမ္ပဏီဝန်ထမ်း။ သူတို့ကုမ္ပဏီနာမည်က 'သစ္စာကမ္ဘာ' ကုမ္ပဏီကြီး။ လူအင်အား တစ်ရာ့ငါးဆယ်ခန့်ရှိ၏။

ကုမ္ပဏီပိုင်ရှင်အမည်က ဦးသစ္စာစကြာ။ အရွယ်က သုံးဆယ့်ငါးနှစ်ကျော်ကျော်။ အလွန်တရာ အသန့်အပြန့် ကြိုက်လှသော လူပျိုကြီး။ မိဘနှစ်ပါးစလုံးကလည်း ကျိုကျိုတက် ချမ်းသာလှ၏။ ဆွေတွေမျိုးတွေကလည်း ကျိုကျိုတက်။ အသိုင်းအဝိုင်း တစ်ခုလုံးကလည်း ကျိုကျိုတက်။

ကျိုကျိုတက်တွေကြား သူလည်း ကျိုကျိုတက်ဖြစ်တာ မဆန်း။ အလုပ်က အိတ်စပို့ အင်ပို့အလုပ်။ အဆောင်ပိုင်ရှင် ဦးရွှေကိုနှင့် နင်လားငါလားဟု ဆိုနိုင်၏။ စည်းကမ်းတွေ၊ ဥပဒေတွေက သူ့ပါးစပ်ထဲ တစ်ပုံတစ်ခေါင်း။

ကုမ္ပဏီနံရံများတွင် သူထုတ်သည့် ဥပဒေ စည်းကမ်း စာရွက်တွေက ရုပ်ရှင်ပိုစတာတွေအလား ပလူပျံ့နေ၏။ ပြီးတော့ ကုမ္ပဏီဝန်ထမ်းတွေကိုလည်း ရုပ်ရည် အရင်ဆုံးကြည့်ပြီးမှ ခန့်တတ်၏။

ပုံဆိုးပန်းဆိုးဆိုလျှင် လှည့်တောင်ကြည့်သူ မဟုတ်။ အမျိုးသမီးများဆိုလျှင်လည်း ထိရက်စရာ မရှိအောင် လှပချော‌မောသူလေးများကိုသာ ရွေး၍ ခန့်တတ်၏။ ပြီးတော့ အသန့်အပြန့်ကို အလွန်မှ ကြိုက်တတ်၏။

ထူးဆန်းသည်က ဦးသစ္စာစကြာ၏ မျက်နှာပေါ်တွင် လေကာ မျက်နှာဖုံးလေး ကပ်ထားခြင်းပင် ဖြစ်၏။ သူ့အကြောင်းပြချက်က တခြားမဟုတ်ပါချေ။ လောကကြီးသည် လူတွေနှင့် ဖောင်းပွသာ၏။ ထိုသို့ပွရောင်း ဖောင်းကားလာသော လူတွေနှင့်အတူ ရောဂါပေါင်းစုံကလည်း ပြည့်နှက်နေပြီဟု ဆို၏။

လေကိုပင် ကောင်းကောင်း မရှူဝံ့တော့။ သူ့အကြောက်ဆုံးက အာရှတိုက်ကြီးတွင် အဖြစ်များနေသည့် ဆားလ်နှင့် ကြက်ငှက်တုပ်ကွေး။ သူ့စိတ်ထဲ လေထုကြီးပင် ရောဂါပိုးပေါင်းစုံ ပြန့်ကျဲနေသည်ဟု ယူဆနေ၏။

ထို့ကြောင့်လည်း မျက်နှာပေါ်က မျက်နှာဖုံးကို ဘယ်တော့မှ မချွတ်။ သွားလေရာ မျက်နှာဖုံးစွပ်ကြီး ပါသွားတတ်၏။ ဝန်ထမ်းများနှင့် စကားပြောလျှင်လည်း မျက်နှာဖုံးကြီး တပ်တပ်ပြီး ပြောတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့အခန်းတစ်ခုလုံးလည်း ရှင်းလင်းလက်ပြောင်နေ၏။ သောက်ရေခွက်ကအစ သူ့သောက်ရေခွက်နှင့်သူ။ ထမင်းစားလျှင် ငွေသားအစစ်နှင့် ထုလုပ်ထားသော ငွေဇွန်း၊ ငွေခက်ရင်း။

ရုပ်ရည်က နုဖပ်နေ၏။ ဆံပင်ကို ဘေးပါးနောက်မြင့် ညှပ်ထား၏။ နှာတံပေါ်ပေါ်၊ မျက်ခုံးနက်နက်၊ မျက်နှာဝိုင်းဝိုင်းနှင့် ဥပဓိရုပ်ကလည်း ခန့်လှ၏။ လူပျိုကြီး ဖြစ်သော်လည်း ကုမ္ပဏီက မိန်းမချောလေးများ၏ အလှက သူ့ကို မဖမ်းစားနိုင်။

နိုင်ဦးသော်သည် အလုပ်ကို ဖိဖိစီးစီး လုပ်နိုင်သဖြင့် ဦးသစ္စာစကြာက သဘောကျနေ၏။ သို့သော် စည်းကမ်း၊ သန့်ပြန့်မှုနှင့် ပတ်သက်လာလျှင်တော့ အမြဲတမ်း တကျက်ကျက်။

နိုင်ဦးသော်က ဦးသစ္စာစကြာနှင့် ဆန့်ကျင်ဘက်။ ဘာလုပ်လုပ် နမော်နမဲ့။ သဝါလည်း မေ့တတ်၏။ အူကြောင်ကြောင်လည်း နိုင်၏။ ကဗျာကလေး စာလေးရေးသည့် ဝါသနာကလည်း ရှိ၏။ ထိုအမူအကျင့်များကြောင့် အမြဲတမ်း ဖိုသီဖတ်သီ နေတတ်၏။

ရုပ်ရည်က ယောကျ်ားပီသသော ရုပ်ရည်ရှိ၏။ မျက်လုံးက စူးတောက်တောက်၊ နှာတံပေါ်ပေါ်၊ မေးရိုးကားကားနှင့် စကားပြောလျှင်လည်း အသံဝါဝါကြီးနှင့် ပြောတတ်၏။ ဖွာလောင်ဖွာလောင် ပြောသံကို ဦးသစ္စာစကြာက ဘဝင်မကျ။ မကြာခဏခေါ်၍ သတိပေးရ၏။ သို့သော် ပြောလည်း ပြောပြောပဲ ရှိ၏။ နိုင်ဦးသော်၏အကျင့်က မပျောက်။

နိုင်ဦးသော်နှင့် တွဲဖော်တွဲဖက် မြဖေ။ ဦးသစ္စာစကြာ၏ ပြာတာကြီး။ မြဖေနှင့် နိုင်ဦးသော်တို့ နှစ်ဦးက အသွင်တူကြသူများ ဖြစ်၏။ အမြဲတမ်း ဖရိုဖရဲ နေလေ့နေထရှိသော မြဖေ။ ဂိုက်ဆိုက်က ဆရာကြီးဂိုက် ဖမ်းတတ်ပြီး ဆေးပေါ့လိပ် တဖွာဖွာ လုပ်တတ်၏။

ထိုကိစ္စနှင့် ပတ်သက်ပြီး ဦးသစ္စာစကြာနှင့် အမြဲ စကားများရ၏။ ဆေးလိပ်သောက်ချင်လျှင် ဘယ်လောက် အရေးကြီးသည့်ကိစ္စ ဖြစ်ဖြစ် မြဖေ မမှုနိုင်။ တစ်ခါတစ်ရံ ယမကာလေးပါ မှီဝဲတတ်သေး၏။ ဦးသစ္စာစကြာအနေနှင့် မြဖေ၏ အမူအကျင့်ကို မနှစ်မြို့သော်လည်း စာရိတ္တဖြူစင်ကာ ကိုယ်ကျင့်တရားကောင်းသူမို့ သူ့ကို အချို့အချို့သော ကိစ္စများကို ခွင့်လွှတ်ခဲ့ရလေ၏။

ဦးသစ္စာစကြာ၏ ကုမ္ပဏီဝါဒက အချိန်ကို လေးစားရန်၊ အလုပ်ကို မခိုမကတ်လုပ်ရန်၊ ကုမ္ပဏီသိက္ခာကျစေမည့် အပြုအမူများ မပြုမူရန်ပင် ဖြစ်လေ၏။ ယခုလည်း ကြော်ငြာဆိုင်းဘုတ်ကြီးတွင် အချိန်ကို တိကျစွာ လိုက်နာကြရန် ဥပဒေထုတ်ထား၏။

လူအဝင်အထွက်ကို မြဖေအား စောင့်ကြည့်ခိုင်း၏။ ကိုးနာရီဆယ့်ငါးထက်ကျော်၍ အလုပ်ဝင်ခွင့်မပြု။ ထိုကြော်ငြာကြီးကြောင့် နိုင်ဦးသော်တစ်ယောက် မိုးလင်းသည်နှင့် ပျာယာခတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


"ဟေ- ဟုတ်သေးဖူးထင်တယ်။ ဒီမှာကြည့် ငါ့နာရီက ရိုက်တိုင်းကွ။ ပြီးတော့ ဒီနာရီကို ဘော့စ်က ပေးထားတာ"

"ဟာ- မဖြစ်နိုင်ဘူးဗျ၊ ကျုပ်နာရီက ကျုပ်ဘကြီး ပေးထားတဲ့ နာရီ။ ပြောတာတော့ ဂျာမနီလုပ်ဗျ။ မြန်မာပြည်မှာ သုံးလုံးလောက်ပဲ ရှိတာ"

"ဟကောင်၊ ငါ့နာရီကလည်း ဘော့စ် အင်္ဂလန်သွားတုန်းက ဝယ်ထားတာကွ"

နှစ်ယောက်သား လက်ကနာရီ တကြည့်ကြည့်နှင့် စကားစစ်ထိုးနေကြ၏။ မြဖေကလည်း သူ့နာရီမှသူ၊ နိုင်ဦးသော်ကလည်း ထိုနည်းလည်းကောင်း၊ နှစ်ယောက်သား နာရီတကြည့်ကြည့်နှင့် ငြင်းခုန်နေစဉ် မှန်လုံခန်းထဲမှ ဦးသစ္စာစကြာ ထွက်လာ၏။

ကျွတ်စီကျွတ်စီနှင့် ပြောသံဆိုသံကြောင့် သူ မြဖေတို့ဘက် လှည့်ကြည့်လိုက်ပြီး ခပ်တည်တည်နှင့် လျှောက်လာ၏။

"ဘာဖြစ်နေကြသတုံးကွ"

"ဩော်. . . ဘော့စ်"

"ဟို ဒီနာရီကို မမှန်ဘူး ပြောနေတယ် ဘော့စ်ရေ"

"ဟင်- ဟုတ်လား၊ ကိုင်း- ပြောပါဦး နိုင်ဦးသော်ရ၊ မင်းနာရီက ဘယ်နနာရီလဲကွ"

"ကိုးနာရီခွဲဖို့ ငါးမိနစ်ပါ ဘော့စ်"

"ဟုတ်လား၊ မြဖေကရော"

"ကိုးနာရီခွဲတိတိပါ ဘော့စ်"

"ဟုတ်လား၊ မှတ်ထားကွ၊ မင်းတို့နှစ်ယောက်စလုံး မှားနေပြီဟေ့"

"ဗျာ၊ ဘာ. . . ဘာဖြစ်လို့လဲ ဘော့စ်"

"ဒီမှာကြည့်လေကွာ၊ ဒါ ဆွစ်မိတ်ကွ ရိုက်တိုင်း၊ ကိုးနာရီခွဲပြီး နှစ်မိနစ်ကွ"

"အင်"

"ဗျာ"

နှစ်ယောက်စလုံး ပြူးကြောင်ကြောင် ဖြစ်နေကြ၏။ ဦးသစ္စာစကြာ၏အသွင်က သူ့လက်ကနာရီကို အတော်ကလေး စိတ်ချယုံကြည်နေပုံရ၏။ မြဖေမှာ သူ့လက်ကနာရီကို ကြည့်လိုက် ဦးသစ္စာစကြာကို ကြည့်လိုက် ဖြစ်နေ၏။

"ဘော့စ်၊ ဟို ဒါ ဘော့စ်ပေးတဲ့ နာရီလေ။ အင်. . . အင်္ဂလန်မိတ်လေ ဘော့စ်၊ ဘယ်. . . ဘယ်နည်းနဲ့မှ မမှားနိုင်ဘူးဗျ"

"တိတ်စမ်း- နာရီမှာ ဆွစ်၊ မျက်မှန်မှာ အမေရိကန်၊ မိန်းမမှာ ပြင်သစ်ကွ။ အဲဒါ မင်း မသေမချင်း မှတ်ထားရမယ့်ကိစ္စပဲ။ ဒါတော့ နိုင်ဦးသော်ကိစ္စ မင်း ဘာလုပ်ရမယ်ဆိုတာ သိရမယ်။ ပြီးတော့ မင်းနာရီ နည်းနည်း ပြန်ပြင်လိုက်ဦး"


www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်. . . ဟုတ်ကဲ့"

ဦးသစ္စာစကြာ၏ စကားကြောင့် မြဖေ အူလည်လည် ကျန်ခဲ့၏၊ နိုင်ဦးသော်မှာလည်း သူ့လက်ကနာရီကို ဇဝေဇဝါ ဖြစ်နေ၏။ နောက်ဆုံး မြဖေတစ်ယောက် နိုင်ဦးသော် လက်မှတ်ထိုးသည့်နေရာတွင် မှင်နီတား ပစ်လိုက်ရလေ၏။

"ဒါပါနဲ့ဆို နှစ်ကြိမ်ရှိနေပြီ နိုင်ဦးရေ၊ ကြည့်လည်းလုပ်ကွ"

"ကျုပ်တော့ နာရီကိစ္စ စိတ်ထဲ သံသယဖြစ်သဗျာ။ ပြီးတော့ ဟော ဒီမှာ ကြည့်ဦး"

"ဘာလဲကွ"

"ဒီမှာလေဗျာ၊ အရေးထဲ ဖိနပ်မှားစီးလာတာ စီးတဲ့ဖိနပ်က ပြတ် သွားပြီဗျ"

"မင်းကလည်း တော်တော် ဖွတဲ့ကောင်ပဲ။ ကိုင်း- သွားသွား ထမင်း စားချိန်ကျရင် ငါ လာခဲ့မယ်"

နိုင်ဦးသော်တစ်ယောက် နာရီပြဿနာ၊ ဖိနပ်ပြဿနာများ တစ်ထွေး တစ်ခဲနှင့် ကွန်ပျူတာခန်းထဲ ဝင်သွား၏။ စိတ်ထဲ သိပ်တော့ ဘဝင်မကျ နိုင်။ နာရီသုံးလုံးက အချိန်သုံးမျိုး ဖြစ်နေသည်ကို သူ လက်မခံနိုင်၊ အချိန်သည် တစ်ပြေးတည်း၊ တစ်ညီတည်းသာ ရှိသင့်၏။

ယခုလိုသာ အချိန်တွေ ကပေါက်တိ ကပေါက်ချာ ဖြစ်နေမည်ဆို လျှင် နာရီ၏ ဝေါဟာရသည် ဘယ်လိုမှ ပီပြင်နိုင်စရာ မရှိဟု စိတ်ထဲ တအုံနွေးနွေး ဖြစ်နေ၏။

ကွန်ပျူတာခုံတွင် ထိုင်လိုက်သည်နှင့် အလုပ်တွေက သူ့ကို စောင့် ကြိုနေ၏။ ဖိုင်ဖွင့်ပြီး စားပွဲပေါ်တင်ထားသမျှ တချောက်ချောက်နှင့် ရိုက် လိုက်၏။ ထိုစဉ် အခန်းထဲ မိုးစံ ဝင်လာ၏။ စားပွဲပေါ် ထိုးထိုးထောင် ထောင် တင်ထားသော ထမင်းချိုင့်ကို မြင်ရသောအခါ မျက်လုံးအပြူး သား ဖြစ်သွား၏။

"ဟ- ငါကောင့်က ထမင်းတွေ ဘာတွေ စားနေပြီလားကွ။ ဟဲဟဲ ကြည့်လည်း လုပ်ပါဦးကွာ"

"တော်စမ်းပါ မိုးစံရာ၊ ဒီနေ့ ပြဿဒါးမလွတ်တဲ့နေ့ကွ။ ထမင်းချိုင့် မှားဆွဲလာတာရယ်၊ ဖိနပ်ပြတ်တာရယ်၊ နာရီအချိန် မမှန်တာရယ် ပြဿနာတွေကတော့ ထောင်းလမောင်းပဲဟေ့"

"ဟင်- ဘာတွေဖြစ်လာသတုံး"

"ပြောချင်ပါဘူးကွာ၊ လောကကြီးဟာ အဲဒီလို အဆီအငေါ် မတည့် မှုတွေနဲ့ ဖွဲ့စည်းထားသလား မသိဘူး။ ဒါမှမဟုတ် ငါ့တစ်ယောက်တည်း ကိုပဲ ပြဿနာပေါင်းစုံ ချပေးနေသလား မသိပါဘူးကွာ"

"ဖြစ်နိုင်တယ်ကွ၊ လောကကြီးနဲ့ လူကြားမှာ ဘာက်ဆိုတာ ရှိသကွ၊ ဟဲဟဲ မင်း ခေတ်မီအောင်နေတတ်ဖို့တော့ လိုတယ်ကွ၊ ခေတ်ကြီးက


www.burmeseclassic.com

www.burmeseclassic.com



အချော့ကြိုက် ခေတ်ကြီးလေကွာ။ ဘာလုပ်ချင်သလဲပြော၊ လုပ်ချင်သမျှ အရာအားလုံးရဲ့ ဇက်ကြိုးက လူလူချင်း ချော့တတ်ဖို့ပဲကွ"

"လူလူချင်း ချော့ရမယ်။ ဟာ- လူတွေအားလုံးက သူငယ်နပ်စားတွေမှ မဟုတ်တာကွ"

"နိုးနိုး မင်း အိုင်ဒီယာတွေက အိတ်စ်ပါရာ ဖြစ်နေပြီ။ ကြီးကြီးငယ်ငယ် လူဆိုတာ သွေးနဲ့သားနဲ့ တည်ဆောက်ထားတာကွ။ သွေးတောင်းနေတာ အချိုပေးတာကအချဉ်ဆို အားလုံး အံချော်ကုန်မှာပဲကွ"

"ဘာတွေတုံးကွာ"

"အဲဒါ ဘဝနေနည်းတဲ့ကွ"

"ဟကောင်၊ မင်း ဘယ်စာအုပ်ထဲက ဖတ်ထားတာလည်း ပြောပါဦး"

"ဟားဟားဟား ဒီစကားတွေက ဘဝပရော်ဖက်ဆာကြီး မြဖေရဲ့ လက်ချာ စကားတွေလေကွာ"

"သွားပါပြီကွာ"

မြဖေနာမည် ကြားလိုက်သည်နှင့် နိုင်ဦးသော် မျက်ခုံးလှုပ်သွားရ၏။ ဘယ်တော့ ကြည့်လိုက်ကြည့်လိုက် ဒီဂရီ မျက်မှန်ထူထူကြီးတပ်ကာ စာအုပ်ကြီးတစ်အုပ်ဖတ်ပြီး စကားလုံး ကြီးကြီးများနှင့် လူတွေကို နှိပ်ကွပ်နေသော မြဖေ။ ယခုလည်း မိုးစံတစ်ယောက် မြဖေ၏ လမ်းကြောင်းထဲ စီးမျောသွားလေပြီ။

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် ဦးသစ္စာစကြာ၏ မန်နေဂျာ ရွှေမမကို မြင်လိုက်သဖြင့် ငြိမ်ကျသွားကြ၏။ ရွှေမမက ဦးသစ္စာစကြာ၏ အစ်မ တစ်ဝမ်းကွဲ။ အလွန်တရာမှ စကားပြော မောက်မာလှသူ။ လူတွေကို အဆင့်အတန်းခွဲ၍ ဆက်ဆံတတ်သော အမျိုးသမီးကြီး။ ဦးသစ္စာစကြာလိုပဲ အပျိုဟိုင်းကြီး။ တော်ရုံတန်ရုံလူနှင့် ဘယ်တော့မှ စကားဖက်မပြော။

လည်ပင်းတွေ၊ လက်တွေ၊ နားတွေမှာလည်း ရွှေတွေက ဖိတ်ဖိတ်တောက်။ ပြင်ဆင်ထားတာကလည်း မိတ်ကပ်ကို ပြာနှမ်းနေအောင် လိမ်းတတ်၏။ နှုတ်ခမ်းထူထူကြီးများပေါ်တွင် နီတောက်တောက် နှုတ်ခမ်းနီများက နှာခေါင်းနား ရောက်လုမတတ်။ ထိုအထဲ ဆေးဆိုးထားသည့် ဆံပင်နီနီကြီးများကလည်း ကွေးတိကွေးကောက်။

အပေါက်အစပ်ကလည်း များပါဘိ။ ပြဿနာမရှိလျှင် မနေတတ်သော ရွှေမမ။ ပြဿနာအမျှင်အစကို ဝံပုလွေကြီးတစ်ကောင်လို အမြဲတမ်း ချောင်းမြောင်းနေတတ်သူ။

သစ္စာကမ္ဘာ ကုမ္ပဏီကြီးက အလွန်တရာမှ ထူးဆန်းအံ့ဖွယ် ကုမ္ပဏီကြီးဟု ဆိုနိုင်၏။ ဦးသစ္စာစကြာ၏ အမြော်အမြင်ကြီးမှုက သြချလောက်၏။

ကုမ္ပဏီကြီး၏ ကြီးကြီး မားမားတာနေရာများတွင် သူ့အမျိုး၊ သူ့အဆွေများ ခန့်အပ်ထားခြင်းပင်။ မန်နေဂျာနှစ်ဦး တွဲဖက်ခန့်အပ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က ရွှေမမ၊ ဦးသစ္စာစကြာ၏ အမေဘက်မှအမျိုး၊ နောက်တစ်ယောက်က ဦးမင်္ဂလာကျော်၊ သူက အဖေဘက်မှအမျိုး၊ သူတို့နှစ်ဦးစလုံး၏ ပီအေများကလည်း ကိုယ့်အမျိုး ကိုယ်ပြန်ခန့်ထား၏။

ရွှေမမ ပီအေက စိန်စိန်မီ။

ဦးမင်္ဂလာ၏ ပီအေက ဘိုထွား။

နှစ်ယောက်စလုံးကလည်း ကိန်းကြီးခန်းကြီး။ တစ်အုပ်စုနှင့် တစ်အုပ်စုက အမြဲ မျက်စောင်းတခဲခဲ။ ပြဿနာကို ဖွရမှ ကျေနပ်သူများ ဖြစ်ကြ၏။ နှစ်ဖက်စလုံးကလည်း ရွှေကြီးမျိုးကြီး၊ အင်ကြီးအားကြီး အသိုင်းဝိုင်းများ ရှိနေသဖြင့် အနေအထိုင်ကအစ အပြိုင်အဆိုင် ရှိကြ၏။

သူတို့နှစ်အုပ်စုစလုံးက ဦးသစ္စာစကြာကိုတော့ မလွန်ဆန်ရဲ။ ယခုလည်း ရွှေမမ အရိပ်အယောင် တွေ့လိုက်သည်နှင့် နှုတ်ပိတ်သွားကြပြီး ကိုယ်လုပ်စရာရှိသည်များကို ဆက်၍ လုပ်ကိုင်နေကြ၏။

ထိုအချိန် ရွှေမမတစ်ယောက် ကွန်ပျူတာခန်းရှေ့တွင် နိုင်ဦးသော်၏ ဖိနပ်ပြတ်ကို မြင်သွား၏။

"အလိုတော်၊ ဘယ်ကလေကဝကများ ဖိနပ်စုတ်တွေ ယူလာပါလိမ့်။ ဒုက္ခပါပဲ၊ ဟဲ့ဟဲ့ ကိုမြဖေ ကိုမြဖေ"

"ဗျာ၊ လာပါပြီဗျ"

မြဖေတစ်ယောက် ကွန်ပျူတာအခန်းရှေ့ အပြေးရောက်လာ၏။ နိုင်ဦးသော်တို့နှစ်ဦးမှာ မှန်လုံခန်းထဲ ရောက်နေပြီဖြစ်၍ ရွှေမမ၏ စကားသံကို မကြားမိကြ။ ရွှေမမသည် ခါးကြီးထောက်ပြီး ဖိနပ်ပြတ်ကို မျက်စောင်းတခဲခဲနှင့် ငုံ့ကြည့်နေ၏။

"လာစမ်း လာစမ်း"

"ဘာတုံး၊ ဘာတွေ့လို့တုံးဗျ။ မြွေ. . . မြွေလား"

"ဘာ- ရှင် ဘာတွေပြောသတုံး။ ဒီမှာကြည့်စမ်း၊ ဘယ်လိုလုပ်ပြီး ဖိနပ်အစုတ်အပြတ်တွေ ရောက်နေသတုံး"

"အင်- ဟို အဲ. . . အဲဒါ"

"ဘာမှ ပြန်မပြောနဲ့၊ အဲဒီဖိနပ်ပြတ်တွေ ကျွန်မ မကြည့်ချင်ဘူး၊ ချက်ချင်းယူပြီး လွှတ်ပစ်လိုက်စမ်း။ ဘယ့်နှယ်တော် ဒီလောက် မင်္ဂလာရှိတဲ့ ကုမ္ပဏီကြီးမှာ ဖိနပ်ပြတ်တွေ၊ ဖိနပ်စုတ်တွေ ဘယ်လိုရောက်လာသလဲ မသိဘူး။ ကျွန်မပြောတာ လုပ်နော်၊ ဒါ ကျွန်မတို့ ကုမ္ပဏီကို နှိမ့်တာလည်း ဖြစ်နိုင်တယ်"

"ဗျာ၊ ဟို အဲ"

"ကျွန်မ ပြောတာလုပ်၊ ထပ်ပြီး ကွန်ပလိန်းမပွားနဲ့"

"အင်- ဟုတ်. . . ဟုတ်ကဲ့"

မြဖေ ဘာတစ်ခွန်းမှ မပြောသာ။ နိုင်ဦးသော်၏ ဖိနပ်နှစ်ဖက်ကို သူကာ ကုမ္ပဏီအပြင်ဘက် အမှိုက်တောင်းထဲ ထည့်လိုက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com


"မင်းကလည်း ကြုံကြုံဖန်ဖန် ခံစားနေပြန်ပြီ။ လူမှန်ရင် ဖိနပ်စီးရမယ်လို့ ဥပဒေ မရှိပါဘူးကွ။ ကျောက်ခေတ်၊ ကြေးခေတ်က လူတွေဆို ဖိနပ်စီးတာ မဟုတ်ဘူး။ သက်သက် အပိုမဆလာတွေပါကွာ"

"ကိုမြဖေ၊ ဒါဆို ခင်ဗျား ဘာဖြစ်လို့ ဖိနပ်စီးရတာလဲ"

"အင်- ဟဲဟဲ ဒါကတော့ မိန်းမဆင်လို့ပေါ့ကွာ။ မဟုတ်လို့ကတော့ ငါ ကျောက်ခေတ်လူသား သိပ်ဖြစ်ချင်တာကွ"

"ဟာဗျာ၊ ခင်ဗျားကလည်း ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး။ စောစောက နာရီ၊ ခု ဖိနပ်"

"ဟဲဟဲ အဲဒါ ပြဿနာနဲ့ ကမ္ဘာလုပ်နေတဲ့ လောကကြီးကွ။ ဖြစ်စဉ် တစ်ခုပေါ့ နိုင်ဦးရာ။ တစ်ခုတော့ ရှိသကွ၊ စောစောက ဘော့စ်လုပ်တာကို ငါ မကျေနပ်ဘူး"

"ဘာဖြစ်လို့တုံး"

မြဖေက မျက်မှောင်ကြီးကုတ်ပြီး ပြောလိုက်၏။ သူ့လက်က နာရီကိုလည်း တကြည့်ကြည့် ဖြစ်နေ၏။ မိုးစံနှင့် နိုင်ဦးသော်တို့ နှစ်ဦးမှာ သူ့ကိုကြည့်ပြီး ကြောင်စီစီ လုပ်နေ၏။

"ဒီလိုကွ၊ နာရီသုံးလုံးရှိတာ အချိန်မတူကြဘူး။ အဲဒီကတည်းက စဉ်းစားစရာ ဖြစ်လာတာပဲဟေ့"

"ဘာစဉ်းစားမိသတုံးကွ"

မိုးစံက ပင့်မေး မေးလိုက်၏။ မြဖေသည် ခပ်ထွေထွေ စဉ်းစားရင်း လေသံလေးလေးနှင့် ပြောလိုက်၏။

"ငါ စဉ်းစားမိတာ အချိန်ပဲကွ။ ပြောရရင် အချိန်ဆိုတဲ့ စကားလုံးကို သံသယဖြစ်သကွာ။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ နာရီချိန်တွေ ဘာကြောင့် ကွဲပြားနေသလဲ၊ ဒီအချိန်ဆိုတာ ဘယ်သူက လုပ်တာလဲ၊ ဘယ်နည်းနဲ့မှ သဘာဝဖြစ်စဉ်လို့ မဆိုနိုင်ဘူးကွ"

"အင်၊ ဘာတွေတုံး"

"ခပ်ရှုပ်ရှုပ်ပဲဗျာ"

"အေး၊ မင်းတို့နှစ်ယောက်က အကြောင်းအရာတစ်ရပ်ကို လေးလေးနက်နက်မှ မစဉ်းစားဘဲကွ။ မင်းတို့ စဉ်းစားကြည့်လေ၊ အချိန်ဆိုတာ ဘယ်နည်းနဲ့မှ သဘာဝရဲ့ရိုက်ချက် မဖြစ်နိုင်ဘူးကွ"

"အဲဒီတော့"

"အေး ဒီတော့ကာ အချိန်ကို ဖန်တီးပစ်လိုက်တာ လူပဲကွ။ တစ်နည်းအားဖြင့် လှည့်စားမှုပဲကွ။ မတူညီတဲ့ အကြောင်းအရာတွေ ပေါင်းစပ်ပြီး အချိန်ကို သတ်မှတ်လိုက်တာဟာ လူတွေရဲ့ ကရော်မမယ် လုပ်ပ်ကွ။ ပြောရရင် နာရီတွေပတ်ပြီး အချိန်လုတဲ့ တကယ် တွေးကြည့်တော့ အတော့်ကို မရေရာတဲ့အချက်ကွ။ အဲဒီအချိန်တွေကြည့်ပြီး လူတွေ ကြောင်လာတာကွ"


www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်း ကြဲကြဲဖန်ဖန် ခံစားနေပြန်ပြီ။ လူမှန်ရင် ဖိနှိပ်စီးရမယ်လို့ ဥပဒေ မရှိပါဘူးကွ။ ကျောက်ခေတ်၊ ကြေးခေတ်က လူတွေဆို ဖိနှိပ်စီးတာ မဟုတ်ဘူး။ သက်သက် အပိုမဆလာတွေပါကွာ"

"ကိုမြဖေ၊ ဒါဆို ခင်ဗျား ဘာဖြစ်လို့ ဖိနှိပ်စီးရတာလဲ"

"အင်- ဟဲဟဲ ဒါကတော့ မိန်းမဆင်လို့ပေါ့ကွာ။ မဟုတ်လို့ကတော့ ငါ ကျောက်ခေတ်လူသား သိပ်ဖြစ်ချင်တာကွ"

"ဟာဗျာ၊ ခင်ဗျားကလည်း ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး။ စောစောက နာရီ၊ ခု ဖိနှိပ်"

"ဟဲဟဲ အဲဒါ ပြဿနာနဲ့ ကမ္ဘာလုပ်နေတဲ့ လောကကြီးကွ။ ဖြစ်စဉ် တစ်ခုပေါ့ နိုင်ဦးရာ။ တစ်ခုတော့ ရှိသကွ၊ စောစောက ဘော့စ်လုပ်တာကို ငါ မကျေနပ်ဘူး"

"ဘာဖြစ်လို့တုံး"

မြဖေက မျက်မှောင်ကြီးကုတ်ပြီး ပြောလိုက်၏။ သူ့လက်က နာရီကိုလည်း တကြည့်ကြည့် ဖြစ်နေ၏။ မိုးစံနှင့် နိုင်ဦးသော်တို့ နှစ်ဦးမှာ သူ့ကိုကြည့်ပြီး ကြောင်စီစီ လုပ်နေ၏။

"ဒီလိုကွ၊ နာရီသုံးလုံးရှိတာ အချိန်မတူကြဘူး။ အဲဒီကတည်းက စဉ်းစားစရာ ဖြစ်လာတာပဲဟေ့"

"ဘာစဉ်းစားမိသတုံးကွ"

မိုးစံက ပင့်မေး မေးလိုက်၏။ မြဖေသည် ခပ်တွေတွေ စဉ်းစားရင်း လေသံလေးလေးနှင့် ပြောလိုက်၏။

"ငါ စဉ်းစားမိတာ အချိန်ပဲကွ။ ပြောရရင် အချိန်ဆိုတဲ့ စကားလုံးကို သံသယဖြစ်သကွာ။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ နာရီချိန်တွေ ဘာကြောင့် ကွဲပြားနေသလဲ၊ ဒီအချိန်ဆိုတာ ဘယ်သူက လုပ်တာလဲ၊ ဘယ်နည်းနဲ့မှ သဘာဝဖြစ်စဉ်လို့ မဆိုနိုင်ဘူးကွ"

"အင်၊ ဘာတွေတုံး"

"ခပ်ရှုပ်ရှုပ်ပဲဗျာ"

"အေး၊ မင်းတို့နှစ်ယောက်က အကြောင်းအရာတစ်ရပ်ကို လေးလေးနက်နက်မှ မစဉ်းစားဘဲကွ။ မင်းတို့ စဉ်းစားကြည့်လေ၊ အချိန်ဆိုတာ ဘယ်နည်းနဲ့မှ သဘာဝရဲ့ရိုက်ချက် မဖြစ်နိုင်ဘူးကွ"

"အဲဒီတော့"

"အေး ဒီတော့ကာ အချိန်ကို ဖန်တီးပစ်လိုက်တာ လူပဲကွ။ တစ်နည်းအားဖြင့် လှည့်စားမှုပဲကွ။ မတူညီတဲ့ အကြောင်းအရာတွေ ပေါင်းစပ်ပြီး အချိန်ကို သတ်မှတ်လိုက်တာဟာ လူတွေရဲ့ ကရော်မမယ် လုပ်ရပ်ကွ။ ပြောရရင် နာရီတွေပတ်ပြီး အချိန်လုတဲ့ တကယ် တွေးကြည့်တော့ အတော့်ကို မရေရာတဲ့အချက်ကွ။ အဲဒီအချိန်တွေကြည့်ပြီး လူတွေ ကြောင်လာတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ဗျာ၊ ခင်ဗျားစကားက ပိုတောင်ရှုပ်သေး။ ကိုင်း- ပေးစမ်း ထမင်းချိုင့်"

"ဟော့ကောင် မိုးစံ၊ ဒါ ငါ့ထမင်းချိုင့် မဟုတ်ဘူးကွ"

"လုပ်နေပြန်ပြီကွာ၊ သူ့သူ့ငါငါ ဘယ်သူ့ဟာ ဘယ်တို့ဟာတွေနဲ့ သူစွဲငါစွဲ မလုပ်စမ်းပါနဲ့ နိုင်ဦးရာ။ မိုးစံ ဖွင့်သာဖွင့်"

နောက်ဆုံးတော့ နိုင်ဦးသော် အလျှော့ပေးလိုက်ရ၏။ မိုးစံသည် မဲ့နီလေး၏ စတီးလ်ထမင်းချိုင့်ကို တဒေါက်ဒေါက်နှင့် ဖွင့်ချလိုက်၏။ မြဖေကလည်း အာသာတငမ်းငမ်းနှင့် ဟင်းချိုင့်ကို ကြည့်လိုက်၏။

"ဟာ- ငါးခူ. . . ငါးခူကြီးတွေကွ"

"ဟင်- ဟို ဟို အဲ. . ."

"ဘာတုံးကွ"

"ဒီမှာကြည့်ပါဦး"

"ဟိုက်- နှုတ်ခမ်းမွေးကြီးတွေပါလား"

"ဗျာ"

"အံ့ရောကွာ၊ မင်း မဲ့နီလေးက ငါးခူကို နှုတ်ခမ်းမွေး မနုတ်ဘဲ ချက်သကွ။ တော်တော်ကြီးကို ထူးဆန်းတာပဲဟေ့။ ကေန္တ မဲ့နီလေးက နှုတ်ခမ်းမွေးပေါက်ချင်လို့နဲ့တူတယ်"

"ဟာဗျာ၊ ခင်ဗျားကလည်း သူများ ဟင်းထမင်းကို"

"ဟ- နိုင်ဦးရ၊ ငါပြောတာ လွန်သလားကွ။ ငါးခူကို နှုတ်ခမ်းမွေး မနုတ်ဘဲ ချက်တာ ဒီတစ်ခါပဲ မြင်ဖူးသကွ"

"သင်္ဘောသခင်ရ အနိစ္စပေါ့ ကိုမြဖေရာ"

"ဘာကွ၊ အဲဒါ ငါ့စကားကွ၊ မင်းမူပိုင် မဟုတ်ဘူးနော်။ မိုးစံ. . . မိုးစံ၊ မင်း အတော့်ကို တိုးတက်နေပြီပဲကွ"

"ကိုမြဖေ ကျေးဇူးပေါ့ဗျာ၊ ကဲ- စားမယ်ဗျို့။ နှုတ်ခမ်းမွေး မနုတ်တဲ့ ငါးခူ ရွှေမမဆီ ပို့လိုက်သင့်တာဗျ"

"ဟာကွာ မလုပ်စမ်းပါနဲ့"

"ဟုတ်တယ်လေဗျာ၊ အဖိုးဆို ယင်ဖိုတောင် မသန်းချင်တဲ့ မိန်းမကြီး။ အလကား ညာနေတာဗျ၊ ဒီတော့ ဒီငါးခူထီး ပို့လိုက်ရင် ဟင်းဟင်း ပြဿနာပေါင်း သောင်းခြောက်ထောင် ကြားရမှာဗျ"

"ဘာတွေတုံးကွ၊ နှုတ်ခမ်းမွေးက ငါးခူအထီးကော၊ အမကောမှာ ပါတာပါဗျ"

"တော်ကြပါတော့ဗျာ"

နောက်ဆုံးတော့ သူတို့သုံးဦး ထမင်းချိုင့်များဖွင့်ကာ စားသောက်လိုက်ကြ၏။ မြဖေ၏ ထမင်းချိုင့်က ငါးကြင်းချဉ်ကို ငရုတ်သီးနဲ့ကြော်ကာ ပဲကြီးဆုံးပုပ်ခတ် ချက်လာ၏။

မိုးစံက ဝက်သားနှင့်မျှစ်။ နိုင်ဦးသော်တစ်ယောက် မဲ့နီလေး ထမင်း



www.burmeseclassic.com

www.burmeseclassic.com



ကို မရဲတရဲ စားပစ်လိုက်၏။ နှုတ်ခမ်းမွေးကားကား ငါးခူကြီးကိုကြည့်ပြီး နိုင်ဦးသော် တွန့်နေ၏။

"ဘာဖြစ်သတုံးကွ၊ စားမှာသာ စားစမ်းပါ နိုင်ဦးရာ။ သဗ္ဗေသဒ္ဒါရဲ့ အနိစ္စတဲ့ကွ။ အားလုံး အနိစ္စတွေချည်းပဲ"

"လုပ်ပြီဗျာ၊ ကျုပ် အဲဒီ နှုတ်ခမ်းမွေးကြီးကြည့်ပြီး အသည်းယားတယ်ဗျ"

"ဒါဆို ငါ့ဟင်း ယူစားကွာ၊ ငါက မင်းဟင်းစားမယ်"

နိုင်ဦးသော်သည် စားရင်းသောက်ရင်းနှင့် ခြေထောက်ကဖိနပ်ကို သတိရလာ၏။ စားရတာ စိတ်မဖြောင့်နိုင်။ ထိုအခြေအနေကို မြဖေ အကဲခတ်မိနေ၏။ စားသောက်ပြီး စကားစမြည် ပြောနေစဉ် မြဖေ ရုံးခန်းဘက် ပြန်ထွက်သွား၏။

"ကိုမြဖေ ဘယ်သွားသတုံး"

"ပြောတတ်ဖူးလေ၊ ဒီလူကြီးက ဂနာငြိမ်တာ မဟုတ်ဘူး။ သူပြောတာတော့ ကမ္ဘာကြီးဟာ လုံးနေတဲ့အတွက် လူတွေဟာ အမြဲတမ်း လုံးထွေးပတ်ချာလည်နေမှာပဲတဲ့။ လူတွေ ရပ်သွားတဲ့အချိန်ဟာ ကမ္ဘာကြီး ပြားကပ်သွားတဲ့ အချိန်ဆိုပဲ နိုင်ဦးရ"

"ပြောတတ်ပါဘူးဗျာ၊ ကမ္ဘာကြီး လုံးလုံးပြားပြား အရေးကြီးတာ အဆီအငေါ် မတည့်မှုဘဲ။ ဘာဖြစ်လို့များ အကြောင်းအရာတွေဟာ မညီညွတ်သလဲ မသိဘူး"

"ဟာ- အဲဒါ ဘက်သဘောလေကွာ၊ ဘက်သဘောကလည်း ကမ္ဘာကြီးလုံးနေတာက စတာပဲကွ"

"တော်စမ်းပါ မိုးစံရာ၊ ခေါင်းရှုပ်ရတဲ့ကြား"

နိုင်ဦးသော်တစ်ယောက် စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကုတ်လိုက်၏။ ထိုစဉ် ထမင်းစားဆောင်ထဲသို့ မြဖေ ဒရောသောပါး ဝင်လာ၏။ လက်ထဲလည်း အထုပ်တစ်ထုပ် ပါလာ၏။

"ရော့ဟေ့ ဟောဒါ စီးလိုက်ကွ"

"ဗျာ၊ ဘယ်. . . ဘယ်က ဖိနပ်လဲဗျ"

"ဟဲဟဲ မင်းက အတော့်ကို မေးခွန်းထုတာပဲကွ။ စီးမယ့်ဟာ စီးလိုက်စမ်းပါကွာ။ တချို့တချို့ကိစ္စတွေမှာ မေးခွန်းမရှိတဲ့ကိစ္စတွေ ရှိသကွ"

"ဘာတုံးဗျ"

နိုင်ဦးသော် ယူလာသည့်ဖိနပ်ထုပ်ကို ကြည့်ပြီး ကြောင်စီစီ ဖြစ်နေ၏၊ မြဖေကတော့ သူ့ကို ခပ်ကျဲကျဲ ပြုံးရင်း ဖွတ်ပြောနေ၏။ စီးကြည့်တော့လည်း အလောတော်။

"တော်လားကွ"

"တော်တယ်ဗျ"

"ဟားဟားဟား မင်း ကံကောင်းတယ်မှတ်၊ အဲဒီဖိနပ်က ဦးမင်လာ



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ကွ"

"ဗျာ၊ ဟာ- ပြဿနာပဲ"

"စိတ်မပူစမ်းပါနဲ့ကွာ၊ ဦးမင်္ဂလာက ဖိနပ်ရှူးကွ။ သူ့အခန်းထဲမှာ ဖိနပ်အသစ်ချည်းပဲ ငါးရန်၊ ခြောက်ရန် ရှိတာ။ ပြောရရင် မတရားဘူး ပေါ့ကွာ။ လူဆိုတာ မွေးကတည်းက တစ်ခု၊ တစ်ကောင်၊ တစ်ယောက် မွေးလာတာကွ။ ဒီတော့ တစ်ခုထက် ပိုပြီး ပိုင်ဆိုင်ချင်ရင် မရိုးသားမှုပဲကွ"

"ပြဿနာပဲဗျာ၊ တော်ကြာ ကျွန်တော့်ကို"

"တိတ်စမ်း၊ ဒါဟာ မျှတမှုကို ဖော်ဆောင်လိုက်တာပဲကွ။ နှစ်ခုရှိရင် တစ်ခုတော့ စွန့်ရမှာပဲ။ ဒါဟာ ဖြစ်စဉ်သဘာဝပဲ"

"ဟင်"

မြဖေ၏ အပြောအဆိုများကြား မိုးစံရော နိုင်ဦးပါ ကြောင်စီစီ ဖြစ်နေ၏။ ဦးမင်္ဂလာ၏ ဖိနပ်ဆိုလိုက်မှ နိုင်ဦးသော် မဝံ့မရဲ ဖြစ်နေ၏။ ရွှေမမနှင့် နင်လားငါလား အကျင့်ရှိသော ဦးမင်္ဂလာ။

အလှအပလည်း အရွယ်နှင့်မလိုက်အောင် ကြိုက်တတ်သူ ဖြစ်၏။ ကိုယ်ပေါ်တွင် ပါတိတ်အင်္ကျီတွေက အရောင်မထပ်စေရ။ ရွှေတဲ့အရောင်ကလည်း နုဖပ်နေမှ။ အရွယ်က လေးဆယ်ကျော်၊ ငါးဆယ်နီးနေပြီ ဖြစ်သော်လည်း ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း တသသ လုပ်နေလေ့ရှိသော ဦးမင်္ဂလာ။ သူ့ပစ္စည်းပစ္စယ မှန်သမျှကိုလည်း တစ်စက်ကလေးမှ အထိမခံ။ သူ့အခန်းထဲ ဝင်တာတောင် ဖိနပ်ချွတ်၊ ခေါင်းငုံ့ပြီးဝင်မှ ကြိုက်သူ။

ထိုထိုသော အမူအကျင့်နှင့် လူရည်သန့်ကြီး လုပ်နေသော ဦးမင်္ဂလာ။ ယခုတော့ မြဖေ ပြဿနာရှာလာပြီမို့ နိုင်ဦးသော် မျက်ခုံးတလှုပ်လှုပ် ခံစားနေရလေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဝင်းသစ္စာကို အဆောင်ဝတွင် မြင်လိုက်သည်နှင့် နိုင်ဦးသော် ရင်တွေခုန်နေ၏။ ဝင်းသစ္စာနှင့် လိုင်းမပူးရဲ လိုင်းပူးငေါ်က်သည်နှင့် ရှော့တွေ တဖောင်းဖောင်း ထရိုက်လာနိုင်၏။ ယခုတော့ မပြေးသော် ကံရာရှိနေပြီ ဖြစ်၏။

ထိုစဉ် ဝင်းသစ္စာက သူ့ခြေထောက်မှ ဖိနပ်ကြီးကိုကြည့်ကာ ပြုံးပြုံး ဖြဖြ ပြောလိုက်၏။

"မင်း ဟို. . . ဖိနပ်က"

"ဟုတ်တယ်ကွ၊ ဟဲဟဲ"

"ဘာဟုတ်တာလဲကွ၊ မင်း စီးထားတာ ဘယ်သူ့ဖိနပ်လဲ ပြောစမ်း"

"ဩော် ဒါလား၊ ဟိုကွာ ငါ့ဖိနပ် ပြတ်သွားလို့ မန်နေဂျာဖိနပ် ယူစီးလာတာ"

"ဟေ- မင်းဖိနပ် ဟော့ကောင် နိုင်ဦး၊ မင်း ဘာကြောင့်တာလဲ ဒီမှာ မင်းဖိနပ်ကွ။ မင်း ငါ့ဖိနပ် မှားစွပ်သွားတာ မဟုတ်လား"

ဝင်းသစ္စာက သူ့ကို အကြောက်အကန် ပြောဆိုနေ၏။ နိုင်ဦးသော် မလိမ်ချင်၊ လိမ်လည်း မလိမ်တတ်။ ပြုံးဖြီးဖြီးနှင့် ကြည့်ရင်း ပြောလိုက်၏။

"ဟို ဟဲဟဲ မင်းဖိနပ် ငါ မှားစီးသွားတာကွ။ အဲဒါ လမ်းတစ်ဝက်မှာ ပြတ်သွားတယ်ကွာ"

"ဟေ- ဒါဆို ဘယ်ရောက်"

"လွှင့်ပစ်လိုက်ပြီကွ"

"ဘာ- လွှင့်ပစ်လိုက်ပြီ၊ ဟာ- ပြဿနာပဲကွ"

"ဘာဖြစ်လို့တုံးကွ"

"မင်းကလည်းကွာ၊ ငါက အဲဒီ ဖိနပ်သဲကြိုးကြားမှာ ငွေရာတန်



www.burmeseclassic.com

www.burmeseclassic.com


နှစ်ရွက် ညှပ်ထားတာကွ။ သွားပါပြီကွာ"

"ဟင်- ဒါဆို"

"အဲဒါပြောတာပေါ့ကွ၊ ဆိုင်ရောက်ရင် ဟိုကောင်တွေ တအား ချေးကြငှားကြလွန်းလို့ကွ"

"မင်းကလည်း ကြဲကြဲဖန်ဖန်ကွာ၊ ငါ့ဖိနပ်က အကောင်းကြီးပါ ဝင်းသစ္စာရာ၊ မင်းပဲ ယူလိုက်တော့ ငါတော့ ဒီမန်နေဂျာဖိနပ် စီးမယ်"

"ဟင်၊ ဟိုပိုက်ဆံတစ်ထောင်"

"ငါပြန်ရှာပေးပါ့မယ်ကွာ၊ ကုမ္ပဏီရုံးခန်းက အမှိုက်ပုံးထဲမှာ ရှိမှာပါ"

"ဒုက္ခပါပဲကွာ၊ မင်းက နမော်နမဲ့ သိပ်လုပ်တဲ့ကောင်ပဲ။ ဟင်- ထမင်းချိုင့်က ဘယ်သူ့ ထမင်းချိုင့်တုံး"

"အေး အဲဒါလည်း ငါ့ရဲ့ နမော်နမဲ့ကြောင့် ဖြစ်လာတဲ့ကိစ္စပေါ့ကွာ"

"ဟင်- မလွယ်ပါလား"

နိုင်ဦးသော်သည် ဝင်းသစ္စာ၏ နံဘေးတွင် ဖျတ်ခနဲ ဝင်၍ ထိုင်လိုက်ပြီး ဖြစ်ကြောင်းရယ်ကုန်စင်ကို ရှင်းပြလိုက်၏။ သူ့ထက် ပို၍ ဆိုးရွားနေသော နိုင်ဦးသော်ကိုကြည့်ကာ ဝင်းသစ္စာ ခေါင်းစားနေ၏။ မီးသေနေသော ဆေးပေါ့လိပ်ကြီးကို တဖွာဖွာလုပ်ရင်း ပြောလိုက်၏။

"ဒုက္ခပါပဲကွာ၊ ငါ့မှာ ပိုက်ဆံက အဲဒီ တစ်ထောင်ပဲ ရှိတော့တယ်ကွ။ လက်ထဲလည်း တစ်ပြားမှ မရှိလို့ ဆိုင်တောင် မသွားရဲဘူး။ ဆိုင်မှာလည်း အကြွေးတွေ များနေပြီကွ"

"မင်းကလည်းကွာ၊ ငါလည်း ပိုက်ဆံပြတ်နေပြီကွ"

"ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ရမှန်းတောင် မသိဘူးကွာ"

"အောင်ဘလာရင် ချေးကြည့်ပေါ့"

"ဒီကောင်က ကေပ်ကွ"

"ပြောကြည့်ပေါ့ကွာ"

နိုင်ဦးသော်သည် ပြောပြောဆိုဆိုနှင့် ထိုင်ရာမှထကာ အဆောင်ထဲ ဝင်သွား၏။ ဝင်းသစ္စာမှာ ဆိုင်မထိုင်ရဲသဖြင့် စိတ်တွေ ပြားကပ်ကပ် ဖြစ်နေ၏။ ခေါင်းလည်းမရှင်၊ အာရုံလည်းမလန်း၊ လူတစ်ကိုယ်လုံး အထိုင်းတုံးကြီးလို ဖြစ်နေ၏။

စိတ်ပေါက်ပေါက်နှင့် လက်ထဲက ဆေးပေါ့လိပ်တိုကြီးကို ဝရန်တာပေါ်မှ ကျော်၍ ပစ်ချလိုက်၏။ ထိုအချိန် အဆောင်ပိုင်ရှင် ဦးရွှေကိုတစ်ယောက် ခြင်ထောင်ထုပ်ကြီး ပခုံးပေါ် ထမ်းတင်လာကာ အိမ်ပြင်ထွက်လာ၏။

ဝင်းသစ္စာ ပစ်လိုက်သည့် ဆေးလိပ်တိုက ခြင်ထောင်ထဲ ဖုတ်ခနဲ ပြုတ်ကျသွား၏။ ဦးရွှေကို မသိ။ တစ်ညလုံး ကြမ်းပိုးတွေ သောင်းကျန်းနေသဖြင့် နေပူတွင် ခြင်ထောင် ထွက်လှန်းခြင်း ဖြစ်လေ၏။

နေပူထဲအရောက် ခြင်ထောင်ပုံကို ခွေးခြေတစ်လုံးပေါ် တင်ကာ


www.burmeseclassic.com

www.burmeseclassic.com



တန်းကြိုးဆွဲနေ၏။ ထိုစဉ် ဝင်းသစ္စာ၏ ဆေးလိပ်မီးက တရဲရဲဖြစ်လာကာ နောက်ဆုံး မီးဟုန်းဟုန်း ထတောက်လေတော့၏။

"ဟိုက်- ခြင်ထောင်ကြီး၊ မီး. . . မီးဗျို့"

"ဟာ- မီးတဲ့"

"လုပ်ကြပါဦး"

မီးတဟုန်းဟုန်း တောက်နေသော ခြင်ထောင်ကြီးကိုကြည့်ကာ ခုန်ဆွခုန်ဆွ အော်ဟစ်နေ၏။ အသံကြောင့် ဘေးအိမ်မှလူများ ရေပုံးတွေ၊ မီးကတ်တွေဆွဲ၍ ရောက်ရှိလာ၏။ ခြင်ထောင်ကြီးမှာ မိနစ်ပိုင်းအတွင်း ပြာပုံအတိ ရောက်သွားရှာ၏။

ထိုအချိန် ဝရန်တာပေါ်မှ ကြည့်နေသော ဝင်းသစ္စာမှာ မျက်လုံးပြူး နေ၏။ ဦးရွှေကိုမှာ ပြာပုံကြီးကို ကြည့်ပြီး မချိတင်ကဲ ခံစားနေရ၏။

"သွားပါပြီ၊ ခြင်ထောင်လေးတစ်လုံးရှိတာ ဘယ်လိုဖြစ်လို့ မီးဟုန်းဟုန်းထတောက်ရပါလိမ့်"

"အခိုးအငွေ့များလို့ ဖြစ်မှာပေါ့ ဦးရွှေကိုရ၊ မီးတော့ သတိထားဗျ"

"ဟုတ်သေးဘူးဗျ၊ ခြင်ထောင်က သူ့အလိုလို မီးလောင်တာတော့ မဖြစ်နိုင်ဘူးဗျ"

"ဟာ ခင်ဗျားက တယ်အ,သကိုး၊ လူတွေတောင် နေရင်းထိုင်ရင်း အပူတွေများလွန်းလို့ မီးလောင်ပြာကျသွားတာ မကြားဖူးဘူးလားဗျ။ ခုလည်း ခင်ဗျား ခြင်ထောင်က ခင်ဗျားမှုတ်ထုတ်တဲ့ အပူခိုးကြောင့် မီးထလောင်တာ ဖြစ်ရမယ်ဗျ"

"ဟင်- ဟုတ်ရဲ့လား တာတူးရာ၊ ငါကလည်း ဒီလောက် အပူအများ ပါဘူးကွ"

"ဟာဗျာ၊ လူဆိုတာ လောဘ ဒေါသ မောဟခိုးတွေ မွန်ထူနေတာ ဗျ။ ဒီတော့ ကိုယ့်ကိုယ်ကိုယ်တောင် မီးလောင်သေးတာပဲ၊ ခြင်ထောင် မီးလောင်တာ မဆန်းပါဘူး"

"အင်"

ဘေးအိမ်မှ တာတူး၏ စကားကြောင့် ဦးရွှေကိုတစ်ယောက် အူချာချာ ဖြစ်သွား၏။ ထိုအချိန် ရင်တမမ ဖြစ်နေသော ဝင်းသစ္စာသည် နိုင်ဦးသော်၏ အခန်းထဲ ဝင်ပုန်းနေ၏။

နိုင်ဦးသော်သည် ခုတင်ပေါ်တွင် တရှူးရှူးနှင့် အိပ်ပျော်နေ၏။ အိမ်အောက်ထပ်မှ အသံဗလံများ ငြိမ်သက်သွားသဖြင့် ဝင်းသစ္စာ ပုန်းနေရာမှ ထွက်လာ၏။ ထိုစဉ် နိုင်ဦးသော်၏ စားပွဲပေါ်မှ စတီးထမင်းချိုင့်ကို မြင်သွား၏။

"ဟာ ဟုတ်ပြီ၊ ဒီချိုင့် ပေါင်လိုက်ရင် အိုကေပဲ။ ဒါဆို ဆိုင်သွားလို့ ရပြီကွ"

စတီးချိုင့်ကိုကြည့်ကာ ဝင်းသစ္စာ ဝမ်းသာအားရ ဖြစ်သွား၏။ နိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com


သော်ကတော့ ဘာမှ မသိ။ ဝင်းသစ္စာ ဘာကိုမှ မတွေးတော့။ စားပွဲပေါ်က စတီးချိုင့်ကိုယူကာ အဆောင်ပေါ်မှ တဒုန်းဒုန်းနှင့် အပြေးဆင်းခဲ့လေတော့၏။

ထိုအချိန် အိမ်အောက်ထက်တွင် ငှငူကြီး ထိုင်နေသော ဦးရွှေကိုမှာ ဝင်းသစ္စာ၏ ခြေသံကြောင့် ပေါက်ကွဲသွား၏။

"ဟ- ဘယ်သူတုံးကွ၊ ဒီလောက် တဒုန်းဒုန်းနင်းတာ ဘယ်သူတုံးကွ"

"ဟာ- ဦးလေးရွှေကို"

"ဩော်- ဝင်းသစ္စာပါလားကွ၊ ကြည့်လည်း နင်းစမ်းပါကွာ။ မင်းခြေသံက ငါ့ခေါင်းကို တအုန်းအုန်းနဲ့ ဆောင့်နင်းနေသလိုပဲ။ ဒီမှာ ခြင်ထောင် မီးလောင်လို့ ပြဿနာဖြစ်နေရတဲ့ကြား"

"အဲဒါ ကောင်းတာပေါ့ဗျာ"

"ဘာ. . . ဘာကောင်းတာလဲကွ"

"ဟဲဟဲ အဟောင်းသွားတော့ အသစ်လာ၊ တစ်ခါတစ်ခါ အပြောင်းအလဲ လုပ်သင့်တာပေါ့ဗျ"

"ဘာကွ"

"ဦးလေးရွှေကိုကလည်း ဒေါကြီးပဲကိုး၊ လူ့ဘဝဆိုတာ ရေသေလို တရားသေကြီး မနေနဲ့ဗျ"

"ဟော- ဘယ်လိုနေရမှာတုံးကွ"

"ဟဲဟဲ ဘဝဆိုတာ လှုပ်တုတ်တုတ်ကြီးဗျ၊ လှုပ်နိုင်လေ ကောင်းလေပဲ။ ခြင်ထောင်မပြောနဲ့ လူတောင် ပြာဖြစ်သေးတာပဲဗျ။ တရားနဲ့ တွေးကြည့်ရင် အားလုံး ပြာတွေချည်းပဲ"

"ဘာတွေတုံးကွ"

"သဘောပြောတာပါ ဦးလေးရွှေကိုရာ၊ အနိစ္စဝတ သင်္ခါရာတဲ့ဗျ။ ဘာမှ မမြဲဘူး။ ဦးရွှေကိုကြီးလည်း ပြာပဲ၊ လုံချည်တွေ၊ ပုဆိုးတွေ၊ ထမင်းအိုး၊ ဟင်းအိုးတွေ ပြီးတော့ ခုတင်တွေ၊ ထိုင်ခုံတွေ ပြာချည်းပဲဗျ။ မယုံရင် မီးရှို့ကြည့်လေ"

"ဘာကွ၊ မင်း. . . မင်း"

"ဟဲဟဲ သွားပြီဗျို့"

ဝင်းသစ္စာတစ်ယောက် ထင်ရာမြင်ရာ ပြောဆိုပြီး ဒရောသောပါး ထွက်သွားလေတော့၏။ ဦးရွှေကိုမှာ ငွေ့ငွေ့ခုန် ကျန်ခဲ့၏။ ပြာဖြစ်သွားသော ခြင်ထောင်ပုံကြီးကိုကြည့်ရင်း သူ့ရင်ထဲ တုန်တုန်ချိချိ ခံစားနေရလေ၏။ ထိုအချိန် အောင်ဘတစ်ယောက် ကုပ်ချောင်းချောင်းနှင့် အိမ်ဝင်းထဲ ဝင်လာ၏။

အောင်ဘက နိုင်ဦးသော်ကဲ့သို့ ကုမ္ပဏီဝန်ထမ်း။ အရပ်က ပျပ်ပျပ်၊ အညာသား၊ အလွန်တရာမှ ကုတ်စေးလှ၏။ ထမင်းကို ဆိုင်မှာမစား


www.burmeseclassic.com

www.burmeseclassic.com



တို့တို့ထိထိလေးဝယ်ကာ အဆောင်ပြန်စားတတ်၏။ ကုမ္ပဏီနှင့် အဆောင်က မဝေးလှ။

သူ့ခုတင်ဘေးတွင် ဗီရိုအပုလေးတစ်လုံး ရှိ၏။ ထိုဗီရိုလေးထဲတွင် အဝတ်အစား၊ အစားအသောက်၊ ဆေးဝါး၊ တိုလီမုတ်စကအစ ထည့်ထားတတ်၏။ ဗီရိုကို သော့အကြီးကြီး တစ်လုံးနှင့် ခတ်ထားလေ့ရှိ၏။ ဆေးလိပ်ကအစ တွန့်တိုလှသူ ဖြစ်၏။

ယခုလည်း ထမင်းဆိုင်မှ ထမင်းနှင့် ချဉ်ပေါင်ကြော်ဝယ်ကာ အိမ်သို့ ခပ်သုတ်သုတ် ပြန်လာခြင်း ဖြစ်၏။ ဦးရွှေကိုကိုမြင်တော့ ဝမ်းသာအားရ ဖြစ်သွား၏။

"ဟာ- ဦးလေးရွှေကို"

"ဘာလဲ"

"ဟဲဟဲ ဟို ငါးပိရည်လေး ဘာလေး"

"ဘာကွ၊ ငါးပိရည် မင်းက ဘယ်လိုဖြစ်သတုံး"

"ဟဲဟဲ ဒီတိုင်းစားရင် ခြောက်တောက်တောက် ဖြစ်လို့ဗျ"

"ချောက်ရင် ရေလောင်းစားပေါ့ကွ"

"ဗျာ၊ ဟဲဟဲ ဦးလေးကလည်း ဟိုတစ်လောက မအူပင် ရေလဲကငါးပိလေး ရှိသေးလား၊ တအား ကောင်းတာဗျ။ ဦးလေးတို့ ညီမရွာကိုငါးပိတောင် သွားဝယ်ချင်သဗျာ"

"ဟင်- အေးကွ၊ ရေလဲငါးပိကတော့ မင်းပြောသလိုပဲကွ"

"ဒါပေါ့ ဦးလေးရွှေကိုရာ၊ ကျုပ်လည်း စွဲနေပြီဗျ။ ဟဲဟဲ ရှိရင် နည်းနည်းမျှဗျာ"

"မင်းကတော့ အံ့ဖွယ်လူပျိုပဲဟေ့"

"ဟဲဟဲ အနေတတ်မှ ဦးလေးရွှေကိုရေ၊ အနေမတတ် လေဟာပ်တာတောင် အဆိပ်သင့်တယ်ဗျ။ ဟဲဟဲ နည်းနည်းနော်"

"ကဲ. . . မင်းက မပေးလည်း ယူမယ့်ကောင်ပဲ၊ ဒီမှာ ခြင်ထောင်ပြာကျသွားလို့ စိတ်ညစ်နေရတဲ့ကြား ငါးပိရည် ဖျော်သောက်မယ့်ကောင်နဲ့ တိုးနေတယ်။ ကိုင်း- ယူသွားကွာ၊ ဟော့ကောင် ငါးပတ်မွှေတွေ ခတ်မသွားနဲ့နော်"

"ဗျာ ငါးပတ်မွှေ၊ ဟာ- ကောင်းချက်ကတော့ အံ့မခန်းဗျာ။ မယားမှာ နားကပ်၊ ငါးမှာ ငါးပတ်တဲ့ဗျ"

"ဟေ- ဘာဆိုင်လို့တုံးကွ"

"နားကပ်ရှိမှ မိန်းမဗျ၊ ငါးပတ်ရှိမှ ဟို အဲ ဟိုဟာဗျာ"

"တော်စမ်းပါကွာ၊ တွေ့ကရာရှစ်သောင်းတွေ ပြောမနေနဲ့ ကဲ . . . သွားသွား ငါးပိရည်ပဲခတ်နော်"

"စိတ်ချပါ ဦးလေးရွှေကိုရာ၊ ပေးကမ်းစွန့်ကြဲမှုဟာ လောဘကို ချေဖျက်တာဗျ။ ဟဲဟဲ ဒါနနဲ့ လောဘကို တိုက်ရတယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com


"ဟကောင် သွားစမ်းကွာ"

အောင်ဘ အကြောင်းကို ဦးရွှေကို အသိဆုံး၊ ပြောလျှင်လည်း တရားစကား၊ ဘုရားစကား မလွတ်၊ ပုံတိုပတ်စ မလွတ်။ အောင်ဘ စကားတွေ ဖွလာပြီဆိုလျှင် သူ့ဆီက တစ်ခုခု ပါပြီသာမှတ်။

ယခုလည်း တောင်းတုန်းက ရေလဲငါးပိ၊ နောက်တော့ ငါးပတ်မွှေလေးပါ အဆစ်ပါသွား၏။ ဦးရွှေကို ဘာမှ မတတ်နိုင်။ အောင်ဘ၏ စကားပရိယာယ်ကြား လည်တယ်တယ်နှင့် နောက်ဆုံး ရှိတာ ထုတ်ပေးလိုက်ရတာ များပေ၏။

အောင်ဘတစ်ယောက် သူလိုတာ ရပြီဆိုသည်နှင့် အဆောင်ပေါ် ကမန်းကတန်း တက်သွားကာ ဗီရိုဖွင့်၍ ပန်းကန်တွေ၊ ခွက်တွေ ထုတ်ပြီး ဟင်းထမင်းထည့်ကာ တွယ်လိုက်၏။ တစ်ဖက်ခုတင်ပေါ်တွင် တခူးခူးနှင့် အိပ်နေသော နိုင်ဦးသော်တစ်ယောက် ဇွန်းသံ၊ ခွက်သံကြောင့် နိုးလာ၏။

လှမ်းကြည့်လိုက်တော့ ခုတင်ဘေး ခုံတွင် တစ်ယောက်တည်း ကြိတ်တွယ်နေသော အောင်ဘကို တွေ့လိုက်ရ၏။ ပါးစပ်ကလည်း ပလုတ်ပလောင်း၊ အရည်မပါသဖြင့် တဂွတ်ဂွတ် ကြို့ထိုးနေ၏။

အောင်ဘက တစ်ဖို့တည်းကောင်၊ ဆေးလိပ်တောင် အချင်းချင်း မသဒ္ဓါသည့် လူကပ်စေး။ ယခုလည်း သူနိုးမှာကြောက်၍ ထမင်းဟင်းတွေ အတင်း သွတ်နေပုံရ၏။

သူ အိပ်ရာထဲမှ လူးလဲထလိုက်၏။ သူ့ကိုမြင်တော့ အောင်ဘ ပလုတ်ပလောင်းနှင့် ငေးကြည့်နေ၏။

"ဖြည်းဖြည်းလည်းစားပါ အောင်ဘရာ၊ မင်းဥစ္စာ ဘယ်သူမှ လုမစားပါဘူးကွ"

"အူး ဟူး ဟူး"

"စား. . . စား၊ ငါ မင်းကို ဒုက္ခမပေးပါဘူး"

အောင်ဘကို နားချရင်း ခုတင်ပေါ်မှ ထလိုက်၏။ စားပွဲပေါ် လှမ်းကြည့်လိုက်တော့ တစ်ခုခု လိုနေသလိုပင်။ စိတ်ထဲ မနည်းကြီး စဉ်းစားမှ ထမင်းချိုင့်ကို သတိရလာ၏။

"ဟာ- ထ. . . ထမင်းချိုင့်"

"ဟင်- ဘာ. . . ဘာလဲ"

"ဒီမှာတင်ထားတဲ့ ထမင်းချိုင့် ဘယ်ရောက်သွားပြီလဲ"

"အင်- ငါ. . . ငါ ဘယ်သိမှာလဲကွ"

"ဟာ- ပြဿနာပဲ"

"ဟုတ်တယ်၊ ငါ ဝင်လာကတည်းက မတွေ့တာကွ"

"ဟာ- အဲဒါမှ ပြဿနာပဲ၊ ဟို. . . ဟိုကောင် ဝင်း. . . ဝင်းသစ္စာ"

"ဟေ- ဝင်းသစ္စာ၊ ဟာ- ဒါဆို ဆိုင်ကို မြန်မြန်လိုက်ပေးတော့ကွ။ ဒီကောင် ရောင်းပစ်လိုက်ရင် ပြဿနာပဲ"


www.burmeseclassic.com

www.burmeseclassic.com



"အင်"

နိုင်ဦးသော် အကြီးအကျယ် ခေါင်းစားသွားသည်။ ကမန်းကတန်း အဝတ်အစားလဲကာ အဆောင်ပေါ်မှ အပြေးဆင်းလာ၏။ အခြေအနေက အမိမလိုက်၍ မဖြစ်သည့် အခြေအနေ၊ ဝင်းသစ္စာ သောက်လေ့သောက် ထရှိသောဆိုင်သို့ ပြေးခဲ့ရ၏။

ဆိုင်ဝရောက်တော့ နိုင်ဦးသော် ဟိုက်နေ၏။ ထိုစဉ် ဆိုင်ထဲမှ ယိုင်ထိုးယိုင်ထိုး ထွက်လာသော ဝင်းသစ္စာ၊ သူ့ကိုမြင်တော့ မှေးတေးတေး မျက်လုံးနှင့် ပြုံးပြ၏။

"ဟဲဟဲ မင်း အောင်ဘ မဟုတ်လားကွ အော့"

"ဘာ- ဟော့ကောင် ဝင်းသစ္စာ၊ မင်း ဘာကြောင်တောင်တောင် လုပ်နေတာလဲ။ ဘယ်မှာလဲ ထမင်းချိုင့် ပြောစမ်း"

"ဩော် နိုင်ဦးကိုး၊ ဆောရီးပဲ သူငယ်ချင်းရာ။ ငါ့ဝမ်းပူဆာ မနေသာ အဖြေရှာလိုက်ပြီဟေ့ အော့ ဟဲဟဲ"

"ဘာကွ၊ မင်း. . . မင်း ဘာလုပ်လိုက်သတုံး"

"ပေါင်လိုက်တယ်လေ။ မဆုံးပါဘူးကွာ၊ ငါလည်း ပိုက်ဆံပြတ်နေတာကွ။ အဲဒါ မကုလားမဆီ သွားပေါင်ပစ်လိုက်တာ"

"အင်. . . သွားပါပြီကွာ၊ ဘယ်လောက်နဲ့ပေါင်"

"ထောင့်သုံးရာလေကွာ၊ ဟဲဟဲ ဒီမှာ သုံးရာပဲ ကျန်တယ်။ ဒါ မင်းနဲ့ ငါ ညကျရင် ဆေးလိပ်နဲ့ လက်ဖက်ရည်ဖိုးလေကွာ ဟဲဟဲ"

"တော်စမ်းပါကွာ၊ မင်းလုပ်တာ ငါ ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး"

"ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့သာ မှတ်ပေါ့ နိုင်ဦးရာ။ ဘားဟား အောင်ဘ ပြောသလို အနိစ္စဝတ သခါရလေ ဟဲဟဲ"

"တော်၊ ဟော့ကောင် တော်တော်"

နိုင်ဦးသော်ရင်ထဲ ဒေါသက တိုးလိုးတစ်လစ် ဖြစ်နေ၏။ ဝင်းသစ္စာဆိုသည့်ကောင်က စိတ်ကူးတည့်ရာ စွတ်လုပ်ချင်သည့် ပရမ်းပတာ သမား။ လုပ်သမျှကိုလည်း ခေါင်းထိုးခံရသည့် သတ္တိရှိ၏။ ယခုလည်း ကြောင်ကြောင် ဖြစ်ပစ်စပ် လုပ်ပြနေသဖြင့် နိုင်ဦးသော် ဒေါသထွက်ရ ဘက်နေ၏။

နောက်ဆုံး အဆောင်ဘက်သို့ ပြန်ခဲ့ကြ၏။ အဆောင်ဘက်ရောက် တော့ ညနေစောင်းနေပြီ ဖြစ်လေ၏။ ဦးရွှေကိုတစ်ယောက် အိမ်ရှေ့ ခုံတန်းလျားတွင်ထိုင်ကာ အကြမ်းသောက်နေ၏။ သူတို့နှစ်ဦးကိုမြင်တော့ ဦးရွှေကို မျက်ခုံးလှုပ်သွား၏။

"ဟာ- ဦးလေးရွှေကိုပါလား၊ ဘေးက အမျိုးသမီးကြီးက ဘယ်သူလဲ"

"ဟေ- ဘာ့. . . ဘာလဲ"



www.burmeseclassic.com

ဝင်းသစ္စာ၏ စကားကြောင့် ဦးရွှေကို ကြောင်စီစီနှင့် ဘေးဘီကို လှည့်ကြည့်လိုက်၏။ တစ်ဦးတစ်ယောက်မှလည်း မရှိ။ သို့သော် ဦးရွှေကို သရဲတစ္ဆေ အင်မတန်မှ ကြောက်တတ်သူ ဖြစ်၏။

ယခုလည်း ဝင်းသစ္စာ စကားကြောင့် မျက်လုံးအပြူးသား ဖြစ်သွား၏။

"မင်း. . . မင်း ဘာတွေပြောသတုံး"

"ဟဲဟဲ ဦးလေးရွှေကို မရိုးတော့ဘူးနော်၊ ဒီ အဒေါ်ကြီးက ဘယ်သူတုံးဗျ။ အော့ ကျုပ်တို့လည်း မိတ်ဆက်ပေးလေဗျာ"

"ဘာကွ၊ ဟေ့. . . ဟေ့ကောင် မင်း မဟုတ်တာတွေ မပြောနဲ့၊ ငါ့နား မှာ ဘယ်သူမှ မရှိဘူးကွ"

"ဟားဟားဟား ဦးလေးရွှေကို. . . ဦးလေးရွှေကို နာနာဘာဝ၊ ဝိနာ ဘာဝဆိုတဲ့ ဝိညာဥ်လောကအကြောင်း"

"တော်. . . တော်စမ်းကွာ၊ နေဝင်ရီတရောမှာ ထင်ရာမပြောနဲ့ကွ"

ဦးရွှေကိုတစ်ယောက် ချောက်ချားနေပုံကိုကြည့်ပြီး ဝင်းသစ္စာ ရယ်မောနေ၏။ နိုင်ဦးသော်ကတော့ သူ့ဒုက္ခနှင့်သူ တန်းလျားတွင် ဝင်ထိုင်ရင်း ကြက်ကြီးလည်လိမ်သလို ဖြစ်နေ၏။

ထိုစဥ် ဦးရွှေကို၏ စကားသံ ထွက်လာ၏။

"ဟေ့ကောင် နိုင်ဦး၊ မင်းကောင်တွေလည်း ကြည့်ထိန်းဦးကွ။ အပေါ် ကကောင်ကျတော့လည်း ကုတ်စေးလိုက်တာကွာ၊ ဒီကောင်ကျတော့လည်း ပရမ်းပတာဆန်ပ။ စည်းမရှိ ကမ်းမရှိ လုပ်တာကိုတော့ ငါ မကြိုက်ဘူး ကွ၊ ငါ့မောင်နှမတွေ၊ ထမင်းတွေလည်း ခူးခပ်သွားတာ အကပ်ပဲ ကျန်သကွ"

"တာ- အောင်ဘကလည်း မလွယ်ပါလား"

"အေး မင်းတို့သုံးယောက်စလုံး မလွယ်ဘူးကွ၊ ဇာတ်ထောင်စားရင် ဝိတ်တားဖြတ်ရောင်းမယ့်ကောင်တွေ"

"ဩော်- ဦးလေးရွှေကိုကလည်း ကြည့်တတ်ရင် ဘာဝနာတွေပါဗျာ"

"ဘာကွ"

"ဟုတ်တယ်လေ၊ ဥစ္စာပစ္စည်းဆိုတာ နည်းနည်းရှိ နည်းနည်းခြောက် တယ်ဗျ"

"တော်. . . တော်စမ်း၊ မင်းတို့ ပြောလိုက်ရင် ဘုရားစကား၊ တရား စကား မလွတ်ဘူး။ လုပ်လိုက်ရင်လည်း တလွဲချည်းလုပ်တဲ့ကောင်တွေ"

"ဦးလေးရွှေကိုကလည်း ဒေါကြီးမဲ"

ဦးရွှေကိုတစ်ယောက် အောင်ဘကို အကြောင်းပြုပြီး သူတို့တိုပါ ပတ်၍ ပြဿနာရှာနေ၏။ ဝင်းသစ္စာကတော့ မှုသူမဟုတ်။ သူ့ကို ပြော ချင်သလိုပြော၊ သူလည်း ပြောချင်ရာပြောမည့်လူစားမျိုး။

ဖြစ်စဥ်တွေက ရိုးအီနေပြီမို့ ဦးရွှေကို လက်နက်ချလိုက်ရ၏။ ထိုစဥ် ဝင်းသစ္စာ လည်တယ်လည်တယ်နှင့် ထင်ရာပြောဆိုနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"နိုင်. . . နိုင်ဦး၊ မင်း ထမင်းစားပြီးပြီလား"

"မစားရသေးဘူးကွ"

"ဒါဆို ငါစားနေကျဆိုင်ကို လိုက်ခဲ့ကွာ၊ အဲဒီမှာ ငါ ဘီလ်ဖွင့်ထားတာကွ။ လိုက်ခဲ့စမ်းပါကွာ"

"ဖြစ်. . . ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ်ကွာ၊ အရေးကြီးတာ နောက်ပြဿနာ နောက်ရှင်းပဲပေါ့။ ကိုင်း- ငါတို့ သွားစားကြမယ်ကွ"

နိုင်ဦးသော် မယုံမရဲ။ ဝင်းသစ္စာ စကားက သုံးခွက်တစ်ခွက်တင် ယုံရမည့်စကား။ သို့သော် ကိုယ်တိုင်လည်း အိတ်ထောင်ထဲ ပိုက်ဆံပြတ်နေပြီ ဖြစ်၏။

ထို့ကြောင့်လည်း ရှေ့မျက်နှာ နောက်ထား၍ ဆိုင်သို့ ချီတက်ခဲ့ရလေ၏။ သူ့ရင်ထဲ ခိုးလိုးခုလု ခံစားနေရသည်က စတီးထမင်းချိုင့် ပြဿနာ။

ထမင်းဆိုင်ရောက်သည်အထိ ရင်ခံနေဆဲ။ ထမင်းဆိုင်ထဲ ရောက်သည်နှင့် ဝင်းသစ္စာ၏ ဟောင်ဖွာဟောင်ဖွာအသံ ပေါ်လာ၏။

"ဒေါ်ချစ်ကြီးရေ၊ ကျုပ် ဧည့်သည်လည်း ပါတယ်ဗျို့။ ဟဲဟဲ ဝှက်ထားသိမ်းထားတဲ့ ဟင်းတွေ ထုတ်စမ်းဗျာ"

"အောင်မယ်၊ လာတာနဲ့ ပြဿနာရှာပြီ။ အကြွေးတွေကလည်း ပုံနေပြီနော်"

"ဆပ်မှာပေါ့ဗျာ၊ လောကကြီးမှာ ဘယ်သူမှ ကြွေးမကင်းပါဘူးဗျာ။ ဘေးမျဉ်းရေးပြီး ကြွေးစာရင်းဆွဲကြည့် ခင်ဗျားလည်း အကြွေးရှိမှာပဲ။ လူနဲ့ အကြွေးဟာ ကက်ကင်းသဘောတွေပါဗျာ"

"တော်စမ်းပါဟယ်၊ ကဲ- ပြော ဘာစားမှာတုံး၊ ဝက်ကလီစာပဲ ရှိတယ်နော်"

"ထည့်စမ်းဗျာ၊ ကျုပ်တို့နှစ်ယောက် စားမယ်"

ဒေါ်ချစ်ကြီးလည်း ဝင်းသစ္စာကို လက်မြှောက်ထားရ၏။ ကြွေးစာရင်းတွေ မှတ်ရင်းမှတ်ရင်းနှင့် သူလည်း ချာချာလည်နေပြီ ဖြစ်၏။ ပြောနေလည်း ပြောပြောသာရှိမည်မို့ ဟင်းထမင်း ခူးခပ်ပြီး ချပေးလိုက်ရ၏။

"စားစမ်းကွာ၊ ဒေါ်ချစ်ကြီးက ပါးစပ်သာ ကြမ်းတာကွ၊ လက်ကတော့ ယဉ်ပါ့ကွာ။ ဘာချက်ချက် ရှယ်ပဲပေါ့၊ နောက်ဆုံး ငါးပိရည်ဖျော်တာတောင် မော့သောက်ချင်စရာကွာ"

"ဝင်းသစ္စာရယ်၊ စားမယ့်ဟာ စားစမ်း၊ စွတ်မမြှောက်နေစမ်းပါနဲ့"

ဒေါ်ချစ်ကြီးသည် အလွန်တရာမှ အမြှောက်ကြိုက်လှသူ ဖြစ်၏။ ယခုလည်း ပါးစပ်က ပွစိပွစိ ပြောဆိုနေသော်လည်း ဝက်ကလီစာဟင်း အပြင် ပဲဟင်းချို၊ ငါးပိရည်ဖျော်၊ အတို့အမြုပ်ပွဲများပါ ချပေးလာ၏။



www.burmeseclassic.com

ဟင်းချက်ကလည်း အစပ်အဟပ် တည့်လှ၏။ နိုင်ဦးသော်တစ်ယောက် ရင်ထဲ တစ်ဆို့ဆို့နှင့် စားလိုက်ရာ ခံတွင်းတွေ့လှသဖြင့် နှစ်ပန်းကန်မောက်မောက် ကုန်သွားခဲ့၏။

ဝင်းသစ္စာကတော့ သူ့ထက် အစားသရမ်းလှ၏။ ထမင်းချည်းပဲ သုံးပန်းကန်မောက်မောက်၊ ပဲဟင်းချို၊ ဝက်ကလီစာ။ နောက်ဆုံး ငါးပိရည်ရော တို့စရာပါ ပြောင်သလင်းခါသွားခဲ့၏။ သူစားပုံကြည့်ပြီး ဒေါ်ချစ်ကြီးပင် လက်ဖျားခါနေရ၏။

"ဟယ်- နင်က လူမှဟုတ်ရဲ့လား ဝင်းသစ္စာရယ်၊ စားတော့လည်း ဝေသာလီပြည် ဘီလူးစီးတာကျနေတာပဲ"

"ဟဲဟဲ အာဟာရတိင္ဂြိုကာတဲ့ဗျ။ အရည်ကလာပ်၊ အဖတ်ကလာပ် ကလာပ်တွေများတော့ ဟဲဟဲ ဗိုက်ထဲ ဘုရားပွဲလှည့်သပေါ့ဗျာ။ ကိုင်း- စာရင်းမှတ်လိုက်တော့ဗျို့၊ ကျုပ်တို့သွားပြီ"

နှစ်ယောက်သား စားသောက်ပြီးကြသည်နှင့် စကားတပြောပြောဖြင့် ပြန်လာကြ၏။ ထိုအချိန် ဦးရွှေကိုတစ်ယောက် အသံအောအောကြီးနှင့် ဘုရားစာရွတ်နေပြီ ဖြစ်လေ၏။ သူတို့နှစ်ဦး အပေါ်ထပ်သို့ တက်လာကြ၏။

"ဟင်- အောင်ဘ ဘယ်ရောက်သွားပါလိမ့်"

"အချောင်ဘယ်ကရမလဲ သွားရှာနေတာ ဖြစ်မှာပေါ့ကွာ၊ မင်းမှာ ဆေးလိပ်ရှိသလားကွ"

"မရှိဘူးလေ"

"ထမင်းစားပြီးတော့ ခံတွင်းချဉ်သကွာ၊ နေဦးကွ ဟိုကောင့်ဗီရိုထဲ ငါ မွှေဦးမယ်"

"ဟာ- မကောင်းပါဘူးကွာ"

"မင်း ဘာနားလည်လို့လဲ နိုင်ဦးရ၊ အဲဒီ ဗီရိုရှိတာ ဒီကောင့်အတွက် အဏုသိုလ်တွေ စုမိတာပဲကွ။ မင်း စဉ်းစားကြည့်လေ၊ ဗီရိုထဲ သူများသောက်မှာစိုးလို့ ဆေးလိပ်ကအစ သိမ်းတဲ့ကောင်ကွ။ ဒီတော့ သူငယ်ချင်းကောင်းဆိုတာ လမ်းကောင်းရောက်အောင် ပြုပြင်ရမှာပဲ။ မင်း အသာနေစမ်းပါကွာ၊ ငါ့မှာ နည်းစနစ်တွေ ရှိပါတယ်"

ပြောပြောဆိုဆို ဗီရိုအပုလေးနား သွားပြီး ထိုင်ချလိုက်၏။ ထို့နောက် ဗီရိုအောက်က ကြမ်းခင်းကို တစ်ချောင်းချင်း ခွာထုတ်လိုက်၏။ ဝင်းသစ္စာ လုပ်နေပုံကြည့်ပြီး နိုင်ဦးသော် မျက်လုံးပြူးနေ၏။ ထိုစဉ် ဝင်းသစ္စာသည် ဟောင်းလောင်းဖြစ်နေသော ဗီရိုအောက်ခြေမှ လက်လျှိုကာ အောင်ဘ သိမ်းဆည်းထားသော ပစ္စည်းများကို တစ်ခုချင်း ဆွဲထုတ်လိုက်၏။

ဆေးလိပ်တစ်စည်း၊

ထန်းလျက်ထုပ် တစ်ထုပ်၊

ကော်မီမစ် ငါးထုပ်။



www.burmeseclassic.com

www.burmeseclassic.com


ဝင်းသစ္စာ ပစ္စည်းပစ္စယများကို ကြည့်ရင်း တဟားဟား အော်ရယ်နေ၏။

"မြင်တယ် မဟုတ်လားကွ၊ တော်တော် ကုတ်စေးတဲ့ကောင်။ ရော့ဟောဒီမှာ ဆေးလိပ်၊ ထန်းလျက် စားဦးမလား"

"တော်ပါပြီကွာ"

"ငါတော့ တစ်ခဲ၊ နှစ်ခဲ စားမယ်"

"ပြန်ထည့်လိုက်ပါကွာ"

"အေးပါကွာ၊ ဟဲဟဲ အောင်ဘပုံက တဖြည်းဖြည်း ခြကြီးတစ်ကောင်လို ဖြစ်လာပြီကွ"

"မပြောပါနဲ့ကွာ၊ ဒါ သူ့အမူအကျင့်ပဲဟာ။ လူဆိုတာ အတ္တနဲ့ နေကြတာလေ"

"ဒီကောင်က အညာသားကွ၊ မင်းထက် ဘုရားအကြောင်း၊ တရားအကြောင်း ပိုသိတယ်။ ဒါပေမယ့် အဲဒီလို သိလေ ပိုကုတ်စေးလေကွ"

"တော်ပါတော့ကွာ၊ မင်းကတော့ တကယ်ကို မလွယ်တဲ့ကောင်ပဲ"

ဝင်းသစ္စာ၏ ထင်ရာစိုင်းမှုကို နိုင်ဦးသော် လိုက်မမီနိုင်။ အောင်ဘသိမ်းဆည်းကုတ်ကပ်ထားသည့် စားသောက်ဖွယ်ရာများကို စားသောက်ပစ်လိုက်ပြီး သူ့ခုတင်ပေါ် ကန့်လန့်ဖြတ် အိပ်ချလိုက်၏။

နိုင်ဦးသော် ယခုအထိ ရင်ထဲ တစ်ဆို့ဆို့ကြီးခံစားနေရဆဲ။ ပြဿနာက ဝင်းသစ္စာ မွေထားသော စတီးလ်ချိုင့်ပြဿနာ။ မဲ့နီလေးနှင့်ကြုံလျှင်သူ ဘယ်သို့ ဖြေရှင်းရပ်ပါ့။

ပြီးတော့ ဦးမင်္ဂလာ၏ ဖိနပ်ပြဿနာ။ တွေ့သွားလျှင် မိုးမီးလောင်သွားနိုင်၏။ အချိန်အခါမှာ လကုန်ပိုင်း အချိန်အခါဖြစ်၍ လက်ထဲပိုက်ဆံက ပြတ်နေပြီ ဖြစ်နေ၏။ ဝင်းသစ္စာလို ဘဝကို ပါးပါးလျားလျားဖြတ်သန်းချင်ပါဘိ။

သို့သော် သူကသူ၊ ဝင်းသစ္စာက ဝင်းသစ္စာပင်။ နောက်ဆုံး ခုတင်ပေါ် လှဲလိုက်၏။ ထိုစဉ် အောင်ဘတစ်ယောက် အခန်းထဲ ကုပ်ချောင်းချောင်းနှင့် ဝင်လာ၏။ အပြင်မှာလည်း မှောင်မိုက်နေပြီ ဖြစ်၏။ အဆောင်မီးကလည်း မကြာခင် မှိတ်တော့မည် ဖြစ်၏။

အောင်ဘတစ်ယောက် သူတို့ဘက် တစ်ချက် လှမ်းကြည့်ရင်း ဖယောင်းတိုင်မီး ထွန်းလိုက်၏။ အဆောင်မီးက ကိုးနာရီထက်မကျော်။

အောင်ဘသည် ဖယောင်းတိုင်မီးနှင့် ကျစ်ထားသော ပိုက်ဆံများကို ရေတွက်နေ၏။ ထိုစဉ် ဦးရွှေကိုး၏ အမျှဝေသံ၊ ကြေးစည်သံ ပေါ်လာ၏။ အမျှဝေသည့်အထဲ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ဘီလူး၊ မှင်စာတွေလည်း ပါ၏။ နာနာဘာဝ၊ ဝိနာဘာဝပေါင်းစုံ၏ အမည်ကို ရေရွတ်ကာ အမျှဝေနေသဖြင့် အောင်ဘပင် ထိတ်လန့်လာ၏။

ထို့ကြောင့်လည်း ပိုက်ဆံထုပ်ကို အလျင်အမြန် သိမ်းဆည်းလိုက်


www.burmeseclassic.com

www.burmeseclassic.com



ပြီး အိပ်ရာထဲ ဝင်လိုက်၏။

အောင်ဘကလည်း ဦးရွှေကိုနည်းတူ သရဲတစ္ဆေ အလွန်မှ ကြောက်တတ်သူ ဖြစ်၏။ ညရေးညတာကိစ္စကို မိုးမချုပ်ခင်က ကြိုရှင်းထားတတ်၏။ သူ့အကြောင်းကို ကောင်းကောင်း သိနေသူက ဝင်းသစ္စာ။

အောင်ဘ မကြောက်ကြောက်အောင် ခြောက်တတ်သည်မို့ အမြဲတမ်း တကျက်ကျက်။ ယခုလည်း ဦးရွှေကို အမျှဝေသံကြောင့် အောင်ဘတစ်ယောက် စောင်ခေါင်းမြီးခြုံ၍ အိပ်ပစ်လိုက်ရလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ပုဆိုးကို ခြေမျက်စိဖုံးအောင် ဝတ်၍ နိုင်ဦးသော်တစ်ယောက် ကုမ္ပဏီကို လာခဲ့ရ၏။ သူ့ပုံကြည့်ပြီး မျက်စိစပါးမွေးစူးနေသူက ဦးသစ္စာစကြာ။ ကုမ္ပဏီရှေ့ ရပ်ထားသော ကားပေါ်မှ ဆင်းလာသူ ဦးသစ္စာစကြာသည် နိုင်ဦးသော်ကိုကြည့်ပြီး ခေါင်းတခါခါ ဖြစ်နေ၏။

"ဟေ့ကောင် နိုင်ဦး"

"ဗျာ"

"လာစမ်းပါဦးကွ၊ ဘယ်လိုဖြစ်လာတာတုံး"

"ဗျာ၊ ဘာ. . . ဘာဖြစ်လို့လဲ ဘော့စ်"

"မင်း ပုဆိုးဝတ်ထားတာ ခွေးချေးသိမ်းပါလားကွ"

"ဩော် ဒါလား၊ စတိုင်လေ ဘော့စ်ရဲ့"

"စတိုင်၊ စတိုင်က အဲဒီလို ရှည်ရှည်ဝတ်ရမယ်တဲ့လား"

"ဟဲဟဲ"

"ဟေ့ကောင် ခုချက်ချင်း ပုဆိုးပြင်ဝတ်စမ်း၊ ဒါ သစ္စာကမ္ဘာကုမ္ပဏီကွ၊ မင်းဘကြီးဇရပ် မဟုတ်ဘူး"

"ဗျာ"

"ဝတ်စမ်း၊ ခုချက်ချင်း ပြင်ဝတ်"

"ဟာ- ဟို စည်းကမ်းချက်မှ မထုတ်ထားတာ"

"ဟေ့ကောင်၊ မင်းနဲ့ငါ ဘယ်သူက ဘော့စ်လဲကွ"

"ခက်ပ့ါ ဘော့စ်ရာ"

"နိုင်ဦးသော်"

"ဗျာ၊ ဟဲဟဲ"

ဦးသစ္စာစကြာ ပေါက်ကွဲလာပြီဆိုလျှင် လေသံကအစ မာကျောလာ၏၊ ထိုအသံများ ကြားလိုက်လျှင် ပြဿနာ အထွတ်အထိပ် ရောက်ပြီမှန်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဦးသော် ချက်ချင်း သိလိုက်ပြီမို့ ပုဆိုးကို အလျင်အမြန် ပြင်၍ ဝတ်လိုက်ရ၏။

"အဲဒီလိုမှပေါ့ကွာ၊ ကိုင်း- သွားသွား မင်း ငါ့ဆီ တစ်နာရီလောက်ကို လာခဲ့စမ်းကွာ။ အရေးကြီးတဲ့ကိစ္စရှိတယ်၊ ဘောက်ဆူးလည်း ပေးမယ်"

"စိတ်ချပါ ဘော့စ်"

နိုင်ဦးသော် ဝမ်းသာအားရ ဖြစ်သွား၏။ ဘောက်ဆူးရမည်ဆိုလျှင် ဘာပဲလုပ်ရလုပ်ရ လုပ်တော့မည်ဟု နိုင်ဦးသော် ဆုံးဖြတ်ထား၏။ ဝမ်းသာအားရနှင့် ကုမ္ပဏီထဲ ဝင်ခဲ့၏။

ကွန်ပျူတာခန်းထဲ ရောက်သည်နှင့် ရိုက်စရာရှိသည့် စာမူများ တဖြောင်းဖြောင်း ရိုက်ပစ်လိုက်၏။ ထိုအချိန်တွင် မန်နေဂျာ ဦးမင်္ဂလာ တစ်ယောက် ကွန်ပျူတာခန်းရှေ့သို့ စာရွက်ကြီးတစ်ရွက်ကိုင်၍ ရောက်ရှိလာ၏။

အခန်းဝရောက်သည်နှင့် ဖိနပ်ချွတ်မည်အပြု ကတ္တီပါခုံမြင့်ဖိနပ် အနက်ရောင်ကို မြင်သွား၏။

"ဟာ- ဒါ. . . ဒါ ငါ့ဖိနပ်ပဲ၊ ဘယ်လိုဖြစ်လို့ ဒီရောက်နေပါလိမ့်။ ဟုတ်ပြီ၊ ငါ့စိတ်ထဲ ဖိနပ်တစ်ရန် ပျောက်နေတယ်ထင်တာ ဒီကို ဘယ်လို ရောက်လာပါလိမ့်"

ထိုအချိန် မြဖေ ရောက်ရှိလာ၏။ ဦးမင်္ဂလာ၏ အရိပ်အခြည်မြင် တော့ အိမ်သာဘက် လှည့်ထွက်သွား၏။

ဦးမင်္ဂလာသည် ခါးကြီးထောက်ကာ နိုင်ဦးသော်နှင့် မိုးစက်တို့နှစ်ဦးကို ခေါ်လိုက်၏။

"ကိုင်း- ပြောကြစမ်း"

"ဗျာ ပြောရမယ်၊ ဘာပြောရမှာတုံး မန်နေဂျာကြီး။ ဟဲဟဲ အသက် ကြီးပေမယ့် အမြဲတမ်း ခန့်ညားချောမောတဲ့ မန်နေဂျာကြီးအကြောင်း လား"

"ဟေ"

မိုးစက က လူချော့နည်း မဟာဗျူဟာသမား၊ အခန်းဝရောက်သည်နှင့် ဦးမင်္ဂလာအကြိုက်ကို ပြောလိုက်၏။ သူ့စကား ကြားရတော့ ဦးမင်္ဂလာ တွန့်ခနဲ ဖြစ်သွား၏။ ပြောချင်သည့်စကားပင် ပျောက်သွား၏။ ထိုစဉ် မိုးစက ဒိုင်ကြောင်တွေ ဆက်လွှတ်လေ၏။

"မန်နေဂျာကြီးဆိမှာ ရုပ်ဖျိုကိုယ်နုဆေးတော့ ရှိနေပြီထင်တယ်။ ခုလည်း ကြည့်ပါဦး၊ ခေါင်းကဆံပင်ကအစ ဘရိုက်ပဲဗျာ။ ဝေးဝေးက ကြည့်ရင် ...ကြားမင်း ဆင်းလာသလားတောင်. . ."

"ပ... ...ာင် တိတ်စမ်း"

"ဗျာ၊ ဟဲဟဲ ဒေါသရှေ့မထားပါနဲ့ ဂျာကြီးရယ်၊ ဒေါသကြီးရင် ရုပ်ရော စိတ်ရော ကြမ်းသမျှ။ ဟဲဟဲ ပြော၊ ဘာပြောရမလဲ"



www.burmeseclassic.com

www.burmeseclassic.com


"ကိုင်း- ပြောစမ်း"
"ဩော်- ပြောပါ့မယ်ဆိုမှ"
"ဟောဒီ ကတ္တီပါဖိနပ်ကို ဘယ်သူစီးသလဲပြော"
"ဗျာ"
မန်နေဂျာကြီး၏ စကားကြောင့် နိုင်ဦးသော် ခေါင်းကြီးသွား၏။ ဦးမင်္ဂလာ၏ မျက်လုံးကြီးတွေက ရဲတောက်နေ၏။ မိုးစံမှာလည်း ဘာဖြေလို့ ဖြေရမှန်းပင် မသိ။
ထိုစဉ် ဦးမင်္ဂလာ၏ စကားသံ ပေါ်လာ၏။
"ကိုင်း- ပြောလေကွာ၊ မိုးစံ မင်းဖိနပ်လား"
"ခင်ဗျာ၊ ဟာ- ဂျာကြီးကလည်း ကျွန်တော် အဲဒီလောက် မချမ်းသာဘူး ဂျာကြီးရယ်"
"ဟော့ကောင် လိုရင်းပြောစမ်း၊ မင်းစီးတာလား"
"မဟုတ်ရပါဘူးဗျာ"
"ဒါဆို နိုင်ဦးသော်လား"
"ဗျာ"
"ပြောလေကွာ"
"ဟုတ်. . . ဟုတ်ကဲ့၊ ဟို ဖိနပ်ပြတ်သွားလို့ပါ"
"ဘာကွ၊ မင်းဖိနပ်ပြတ်တာနဲ့ ငါ့ဖိနပ် ယူစီးရအောင် ငါက ဖိနပ်အငှားဆိုင် ဖွင့်ထားတယ်များ အောက်မေ့သလား"
"ဟုတ်. . . ဟုတ်ပါဘူး"
"ဒါဆို ဘယ်လိုလုပ်ပြီး ငါ့အခန်းထဲက ဖိနပ်ကို ယူသွားသတုံး။ ပြောစမ်း၊ အဲဒီ ကတ္တီပါခုံမြင့်ဆိုတာ လူကြီးတွေမှ စီးတာကွ"
"ဘာလဲ မင်းက ငါ့ကို ယှဉ်တာလား"
"ဗျာ၊ ဟာ ဂျာကြီးကလည်း ယှဉ်တယ်ဆိုတာ အမျိုးမျိုး ရှိတယ်လေ။ အရပ်ချင်းလား ဒါမှမဟုတ် ဝိတ်ချင်းလား"
"ဟိတ်ကောင်၊ မင်း ဘာတွေပြောသတုံးကွ။ ဘာဖြစ်လို့ ငါ့ဖိနပ်ကို ယူစီးသလဲ ပြောစမ်း"
နိုင်ဦးသော်နှင့် ဦးမင်္ဂလာတို့နှစ်ဦး ဖိနပ်ပြဿနာ ရှုပ်ထွေးနေစဉ် မျက်ခုံးတလှုပ်လှုပ်နှင့် ကွယ်ရာမှ စောင့်ဆိုင်းကြည့်ရှုနေသော မြဖေ ကြားဝင်လာ၏။
"ဒီ. . . ဒီလိုရှိပါတယ် ဂျာကြီးရယ်"
"ဘာတုံး မြဖေ၊ မင်းက ဘာလဲကွ။ ငါ့ဖိနပ်စီးချင်ပြန်ပြီလား"
"ဟာ- မဟုတ်ရပါဘူး ဂျာကြီးရယ်၊ ဟို. . . ဟိုဟာလေ နိုင်ဦးက အရမ်း တက်ကြွတဲ့လူတစ်ယောက်ဗျ။ သူဟာ ခပ်မြင့်မြင့် ရာထူးကို အမြဲ မျှော်မှန်းနေတဲ့သူဆိုတော့"
"အဲဒါ ဘာဖြစ်သတုံး"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာပေါ့ကွာ၊ သဗ္ဗေသခ်ီရ အနိစ္စဆိုတဲ့ သဘောကို သိမှ မသိကြဘဲကိုး။ သိလည်း အဲဒီ အမှန်တရားကြီး ခါးသီးတော့ တော်ရုံလူ မသိကျိုးကျွန် လုပ်နေကြတာကွ။ မှတ်ထား၊ လူတွေကိုချော့၊ တစ်သားတည်းဖြစ်အောင်နေ၊ အဲဒါဆို မင်း အသက်ရှည်မယ်၊ အန္တရာယ်ကင်းမယ်၊ ကံကောင်းရင် ချမ်းသာမယ်"

"ဟုတ်လား၊ ကျွန်တော်ကတော့ ယောကျ်ားအချင်းချင်း မချော့ချင်ဘူးဗျ"

"ဘာကွ၊ မိုးစံ"

"ဟဲဟဲ ကိုမြဖေကြီးကလည်းဗျာ၊ ကိုမြဖေကြီးကိုယ်တိုင် အိမ်က မိန်းမကို ချော့ရတယ်ဆို။ ဟဲဟဲ ကျွန်တော်လည်း အဲသလိုပဲပေါ့ဗျာ"

"အေး အဲဒီစကားတော့ ဟုတ်သကွ။ ဟဲဟဲ လူချော့တဲ့နေရာမှာ အခက်ဆုံးက မိန်းမပဲ။ မိန်းမဆိုတာ အူတိုမျိုးကွ၊ အသည်းနှလုံးကလည်း လက်သီးဆုပ်လောက်တောင် မရှိဘူး၊ ဦးနှောက်ကျတော့လည်း ရွှေးစေ့လောက်"

"ကိုမြဖေကြီးက ရင်ခွဲရုံမှာ လုပ်ဖူးလို့လား"

"ဟာ- မိုးစံကလည်းကွာ။ ငါ စာတွေ၊ ပေတွေထဲမှာ ဖတ်ဖူးသကွ၊ အဲဒီတော့ လက်သီးဆုပ်လောက်ရှိတဲ့ နှလုံးသားမှာ စိတ်ရှည်မှု၊ သည်းခံမှု၊ မျှဝေခံစားမှု စတဲ့ ဝေစားမျှစားသဘောတွေ မရှိကြဘူးကွ။ သူဟာ တစ်ခုရရင် နှစ်ခုလိုချင်တယ်၊ နှစ်ခုရလျှင် လေးခုလိုချင်တယ်ကွ။ အဲဒီတော့ သူတို့ကို ချော့ရတာ ခက်သကွ"

"ဟော့ကောင်း မြဖေ"

"ဟာ- ဘော့စ်"

"မင်းကို ငါ ဘဲလ်တီးတာ ဒါပါနဲ့ဆို နှစ်ဆယ့်သုံးကြိမ် ရှိပြီကွ။ ဘယ်လိုဖြစ်နေသတုံး ပြောစမ်း"

"ဩ- ဆောရီးပဲ ဘော့စ်ရယ်၊ ကျွန်တော် နားနည်းနည်းလေးတာ ဘော့စ် သိပါတယ်နော်။ ဘော့စ်က ပညာရှိပါ၊ ပညာရှိဟာ တစ်ဖက်သားအပေါ် အမြဲတမ်း နားလည်ပေးနိုင်တဲ့လူလို့ စာတွေ၊ ပေတွေမှာ ဖတ်ဖူးပါတယ် ခင်ဗျာ"

"တိတ် . . . တိတ်စမ်း၊ မင်း ငါနဲ့လိုက်ခဲ့"

"ဟဲဟဲ လိုက်ရမှာပေါ့ အာစရိရယ်"

ဦးသစ္စာစကြာ ရောက်လာတော့ မြဖေ လေကြောပြတ်သွား၏။ ဦးသော်နှင့် မိုးစံတို့နှစ်ဦးမှာလည်း ပြဿနာ တဝဲဝဲ တလည်လည် ဖြစ်နေရာက လွတ်မြောက်ခဲ့ပြီမို့ သက်ပြင်းချနိုင်ခဲ့လေ၏။

ထိုအချိန်တွင် ဦးသစ္စာစကြာ ပိုင်ဆိုင်သည့် ကုမ္ပဏီကြီးရှေ့သို့ ဇော်တုးကားကြီးတစ်စင်း ထိုးဆိုက်လာ၏။ ကားကြီးမှာ နီနှစ်ရောင်ကား ကြီးဖြစ်ပြီး ကားပေါ်မှ အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ပြောတာပေါ့ကွာ၊ သဗ္ဗေသခ္ခါရ အနိစ္စဆိုတဲ့ သဘောကို သိမှ မသိကြဘဲကိုး။ သိလည်း အဲဒီ အမှန်တရားကြီး ခါးသီးတော့ တော်ရုံလူ မသိကျိုးကျွန် လုပ်နေကြတာကွ။ မှတ်ထား၊ လူတွေကိုချော့၊ တစ်သားတည်းဖြစ်အောင်နေ၊ အဲဒါဆို မင်း အသက်ရှည်မယ်၊ အန္တရာယ်ကင်းမယ်၊ ကံကောင်းရင် ချမ်းသာမယ်"

"ဟုတ်လား၊ ကျွန်တော်ကတော့ ယောကျာ်းအချင်းချင်း မချော့ချင်ဘူးဗျ"

"ဘာကွ၊ မိုးစံ"

"ဟဲဟဲ ကိုမြဖေကြီးကလည်းဗျာ၊ ကိုမြဖေကြီးကိုယ်တိုင် အိမ်က မိန်းမကို ချော့ရတယ်ဆို။ ဟဲဟဲ ကျွန်တော်လည်း အဲသလိုပဲပေါ့ဗျာ"

"အေး အဲဒီစကားတော့ ဟုတ်သကွ။ ဟဲဟဲ လူချော့တဲ့နေရာမှာ အခက်ဆုံးက မိန်းမပဲ။ မိန်းမဆိုတာ အူတိုမျိုးကွ၊ အသည်းနှလုံးကလည်း လက်သီးဆုပ်လောက်တောင် မရှိဘူး၊ ဦးနှောက်ကျတော့လည်း ရွှေးစေ့လောက်"

"ကိုမြဖေကြီးက ရင်ခွဲရုံမှာ လုပ်ဖူးလို့လား"

"ဟာ- မိုးစံကလည်းကွာ။ ငါ စာတွေ၊ ပေတွေထဲမှာ ဖတ်ဖူးသကွ၊ အဲဒီတော့ လက်သီးဆုပ်လောက်ရှိတဲ့ နှလုံးသားမှာ စိတ်ရှည်မှု၊ သည်းခံမှု၊ မျှဝေခံစားမှု စတဲ့ ဝေစားမျှစားသဘောတွေ မရှိကြဘူးကွ။ သူဟာ တစ်ခုရရင် နှစ်ခုလိုချင်တယ်၊ နှစ်ခုရလျှင် လေးခုလိုချင်တယ်ကွ။ အဲဒီတော့ သူတို့ကို ချော့ရတာ ခက်သကွ"

"ဟော့ကောင် မြဖေ"

"ဟာ- ဘော့စ်"

"မင်းကို ငါ ဘဲလ်တီးတာ ဒါပါနဲ့ဆို နှစ်ဆယ့်သုံးကြိမ် ရှိပြီကွ။ ဘယ်လိုဖြစ်နေသတုံး ပြောစမ်း"

"ဩော်- ဆောရီးပဲ ဘော့စ်ရယ်၊ ကျွန်တော် နားနည်းနည်းလေးတာ ဘော့စ် သိပါတယ်နော်။ ဘော့စ်က ပညာရှိပါ၊ ပညာရှိဟာ တစ်ဖက်သား အပေါ် အမြဲတမ်း နားလည်ပေးနိုင်တဲ့လူလို့ စာတွေ၊ ပေတွေမှာ ဖတ်ဖူးပါတယ် ခင်ဗျာ"

"တိတ်. . . တိတ်စမ်း၊ မင်း ငါနဲ့လိုက်ခဲ့"

"ဟဲဟဲ လိုက်ရမှာပေါ့ အာစရိရယ်"

ဦးသစ္စာစကြာ ရောက်လာတော့ မြဖေ လေကြောပြတ်သွား၏။ ဦးသော်နှင့် မိုးစံတို့နှစ်ဦးမှာလည်း ပြဿနာ တဝဲဝဲ တလည်လည် ဖြစ်နေရာက လွတ်မြောက်ခဲ့ပြီမို့ သက်ပြင်းချနိုင်ခဲ့လေ၏။

ထိုအချိန်တွင် ဦးသစ္စာစကြာ ပိုင်ဆိုင်သည့် ကုမ္ပဏီကြီးရှေ့သို့ ဘတ်တူးကားကြီးတစ်စင်း ထိုးဆိုက်လာ၏။ ကားကြီးမှာ နို့နှစ်ရောင်အဖြစ်ပြီး ကားပေါ်မှ အမျိုးသမီးကြီးတစ်ဦးနှင့် အမျိုးသမီးငယ်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာ၏။

အမျိုးသမီးငယ်လေး၏ ရုပ်အသွင်ပြင်မှာ ထိရက်စရာ မရှိအောင် လှပလွန်းသူလေး ဖြစ်၏။ ကြွေရုပ်ကလေးလို အလှရိပ်ကလေးများ လင်းလက်ဝင်းပနေသော မိန်းမချောလေး၊ အမျိုးသမီးကြီးနှင့် ရုပ်ချင်းဆင်လှ၏။

ကားပေါ်က ဆင်းသည်နှင့် အမျိုးသမီးကြီးသည် ရှေ့မှ ဦးဆောင်၍ ကုမ္ပဏီပေါ် တက်လာ၏။ ကုမ္ပဏီဝန်ထမ်းများမှာ အမျိုးသမီးငယ်လေးကို ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။

ကြွကြွရွရွကလေးနှင့် လျှောက်သွားသော အမျိုးသမီးငယ်ကလေးကို မကြည့်ဘဲ မနေနိုင်ကြ။ ခန္ဓာကိုယ် သွယ်လျလျ၊ အသားအရေက စကားဝါနုစ်၊ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူ၊ ပါးဖောင်းဖောင်းကလေးနှင့် အံ့ဖွယ်အလှနတ်သမီးလေး။

သူတို့နှစ်ဦး၏ ဦးတည်ရာက မြဖေ၏ ရုံးခန်းကလေးဆီသို့ ဖြစ်၏။ ကွန်ပျူတာမှ အဖြတ်တွင် နိုင်ဦးသာ တစ်ချက် ငဲ့ကြည့်လိုက်၏။

"ဟိုက်- ဟာ"

"ဘာတုံးကွ"

"ဟို. . . ဟိုမှာ နတ်သမီးလေး. . . နတ်သမီးလေးဗျ"

"ဟေ- နတ်သားရောပါလား"

"ဟာကွာ၊ ငါပြောတာ ကြည့်လိုက်"

"ဟင်"

မိုးစံက အခန်းကို ကျောခိုင်းပြီး ကွန်ပျူတာရိုက်နေသဖြင့် အလှမယ်လေးကို မမြင်။ နိုင်ဦးသော်ပြောမှ လှည့်ကြည့်လိုက်၏။ မိုးစံပင် စုတ်တသပ်သပ် ဖြစ်သွား၏။

"ဟုတ်တယ်ကွာ နတ်သမီးလေးပဲ။ ဘယ်သူတုံး၊ ဘယ်သူ့သားသမီးလဲကွ"

"ရှေ့မှာ အဘွားကြီးပါတယ်ကွ"

"ပါ. . . ပါကွာ"

နှစ်ယောက်စလုံး အလုပ်ဆက်၍ မလုပ်နိုင်ကြတော့။

ထိုအချိန်တွင် နတ်သမီးလေးနှင့် အမျိုးသမီးကြီးသည် မြဖေ၏ မှန်လုံခန်းကလေးထဲ ဝင်သွား၏။ ထိုအချိန်တွင် မြဖေတစ်ယောက် တစ်ခုခုကို တွက်ချက်နေ၏။ ထိုစဉ် ရှေ့ဆုံးမှ ဦးဆောင်ဝင်လာသော မိန်းမကြီးက မြဖေကို ခပ်တင်းတင်း ကြည့်၍ မေးလိုက်၏။

"ဒီမှာ မောင်အတ္တ"

"အင်- ကျွန်တော့်ကိုလား"

"ဟုတ်တယ်၊ အတ္တ ဘယ်မှာတုံး"

"ဗျာ- အတ္တ၊ အတ္တဆိုတာ ဘာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့- ငါမေးတာ ဖြေစမ်း"

"ဖြေမယ်လေ၊ ဒါပေမယ့် အတ္တာဆိုတာ ဘာတုံး၊ တရုတ်လား၊ ကုလားလား။ ဒါမှမဟုတ် လူလား၊ နတ်လား"

"တိတ်စမ်း၊ နင် တယ်လျှာရှည်ပါလား၊ နင် ဘယ်သူတုံး ပြောစမ်း"

"ကျွန်တော် မြဖေပါ၊ တချို့က ကျွန်တော့်ကို ဂျက်မြဖေလို့ ခေါ်ကြတယ်လေ ဟဲဟဲ"

"အေး ငါ အဲဒီလောက် မသိချင်ဘူး၊ ငါသိချင်တာ ရွှေမမ ဘယ်မှာတုံး ပြောစမ်း"

"ဗျာ၊ ရွှေမမ"

"ဟုတ်တယ်၊ ဒီကုမ္ပဏီရဲ့ အကြီးအကဲ ရွှေမမဆိုတာလေ။' အဲဒါ ငါ့ခယ်မဟဲ့၊ ငါ့နာမည် ရတနာခိုင်"

"ဗျာ၊ ဟုတ်ကဲ့"

"အေး၊ အဲဒါ ဘယ်မှာတုံး"

"ရှိ. . . ရှိပါတယ် အန်တီရယ်၊ စောစောက ပြောရောပေါ့။ အန်တီတို့က ရွှေကြီးမျိုးကြီးတွေပဲ၊ မသိတဲ့လူ မရှိပါဘူးဗျာ့ ဟဲဟဲ"

"ငါ့ကို အန်တီလို့ မခေါ်စမ်းနဲ့"

"ဩော်- ဟုတ်တာပေါ့ မမကြီးရယ်၊ မမကြီးလို နုပျိုသစ်လွင်ဆဲ အရွယ်ကို ကျွန်တော်က မှားပြီး ခေါ်မိတာ ခွင့်လွှတ်နော်"

"အေး--မောင်မြဖေက လူ့အလိမ္မာတုံးကြီးပဲ"

"ဟုတ်ကဲ့၊ ကိုင်း- လာလာ မမကြီး၊ ကျွန်တော်တို့ မန်နေဂျာကြီးဆီ လိုက်ပို့ပါ့မယ်"

"ကျေးဇူးပါပဲ မောင်မြဖေရယ်"

မြဖေ၏ လူချော့ပညာက လက်စွမ်းထက်လှ၏။ တင်းမာ်ရင်းရင်း ဝင်လာသော ဒေါ်ရတနာခိုင်မှာ မြဖေ၏ အပြောအဆိုများကြောင့် မျက်နှာထားက ဂျုံဖတ်လို ပျော့အိအိ ဖြစ်သွား၏။

မြဖေသည် သူ့အခန်းထဲမှ ထွက်ကာ ဒေါ်ရွှေမမ ရှိသည့်အခန်းသို့ ခေါ်သွား၏။ ဒေါ်ရတနာခိုင်၏နောက်မှ လိုက်လာသော အမျိုးသမီးငယ်လေးမှာ နောက်မှ ခပ်ရှိုးရှိုးလေး လိုက်လာ၏။

ထိုအချိန်တွင် ဒေါ်ရွှေမမ၏ပီအေ စိန်စိန်မိတစ်ယောက် စတိုင်ကျကျလေးထိုင်ကာ နှုတ်ခမ်းနီဆိုးနေ၏။

မြဖေကိုမြင်တော့ မျက်နှာကလေး ရှုံ့တွသွား၏။

"ဘာကိစ္စလဲ ကိုမြဖေ"

"ဟို အတ္တာ၊ အဲလေ ဒီက မမကြီးက အစ်မ ရွှေမမနဲ့ တွေ့ချင်လို့တဲ့။ အဲဒါ ကူညီပါဦး"

"ဟုတ်လား၊ မမနာမည်က"

"မမနာမည် ရတနာခိုင်ပါ၊ ဒါက မံမ သမီးလေး ရွှေကောင်းကင်


www.burmeseclassic.com

www.burmeseclassic.com



လေ"

"သြော် ဟုတ်လား၊ မမ သမီးက ပြောရက်စရာမရှိဘူးနော်။ ဒါထက် မမရွှေနဲ့ တွေ့ချင်တဲ့ကိစ္စက"

"ရွှေမမက မမခယ်မလေ၊ မမက မန္တလေးကပါ။ သမီးလေး ဒီကို လာချင်တယ် ဆိုတာနဲ့ လိုက်ပို့တာကွယ့်"

"ဟုတ်လား၊ ဒါဆို မမရွှေ အခန်းထဲ ကြွပါရှင်"

စိန်စိန်မီတစ်ယောက် ရွှေမမ၏ အမျိုးဆိုသည်နှင့် အထွန့်မတက်ရဲ တော့။ ပျာပျာသလဲ ဖြစ်နေ၏။ မြဖေမှာ ရွှေကောင်းကင်ဆိုသော အမျိုး သမီးချောကလေးကို ကြည့်ပြီး ကြက်သေသေနေ၏။

"ကိုမြဖေ"

"ခင်ဗျာ"

"ဘာဖြစ်သွားတာတုံး"

"အဲ ဟို. . . ဟိုဒင်း"

"ရှင့်ကိစ္စပြီးရင် သွားတော့လေ"

"အေး. . . အေးပါဟာ"

မြဖေတစ်ယောက် အခန်းထဲမှ ထွက်ခဲ့၏။ ထိုအချိန်တွင် ဒေါ် ရတနာခိုင်တို့သားအမိသည် ရွှေမမ၏ ရုံးခန်းထဲ ရောက်ရှိလာ၏။

"မရွှေ"

"ဟယ် ရတနာ၊ ဘယ်. . . ဘယ်တုံးက ရောက်သလဲ"

"ဒီမနက်ပဲလေ၊ ဖလိုက်နဲ့လာတာ"

"ဟုတ်လား၊ ဘာကိစ္စတုံး ရွှေ ဘာကူညီရမလဲပြော။ မတွေ့တာ ကြာပြီနော်၊ ကိုစိန်တလူရော နေကောင်းလား"

"ကောင်းပါ့ကွယ်"

ရတနာခိုင်တို့ သားအမိသည် ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။ ရွှေမမ သည် ပီအေဖြစ်သူ စိန်စိန်မီကို ချက်ချင်း စားသောက်ဖွယ်ရာများ မှာယူ စေ၏။ ရွှေမမသည် ရွှေကောင်းကင်ကို ကြည့်ပြီး တသသ ဖြစ်နေ၏။

"အို- ရတနာ့သမီးလေးက တအားကို လှလာတာပဲကွယ်။ နတ်သမီး လေးကျနေတာပဲ။ အဖေချော၊ အမေချော ဆိုတော့ သမီးက ပိုပြီး ချောပြီ ပေါ့ကွယ်။ ဟင်းဟင်း ကဲ- ပြော"

"သမီးကိစ္စလေ"

"ဟုတ်လား၊ ရွှေကောင်းကင်လေးကိစ္စ"

"ဟုတ်တယ်၊ သူက ကွန်ပျူတာတက္ကသိုလ်ဆင်းလေ။ အဲဒါ ရန်ကုန် ဆင်းပြီး အလုပ်လုပ်ချင်လို့တဲ့"

"ဟုတ်လား၊ ဒါဆို အန်တီတို့ဆီမှာ လုပ်ရမယ်"

"အဲဒါ ပြောချင်လို့ ဒီကိုလာတာ မရွှေရဲ့"

"အို. ... ဒါများ ပြောစရာလိုသေးလားလို့ သမီးလို အလှကလေးမြင်



www.burmeseclassic.com

www.burmeseclassic.com



ရင် မရွှေတို့ဘော့စ်က ခန့်မှာ သေချာပါတယ်။ ဘော့စ်က တအားပဲ သဘောကောင်းတယ်၊ ရုပ်လည်းချောတယ်။ နာမည်က ဦးသစ္စာစကြာတဲ့"

"ဟုတ်လား၊ ခုရှိလား"

"လေယာဉ်ကွင်းသွားတယ် ရတနာရဲ့၊ ရောက်တော့မှာပါကွယ်။ ခဏကလေးစောင့်၊ ကဲ- စားလိုက်သောက်လိုက်ဦး။ အလုပ်အကိုင်ရော ဘယ်လိုလဲ"

"မဆိုးပါဘူး မရွှေရယ်၊ ရွှေဆိုင်က နှစ်ဆိုင်တောင်ရှိတာ။ အဲဒါ ကောင်းကင်ကို ထိုင်ခိုင်းတာ သူက မထိုင်ချင်ဘူးတဲ့၊ ကွန်ပျူတာပညာနဲ့ အလုပ်လုပ်ချင်တယ်ဆိုလို့လေ"

"ကောင်းတာပေါ့ ရတနာရယ်၊ ဒါမှ စိတ်မလေမှာပေါ့။ အလုပ်လုပ်တာ စိတ်ကို တည်ငြိမ်သွားစေတယ်ကွယ့်။ ကဲ- စားကြပါဦး"

စားပွဲပေါ်တွင် အသားညှပ်မုန့်၊ မိုင်လို၊ သစ်သီးဝလံများနှင့် စုံလင်လှ၏။ ထိုအချိန်တွင် လေယာဉ်ကွင်းသွားနေသော ကုမ္ပဏီပိုင်ရှင် ဦးသစ္စာစကြာ ရောက်ရှိလာ၏။

မာစီဒီးကားကြီးပေါ်မှ ဆင်းသည်နှင့် ရုံးခန်းထဲ ဝင်သွား၏။ ဦးသစ္စာစကြာ၏ အရိပ်အယောင်ကို မြင်သည်နှင့် ဒေါ်ရွှေမမတို့သုံးဦး နောက်မှ တကောက်ကောက် လိုက်လာကြ၏။ ဦးသစ္စာစကြာသည် ရုံးခန်းထဲ ရောက်သည်နှင့် ကိုယ်ပေါ်မှ အဖြူရောင် ကုတ်အင်္ကျီကိုချွတ်၍ စားပွဲ အနောက်ဘက်တန်းတွင် ချိတ်လိုက်၏။

ထို့နောက် စားပွဲကို လက်နှင့်တို့ကြည့်၏၊ မျက်နှာဖုံးဖွင့်၍ အနံ့အသက်များ ရှူကြည့်၏။ အားလုံး စိတ်ချရပြီဆိုမှ ဆုံလည်ဆိုဖာထိုင်ခုံတွင် ဝင်၍ ထိုင်လိုက်၏။ ရွှေမမတို့လူစု စားပွဲရှေ့တွင် မတ်တတ်ရပ်နေကြ၏။ ဦးသစ္စာစကြာသည် ရွှေသားစစ်စစ်နှင့် လုပ်ထားသော ပါဝါမျက်မှန်ကလေးကိုတပ်ပြီး မော့ကြည့်လိုက်၏။

"ဘာကိစ္စတုံး မမရွှေ"

"ဩော်- ဟောဒါ မမရွှေရဲ့ခယ်မ ဒေါ်ရတနာခိုင်လေ၊ သူက ရတနာ့သမီး ရွှေကောင်းကင်တဲ့"

"ဟုတ်လား"

ဦးသစ္စာစကြာသည် ရွှေကောင်းကင်လေး၏ နုဖပ်အိစိုနေသော မျက်နှာဝင်းဝင်းလေးကို မြင်လိုက်ရသောအခါ ကျောက်သားပကတိလို ငြိမ်ကုပ်နေသော နှလုံးသားရင်ပြင်မှာ သွက်သွက်ခါလာ၏။ ရှားပါးလှသော၊ အဖိုးထိုက်လှသော အလှပန်းကလေးတစ်ပွင့်။

တစ်သက်နှင့်တစ်ကိုယ် ရင်မဖိုစဖူး ဖိုနေမိ၏။ နှလုံးသားထဲ ရှေးစုံပန်းခင်းကြီး ဖြန့်ကြလိုက်သလို သို့တည်းမဟုတ် သက်တန့်ရောင်စဉ် ရိပ်များ ပြိုဆင်းလာသလိုပင်။

မခံစားစဖူး ခံစားမိသည်မို့ ကြက်သေသေသွားမိ၏။ ဆိုစဉ် ရွှေမမ


www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း လူတွေ ပြွတ်ခဲနေသော ကားမှတ်တိုင်တွင် ကားစောင့်နေရ၏။ ကားတွေက တစ်စင်းပြီးတစ်စင်း ဝင်လာ၏။ အားလုံး ငါးပိသိပ်၊ ငါးချဉ်သိပ်။ အသက် ဘယ်ကရှူရမှန်း မသိ။ ဘယ်လိုလုပ်ရမှန်း မသိ။ ထိုကြားတွေကြား အော်ကြဟစ်ကြနှင့် ချွေးတစ်လုံး ဖုန်တစ်လုံး ပိတ်ဆို့နေတက်သော ကားကြီးများကိုကြည့်ရင်း နိုင်ဦးသော် ခြေတရွှံ့ရွှံ့ ဖြစ်နေ၏။

မှတ်တိုင်တွင် တွေတွေကြီး ရပ်နေလို့ မဖြစ်။ လူကျပ်တာကြည့်ပြီး ကားမစီးလျှင် ဘူမှတ်ရောက်တော့မည် မဟုတ်။ ထို့ကြောင့်လည်း ကားတစ်စီး ဝင်လာသည်နှင့် အတင်း လုယက်တက်လိုက်ရ၏။

ထုံးစံအတိုင်း လူအုပ်ကြီးထဲ နိုင်ဦးသော် ချာချာလည်နေ၏။ အနံ့တလည်း ပေါင်းစုံ။ ခေါင်းကို ကားမျက်နှာကြက်ပေါ် မနည်း မော့ထားရ၏။ ဟိုတိုး သည်ခွေ့လုပ်ရင်း နောက်ဆုံး ပြတင်းပေါက်ခုံနား ရောက်သွား၏။ ခုံပေါ် ထိုင်နေသူက လူဝဝကြီးတစ်ဦး။ မျက်နှာကြီးကလည်း စူဖောင်းမို့အစ်နေ၏။ နောက်မှီပေါ် ခေါင်းတင်ရင်း တခူးခူး ဟောက်နေ၏။

မြင်ကွင်းက အလွန်မှ အံ့ဖွယ်ပင်။ သည်လောက် အော်ဟစ်တိုးခွေ့နေသည့်ကြား အိပ်ပျော်နိုင်သူလည်း ရှိသေး၏။ ဘယ်နှနှစ်၊ ဘယ်နှကာလ မအိပ်ရသည် မသိ။ ဟောက်လိုက်သမှ ဘေးကလူတွေ နားညည်းဖွယ်။

နိုင်ဦးသော်မှာ လူဝဝကြီးကိုကြည့်ပြီး အတော်ကလေးကို အံ့ဩနေ၏။

"အံ့ပါ့ကွယ်၊ ဒီလောက် ကျပ်တဲ့ကားထဲ အိပ်တဲ့လူက ရှိသေး"

"ဟုတ်ပါ့ကွာ"

ဘေးဘီကလည်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။ ထိုစဉ် ဒရိုင်ဘာက အဝိုင်းကွေ့အံ့ရောက် အရှိန်နှင့် ကွေ့ချလိုက်၏။ ကားထဲက ကျပ်သိပ်နေသော လူစုကြီးမှာ ရှေ့သို့ ဒလဟော ပြိုကျလာ၏။

"ဟာ- တိုး. . . တိုးလှချည်လား"

နိုင်ဦးသော်၏ နောက်ကျောပေါ် သို့ ခရီးသည်များ ပြိုကျလာသဖြင့် သူလည်း ရှေ့သို့ ဟပ်ထိုးကြီး လဲကျသွား၏။ သူ့ရှေ့ ထိုင်ခုံတွင် အိပ်ပျော်နေသော လူဝကြီး၏ ကိုယ်ပေါ် သို့ ထွေးခနဲ ပြိုလဲသွားသည်မို့ လူဝကြီးမှာ တဖွဖွဖွဖွနှင့် နှာမှုတ်ရင်း လန့်နိုးလာကာ နိုင်ဦးသော်ကို အော်ဟစ်လေတော့၏။

"ဘယ်လိုလုပ်တာလဲကွ၊ လူတစ်ယောက်လုံး ထိုင်နေတာ မသိဘူးလားကွ"

"ဗျာ၊ ဟို နောက်. . . နောက်က"

"တိတ်စမ်း၊ မင်းက ငါ့ကို ဘာမှတ်နေတုံး"

"ဝက်၊ အဲ. . ."

"ဘာ. . . ဘာပြောတယ်"

"ဩော်-ဝက်ဝက်ကွဲအောင် ကျပ်နေတာဗျ။ ဟဲဟဲ မလိုတ်လို့ပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



၏အသံ ပေါ်လာ၏။

"အဲဒါ ဘော့စ်ဆီ လာရတဲ့ကိစ္စက ဟောဒီ ရွှေကောင်းကင်လေးက ဘော့စ်တို့ကုမ္ပဏီမှာ အလုပ်လုပ်ချင်လို့တဲ့"

"ဩော်- ဒီလိုလား၊ ရွှေကောင်းကင်တဲ့လား"

"ဟုတ်ပါတယ် ဘော့စ်၊ သူက ကွန်ပျူတာတက္ကသိုလ်ဆင်းလေ။ အဲဒါ မန္တလေးမှာ ရွှေဆိုင်တွေရှိပေမယ့် ရွှေဆိုင် မထိုင်ချင်ဘူး၊ အလုပ် လုပ်ချင်တယ် ဆိုလို့လေ။ အမျိုးတွေပဲ ဘော့စ်ရယ်၊ မျက်စိမှိတ်လိုက်ပါ"

"ဟာ- ရွှေကောင်းကင်လေးရဲ့ အသွင်အပြင်ကြည့်ရတာ ကျွန်တော် အားရမိတယ်၊ အလုပ်ကို တန်ဖိုးထားတဲ့စိတ်ကိုလည်း လေးစားတယ်။ ပြီးတော့ ဟဲဟဲ"

"ပြောပါ ဘော့စ်ရယ်"

"ခန့်လိုက်ပါ မမရွှေ ချက်ချင်း ခန့်လိုက်ပြီးတော့ သူ့ကို ကျွန်တော့် အခန်းရှေ့မှာ သီးသန့် ကွန်ပျူတာစက်ရှင်လုပ်ပေးလိုက်။ ကောင်းကင်က ဝရုပ်ဖစ်တွေ ဘာတွေကော ရလား"

"ရပါတယ် အန်ကယ်"

"ဟာ- အစ်ကိုကြီးပဲ ခေါ်ပါကွယ်"

"ဒါထက် နိုင်ဦးသော်တို့"

"ဟာ- ဒီကောင်တွေနဲ့ လိုင်းမပူးစေနဲ့။ အဲ- စက်ကိစ္စတော့ နိုင်ဦး သော်ပဲ တာဝန်ပေးလိုက်။ ဒါတော့ ဒီကောင် အကုန် ကျွမ်းကျင်တယ်၊ လိုအပ်ရင် မော်နီတာထပ်ဝယ်၊ အကုန်လုံး ဝယ်လိုက်ဗျာ။ ပိုက်ဆံ နိုင်ဦး သော်ကို ပေးလိုက်၊ သူနှင့် မြဖေတို့ သွားဝယ်ပစေ။ ချက်ချင်း ဝယ်ခိုင်း လိုက်"

"ကျေးဇူးတင်လိုက်တာ ဘော့စ်ရယ်၊ ရတနာ့ ဘော့စ်က ယူ့သမီးကို ခန့်လိုက်ပြီတဲ့"

"ဝမ်းသာလိုက်တာရှင်၊ ဒါနဲ့ ဟို- မျက်နှာဖုံးစွပ်ထားတာ ဘာဖြစ်လို့ လဲကွယ့်၊ နှာခေါင်းရောဂါလား"

"ဗျာ"

ဒေါ်ရတနာခိုင်၏ အမေးကြောင့် ဦးသစ္စာစကြာ ရင်အောင့်သွား ၏။ ရွှေမမနှင့် ရွှေကောင်းကင်တို့ နှစ်ဦးမှာလည်း ထူထူပူပူ ဖြစ်သွား၏။ ထိုအချိန်တွင် ဦးသစ္စာစကြာသည် မျက်နှာဖုံးအုပ်ထားသည့် ရောဂါ ကာကွယ်ရေး မျက်နှာဖုံးစွပ်ကလေးကို ရောင်ရမ်းပြီး ဖြုတ်လိုက်မိ၏။

"ဟဲဟဲ ကျွန်တော်က သတိဝီရိယနဲ့ အမြဲ ဇနေ့လေ့ရှိတယ် ခင်ဗျ။ ပတ်ဝန်းကျင်ကြီးက စိတ်မချရတော့ဘူးလေ၊ ရောဂါပေါင်းစုံ၊ အနံ့ပေါင်းစုံ၊ ပိုးပေါင်းစုံနဲ့ ထူအန်းတင်းကားနေတာဗျ။ ဒီတော့ အချိန်မရွေး ရောဂါ ဝေဒနာတွေ ဝင်လာနိုင်လို့ပါ"

"ဩော်- အစိုးရိမ်ကြီးလှသကိုး။ ကောင်းပါတယ်ကွယ် ခုလို သမီး



www.burmeseclassic.com

www.burmeseclassic.com



လေးကို အလုပ်ခန့်တာလည်း ကျေးဇူးတင်ပါတယ်။ ပြီးတော့ မောင်လေး ဆီမှာလည်း မမရဲ့သမီးကို အပ်ပါတယ်ကွယ်။ မမက ရန်ကုန်မှာ တစ်ရက် နှစ်ရက်ပဲ နေနိုင်မှာ၊ ဟိုမှာ အလုပ်တွေ ဒီအတိုင်း ပစ်ထားခဲ့ရတယ်လေ"

"ဟုတ်လား၊ စိတ်ချလက်ချ ပြန်ပါခင်ဗျာ။ ဟောဒီမှာ ရွှေကောင်းကင်ကို ကျွန်တော် ချက်ချင်း ခန့်လိုက်ပါပြီ"

"ဝမ်းသာလိုက်တာကွယ်"

ရွှေကောင်းကင်ခမျာ ဦးသစ္စာစကြာကို ရဲရဲမကြည့်ဝံ့။ မျက်လုံးရွှဲရွှဲကြီးတွေနှင့် စူးစူးဝါးဝါး ကြည့်နေသောလူကြီး။ လိုချင်တပ်မက်မှုများက သူ့မျက်ဝန်းထဲ တရိပ်ရိပ်။ အကြည့်ရဲလွန်းလှသဖြင့် ရွှေကောင်းကင်ခမျာ ခေါင်းကလေး တငုံ့ငုံ့ ဖြစ်နေရ၏။

ထိုအချိန် ဦးသစ္စာစကြာ သတိဝင်လာ၏။ ရွှေမမကို မှာစရာရှိတာ မှာနေ၏။ ဟိတ်ဟန်တစ်ခွဲသားနှင့် ကြွားကြွားဝင့်ဝင့် ပြောဆိုနေ၏။

"မမရွှေ"

"ဟုတ်ကဲ့ ဘော့စ်"

"ကောင်းကင်လေးကို ဂရုစိုက်ပါ၊ လိုအပ်တာ မှန်သမျှ စီစဉ်ပါ။ ပြီးတော့ နိုင်ဦးသော်ကိုလည်း ဘောက်ဆူးသုံးထောင် ပေးလိုက်"

"ဟုတ်. . . ဟုတ်ကဲ့"

"ကိုင်း- လိုအပ်တာရှိလည်း အစ်ကိုကြီးကို ပြောနော်၊ ဒါထက် နေရေးထိုင်ရေးကိစ္စကော"

"အဲဒါ မမလည်း သမီးကို ပြောတယ်၊ မမ ညီမက ဒီမှာ ဒေါက်တာလေ။ အဲဒါ သူတို့ခြံမှာ နေပါဆိုတာ မနေဘူး။ အဆောင်မှာပဲ နေချင်တယ်ပြောလို့ အဆောင်မှာပဲ ထားရတယ်"

"ဟုတ်လား၊ ဒါဆို အကြိုအပို့ကိစ္စ ဘာမှ မပူနဲ့ စိတ်ချပါ။ အမျိုးတွေ၊ အဆွေတွေပဲဟာ ဒီလိုပဲ သိုင်းသိုင်းဝိုင်းဝိုင်း လုပ်ကြတာပေါ့"

"ကျေးဇူးပါပဲကွယ်"

"ကဲ- ဒါဆို မမရွှေနဲ့ လိုက်သွား၊ မမရွှေ ကျွန်တော် မှာတာတွေ မမေ့နဲ့နော်၊ အစစအရာရာ ပြည့်စုံအောင် လုပ်ပေးလိုက်ပါ။ ပြီးတော့ နိုင်ဦးသော်နဲ့ မြဖေကို ကျွန်တော့်ဆီပဲ လွှတ်လိုက်၊ ကျွန်တော်ပဲ ကွန်ပျူတာကိစ္စ လုပ်လိုက်မယ်"

"ကောင်းပါ့ကွယ်"

ရွှေမမတစ်ယောက် ရွှေကောင်းကင်တို့ သားအမိကိုခေါ်ကာ ဘော့စ်အခန်းထဲမှ ထွက်ခဲ့ကြ၏။ ရွှေမမသည် အခန်းကိစ္စအတွက် စီစဉ်စရာ စီစဉ်ပြီးသည်နှင့် နိုင်ဦးသော်နှင့် မြဖေကို အကြောင်းကြားလိုက်၏။

ဘော့စ် ခေါ်သည်ဆိုတော့ မြဖေ ပျာနေ၏။ နှစ်ယောက်စလုံး ဘော့စ်အခန်းထဲ ကုပ်ချောင်းချောင်းနှင့် ဝင်လာ၏။ ထိုအချိန်တွင်



www.burmeseclassic.com

www.burmeseclassic.com



ဘောစ်သည် ဆုံလည်ကုလားထိုင်ကြီးပေါ် လှည့်ပတ်ထိုင်ရင်း ရွှေကောင်းကင်နှင့် ပတ်သက်ပြီး တောင်တောင်ဤဤ စဉ်းစားနေ၏။

"ဘောစ်"

"အင် . . . ဩော် မြဖေနဲ့ နိုင်ဦးပါလား၊ ထိုင်ကြကွာ။ ပျော်တယ်ဟေ့၊ ဒီနေ့ ငါ တအားကို ပျော်နေတယ်ကွ"

"ဟင်- ဇကန္တ ဘောစ့် အံသွားထွက်ပြီထင်တယ်"

"ဘာကွ၊ ဟေ့ကောင် မြဖေ မင်း ဘာပြောသတုံးကွ"

"ဩော် ဘောစ်ကလည်း အံသွားထွက်တဲ့နေ့၊ လက်သည်းပွင့်တဲ့နေ့၊ ညာလက်မောင်းလှုပ်တဲ့နေ့ အဲဒီသုံးနေ့ဟာ စုတ်ရောလာဘ်ရော ဝင်မယ့် အယူတော်နိမိတ် ဘောစ့်ရဲ့ ဒါကြောင့် လူတွေ ပျော်ကြတာလေ"

"ဟဲဟဲ အဲဒီလိုတော့ ငါ မကြုံသေးပါဘူးကွာ၊ အံသွားက ထွက်နေတာကြာပြီ၊ အံတောင် တိုချင်နေပြီကွ။ ထားပါတော့ကွာ၊ ငါ ပြောချင်တာ ငါတို့ရဲ့ သစ္စာကမ္ဘာ ကုမ္ပဏီကြီးမှာ နတ်သမီးလေးတစ်ပါး ရောက်လာပြီကွ"

"ဟုတ်လား၊ ဒါဆို နတ်သားတွေ၊ နတ်ဘီလူးတွေရော လာမှာလား"

"တိတ်စမ်း၊ မြဖေ မင်း အင်တဲလီးဂျင့်စ်က တော်တော် တိမ်တာပဲကိုး။ ထားပါတော့ကွာ၊ လက်တောင် အတိုအရှည် ရှိတာပဲ။ ငါပြောချင်တာ ငါ့ကုမ္ပဏီကို ရွှေကောင်းကင်ဆိုတဲ့ နတ်သမီးလေး ရောက်လာပြီ။ သူက ကွန်ပျူတာတက္ကသိုလ်ဆင်းကွ၊ တအားကို ချမ်းသာတဲ့ပုံပဲ"

"ဟုတ်ကဲ့"

"အေး၊ သူက ငါတို့ကုမ္ပဏီမှာ ကွန်ပျူတာဝန်ထမ်း လုပ်မယ်။ ဒီတော့ ငါ့ဆီမှာရှိတဲ့ ကွန်ပျူတာတွေ မော်ဒယ်အောက်ကုန်ပြီကွ။ ကောင်မလေးက ဂရပ်ဖစ်လည်း ကျွမ်းတယ်ပြောတယ်။ ဒီတော့ နောက်ဆုံးပေါ် မော်ဒယ်က ဈေးဘယ်လောက် ရှိသလဲကွ"

"လေးသိန်းခွဲလောက် ရှိပါတယ် ဘောစ်"

"ဟုတ်လား၊ ဝယ်စမ်းကွာ။ နိုင်ဦး၊ ဒီကိစ္စ မင်းကို တာဝန်ပေးမယ်။ နိုင်ဦး ဒါပေမယ့် ရွှေကောင်းကင်အနားကိုတော့ မကပ်နဲ့နော်"

"ဗျာ၊ ဟဲဟဲ ဘောစ်က ကျွန်တော့်ကို ခုလို တာဝန်ပေးတာ"

"နေဦး၊ ငါ စကားပြောလို့ မပြီးသေးဘူး။ မင်းတို့နှစ်ယောက် ကွန်ပျူတာတစ်လုံး သွားဝယ်၊ အားလုံး ပါစေနော်။ ပြီးတော့ အဲယားကွန်းတစ်လုံးလည်း ဝယ်ခဲ့၊ ငါ့အခန်းရှေ့မှာ သီးသန့် ကွန်ပျူတာခန်းလုပ်မယ်။ မြဖေ မင်း အဲဒါကို စီစဉ်ပါ၊ အားလုံး ငွေခုနစ်သိန်း ထုတ်ပေးလိုက်မယ်။ ပြီးတော့ နိုင်ဦး မင်းအတွက် ဘောက်ဆူးသုံးထောင် ရွှေမမဆီက ထုတ်သွား"

"ကျေးဇူးပါပဲ ဘောစ်"

"အေး မင်းတို့ကို မှာလိုက်မယ်နော်၊ ရွှေကောင်းကင်ကို ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



လက်ဖျားနဲ့ မထိနဲ့ကွ။ ကြားကြလား"

"အင်၊ ကြားပါတယ်ဗျာ"

မြဖေနှင့် နိုင်ဦးသော်တို့နှစ်ဦး ဦးသစ္စာစကြာ အခန်းထဲမှ ထွက်ခဲ့ကြပြီး ရွှေမမထံမှ ပိုက်ဆံများ ထုတ်ကာ ကွန်ပျူတာဝယ်ရန် မြို့ထဲသို့ ထွက်ခဲ့ကြလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

နိုင်ဦးသော်ရင်ထဲ အာရုံတွေ များနေ၏။ ပထမ မှဲ့နီလေး၊ ဒုတိယ ရွှေကောင်းကင်။ နှစ်ယောက်စလုံး၏ အသွင်က နတ်သမီးလေးတွေ အလားပင်။

နုသည်။ နွဲ့သည်။ စိုလက်သည်။ ပန်းကလေးတွေနှင့် နင်လားငါလား ဖမ်းစားလွှမ်းလှသော အာရုံထည်ကလေး နှစ်ထည်၊ တွေးကြည့်လိုက်သည်နှင့် ရင်တဖိုဖို ခံစားရသော အလှကလေးများ။

သူ့အတွေးကို ချေဖျက်လိုက်သူက ဂျက်မြင့်ဖေ။ နိုင်ဦးသော်ရင်ထဲ ဘာတွေဖြစ်နေမှန်း အတပ်သိနေပုံပင်။ ပြုံးစစနှင့် မေးမြန်းလိုက်၏။

"ဟကောင်၊ ဘာတွေ စိတ်ကူးနေသလဲ။ ကေနဲ့ အလှဖုရားလေးတွေကြား ထသွားထိုင်ခက် ဖြစ်နေပြီလားကွ"

"ဟဲဟဲ တစ်မျိုးချည်းပဲဗျာ"

"ဘာကို ပြောတာလဲ"

"ဟို. . . ကောင်မလေးတွေလေ၊ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးကိုမြဖေရဲ့။ အချစ်ဆိုတာ ဘာလဲ၊ ကောင်မလေး တစ်ယောက်တည်းကိုပဲ ချစ်တာ အချစ်လားဗျ"

"ဟေ၊ မင်းရင်ထဲ ဘယ်လိုဖြစ်နေသတုံး။ မင်းက အချစ်ကို ဘယ်လို သဘောထားသလဲကွ"

"ဟိုဗျာ၊ အချစ်ဆိုတာ ကန့်သတ်ချက် စည်းမျဉ်းရှိသလား၊ အဲဒါ ကျွန်တော် သိချင်တယ်ဗျ"

"ဟားဟားဟား နိုင်ဦးရာ၊ အဲဒါ မခက်လှပါဘူးကွာ။ ငါ့ကိုယ်တွေ့ပဲ ပြောမယ်"

"ပြောပါဦးဗျာ"

သူတို့နှစ်ယောက် ကွန်ပျူတာ မဝယ်ခင် လက်ဖက်ရည်ဆိုင် တစ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲ ဝင်၍ ထိုင်ခဲ့ကြ၏။ နိုင်ဦးသော်ကလည်း ရင်ဖွင့်ချင်နေ၏။ မြဖေကလည်း ဩဝါဒတွေ ပေးချင်နေ၏။ ထို့ကြောင့် ချိတ်ချိတ်ချင်း ချိတ်မိကြသည် ဟူ၍သာ ဆိုရတော့မည်။ ယခုလည်း နိုင်ဦးသော်၏ စကားကို မြဖေက ဩဝါဒ ပေးနေလေ၏။

"ဒီလိုရှိတယ်ကွ၊ ငါ့မိန်းမ မမြဝင်းဟာ တစ်ချိန်က ငါ သဲကြီးမဲကြီး စွဲလမ်းခံစား ဖတ်ရှုခဲ့ရတဲ့ အချစ်မျက်နှာပဲကွ။ ပြောရရင် အိပ်မပျော်၊ စားမဝင် တရှိုက်ရှိုက်ခံစား ဖန်ခါ၊ ဆီးဖြူလို မညည်းမညူ ငုံထားချင်အောင် ချစ်တာပေါ့ကွာ"

"ဟုတ်လား"

"အေး အဲဒီအခြေနေကနေ နှစ်ကိုယ်တူ ကြည်ဖြူလက်တွဲ တစ်သက်မခွဲ နေကြတော့ ဟဲဟဲ"

"ကဗျာဆန်နေပြီဗျ"

"ယ- အချစ်ဆိုတာ ကဗျာပဲလေ နိုင်ဦးရာ၊ ဟဲဟဲ အဲဒီ တစ်သက်မခွဲရာက နောက်တော့ အိမ်ထောင်သည်ဘဝ ရောက်ခဲ့ကြတယ်။ ငါက မမြဝင်းရဲ့မျက်နှာ ဝင်းဖန့်ဖန့်လေးကို မစားမသောက်ဘဲ တစ်လတီတီ ထိုင်ကြည့်ခဲ့တာကွ"

"ကြမ်းလှချည်လား"

"အဲဒါ အချစ်ပဲလေ၊ အဲဒီလို ငုံထားမတတ် အရိပ်တကြည့်ကြည့်၊ အချစ်ပြီးအချစ်နဲ့ ချစ်လာလိုက်တာ ခုတော့ အီလည်လည် ဖြစ်လာပြီကွ"

"ဗျာ၊ ဒါ. . . ဒါဆို"

"အေး၊ ခုတော့ မမြဝင်းမျက်နှာထက် အပြင်လောကက မျက်နှာဝင်းဖန့်ဖန့်လေးတွေ ကြည့်ရတာ အချစ်တွေ တဖွားဖွား ပေါ်လာသလိုပဲကွာ။ ဒါကြောင့် အချစ်ဟာ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်တည်းအတွက်တော့ မဟုတ်တန်ဘူးကွ"

"ဟုတ်လား၊ ဒါဆို အချစ်ဆိုတာ သုံးလေးငါးချစ်ချစ်မှ အရသာစုံတယ်ပေါ့"

"ဒါပေါ့ကွာ၊ အဲဒီနည်းဗျူဟာကို ငါကိုယ်တိုင် မစမ်းသပ်ခဲ့ပေမယ့် မှန်းဆချက်အရ ကျိန်းသေပေါက် ချိုမြိန်မယ့် အချစ်ဒဿန ဖြစ်စဉ်ကွ။ မင်းလည်း အသုံးချကြည့်ပေါ့"

မြဖေ၏ ဩဝါဒစကားကြောင့် နိုင်ဦးသော် တက်တက်ကြွကြွ ဖြစ်လာ၏။ သူလိုချင်သည့်လမ်းကြောင်းထဲ တိုက်ရိုက် ထိုးဝင်လာသော မြဖေ၏ ဒဿနများကို လှိုက်လှိုက်လှဲလှဲ ထောက်ခံမိလေ၏။

"အဲဒါ ပြောမလို့ဗျ၊ ခု ကောင်မလေးနှစ်ယောက်ကို ကျွန်တော် တစ်ပြိုင်နက် စွဲလမ်းခံစားနေမိတယ်ဗျ။ အဲဒါ ကျွန်တော် အချစ်နဲ့ ပတ်သက်ပြီး လောဘကြီးနေသလားလို့ပါ"

"စိတ်မပူစမ်းပါနဲ့ကွာ၊ အမှန်တရားတွေ အများကြီး ရှိသလို ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com


ရဲ့ သဘောအနှစ်တွေကလည်း ချိုချဉ်စပ်ခါး စုံပါတယ်ကွ။ မင်း မမှားဘူး နိုင်ဦးရေ၊ ဒါပေမယ့် မင်းကိုတော့ ကြိုပြောပါရစေကွာ။ ဟို ရွှေ. . . ရွှေကောင်းကင်ဆိုတဲ့ ကောင်မလေးကိုတော့ မခံစားနဲ့နော်၊ အဲဒီကိစ္စ ခံစားမိလို့ကတော့ ဘောစ့်နဲ့မင်း ဓားချင်းယှဉ်ခုတ်ရမှာကွ"

"ဗျာ"

မြဖေ ပိတ်ပြီးပြောလိုက်သည့် စကားကြောင့် နိုင်ဦးသော် တစ်ဆို့ဆို့ကြီး ဖြစ်သွား၏။ ဖျတ်ခနဲ ဖြိုးခနဲ မြင်ရသော အမြင်နှင့် ဖြိုးခနဲ ဖျတ်ခနဲ ပေါ်လာသော အချစ်ခံစားမှုကလေးများသည် ရေမျက်နှာပြင်ပေါ် ဝေ့ခနဲ ဝဲခနဲ တက်လာသည့် လေပူဖောင်းလေးများပမာနှယ်။ သူ့အခြေနေကို အကဲခတ်နေသော မြဖေက စီးကရက်တစ်လိပ် မီးညှိဖွာရှိုက်ရင်း ခေါင်းတညိတ်ညိတ်နှင့် ပြောလိုက်၏။

"ဘယ်လိုဖြစ်သွားတာလဲ"

"ဟို အဲ. . . အဲဒီ ရွှေကောင်းကင်က ဘော့စ်နဲ့ ဘယ်လို ပတ်သက်လို့လဲဗျ"

"ဟာ- အဲဒါ ဘော့စ်ရဲ့ ကိုယ်ပိုင်ရေိယာထဲက ပန်းပင်တစ်ပင်ကွ။ အမှန်တော့ ရွှေကောင်းကင်အလှဟာ အတော့်ကို ကြောက်စရာကောင်းလောက်အောင် လှတာကွ။ ဘာလဲ မင်း သူ့ကို စွဲနေပြီလား"

"ဟဲဟဲ ခံစားကြည့်တာပါ ကိုမြဖေရာ"

"မခံစားစမ်းပါနဲ့ကွာ၊ တော်ကြာ ဘောလုံးတောင် မကန်ရသေးဘူး ပယ်နယ်ဒီ ပေးခံရသလို ဖြစ်နေလိမ့်မယ်ကွ။ မေ့ပစ်လိုက်စမ်းပါကွာ၊ ကိုင်း ငါတို့ ကွန်ပျူတာကိစ္စ လုပ်ဦး"

"ဟုတ်သားပဲ၊ အေးဗျာ ခေါင်းထဲက မေ့လိုက်တာပဲ ကောင်းပါတယ်"

"ဒါပေါ့ကွာ၊ ကဲ- သွားကြစို့"

နိုင်ဦးသာ လက်ခြောက်လိုက်ရ၏။ မြဖေ တစ်ချိန်က ပြောခဲ့သလိုပင်၊ ကွန်ပျူတာခလုတ် တထောက်ထောက် နှိပ်ပြီး လိုချင်သည့်အရောင်တွေ ဖန်တီးနိုင်သလို ဘဝကိုလည်း ကွန်ပျူတာဆန်ဆန် ခလုတ်တွေ နှိပ်ကြည့်ချင်သော နိုင်ဦးသော်။

ကွန်ပျူတာ ပရိုဂရမ်ထဲ စိတ်ဆိုသော ဆားကစ်တစ်ခု ရှိနေလျှင် ဘဝသည် ဖန်သားပြင်ပေါ်တွင် အရောင်လှလှ၊ အချိုးကျကျ ပေါ်လာလျှင် ဘယ်လောက် ကောင်းလိုက်လေမည်လည်းဟု တွေးမိ၏။

သို့သော် အတွေးသည် အတွေးသက်သက်သာ ရှိ၏။ ရေပူဖောင်းကလေးများလို တဖောက်ဖောက် ကွဲအက်ပျောက်ကွယ်သွားမည်သာပင်။ ထို့ကြောင့်လည်း စိတ်ထဲက ကောင်းကင်အာရုံကို မေ့ဖျောက်လိုက်၏။

စားသောက်ပြီးကြသည်နှင့် သူတို့နှစ်ဦး ကွန်ပျူတာ အရောင်းဆိုင်များဆီသို့ ထွက်ခဲ့ကြလေ၏။ လူတွေ၊ ဆိုင်တွေ၊ ဈေးသည်တွေ၊ ကားတွေ၊


www.burmeseclassic.com

www.burmeseclassic.com



မားကတ်တွေ၊ ပလာဇာတွေ၊ အဆောက်အုံတွေနှင့် အုံခဲပြွတ်ညပ်နေသောမြို့ကြီး။ လူအုပ်ကြီးထဲ ရောက်သွားတော့ သူတို့နှစ်ယောက်လည်း မြို့ကြီး၏ အရှိန်အဝါထဲ တအိအိ နစ်မြုပ်သွားလေ၏။

ကွန်ပျူတာ အရောင်းဆိုင် သုံးလေးဆိုင်ဝင်၍ စုံစမ်းပြီးနောက် ဂရင်းလေဒီဟု အမည်ပေးထားသည့် ကွန်ပျူတာအရောင်းဆိုင်ထဲ ဝင်ခဲ့ကြ၏။

တစ်ဆိုင်လုံး အစိမ်းနုရောင် ဖန်စီကာလာ တရိပ်ရိပ် လင်းလက်နေ၏။ ဆိုင်အမှုထမ်း အားလုံးက မိန်းမချောလေးများဖြစ်ပြီး အစိမ်းနုရောင် စကတ်ကလေးများ ဝတ်ဆင်ထား၏။

သူတို့နှစ်ဦး ကောင်တာ အမှတ်(၃)ရှေ့ ရပ်လိုက်၏။ ထိုစဉ် အမျိုးသမီးငယ်လေးတစ်ဦး ကြီးမားသော စက္ကူသေတ္တာကြီးနောက်မှ ထွက်လာ၏။

"ဘာအလိုရှိပါသလဲရှင်"

"ဟာ- ခင်. . . ခင်ဗျား"

"ဟင်၊ ရှင်. . . ရှင် ထမင်းချိုင့်"

"ဗျာ"

"ကျွန်မ ထမင်းချိုင့် ယူသွားတဲ့လူ မဟုတ်လား"

"ဟင် ပြဿနာပဲ၊ ဟို အဲ ကျွန်တော်"

နှစ်ဦးသား အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေ၏။ ကောင်တာ(၃) အနောက်ဘက်မှ ရိပ်ခနဲ ထွက်လာသော အမျိုးသမီးငယ်ကလေးမှာ မှဲ့နီကလေး ဖြစ်နေသောကြောင့်ပင်။

မှဲ့နီကလေးက သူ့ကို မြင်မြင်ချင်း မှတ်မိသွားပုံပင်၊ ပြောလာသည့် စကားကလည်း စတီးချိုင့်ကိစ္စ၊ နိုင်ဦးသော် ထူပူသွား၏၊ ထုံထုံအအ ဖြစ်နေ၏။ ထိုစဉ် မှဲ့နီကလေး၏ စကားသံ ထွက်လာ၏။

"ကိုအတ္တ၊ ရှင် ဘယ်လိုဖြစ်သွားသတုံး"

"ဩော် ဟုတ်ကဲ့၊ ဟို- ချိုင့်၊ အဲဒီချိုင့်ကို ကျွန်တော် ယူတာ မဟုတ်ဘူးဗျ"

"ရှင်၊ ရှင် ပြောင်ကြီး ငြင်းနေပါလား၊ ကျွန်မ အသက်က ခုမှ နှစ်ဆယ့်တစ်ထဲ ရောက်တာရှင့်။ မျက်စိမှုန်၊ မှတ်ဉာဏ်မေ့နေတယ်များ ထင်နေလား၊ ရှင်မှ ရှင်ပါပဲ။ ပြောပါဦး"

"ဟို အဲဒီချိုင့်ကို ကျွန်တော်လည်း သတိ. . . သတိမေ့ပြီး ယူသွားမိတာပါဗျာ"

"ထားပါတော့လေ၊ ဒါဆို ချိုင့် ရှင့်ဆီမှာရှိလား၊ ရှိရင် ကျွန်မ လိုက်ခဲ့မယ်၊ လိပ်စာ ပြောလိုက်"

"ဗျာ"

"ဘာဖြစ်တာတုံး၊ ဘာလဲ ရှင် ကျွန်မချိုင့်ကို မပေးဘူးလားပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- မဟုတ်တာပဲဗျာ၊ ကျွန်တော် ပြန်ပေးမလို့ပါပဲ။ အဲဒါ ခင်ဗျားကို ဘယ်ရှာရမှန်း မသိလို့ပါဗျာ"

"သေချာရဲ့လား"

"သေ. . . သေချာပါတယ်ဗျာ၊ ကျွန်တော် ဆက်ဆက် လာပို့ပါ့မယ်"

"ကောင်းပြီ၊ ကဲ- ဆိုင်ကို ဘာလာလုပ်တာလဲ။ ထမင်းချိုင့် လိုချင်သေးလို့လား"

"ဗျာ၊ ဟာ ဘာတွေပြောတာတုံးဗျ၊ ဟို ကွန်ပျူတာဝယ်ချင်လို့ပါ။ ကျွန်တော်က သစ္စာကမ္ဘာကုမ္ပဏီက နိုင်ဦးသော်ပါ။ ဟောဒီမှာ ကုမ္ပဏီလိပ်စာကတ်"

အမျိုးသမီးငယ်သည် သူ့လိပ်စာကတ်ပြားကိုကြည့်ပြီး ခပ်ဖွဖွ ပြုံးလိုက်၏။

"ဩော်- ရှင်က သစ္စာကမ္ဘာကကိုး"

"ဟုတ်ပါတယ်၊ ခင်ဗျား သိလို့လားဗျ"

"သိပ်သိတာပေါ့ရှင်၊ ရှင့်ဘော့စ်က ဦးသစ္စာစကြာ မဟုတ်လား"

"ဟာ- ဟုတ်တာပေါ့"

"ကျွန်မတို့ဘော့စ်နဲ့ ရှင့်ဘော့စ်က မိတ်ဆွေတွေလေ။ ပြီးတော့ လုပ်ငန်းကိစ္စ အဆက်အသွယ် ရှိနေတယ်။ ကဲ- ပြော၊ ဘာတွေ ဝယ်မှာတုံး"

နိုင်ဦးသော်သည် မဲ့နီလေး၏ ရင်ဘတ်မှ အစိမ်းနုရောင် နာမည်ကတ်ပြားလေးကို ကြည့်လိုက်၏။

ထားခက်ခက်ဝေ။

နုနွဲ့သော နာမည်ကလေး၊ ရင်ထဲ သံမှိုစွဲသလို စွဲသွား၏။ သူ့မျက်လုံးများကို မဲ့နီလေး ရိပ်မိသွား၏။

"ဘာကြည့်နေတာလဲ"

"ဟို နာမည်၊ ဟဲဟဲ ထားခက်ခက်ဝေနော်"

"ဟုတ်တယ်၊ ရှင် ဈေးဝယ်မှာလား ဒါမှမဟုတ် နာမည်လာမေးတာလား"

"အဲ. . . ဟဲဟဲ ဒေါ်ကြီးပဲဗျာ၊ ကဲ-ရော့ ဟောဒီမှာ ကျွန်တော် လိုချင်တဲ့ပစ္စည်းစာရင်း၊ ချက်ချင်း ဝယ်မယ်"

"ဒါဆို ခဏစောင့်"

"ဟုတ်ကဲ့ ဟဲဟဲ"

"ဘာဟဲဟဲလဲ"

"အင်"

သူ့ကို ပိတ်ပြောနေသော ထားခက်ခက်ဝေကို ကြည့်ပြီး နိုင်ဦးသော် ရင်အောင့်သွား၏။ မြဖေမှာ ထမင်းချိုင့်ကိစ္စ ဆိုကတည်းက အင်္ကျီနှုတ်ခမ်းမွေးကို သတိရလာ၏။



www.burmeseclassic.com

www.burmeseclassic.com

၆

"ဟာ- ဟုတ်ပြီ၊ နှုတ်ခမ်းမွေး"

"ရှင်၊ ဘာပြောတာလဲ"

"ဟို- ဟဲဟဲ ညီမလေး ချိုင့်ထဲက ငါးခူကြီးကို သတိရလို့ပါ"

"ကိုမြဖေကလည်းဗျာ၊ သတိရစရာရှားလို့"

"ရှင်၊ အဲဒါ. . . အဲဒါ ဘာဖြစ်သတုံး"

"ဟာ- ငါးခူက နှုတ်ခမ်းမွေးကြီးနဲ့နော်၊ ကေတ္တ ငါ့ညီမလေးက နှုတ်ခမ်းမွေးပါတဲ့ငါးမှ ရွေးစားတယ်ဆိုတော့ မင်းသားကြီး ဝင်းဦးရဲ့ အမျိုးတွေ ထင်တယ်"

"ရှင်"

"ကိုမြဖေ၊ မပြောပါနဲ့ဗျာ။ အလာကားပါ မထားခက်ခက်ဝေရယ်၊ ကိုမြဖေကြီးက ပျော်တတ်တယ်လေ"

"ဟို- နှုတ်ခမ်းမွေးကိစ္စက ဘာတွေတုံး"

ထားခက်ခက်ဝေ ဇွတ်မေးနေသဖြင့် နိုင်ဦးသော် မဖြေချင့်ဖြေချင်နှင့် ဖြေလိုက်ရ၏။ နှုတ်ခမ်းမွေးကားကားနှင့် ငါးခူကြီးအကြောင်း ပြောပြလိုက်တော့ ထားခက်ခက်ဝေ ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။ မြဖေကတော့ ပြုံးဖြီးဖြီးနှင့် ကြည့်နေ၏။ ထိုစဉ် ထားခက်ခက်ဝေ၏ စကားသံ ပေါ်လာ၏။

"အဲ. . . အဲဒါ ထားဝေ ပျာလောင်ခတ်သွားတာလေ။ အဲဒီနေ့က ဖယ်ရီပျက်နေလို့ ကြုံရာကားနဲ့ သွားရတာ။ ကမန်းကတန်းလုပ်ရင်း ငါးခူ နှုတ်ခမ်းမွေး မခုတ်မိတာပါရှင်။ ဒါဆို ကိုဘယ်သူ"

"နိုင်ဦးသော်ပါ"

"ရှင် အဲဒီဟင်း စားပစ်လိုက်သလား"

"စား၊ အဲ ဟိုဟာ လွှင့်ပစ်ရမှာ နှမြောတာနဲ့ စားလိုက်မိတယ်လေ"

"ရှင်က ကဲ့လည်း ကဲ့ရဲ့ချင်သေး၊ ပြီးတော့ စား. . "

"ဟာ မဟုတ်ပါဘူးဗျာ၊ ဟဲဟဲ ဟင်းချက်က အတော့်ကို ကောင်းတာဗျ"

"ဟုတ်တယ် ညီမလေး၊ ညီမလေး ချက်ထားတာ ဟိုတယ်ချက်ပဲ။ ဒီတစ်ခါ နှုတ်ခမ်းမွေးရော၊ ဘေးဆူးတောင်တွေ၊ အမြီးတွေ လုံးဝ မခုတ်နဲ့ ထည့်သာချက်ကွ"

"ရှင်၊ ဟင်းဟင်း"

မြဖေက ဝင်ပြီး အရွှန်းဖောက်လိုက်သဖြင့် တင်းမာမှုများ ပြေလျော့သွား၏။ ထားခက်ခက်ဝေသည် နိုင်ဦးသော် ပေးလိုက်သည့် စာရင်းဇယားအတိုင်း ကွန်ပျူတာပစ္စည်းများကို တစ်ခုပြီးတစ်ခု ဆွဲထုတ်နေ၏။

ထို့နောက် ပါကင်ဘူးများကို ကောင်တာစားပွဲပေါ် တင်လိုက်၏။ ကုန်ကျစားရိတ်များကို တွက်ချက် စာရင်းလုပ်လိုက်၏။

"ဘယ်လောက်ကျသလဲဗျ"


www.burmeseclassic.com

www.burmeseclassic.com



"တောက်- ကိုယ့်ဘာသာကိုယ် ထိုင်တာတောင် ကောင်းကောင်း မထိုင်ရဘူး"

"ဟဲဟဲ ခွင့်လွှတ်ပါဗျာ"

လူဝကြီးသည် သူ့ကို မျက်စောင်းကြီး တခဲခဲ လုပ်နေ၏။ နိုင်ဦးသော် တစ်ယောက် ပြုံးဖြီးဖြီးနှင့် ကြည့်ရင်း အူကြောင်ကြောင် လုပ်လိုက်ရ၏။ မှတ်တိုင်က တစ်တိုင်ပြီးတစ်တိုင်၊ လူတွေကလည်း ဝင်လာမစဲ တသဲသဲ။ ကြည့်ရင်းကြည့်ရင်း လူပူဖောင်းကြီး အလားပင်။

မှတ်တိုင်တစ်ခု အရောက်တွင် နိုင်ဦးသော် ကံကောင်းခွင့် ကြုံသွား၏။ ထိုအခွင့်ကောင်းက တခြားမဟုတ်၊ ထိုင်ခုံတွင် ထိုင်နေသော လူဝကြီး အတင်း လူးလဲထလာခြင်းပင်။ နေရာလွတ်ပြီမို့ နိုင်ဦးသော် လက်လွတ် မခံနိုင်၊ ဘေးဘီကိုလည်း မကြည့်နိုင်။ လူဝကြီးကို အတင်း တွန်းထိုးဖယ် ရှားကာ နေရာလွတ်တွင် ဝုန်းခနဲ ထိုင်ချလိုက်ခြင်းပင်။

"ဟာ- လူတိုး. . . တိုးပါကွ"

"အရေးထဲဗျာ"

"ရှိင်းလှချည်လား၊ ဖြည်းဖြည်းတိုးပါကွ"

လူဝဝကြီးခမျာ နိုင်ဦးသော်ကို စောင်းငန်းစောင်းငန်း ပြောဆိုနေ၏။ နိုင်ဦးသော် မကြည့်နိုင်၊ ခုံလွတ်ကို အမိအရ ထိုင်ချလိုက်ရ၏။ ထိုစဉ် ဒုတ်ခနဲ မြည်သံကြောင့် ငုံ့ကြည့်လိုက်ရာ သူစီးထားသော ညာဘက်ဖိနပ် သဲကြိုးပြတ်သွားခြင်းပင်။

"ဟာ- သွားပါပြီကွာ၊ ဟင်- ဒီ. . . ဒီဖိနပ်က ငါ့ဖိနပ်မှ မဟုတ်တာ ပြဿနာပဲ"

ဖိနပ်ကို ငုံ့ကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ပြတ်သွား သောဖိနပ်က သူ့ဖိနပ် မဟုတ်။ ဘယ်ဘက်ဖိနပ်ကို ကြည့်လိုက်တော့ သူ ပို၍ပို၍ မျက်လုံးပြူးသွား၏။

ဘယ်ညာနှစ်ဖက်က သဲကြိုးလည်း မတူ။ ညာဘက်ဖိနပ် သဲကြိုးက အနီရောင်၊ ဘယ်ဘက်ဖိနပ်က အနက်ရောင်။ နှစ်ရောင်ကွဲနေသော ဖိနပ် တစ်ရန်ကို ကြည့်ရင်း သူ အူလည်လည် ဖြစ်သွား၏။

အနီရောင် သဲကြိုးဖိနပ်ကို သူ ဘယ်တော့မှ စီးလေ့မရှိ။ ဘယ်သူ့ ဖိနပ်ပါလိမ့် စဉ်းစားနေ၏။ နောက်ဆုံး ဝင်းသစ္စာကို သတိရလာ၏။

"ဟင်. . . သွားပြီ၊ ဒါတော့ မြွေကိုက်ပြီ"

ဝင်းသစ္စာ၊ သူနှင့် တစ်ဆောင်တည်းအဖော်။ အရက်ကို မိုးမွှန် အောင်သောက်၊ အလုပ်မရှိ အကိုင်မရှိ။ စာရေးဆရာယောင်ယောင်၊ ပွဲစားယောင်ယောင်၊ ဗေဒင်ဆရာယောင်ယောင် လုပ်နေသော အူကြောင် ကြောင် ငနဲ။ သူနဲ့မှ မှားရသည်မို့ နိုင်ဦးသော် ခေါင်းစားသွား၏။

ဝင်းသစ္စာက တကယ့် ဇရုတ်သုတ်ခ။ ထမင်းမစားဘဲလည်း သုံး လေးရက် နေတတ်၏။ အရက် လေးငါးရက် ဆက်သောက်ပြီး အိပ်ရာထဲ



www.burmeseclassic.com

www.burmeseclassic.com

"အားလုံး လေးသိန်းသုံးထောင်"

"ဟုတ်ပြီ"

"လာလာ"

ပြောပြောဆိုဆိုနှင့် ကက်ရှ်ကောင်တာသို့ လိုက်ခဲ့ပြီး ချက်ချင်း ငွေချေလိုက်၏။ ထားခက်ခက်ဝေနှင့် နိုင်ဦးသော်တို့၏ ဆက်ဆံမှုက ပျော်ပျော်ပျောင်းလာ၏။

ပန်းရိုင်းကလေးတစ်ပွင့်လို အလှရိပ်ကလေးများနှင့် နုသစ်ပျိုပျစ်နေသော ထားခက်ခက်ဝေ၊ အသံကလေးကအစ ချိုမြိန်စွဲမက်ဖွယ်။ နိုင်ဦးသော်တစ်ယောက် အခံစားကြီး ခံစားနေရ၏။

ပိုက်ဆံရှင်းပြီး ပစ္စည်းတွေသယ်ခါနီးတွင် ထားခက်ခက်ဝေ အနားသို့ ရောက်လာ၏။

"ရှင် ထမင်းချိုင့် လာပို့ဦးနော်။ စားတုန်းကစားပြီး ထမင်းချိုင့်ပါ မျိုမချတာကံကောင်း"

"ဟဲဟဲ လာပို့မှာပါဗျာ၊ ကျွန်တော် ဟင်းထမင်းတွေ အစားထည့်ပြီး ယူလာပါ့မယ်"

"အို မလိုပါဘူး၊ ကျွန်မက နှုတ်ခမ်းမွေး မနုတ်ဘဲ ချက်မိတာ၊ ရှင်ဆို မုတ်ဆိတ်မွေးပါ ထည့်ချက်မယ့်လူ"

"ဗျာ"

"သွားကြတော့"

"ဟဲဟဲ"

နိုင်ဦးသော်တစ်ယောက် တဟဲဟဲနှင့်သာ အချိန်ကုန်နေ၏။ မြဖေမှာ နိုင်ဦးသော်၏ အဖြစ်သည်းမှုကို မျက်စောင်းကြီး တထိုးထိုး လုပ်နေ၏။ ပစ္စည်းပစ္စယများကို ဆိုင်အပြင်သို့ သယ်ထုတ်ပြီး တက္ကစီတစ်စင်း ငှားကာ တင်လိုက်၏။

"မင်းကလည်း လွန်ပါ့ကွာ၊ ကောင်မလေးကိုကြည့်တာ အမြီးပါ ဝါးစားမယ့်ပုံပဲ။ အလွန်အကျွံ မခံစားစမ်းပါနဲ့ကွာ။ ဘယ်အရာမဆို အလယ်အလတ်ပဲ ကောင်းတယ်ကွ"

"ဟာ ကိုမြဖေကလည်း ကျွန်တော်က အလယ်အလတ်သမားပါဗျ။ အချစ်ဆိုတာ တစ်ခု၊ တစ်ကောင်၊ တစ်ယောက်တည်းအတွက် မဟုတ်ဘူး ဆိုတာလေ။ ဟဲဟဲ ခုလည်း ထားခက်ခက်ဝေကို မြင်တုန်းခံစားမိတာပါဗျာ"

"ဘာကွ၊ ဟာ မင်းအတွေးအခေါ်ကြီးက ငါတောင် ကြောက်လာပြီကွာ။ ကြည့်လုပ်နော်၊ အချစ်တွေ ချာချာလည်ပြီး ပါးရိုက်သံတွေ တဖြောင်းဖြောင်း မြည်နေဦးမယ်ကွ"

"ဟာဗျာ"

သူတို့နှစ်ဦး ကားနောက်ခန်းထိုင်ကာ စကားတပြောပြောနှင့် လိုက်ခဲ့


www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ နိုင်ဦးသော်၏ရင်ထဲ ထားခက်ခက်ဝေ၏ အလှတရားကို ရင်နှင့် အမျှ ခံစားလိုက်ရသည်မို့ တသသ ဖြစ်နေ၏။

ရွှေကောင်းကင်နှင့် ထားခက်ခက်ဝေကို ယှဉ်ပြီး မြင်ကြည့်လိုက်၏။

"နှစ်ယောက်စလုံး လှတယ်ဗျာ"

"ဘာကွ"

သူ့ပါးစပ်က လွှတ်ခနဲ ထွက်သွားသည်မို့ အံ့ဩတကြီး ဖြစ်နေ၏။ မြဖေက ကြောင်တိကြောင်တက်နှင့် လှမ်းမေးလိုက်၏။

"ကြည့်လည်းလုပ်ပါဦး နိုင်ဦးရာ၊ ငါးနဲ့ ငါးမျှားတံကြားမှာ ငါးမျှား ကြိုးဟာ လှည့်ကွက်တစ်ခုပဲကွ။ တစ်ခါတစ်ခါ လူက ငါးကို မျှားတတ် သလို၊ တစ်ခါတစ်ခါ ငါးက လူကို မျှားတတ်တယ်ကွ။ အဲဒီနှစ်ခုကြားမှာ တကယ့် ဆရာကြီးဂိုက်ဖမ်းနေတာ ငါးမျှားကြိုးပဲကွ"

"ဗျာ၊ ဘာတွေတုံးဗျာ။ ကျွန်တော်က ငါးမျှားတာမှ မဟုတ်တာ၊ ငါးခူပက်နေတာဗျ"

"ဘာကွ"

"ဟဲဟဲ နှုတ်ခမ်းမွှေးငါး ပက်နေတာလေ"

"တော်ပါတော့ကွာ"

မြဖေကလည်း ဆရာကြီးစတိုင် လုပ်နေ၏။ နိုင်ဦးသော်ကလည်း ထင်ရာမြင်ရာ စွတ်ပြောနေသဖြင့် နောက်ဆုံးတော့ စကားတွေ ရှုပ်ထွေး ကုန်ကာ နှစ်ယောက်စလုံး လေသံဆိတ်သွား၏။

ကုမ္ပဏီသို့ ပြန်အရောက်တွင် ပစ္စည်းများကို ကားပေါ်မှ အလျင် အမြန်ချကာ ရုံးခန်းထဲ သယ်ခဲ့ကြ၏။ နိုင်ဦးသော်က ကွန်ပျူတာ ကျွမ်း ကျင်သလို စက်ပိုင်းဆိုင်ရာလည်း နိုင်နိုင်နင်းနင်း ရှိလေ၏။

ယခုလည်း သူကိုယ်တိုင်ဝယ်၊ သူကိုယ်တိုင် အခန်းထဲမှာ ဆင်ပေး ခဲ့၏။ ညနေစောင်းလုလုအချိန်တွင် အားလုံး တပ်ဆင်ပြီးသွားခဲ့ပြီ ဖြစ်၏။

ဦးသစ္စာစကြာပင် အံ့ဩနေ၏။ ညနေခြောက်နာရီခန့်တွင် စက် နှိုက်ရန် အသင့်အနေအထား ရှိပြီမို့ ဦးသစ္စာစကြာ ဝမ်းသာအားရ ဖြစ် သွား၏။

"ပြီးသွားပြီပဲကွာ၊ မြန်လှချည်လား"

"အားလုံး အသင့်ပဲ ဘော့စ်"

"ကောင်းပြီ၊ ရော့ ဟောဒါ စက်တွေတပ်ဆင်ခ ဘောက်ဆူး"

"ဟာ- နေပါစေ"

"ယူစမ်းပါကွာ၊ မင်းလိုလူမျိုးရှိတာ ကုမ္ပဏီအတွက်တော့ တအား ပဲကွ။ တစ်ခုပဲ မှတ်ထားနော်၊ ဒီအခန်းထဲကို ငါ့ခွင့်ပြုချက် မပါဘဲ ဘယ် တော့မှ မဝင်နဲ့ကွ"

"ဟုတ်. . ဟုတ်ကဲ့"

"ကဲ- သွားကြတော့၊ ကိုမြဖေ"



www.burmeseclassic.com

www.burmeseclassic.com


"ဗျာ၊ ဘောစ်"

"အရက်တွေ အရမ်း မသောက်နဲ့နော်၊ ဒီတစ်ခါ ခင်ဗျားတို့ လင်မယား ပြဿနာဖြစ်ရင် ကျုပ် လိုက်ရှင်းပေးမှာ မဟုတ်ဘူးဗျ"

"ဟဲဟဲ စိတ်ချပါ ဘောစ်ရယ်"

ဘောစ်၏ စကားကြောင့် မြဖေ တွန့်သွား၏။ ဘောစ်၏ စကားက မှန်ပေစွ။ လွန်ခဲ့သည့် လပိုင်းက မမြဝင်းနှင့်သူ ပြဿနာဖြစ်ခဲ့ဖူး၏။ ပြဿနာ၏ အခြေခံက အရက်။

မြဖေက ညနေပိုင်းရောက်လျှင် တစ်ပိုင်းလောက် သောက်တတ်၏။ ထိုစဉ်က တစ်ပိုင်းကျော်သွားကာ လူလည်း ချာလည်စိုင်းသွား၏။ အိမ်ရောက်တော့ အိမ်ကမိန်းမ မမြဝင်းကိုပင် ဝါးတားတား ဖြစ်နေ၏။

ကြည့်နေရင်း မမြဝင်းလိုလို၊ ငယ်ငယ်က ချစ်ခဲ့ဖူးသော သိမ့်သိမ့် နွယ်လိုလို ဘာလိုလို ညာလိုလို ဖြစ်နေ၏။ ပါးစပ်က နွယ်. . . နွယ်နှင့် တတွတ်တွတ် ပြောမိရာက မမြဝင်းနှင့် အကြီးအကျယ် ပြဿနာဖြစ်ခဲ့ရ၏။

မမြဝင်းကလည်း အလွန်မှ ခေါင်းမာလှသူ။ ပြောလျှင်လည်း ထောင့်ဖြတ်ပြောတတ်သူ၊ သူ့ကို စက်သေနတ် အကတ်လိုက် ဖြုတ်ချလိုက်သလို ရေပက်မဝင်အောင် စကားလုံးကြီးများနှင့် တိုက်ခိုက်လာ၏။

သူ့မှာ ပုန်းစရာ ကတုတ်ကျင်းမရှိ၊ ရှောင်မရ၊ တိမ်းမရနှင့် အလူးအလဲ ခံလိုက်ရ၏။ ရှင်းပြသော်လည်း ဟင်ဆို လှည့်မကြည့်ချင်သော မမြဝင်း။

ဗိုလ်အောင်ဒင် လွမ်းသလို လွမ်းပြသော်လည်း မမြဝင်းကတော့ သူ့ကို လှည့်တောင်မကြည့်။ အမေ့အိမ်ကို အထုပ်နှင့်အပိုးနှင့် ဆင်းသွား၏။

သူ အကြိမ်ကြိမ် သွားရောက်တောင်းပန်သော်လည်း ဘယ်လိုမှ တောင်းပန်၍ မရ။ နောက်ဆုံး အရပ်ကူပါ လူဝိုင်းပါ ဖြစ်လာ၏။

ကုမ္ပဏီပိုင်ရှင် ဦးသစ္စာစကြာကို လိုက်ပြောခိုင်းရ၏။ နောက်ဆုံး အရပ်ထဲက လူကြီးတွေပါ ပါလာသည်မို့ မမြဝင်းတစ်ယောက် ရင်ထဲက အကျိတ်အခဲကို မနည်းကြီး မျိုချကာ တျေအေးလိုက်ရ၏။

ယခုလည်း ဦးသစ္စာစကြာ၏ စကားကြောင့် မြဖေ တွန့်ခနဲ ဖြစ်သွား၏။ သို့သော် နေညိုလျှင် လေပြုချင် ဖြစ်နေသော ခံစားချက်ကိုတော့ ဖျောက်ဖျက်၍ မရ။ ထို့ကြောင့်လည်း ကုမ္ပဏီက ထွက်သည်နှင့် အရက်ဆိုင်သို့ ပြေးလေ၏။

နိုင်ဦးသော်က အရက်ကို မက်မက်စက်စက် မရှိလှ။ မြဖေ အတင်းဆွယ်နေသဖြင့် ဆိုင်သို့ လိုက်ခဲ့ရ၏။ ဆိုင်ထဲ ဝင်လိုက်သည်နှင့် ဝင်းသစ္စာကို တန်းခနဲ တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်သွား၏။

"နိုင်ဦး လာဟေ့၊ ဟော- ကိုကြီးဖေလည်း ပါသကိုး၊ လာကြဗျာ"


www.burmeseclassic.com

www.burmeseclassic.com


မြဖေနှင့် နိုင်ဦးသော်တို့နှစ်ဦး ဝင်းသစ္စာ၏ စားပွဲဘေးဝိုင်း ထိုင်လိုက်၏။ ဝင်းသစ္စာတစ်ယောက် အတော်ကလေး အရှိန်ရနေပြီ ဖြစ်၏။ ထိုစဉ် နိုင်ဦးသော်က ပြောလိုက်၏။

"ဟေ့ကောင် ဝင်းသစ္စာ"

"ဘာတုံးကွ"

"ဟို စတီးချိုင့် ငါ ပြန်ရွေးမယ်ကွာ"

"ရွေးလေ၊ မကုလားမဆီမှာ ပေါင်ထားတာပဲကွ။ အတိုးပါ ပေးလိုက်နော်"

"အေးပါကွာ၊ မင်းကတော့ ဆီရော၊ ဆံထုံးရော စိုက်ရတာပဲကွ"

"ဘယ်လိုဖြစ်တာတုံး နိုင်ဦးရာ၊ သူငယ်ချင်းတွေပဲ ပါရမီဖြည့်တယ်လို့ သဘောထားပေါ့ကွာ"

"ဟာ- အဲဒီစကားတော့ ကြောက်သကွာ၊ ပါရမီဖြည့်တယ်ဆိုတာ ဓားခုတ်ရာ လက်ဝင်လျှိုတာပဲကွ"

"ကြိုက်သွားပြီကွာ၊ ဒီစကားက ကိုကြီးဖေစကားထင်တယ်။ မင်း အပြောကတော့ ရင်ထဲကို ပါးပါးလေး ဝင်သွားတယ်ကွ"

"တော်စမ်းပါကွာ၊ မင်းပြဿနာရှာသမျှ ငါ လိုက်ရှင်းပေးရတာ မဟုတ်သေးဘူးကွာ"

"ဟဲဟဲ နိုင်ဦးကလည်းကွာ၊ ဒါက ဖြစ်စဉ်တွေပဲလေ၊ ဟုတ်ဖူးလား ကိုကြီးဖေ၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့ အမြဲ ရှိနေမှကွ။ ပတ်ဝန်းကျင်ကြောင့် လူဖြစ်ရသလို လူကြောင့်လည်း ပတ်ဝန်းကျင် ဖြစ်လာတာကွ။ ဒီတော့ အဆိုးအကောင်း ရှိစမြဲပေါ့ကွာ ဟဲဟဲ"

"ဝင်းသစ္စာ၊ မင်း အတော့်ကို တိုးတက်လာပြီပဲ။ မင်းနဲ့ငါ မတွေ့တာ တောင် လနဲ့ချီနေပြီကွ၊ ကောင်းတယ် အတွေးအခေါ် တစ်ပန်းသာတဲ့လူ ဟာ ခေါင်းတစ်လုံး ပိုရှည်တာပဲကွ။ ဒါပေမယ့် အဲဒီ အတွေးကို ဆွဲထုတ် ရင်း ကိုယ့်ကြိုး ကိုယ်ပတ်သွားတာလည်း ရှိနိုင်သကွ"

"စိတ်ချပါ ကိုကြီးဖေရာ၊ ကိုင်း- သောက်ဗျာ"

"သောက်မယ်၊ အမြည်းက ဘာလဲကွ"

"အဲဒါ ဘဲခေါင်းသုပ်လေ၊ တအား ကောင်းတာဗျ။ ခွေးတောက်ရွက်ဟင်းချို၊ ဘဲခေါင်းသုပ်။ စားကြည့် ရှယ်ပဲ"

"အေးကွ"

မြဖေ တစ်ဇွန်း၊ နှစ်ဇွန်း မြည်းကြည့်လိုက်၏။ အစပ်အဟပ် တည့်သည်၏၊ ဘဲခေါင်းများကို ပဲငံပြာရည်နှင့်ပြုတ်ကာ နုပ်နုပ်စဉ်းပြီး သုပ်ထားခြင်း ဖြစ်၏။ ရှောက်ရွက်ရိတ်ရိတ်လှီးကာ ပဲမှုန့်၊ ကြက်သွန်ဖြူဆီချက်၊ မန်ကျည်းမှည့်နှင့် ချဉ်ချဉ်စပ်စပ် သုပ်ထားခြင်း ဖြစ်လေ၏။

အရက်ထက် အမြည်းက ပို၍ ကောင်းနေ၏။ နိုင်ဦးသော်သည်း အစ်ခွက်တစ်ဖလား ဝင်သောက်ပြီး ဘဲခေါင်းသုပ်ကို တကြွပ်ကြွပ် ဝါးစား


www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်၏။

"သောက်စမ်းပါ နိုင်ဦးရာ၊ လောကကြီးမှာ အကောင်းချည်းပဲ အကောင်းချည်းပဲ ရှိနေတာ မဟုတ်ဘူးကွ။ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း ဖွပ်လျှော်နေတဲ့လူဟာ အစွဲကြီးတာပဲကွ။ အပြစ်မရှိချင်ဘူး၊ ဆွတ်ဆွတ်ဖြူချင်တယ်ဆိုတာ ဘုတ်အုပ်တွေ၊ ရုပ်ရှင်တွေမှာပဲ ရှိတယ်ကွ။ အမှန်တရားဆိုတာ ကိုကြီးဖေ ပြောသလိုပေါ့"

"ဟေ- ငါ ဘာပြောခဲ့သတုံး ဝင်းသစ္စာရ"

"ဟဲဟဲ အနာအဆာကင်းတဲ့ အမှန်တရားဟာ ဘယ်နည်းနဲ့မှ တရားစစ်၊ တရားမမှန် မဖြစ်နိုင်ဘူးဆိုတာလေ"

"ဟုတ်တယ်၊ ဒါ အမှန်ပဲကွ။ လူဖြစ်ကတည်းက အတ္တဖြစ်လာတာကွ၊ အတ္တနောက်မှာ ဇောတွေရှိတယ်။ အဲဒီဇောတွေရဲ့နောက်မှ ဆုံးဖြတ်ချက်တွေ၊ ရွေးချယ်မှုတွေ၊ စွန့်စားမှုတွေ၊ မှန်းတီးမှုတွေ ရှိလာတယ်လေ။ ဒါ အမှန်တရားရဲ့ ဖြောင့်ချက်ပဲ"

"မှန်တယ် မှန်တယ်၊ ကိုကြီးဖေရဲ့ အိုင်ဒီယာဟာ အမှန်အကန်ပဲကွ"

"ဒါဆို အမှန်တရားဟာ အနာအဆာ အပိန်အချိုင့်တွေ များလာရင် ကောင်းပါဦးမလား ကိုမြဖေရ"

"မစိုးရိမ်စမ်းပါနဲ့ နိုင်ဦးရာ၊ အဲဒီ အနာအဆာတွေဟာ တဖြည်းဖြည်း အနာဖေးတက်လာရင် အမှန်တရားဟာ ပြီးပြည့်စုံလာမှာပဲ။ ဘာမှ မကြောက်နဲ့ အမှန်အမှားဆိုတာ ပတ်ဝန်းကျင်ရဲ့ ဆုံးဖြတ်ချက်၊ အရေးကြီးတာ ကိုယ် ဘာလုပ်လုပ် လိပ်ပြာသန့်ဖို့ပဲကွ"

"မှန်လိုက်လေဗျာ၊ ကဲ သောက်ကြဗျာ"

နောက်ဆုံး သူတို့သုံးဦး ဆိုင်ထဲမှ သောက်စားပြီး ထွက်ခဲ့ကြ၏။ နိုင်ဦးသော်၏ရင်ထဲ စတီးချိုင့်ကိစ္စက ရင်ထဲ ခိုးလိုးခုလု ရှိနေဆဲပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ဦးမင်္ဂလာ၏ရင်ထဲ ခိုးလိုးခုလု ခံစားနေရ၏။ ရွှေကောင်းကင်ကို မျက်စိစပါးမွေးစူးနေ၏။ ပို၍ နက်နက်ရှိုင်းရှိုင်း ခံစားရသည်က စွဲဖက်မန်နေဂျာ ရွှေမမ။ ရွှေကောင်းကင် ရောက်လာသည့် အစီအစဉ်ကို ရွှေမမနောက်ကွယ်မှ ကြိုးကိုင်ခဲ့သည်ဟု ဦးမင်္ဂလာ တွက်မိ၏။

ရွှေမမတို့ဘက်က အလေးသာသွားလျှင် သူလည်း ကုမ္ပဏီက ပြေးရမည်။ သစ္စာစကြောကလည်း ဘယ်လိုမှ စိတ်မချရသည့် ငနဲသား။ မိန်းမဆို ကဏန်းလက်မတောင် မကိုက်ဘူး ပြောခဲ့သူက ယခုတော့ ရွှေကောင်းကင်၏ခြေမကြီး ကုန်းကိုက်တော့မလို ဖြစ်နေသည်ကို ဦးမင်္ဂလာ လက်မခံနိုင်။

ထိုအဖြစ်ကို ဆတ်ဆတ်ထိ ခံစားနေရ၏။ သူ့ပီအေ ဘိုထွားကြီးကို အနားသို့ ခေါ်ပြီး တိုင်ပင်လိုက်၏။ ဘိုထွားကလည်း အပင့်အမြှောက်ကောင်းသည့် နေရာတွင် နတ်ကတော်ထက် ကျွမ်း၏။

စကားပြောဆိုရာတွင်လည်း တစ်ဖက်သား အရိပ်အခြည် ကြည့်ပြီးမှ စကားကို နင်း၍ ပြောတတ်သူ ဖြစ်၏။ ယခုလည်း ဦးမင်္ဂလာ၏ ပေါက်ကွဲသံများကို နားစွင့်၍ မျှောလိုက်နေ၏။

"မင်း ဘယ်လို ခံစားသလဲ ဘိုထွားရ"

"ဟာ. . . ဒီကိစ္စ ဆင်ကွက်ပဲ ဂျာကြီးရ။ ဒေါ်ရွှေမမက ဆင်လုံးဆင်ကွက် တအား ကောင်းတယ်နော်။ ဂျာကြီးတောင် သူ့ထောင်ချောက်ထဲ ကားခနဲ ကျသွားနိုင်တယ်ဗျ"

"အောင်မယ်၊ မင်္ဂလာကို ပညာစမ်းလို့ မရပါဘူးကွာ။ ဒီပြဿနာ မွှေတဲ့ ရွှေမမကို ဘာလုပ်ရင်ကောင်းမလဲကွ"

"ဝါးစားလိုက်ဗျာ"

"အေး၊ ဟာ- မင်းကလည်း သူ့ကို ကြက်ကင်များ အောက်မေ့နေ



www.burmeseclassic.com

www.burmeseclassic.com


သလားကွ"

"သဘောပြောတာ ဂျာကြီးရာ၊ ပြောင်းလဲသွားတဲ့ အခြေအနေ တစ်ရပ်မှာ တုံ့ပြန်မှုဆိုတာ ရှိတယ်လို့ မြဖေက ပြောဖူးတယ်ဗျ။ ဒီတော့ ဘောစ် ရုတ်ခြည်း ပြောင်းလဲသွားတာဟာ တုံ့ပြန်မှု တစ်ခုခုကို တောင်းဆို တာပဲ ဖြစ်ရမယ်"

"ရှုပ်ပါ့ကွာ၊ အဲဒီ မြဖေဆိုတဲ့ကောင်ရဲ့ စကားတွေ ထည့်မပြောနဲ့၊ ရှုပ်သထက် ရှုပ်သွားမယ်။ ဒီတော့ ငါ ဘာလုပ်သင့်သလဲ၊ တစ်ခုခုတော့ လုပ်မှကွ။ မဟုတ်ရင် ရွှေမမက ခြေတကြွကြွ ဖြစ်လာမှာ ကျိန်းသေပဲ"

"သိပ်ဟုတ်တာပေါ့ ဂျာကြီးရယ်၊ ဒီတော့ ဒီကိစ္စကို သူတို့လမ်း ကြောင်းအတိုင်း ပြန်ပြီး လျှောက်သင့်တယ်ဗျ။ ဘယ်လိုတုံး"

"ဟင်"

"ကျားပစ်ချင်ရင် ကျားခြေရာနင်းမှ ဖြစ်မှာပေါ့"

"ဟုတ်ပြီ၊ ငါ နားလည်ပြီ။ ဒါဆို ရွှေကောင်းကင်ထက်သာတဲ့လူ ရှာမယ်။ ဟုတ်ပြီ၊ ဒီကိစ္စ ငါ့ခေါင်းထဲမှာ ရှိနေတာကြာပြီကွ။ ပြောရရင် ငါ့ရဲ့ ဒုက်ဖဲကွ"

"ဘာလဲ ဂျာကြီး၊ ဘာတွေ ပြောသတုံး"

"ဒီလိုကွ၊ မင်း စောင့်ကြည့်နေပေါ့ကွာ"

ဦးမင်္ဂလာတစ်ယောက် ရွှေမမ၏ လမ်းကြောင်းကို အပြန်အလှန် သုံးသပ်ရင်း သူ့နည်းဗျူဟာနှင့် ပြန်လည် ထိုးစစ်ဆင်ရန် အကြံကြီး ကြံ နေလေတော့၏။

ထိုအချိန်တွင် ဦးသစ္စာစကြာမှာ ရွှေကောင်းကင်ကို အရိပ်တကြည့် ကြည့် ဖြစ်နေ၏။ အလုပ်မရှိ အလုပ်ရှာ၍ သူ့မအနား တရစ်ဝဲဝဲ လုပ် တတ်၏။ နိုင်ဦးသော် ကပ်လာလျှင်လည်း မျက်စောင်းကြီး တခဲခဲ။ မြဖေ ရှိနေလျှင်လည်း မှုန်တေတေ။

ထိုအမူအရာများကြောင့် နိုင်ဦးသော်တို့ ခေါင်းစားနေ၏။ ရွှေ ကောင်းကင်နားသို့ တစ်ဖဝါးပင် မသီရဲတော့။ တစ်ရက်တွင် နိုင်ဦးသော် တစ်ယောက် ကုမ္ပဏီ ဒီဇိုင်းအသစ်ကို ပရိုဂရမ်ထဲထည့်ပြီး ကာလာချိန် နေ၏။

အလင်းအမှောင်၊ အနုအရင့်၊ အနီးအဝေး စသည်ဖြင့် ပါစပက်တစ် ပွိုင့်တွေ ချိန်နေ၏။ စကရင်ပေါ်တွင် ကာလာရိပ်များက သက်တန့်ဖြာ နေသလိုပင်။ ထိုအချိန် သူ့နှာခေါင်းထဲ သင်းပျံ့မွှေးအီသော ရနံ့ကလေး ရှူမိသဖြင့် ခေါင်းထောင်ကြည့်လိုက်၏။

"ဟာ- ကောင်းကင်ပါလား၊ ဘာ. . . ဘာကိစ္စတုံး"

"ကိုနိုင်ဦးရဲ့ ဒီဇိုင်းတွေ လာကြည့်တာလေ။ ကာလာဖြည့်တာ ရှုပ် တယ်နော်၊ ကောင်းကင်တော့ ကိုနိုင်ဦး လုပ်ပုံကြည့်ပြီး စိတ်ဝင်စားလာပြီ။ အဲဒီ ကာလာသဘောတွေ ကောင်းကင်ကို သင်ပေးပါလားဟင်"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ- ဒီ. . . ဒီလောက်လည်း မဟုတ်ပါဘူးဗျာ။ ပြီးတော့ ကောင်းကင် ဒီအခန်းထဲလာတာ ဘော့စ်က မကြိုက်ဘူးနော်"

"အို- ဘာဖြစ်သတုံး၊ ကောင်းကင်က ဒီဇိုင်းတွေ ဆွဲချင်တာ ကိုနိုင်ဦး ရဲ့ အခန်းထဲမှာ နေရတာ ပြင်းတယ်။ ပြီးတော့ အဲဒီ ဘော့စ်ကြီးက ကောင်းကင်နားမှာ တရှူးရှူး တရှဲရှဲနဲ့ မျက်နှာဖုံးကြီး ပိတ်ပိတ်ပြီး ဘာတွေ ပြောမှန်းလည်း မသိဘူး၊ လာပစေ ကောင်းကင်ပြောမယ်"

"ဟင်- ပြဿနာပဲ"

ရွှေကောင်းကင်ကဇွတ်။ စိတ်မထင်လျှင် မထင်သလို တုံ့ပြန်တတ် သူလည်း ဖြစ်၏။ ယခုလည်း ဦးသစ္စာစကြာကို မြင်ပြင်းကတ်လှသည်မို့ နိုင်ဦးသော်တို့ဆီ ရောက်လာခြင်း ဖြစ်လေ၏။

ထိုအချိန် စာရွက်ကလေးတစ်ရွက်ကိုင်ပြီး ရွှေကောင်းကင် အခန်း ထဲ ဝင်လာသော ဦးသစ္စာစကြာမှာ ထိုင်ခုံတွင် ရွှေကောင်းကင်ကို ပတွေ့ လိုက်ရသဖြင့် ရင်တွေ ဆတ်ဆတ်ခုန်သွား၏။

"ဟင်- ကောင်းကင်လေးရော၊ ဒုက္ခပါပဲ" BURMESE CLASSIC

စိတ်ထဲ ပျာယာခတ်သွား၏။ အခန်းထဲမှ ကမန်းကတန်းထွက်ကာ မြဖေကို ခေါ်လိုက်၏။

"ဗျာ၊ ဘော့စ်"

"ဟို- ကောင်းကင်. . . ကောင်းကင်"

"ဩော်- ကောင်းကင်က ခေါင်းပေါ်မှာပေါ့ ဘော့စ်ရယ်၊ ကုမ္ပဏီ အပြင်ထွက်ပြီး မော့ကြည့်လိုက်"

"တိတ်စမ်း၊ ငါပြောတာ ရွှေကောင်းကင်ကွ။ ရှာစမ်း"

"ဩော်- ဒီလိုကိုး၊ ရှိမှာပေါ့ ဘော့စ်ရယ်။ ကောင်းကင်ဆိုတာ လွင့် တတ်တဲ့သဘော ရှိတယ်လေ။ ဒီတော့ သူလည်း တစ်နေရာရာကို လွင့် နေတာ ဖြစ်မှာပေါ့"

"တော်စမ်းပါ မြဖေရာ၊ ရွှေကောင်းကင်ဟာ သစ္စာကမ္ဘာရဲ့ ကောင်း ကင်ကွ"

"ဟိုက်၊ ဘော့စ်"

"ဘာတုံး"

"ဟဲဟဲ ကဗျာဆန်လှချည်လား"

"အေး အဲဒီစကား မင်းသိဖို့လိုတယ်၊ ကိုင်း- ရှာစမ်းကွာ၊ ညည်သည် လာသေးလား၊ ဘယ်သူ ခေါ်သွားသလဲ"

"သောကများလိုက်တာ ဘော့စ်ရယ်၊ ကောင်းကင် ဘယ်မှာရှိတယ် ဆိုတာ ကျွန်တော် သိပါတယ်ဗျာ"

"ဟင်- ဘယ်. . . ဘယ်မှာလဲ"

"နိုင်ဦးသော်ဘေးမှာ ထိုင်နေတယ်"

"ဘာကွ၊ ရာရာစစကွာ။ ငါ ဒီကောင့်ကို ပြောထားလျက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးသစ္စာစကြာတစ်ယောက် မြဖေ၏ စကားကြောင့် စွေ့စွေ့ခုန်နေ၏။ မျက်ထောက်ကြီး တရဲရဲနှင့် ချက်ချင်း နိုင်ဦးသော်တို့ဆီ ဆင်းသွား၏။ ထိုအချိန်တွင် ရွှေကောင်းကင်တစ်ယောက် နိုင်ဦးသော် ပြောသမျှကို မောက်စ်ကလေးကိုင်ပြီး တထောက်ထောက် နှိပ်နေ၏။

ဦးသစ္စာစကြာသည် ကွန်ပျူတာ အခန်းတံခါးကိုဖွင့်ကာ အထဲသို့ ဒေါင်းတည်မောင်းတည် ဝင်ချလာ၏။

"ရွှေကောင်းကင်"

"ဟော- ဘော့စ်ပါလား၊ ကောင်းကင် ဒီဇိုင်းဆွဲနေတာလေ"

"အဲဒီကိစ္စ ထားခဲ့၊ အစ်ကိုကြီးနဲ့ ပြန်လိုက်ခဲ့စမ်း။ ဒီကို မဆင်းပါနဲ့လို့ အစ်ကိုကြီး ပြောထားတယ် မဟုတ်လား၊ လာလာ"

"ဟင်- အစ်ကိုကြီးကလည်း ကောင်းကင်က ဒီဇိုင်းဆွဲချင်တာ။ ကိုနိုင်ဦးသော်က အရမ်းတော်တာ၊ ကောင်းကင် သူ့ကို မုန့်ကျွေးပါ့မယ် ပြောပြီး သင်နေရတာ"

"ဟာ- ရှုပ်ကုန်ပါပြီ၊ လာလာ လာစမ်း ကောင်းကင်ရာ"

ဦးသစ္စာစကြာ စိတ်မရှည်နိုင်၊ ရွှေကောင်းကင် မထလျှင် အတင်းဆွဲတော့လွဲတော့မည့်ပုံ။ နောက်ဆုံး ရွှေကောင်းကင် အလျှော့ပေးလိုက်ရ၏။ နိုင်ဦးသော်မှာ အောင့်သီးအောင့်သက်။

ရွှေကောင်းကင် ပါသွားတော့ နိုင်ဦးသော် တောက်တခေါက်ခေါက် ကျန်ခဲ့၏။ မိုးစက ပြုံးစိစိ။

"ဒေါသမဖြစ်စမ်းပါနဲ့ကွာ၊ ဘော့စ်က အူတိုနေတာကွ"

"ဟာ- အူတိုတာ မဖြစ်နိုင်ဘူးကွ၊ အူတောင် ရှိပါ့မလား မသိဘူး။ နှံပြီစုတ်နဲ့ဆင် နပန်းလုံးပွဲ ကျနေတာပဲကွာ"

"ဟားဟားဟား အဲဒါပဲ နိုင်ဦးရ၊ အချစ်ရေးကွာ၊ ချစ်လာရင် နှံပြီစုတ်မကလို့ ပုရွက်ဆိတ်ဖြစ်ဖြစ် ဆင်ကတော့ နပန်းလုံးမှာပဲကွ"

"လွန်ပါတယ်ကွာ"

"အေး အဲဒီ ရွှေကောင်းကင်နဲ့ ဦးသစ္စာစကြာကြားမှာ မင်း ညပ်သွားဦးမယ်"

"တော်ပါကွာ၊ ငါ့ဘာသာငါ အေးအေးပဲ နေချင်တယ်"

သူတို့နှစ်ဦး အချီအချ ပြောနေစဉ် ဦးသစ္စာစကြာမှာ ရွှေကောင်းကင်ကို နည်းမျိုးစုံနှင့် ချော့နေ၏။ ရွှေကောင်းကင်၏ အမူအရာက တစ်ချက်ကလေး မလျှော့။

"ရွှေကလေးရယ်၊ နိုင်ဦးက တရှူးထိုး။ အားကြီး နမော်နမဲ့နိုင်တာကွ။ သူ့အနားနေရင် သူ့အကျင့်တွေ ကူးကုန်မှာ"

"အို- ဘော့စ်ကလည်း ကိုနိုင်ဦးက လူတော်ပါ။ သူ့ဆီမှာ ကောင်းကင် သင်ယူစရာပညာတွေ တစ်ပုံကြီး"

"ဒါတွေ ဘေးချိတ်စမ်းပါကွယ်၊ အစ်ကိုကြီးကို လိုတာပြော။ ဘာ



www.burmeseclassic.com

www.burmeseclassic.com


လုပ်ချင်သလဲ၊ ဘာဖြစ်ချင်သလဲ"

"အို- ကောင်းကင် အေးအေးနေချင်တယ်၊ အစ်ကိုကြီး သွားတော့"

"ဟင်"

တင်းတင်းရင်းရင်း ပြောလာသော ရွှေကောင်းကင် စကားကြောင့် ဦးသစ္စာစကြာ နင်သွား၏။ ရှေ့ဆက်လည်း မပြောရဲ။ ရွှေကောင်းကင် စိတ်ဆိုးသွားမှာလည်း စိုးရိမ်နေ၏။

ထို့ကြောင့်လည်း အခန်းထဲမှ ထွက်သွား၏။ ထိုအခြေအနေကို အကဲခတ်နေသူက ဦးမင်္ဂလာ။ မျက်နှာကြီး ရှုံ့ရှုံ့မဲ့မဲ့နှင့် ထွက်လာသော ဦးသစ္စာစကြာကိုကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေ၏။

သူ့ကိုမြင်တော့ ဦးသစ္စာစကြာ မျက်စောင်းတခဲခဲ ဖြစ်သွား၏။

"ခင်ဗျားက ဘာဖြစ်လို့ ရယ်နေသတုံး"

"ဟဲဟဲ၊ ဟို. . . ဟိုဒင်း"

"ဘာတုံးဗျ"

"ဩော်. . . လောကကြီးရဲ့ အဆီအငေါ် မတည့်ပုံလေးတွေ တွေးမိလို့ပါ"

"တော်စမ်းဗျာ၊ ခင်ဗျားအလုပ် ခင်ဗျားလုပ်စမ်း။ မြဖေ ဘယ်မှာလဲ"

"ရှိ. . . ရှိပါတယ်"

"ဒါဆို ကျုပ်အခန်းထဲ လွှတ်လိုက်စမ်း"

"ဘော့စ်"

"ဘာတုံးဗျ"

"ဟို. . . လချုပ်စာရင်းတွေ တင်ရတော့မလား"

"ထားစမ်းပါဗျာ၊ အရေးကြီးတာ မြဖေပဲ"

"ဟုတ်. . . ဟုတ်ကဲ့"

ဦးမင်္ဂလာတစ်ယောက် ပျာယာခတ်နေ၏။ ထိုအချိန် မြဖေတစ်ယောက် ထမင်းစားခန်းထဲဝင်ကာ တရှုးရှူးနှင့် အိပ်ပျော်နေ၏။ အရက်နံ့တွေကလည်း တဟောင်ဟောင်။ ဦးမင်္ဂလာ မနည်း နှိုးလိုက်ရ၏။

"ဟကောင်၊ ထစမ်း"

"ဗျာ၊ ဘာ. . . ဘာဖြစ်သတုံးဗျ"

"ဟို- မင်းကို ဘော့စ်ခေါ်နေတယ်"

"ဩော်- ဟုတ်ပြီ"

မြဖေတစ်ယောက် သန့်စင်ခန်းဘက်ဝင်ကာ မျက်နှာ ကပျာကယာ သစ်၍ ဘော့စ်အခန်းထဲ ဝင်ခဲ့၏။ ထိုအချိန် ဦးသစ္စာစကြာမှာ ဆံလည် တုလားထိုင်ကြီးပေါ် ငုတ်တုတ်ထိုင်ကာ အတွေးရေတွေ ချာချာလည်နေ၏။

မြဖေ ရောက်နေမှန်းပင် မသိ။ သက်ပြင်းတွေ တဟင်းဟင်းချကာ အံကြီးတကြိတ်ကြိတ် လုပ်နေ၏။

"ဘော့စ်"


www.burmeseclassic.com

www.burmeseclassic.com


အမြဲ ခွေနေတတ်၏၊ တစ်ခါတစ်ရံ ပန်းခြံထဲထိုင်ပြီး ဗေဒင်ဟောချင် ဟောနေတတ်၏၊ ထင်ရာမြင်ရာလုပ်ကာ ဘဝကို ကျွမ်းထိုးမှောက်ခုံ နေတတ်သူ၊

ဟိုလူ့အကျီယူဝတ်၊ သည်လူ့ပုဆိုး ယူဝတ်နှင့် အပြုအမူက သူ့ထက် ဆိုး၏၊ ထိုအကျင့်ဆိုးကြောင့် နိုင်ဦးသော် ဝင်းသစ္စာကို လိုမ့်ဟောက်ခဲ့ရ ၏၊ ပြောလည်းမမှတ်၊ ထိုသို့ ထင်သလိုနေတတ်သော ဝင်းသစ္စာ၏ ဖိနပ် ကိုမှ မှားစီးမိသည်မှ ပြဿနာ၊ ပြီးတော့ ဖိနပ်သဲကြိုးကလည်း အရေးထဲ ပြတ်သွားပြီမို့ ခေါင်းတွေ ထူပူသွား၏၊

ထိုစဉ် သူနှံဘေး တိုးဝှေ့နေသော လူစုထဲမှ အမျိုးသမီးငယ်တစ်ဦး က သူ့လက်ထဲ သုံးဆင့်ထမင်းချိုင့်ကြီး လှမ်းပေးလာသဖြင့် နိုင်ဦးသော် မော့ကြည့်လိုက်၏၊

"ဟာ- အဲ. . . အဲဒါ ကျုပ်ထမင်းချိုင့်မှ မဟုတ်ဘဲ"

"ဩော်- ခဏ ကိုင်ခိုင်းတာရှင့်"

"ဗျာ၊ ဩော်- ဟုတ်. . . ဟုတ်ကဲ့၊ ရပါတယ်"

မျက်နှာစူတူတူနှင့် အလွန်မှ ချစ်စဖွယ်ကောင်းလှသော ကောင်မ လေးတစ်ယောက်၊ မေးစေ့အလယ်တည့်တည့်တွင် အနီရောင်မှဲ့ကလေး တစ်လုံးက မှတ်မှတ်ရရ ရှိလှ၏၊ စူတူတူ ပြောလာသည့် အသွင်ကြောင့် နိုင်ဦးသော် ကြောင်စီစီနှင့် လှမ်းယူလိုက်ရ၏၊

အမျိုးသမီးငယ်လေး အလှကို ကြာကြာ မမြင်လိုက်ရ၊ သူ့ခမျာ လူအုပ်ထဲ ဆီးဖြူသီးလေး ဖြစ်နေရှာ၏၊

နိုင်ဦးသော်၏ရင်ထဲ မှဲ့နီလေးနှင့် မိန်းမချောလေးကို ကြည့်ပြီး သူ့ စိတ်ထဲ စိတ်ကူးတွေ ဖွာလန်ကြလာ၏၊ သူကလေးနှင့် တွဲသွားတွဲလာ လုပ်ရလျှင် သူ့ရင်ထဲ အတိုင်းမသိ ပျော်မိမည် အမှန်စင်၊

စူတူတူ နှုတ်ခမ်းကလေးနှင့် ပြောလာဆိုလာသမျှကို နာခံရင်း အကြင်နာတွေ၊ ကရုဏာတွေ၊ သမုဒယတွေ၊ အချစ်တွေ ပုံအော သွန်း လောင်းလိုက်ချင်ပါဘိ၊

အချစ်သည် ဆန်းကြယ်လွန်းပေစွ၊ သူကလေးနှင့်အတူ နေရလျှင် ညလုံးပေါက်ထိုင်ပြီး စကားတွေ ပြောချင်လှ၏၊ ကဗျာတွေ ရွတ်ချင်၏၊ ဖြစ်နိုင်လျှင် သူမနှင့်သူ လူသူမရှိသော ကမ္ဘာလေးတစ်ခုထဲ ချစ်စကား မကျတကျလေးတွေဆိုကာ အိပ်မက်မဆန်သော အချစ်များနှင့် ချစ်လိုလှ ပါဘိ၊

သူ့ရင်ထဲ အတွေးစများက ပြန့်ကျဲရစ်မျောသွားခဲ့၏၊ ဘေးဘီကို လည်း သတိမရ၊ သူ ဘယ်ရောက်နေသည်၊ ဘာလုပ်နေသည်ကိုပင် သတိ မရနိုင်တော့၊

ထိုစဉ် စပယ်ယာ၏ စူးစူးရဲရဲ အသံကြောင့် မှတ်တိုင်ဆင်းရတော့ မည်မို့ ကားထဲမှ အတင်းအဓမ္မ တိုးထွက်ကာ မှတ်တိုင်ပလက်ဖောင်းသို့


www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . . ဟာ မြဖေ၊ ထိုင်စမ်းကွာ။ မင်းကို ငါ နှစ်ကိုယ်ကြား ပြောစရာရှိသကွ"

"ဘာများတုံး ဘော့စ်"

"ဒီလိုကွာ"

ရွှေကောင်းကင်နှင့် နိုင်ဦးသော်တို့ ပွတ်သီးပွတ်သပ် နေထိုင်မှုကို ဘဝင်မကျနိုင်ဘဲ ပြောချလိုက်၏။ စကားသံတွေက ဒေါသသံ၊ လောဘသံတွေ မွှန်ထူနေ၏။ မြဖေသည် ဦးသစ္စာစကြာ၏ စကားကို နားထောင်ရင်း ခေါင်းတညိတ်ညိတ် လုပ်လိုက်၏။

"ဟကောင်၊ မင်းကလည်း ပုတ်သင်ညိုကြီး ကျနေတာပဲ"

"ဟဲဟဲ ဘော့စ်ကလည်း ကျွန်တော်က ပွဲကြည့်ပရိသတ်လေ"

"ဘာတုံးကွာ၊ ဘာပွဲပြနေလို့လဲ"

"ဩော်- ဘော့စ်ကလည်း ဘော်စ့်လေသံကို နားထောင်လိုက်ကတည်းက ဘော့စ်ရင်ထဲ ဝန်တိုမှုတွေ ပွရောင်းနေပြီဗျ"

"ဘာ. . . ဘာပြောတယ် ဝန်တိုတယ်၊ ဟာ- မင်းကလည်းကွာ"

"သိပ်ဟုတ်တာပေါ့ ဘော့စ်ရာ၊ အဲဒါ အချစ်လေ။ ချစ်ရင် သဝန်တိုတာ ဖြစ်စဉ်ပဲဗျ။ ခုလည်း ဘော့စ် ဝန်တိုတတ်လာပြီ ဆိုကတည်းက အချစ်နဲ့ လက်တစ်ကမ်း ရောက်နေပြီဗျ"

"ဟေ"

မြဖေ တွက်ချက်ပြလိုက်သော စကားကြောင့် ဦးသစ္စာစကြာတစ်ယောင် နင်တင်တင် ဖြစ်နေ၏။ အကြောက်အကန်လည်း မငြင်းရဲ၊ မြဖေပြောတာ ဟုတ်သလိုလိုပင်။ သို့သော် ရွှေကောင်းကင်နှင့် သူက အသက်အားဖြင့်လည်း အကွာကြီး ကွာပါဘိ။ ဘာပြောလို့ ပြောရမှန်း မသိ။

သူသိသည်မှာ ရွှေကောင်းကင်အနား နိုင်ဦးသော် မရှိစေချင်ဆိုသော အသိပင်။

"ငါ. . . ငါ ပြောချင်တာ မင်း နိုင်ဦးသော်ကို ပြောထားစမ်းကွာ။ ဦးရှင်ကြီးတင်သလိုပေါ့ကွာ၊ အပေါ်ပွဲ အောက်ပွဲဆိုတာ ရှိတယ်။ သူ့နေရာနဲ့သူပဲ ကောင်းတယ်ကွ။ နေရာတကာ ဝင်မပါသင့်ဘူး"

"ဟာ- ဘော့စ်ကလည်း နိုင်ဦးက ဒီလိုတော့ မဖြစ်နိုင်ပါဘူး။ ကျွန်တော် ဒီကောင့်အကြောင်းကို အသိဆုံးပါ"

"မရှည်စမ်းနဲ့ကွာ၊ ဘုရင့်ပွဲတော်အုပ်ကို တံခါးမှူးက အနံ့တောင် မခံသင့်ဘူးကွ"

"ဗျာ- ပွဲတော်အုပ်၊ ဟို ပွဲတော်အုပ်က ရွှေကောင်းကင်ပေါ့။ ဘော့စ်က ဘုရင်ကြီး၊ တံခါးမှူးက နိုင်ဦး၊ ဟုတ်ပြီ။ ဒါပေမယ့် နိုင်ဦးက အနံ့ရှူသို့လားဗျ"

"ဟာကွာ၊ မင်းကလည်း ဒုံးပေါ့ကွာ။ ငါပြောတာ လုပ်စမ်းပါကွာ။ ငါ့ရင်တွေ ပူလွန်းလို့"



www.burmeseclassic.com

"ဟာ- အဲဒါ ခေတ်ကြမ်းတိုက်လိုက်ရတယ် ဘော့စ်ရဲ့၊ ဘော့စ် ရောဂါက လွယ်လွယ်လေး"

"အင်"

"အဟုတ်ပြောတာ ဘော့စ်ရဲ့၊ ဒီရောဂါ သက်သာချင်ရင် ဝီစကီ နှစ်ပက်လောက် သောက်ချလိုက် အိုကေပဲ"

"သွားစမ်းပါကွာ"

မြဖေ စကားကြောင့် ဦးသစ္စာစကြာ မျက်နှာကြီး ရှုံ့မဲ့သွား၏။ တစ် သက်လုံး အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစား။ ဖြူဖတ်ဖတ် နှင့် လူရည်သန့်ကြီး လုပ်ခဲ့သော ဦးသစ္စာစကြာ။ ရွှေကောင်းကင်ကြောင့် အရက်သမား အဖြစ်မခံနိုင်။

သို့သော် ကြားဖူးနားဝရှိသည့် အဖြစ်များ၊ စာအုပ်ထဲ၊ ဘိုင်စကုပ်ထဲ အချစ်နာသမားများ၏ ဖြေဆေးမှာ အရက်ဖြစ်ကြောင်း သူ သိရှိထားလေ ၏။ ထို့ကြောင့်လည်း ညဥ့်ဦးပိုင်းအရောက်တွင် အိမ်ကြီးအပေါ်ထပ် ဝရန် တာဘေးတွင်ထိုင်ကာ ဝီစကီနှစ်ပက်ကို ဆိုဒါနှစ်လုံးရောကာ သောက်ချ လိုက်၏။

ဆိုဒါတန်ခိုးနှင့် လေတွေ တဝေ့ဝေ့ အန်နေရ၏။ ခံစားလိုက်ရ သည့်ဖြစ်ခြင်း။ ဝီစကီတန်ခိုးပြတော့လည်း ခေါင်းထဲ ချာချာလည်နေ၏။ အူရိုင်းမို့ အာရုံတွေ ဝုန်းဆန်နေပေ၏။

ထိုအချိန်တွင် နိုင်ဦးသော်တစ်ယောက် အဆောင်ပြန်ရောက်သည် နှင့် မကုလားမထံ ဝင်းသစ္စာနှင့်အတူသွား၍ စတီးချိုင့် ပြန်ရွေးလိုက်ရ၏။ ဝင်းသစ္စာကတော့ ထုံးစံအတိုင်း ပြုံးဖြီးဖြီး။

"မင်းကတော့ တကယ့် မြွေပဲကွာ"

"ဩော်- နိုင်ဦးကလည်း၊ ငါလုပ်ချလိုက်တာ မင်းအတွက် ပါဝါတွေ တိုးလာတာပေါ့ကွ"

"တော်ပါတော့ကွာ"

"ဟဲဟဲ မင်းမသိလို့နေ၁၊ လောကကြီးက အကြီးအကျယ် ပြောင်းလဲ နေပြီ နိုင်ဦးရ"

"ဘာလဲကွာ၊ ဘာတွေဖြစ်နေပြီတုံး"

"လာစမ်းပါကွာ၊ မင်းကို ပြစရာရှိလို့"

ပဟေဠိဆန်လှသော ဝင်းသစ္စာစကားကြောင့် သူခေါ်ရာနောက်သို့ စောင်းငန်းစောင်းငန်းနှင့် လိုက်ခဲ့ရာ ဒေါ်ချစ်ကြီး ထမင်းဆိုင်ရှေ့ ရောက် လာ၏။

"ဟိုမှာ ကြည့်စမ်း"

"ဟင်- အောင်ဘပါလား။ ထူးဆန်းလှချည်လား၊ ဒီကောင် ဆိုင်မှာ တစ်ခါမှ မစားစဖူး စားနေပါလား"

"အဲဒါ ပြောတာပေါ့ကွာ၊ ငါ စောစောကတည်းက ရွှေ့တာကွ။



www.burmeseclassic.com

အဲဒါ ဘာလဲ သိလား"

"ပြောတတ်ဘူးလေ"

"မင်းကလည်းကွာ၊ ဟိုမှာလေ ဒေါ်ချစ်ကြီးဆိုင်ထဲမှာ မြင်လား"

"ဩော်- ကောင်မလေး တစ်ယောက်ပါလား၊ အချောသားကွ"

"အေး- အဲဒါပဲ နိုင်ဦးရ၊ အောင်ဘ စာတ်ကျသွားပြီ။ အဲဒါ ဒေါ်ချစ်ကြီးရဲ့ တူမလေး၊ တောက ရောက်လာတာကွ"

"ဩော်- ဒီလိုကိုး၊ ဒါဆို ဆိုင်ထဲဝင်ကွာ။ ဒီကောင် ဘာနဲ့စားလဲ ကြည့်ရအောင်"

နှစ်ဦးသား စကားတပြောပြောနှင့် ဆိုင်ထဲ ဝင်လိုက်၏။ အောင်ဘက သူတို့ကို မမြင်။ ဒေါ်ချစ်ကြီးတူမကိုကြည့်လိုက် ထမင်းတစ်လုတ်စားလိုက်နှင့် စာတ်ကျနေ၏။ သူတို့နှစ်ဦး အနားရောက်လာသည်ကိုပင် မသိ။ နိုင်ဦးသော်က ဟင်းပန်းကန်ထဲ ငုံ့ကြည့်လိုက်၏။

"ဟာ- အသည်းနှလုံးတွေ ဘာတွေနဲ့ တွယ်နေပါလား"

"အင်. . . နိုင်ဦး၊ ဟာ- ဝင်းသစ္စာ၊ မင်း. . . မင်းတို့ ဘယ်လာ"

"ထမင်းဆိုင်လာတာ ထမင်းစားဖို့ပေါ့ကွာ။ နေပါဦး၊ မင်းက ဒီနေ့တော်တော်ကို ထူးပါလား။ ဆိုင်မှာလည်း ထိုင်စားတယ်၊ စားတော့လည်း အသည်းနှလုံးချက်တွေ ဘာတွေနဲ့၊ ကေနွ"

"နိုင်ဦးကလည်းကွာ၊ ဟို. . . ဟဲဟဲ တစ်ခါတစ်ခါ ဆိုင်မှာ စားရတာ အရသာကွ"

"ဘာအရသာတုံး၊ ငန်ကျိကျိလား"

"အင်- ဝင်းသစ္စာ၊ မင်းပါးစပ် ပိတ်ထားစမ်း"

"ဟဲဟဲ အောင်ဘရာ၊ ကိုယ့်ကိုယ်ကိုယ် လိမ်တဲ့လူဟာ အဆိုးဆုံးပဲကွ။ လူငယ်ဆိုတာ အမှန်တရားကို ပြောရဲရမယ်၊ ဖွင့်ဟရဲရမယ်"

"ဘာတွေတုံး"

"ဟဲ့- နင်တို့ ထမင်းစားကြမှာလား"

"စားမှာပေါ့ ဒေါ်ချစ်ကြီးရာ၊ ဟို- အောင်ဘစားတဲ့ အသည်းဟင်း ရှိသေးလား"

"ကုန်ပြီလေ၊ အောင်ဘက ကြိုက်လို့ဆိုပြီး နှစ်ပွဲဆက်မှာတာ"

"ဟာ- ဒီအသည်းတွေ လိုမှ်စားပုံထောက်ရင် အသည်းကြီးချင်လို့နဲ့ တူတယ်။ အသည်းကြီးရင် ဗိုက်ပူတတ်တယ်ကွ၊ ကြည့်စမ်းနော်"

"ဘာကွ"

"ဟဲ့- တော်ကြစမ်းပါဟယ်၊ ကဲ- ဘာနဲ့စားမလဲ၊ ပဲကုလားဟင်း ရှိတယ်၊ ငါးမွှေရှိတယ်၊ ဝက်သားကာလသားချက် ရှိတယ်။ ပြီးတော့ ငါးရှဉ့်ဟင်းလည်း ရှိတယ်"

"ကျွန်တော်တို့ကို ငါးရှဉ့်နဲ့ပေးဗျာ၊ ပဲကုလားဟင်းလည်းထည့်။ ဟေ့ကောင် အောင်ဘ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုံးကွ နိုင်ဦး"

"အသည်းစားရင်းနဲ့ ခဲဝါးမိဦးမယ်ကွ"

"ဘာကွ၊ မင်း. . . မင်း"

"ဟဲ့ဟဲ့ တော်ကြပါတော့ဟယ်၊ နင်တို့ကလည်း ထမင်းကောင်းကောင်း မစားကြဘူး။ ကဲ- အေးအေး စားကြ"

ဒေါ်ချစ်ကြီး၏ စကားကြောင့် သုံးယောက်စလုံး ငြိမ်ငြိမ်ကုပ်ကုပ်နှင့် စားလိုက်ကြ၏။ အောင်ဘမှာ သူတို့နှစ်ဦးကို မျက်စောင်းတခဲခဲနှင့် ဖြစ်နေ၏။ ဒေါ်ချစ်ကြီးတူမ ဝေဝေနှင့် အပေးအယူ ဖြောင့်နေချိန် သာသနာဖျက်များ ရောက်လာသည်မို့ စိတ်တွေ ခုန်ဆွခုန်ဆွ ဖြစ်နေ၏။

"အောင်ဘ"

"ဘာတုံး"

"မင်းဗီရိုပုထဲက ချဉ်ပေါင်ကြော်၊ ငါးပိကြော်တွေ မှိုတက်ကုန်ပြီလား"

"မင်း. . . မင်းနော်၊ ငါ့ဗီရိုကို မင်း ဖောက်ထွင်းပြီး ခိုးစားတာ မဟုတ်လား၊ မင်းကွာ"

"ဟဲဟဲ သူငယ်ချင်းတွေပဲ အောင်ဘရာ၊ ပေးကမ်းခြင်းသည် အောင်မြင်ရာတဲ့။ အသည်းစားတိုင်း အသည်းစကား မပြောနိုင်ပါဘူးကွာ။ နိုင်ဦး ပြောသလို ခဲဝါးမိနေဦးမယ်ဟေ့"

"တိတ်စမ်း၊ တောက်- ငါကွာ"

အောင်ဘ ပေါက်ကွဲသွား၏။ ထမင်းကို အလျင်အမြန် စားကာ ဆိုင်ထဲမှ ထွက်သွား၏။ နိုင်ဦးသော်နှင့် ဝင်းသစ္စာတို့မှာ တဟားဟား ရယ်မောရင်း ကျန်ရစ်ခဲ့လေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

မိုးမလင်းခင် ကျွက်စီကျွက်စီ အသံများ ကြားလိုက်ရသဖြင့် နိုင်ဦးသော် လန့်နိုးလာ၏။ ဝင်းသစ္စာကတော့ ဘာမှ မသိ။ အောင်ဘကို လှမ်းကြည့်တော့ ခုတင်ပေါ်တွင် အောင်ဘ မရှိ။

အိပ်ရာထဲမှ လူးလဲထကာ အောက်ထပ်သို့ ဆင်းခဲ့၏။ အိမ်ရှေ့တန်းလျားတွင် ဦးရွှေကို ထိုင်နေ၏။ ဆေးပေါ့လိပ်ကြီး တဖွာဖွာ လုပ်နေ၏။ သူ့ကိုမြင်တော့ လေသံအောအောနှင့် ပြောလေ၏။

"အောင်ဘကတော့ ပြဿနာပဲကွာ"

"ဘာဖြစ်လို့တုံး ဦးလေးရွှေကို"

"ဟာ- စောစောစီးစီး ထပြီး ငါ့ကို တံခါး အတင်းဖွင့်ခိုင်းတယ်လေ။ မေးကြည့်တော့လည်း အူလည်လည်နဲ့ကွ။ မင်းကောင် သရဲများ စီးနေလား မသိဘူး"

"ဘာဖြစ်လို့လဲဗျ"

"ဟာ- နာရီပြန်သုံးချက် ထပြီး ရေချိုးတယ်ကွာ။ အဝတ်စားသစ်တွေလဲပြီး ထွက်သွားတာကွာ။ ဒီအချိန် ဘယ်အိမ်ကမှ အလှူအတန်း မလုပ်ပါဘူးကွ"

"ဟုတ်ပါ့ဗျာ၊ နေဦး ကျွန်တော် လိုက်ကြည့်ဦးမယ်ဗျ"

"လိုက်ကြည့်စမ်းပါကွာ၊ ဒီကောင့်ကြည့်ရတာ သွေးရူးသားရူးမှ ဟုတ်ရဲ့လား မသိဘူး"

ဦးရွှေကိုတစ်ယောက် ပွစိပွစိနှင့် ကျန်ခဲ့၏။ နိုင်ဦးသော်လည်း အဆောင်ဝင်းတံခါးကို တွန်းဖွင့်၍ အဆောင်အပြင်သို့ ထွက်ခဲ့၏။ လမ်းမကြီးပေါ် ရောက်တော့ ဝါရော်ရော် မီးရောင်များအောက် တဝုတ်ဝုတ် ဟောင်နေသော ခွေးအုပ်ကြီးကို တွေ့ရ၏။

နိုင်ဦးသော်သည် ခွေးအုပ်ကို ခဲနှင့်ထုရင်း လမ်းမကြီးအတိုင်း တွေ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်လျှောက်ခဲ့ရာ ဒေါ်ချစ်ကြီး ထမင်းဆိုင်ဘက်သို့ ရောက်လာ၏။

ခပ်ဝေးဝေးက လှမ်းကြည့်ရင်း မီးခိုးတလူလူ တက်နေသော မီးပုံနံဘေး ထင်းတဖြောင်းဖြောင်း ခွဲနေသော အောင်ဘကို တွေ့လိုက်ရ၏။ မြင်ကွင်းက အံ့ဖွယ်ရာပင်။ တစ်အောင့်အကြာတွင် ဆိုင်အနောက်ဘက် ရေဘုံဘိုင်မှ ရေများကို ပုံးနှစ်ပုံးနှင့် အပြေးအလွှား ခပ်နေသည်ကို မြင်လိုက်ရ၏။

နိုင်ဦးသော် အကြီးအကျယ် အံ့သြသွား၏။ ဝီရိယကြီးလှသော အောင်ဘကို နားမလည်နိုင်အောင် ဖြစ်ခဲ့ရ၏။ နောက်ဆုံး အောင်ဘ မသိအောင် လာရာလမ်း ပြန်လှည့်ခဲ့ပြီး အဆောင်သို့ ပြန်ရောက်လာ၏။

"တွေ့ခဲ့လားကွ"

"တွေ့ပါတယ်ဗျာ"

"ဟင်- ဘယ်မှာတုံး"

"ရပ်ကွက်အနောက်ဘက် ဘုန်းကြီးကျောင်းမှာ ဆွမ်းကျန်၊ ဟင်းကျန် သွားတွယ်နေတာဗျ"

"ဟေ- ဒီကောင် ဘယ်လိုဖြစ်သတုံး၊ ငတ်ကြီးကျပါ့ကွာ။ ပိုက်ဆံမရှိလို့လား"

"ဟာ- ဒီကောင်က ကုတ်စေးဗျ။ တစ်ပြားကို နှစ်ပြားခွာနေတာ။ အလကား အိပ်ရေးပျက်တယ်ဗျာ၊ ပြန်အိပ်တော့မယ်"

နိုင်ဦးသော် အဆောင်ပေါ် ပြန်တက်သွား၏။ ဦးရွှေကိုမှာ ဆက်၍ မအိပ်နိုင်တော့။ ထို့ကြောင့် ခြေလက်မျက်နှာ ဆေးကြောပြီး အသံဖွာ လောင်လောင်ဖြင့် ဘုရားစာများကို အော်ဟစ်ရွတ်ဖတ်နေလေ၏။

မိုးထိန်ထိန်လင်းသွားသည့်အခါ အောင်ဘ ပြန်လည် ရောက်ရှိလာ၏။ မျက်နှာက မချိုမချဉ်၊ မှိုရလာသလိုလို၊ ရတနာသိုက်ကြီး တွေ့လာသလိုလို။ သူ့ကိုမြင်တော့ ဦးရွှေကို အသံဝါဝါကြီးနှင့် ပြောလိုက်၏။

"ဟကောင် အောင်ဘ"

"ဗျာ၊ ဦးလေးရွှေကို"

"ဘယ်လို ဖြစ်သတုံးကွာ"

"ဘာ. . . ဘာဖြစ်လို့လဲဗျ"

"မင်းကွာ၊ ဒီလောက် ငတ်ကြီးကျတာတော့ ဘယ်ကောင်းမှာလဲ"

"ဗျာ၊ ငတ်ကြီး. . . ဘာတွေတုံးဗျ"

အောင်ဘတစ်ယောက် ဦးရွှေကို၏ စကားကြောင့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်နေ၏။ ထိုစဉ် ဦးရွှေကို၏ စကားသံ ထွက်လာ၏။

"မင်း ဘုန်းကြီးကျောင်းသွားပြီး ဆွမ်းကျန်တွေ သွားစားတယ်ဆို"

"ဗျာ"

"ဘယ်ကောင်းမှာလဲကွ၊ ဆွမ်းကျန် သွားစားရအောင် မင်းက တပ္ပိယလား"



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျာ၊ ဟာ- မဟုတ်သေးပါဘူး။ ဒီစကား ဘယ်သူပြောတာလဲ ဦးလေးရွှေကို"

"ဘယ်သူပြောပြောပေါ့ကွာ၊ အရပ်ထဲ သုံးလေးလှမ်းလှမ်းရင် ဘုန်းကြီးကျောင်း ရောက်နေပြီပဲကွ။ ငါက ညာပြောပါ့မလားကွာ၊ ကြည့်လည်း စားဟော့ ဆွမ်းကျန်၊ ဟင်းကျန်စားတဲ့ငတိတွေက များသောအားဖြင့် ခေါင်းမှာ ဒက်တွေပေါက်သကွ"

"ဗျာ၊ ဟာ- ဒုက္ခပါပဲ"

အောင်ဘတစ်ယောက် ဦးရွှေကို၏ စကားကြောင့် အူလည်ချာလည်နှင့် အပြေးတက်သွားလေ၏။ ထိုအချိန်တွင် ဝင်းသစ္စာနှင့် နိုင်ဦးသော်တို့ နှစ်ယောက် ရေမိုးချိုးပြီးချိန် ဖြစ်၏။ အောင်ဘသည် အိမ်ပေါ်ရောက်သည်နှင့် အဝတ်အစားလဲကာ ခုတင်ပေါ် ပစ်လှဲလိုက်၏။

ဘယ်သူတွေ ဘာပြောပြော သည်မနက်တော့ အောင်ဘ အမြတ်ထွက်ခဲ့သည်ဟု ဆိုရမည်။ ဝေဝေ၏ တုံ့ပြန်မှုက သူ့ရင်ထဲ ယခုအထိ စွဲငြိနေဆဲ။ အမှန်မတော့ ဝေဝေနှင့် သူ ဆုံစည်းလာမှုကလည်း ကံကြမ္မာကြောင့်လား သို့တည်းမဟုတ် ဖူးစာရေးနတ်၏ အစမွှ မြှောက်ပင့်ပေးမှုကြောင့်လား တစ်ခုခုတော့ တစ်ခုခုပင်။

ဝေဝေနှင့် တွေ့သည့်အချိန်က ဒေါ်ချစ်ကြီးဆိုင်တွင် ချဉ်ပေါင်ကြော်နှင့် ဘဲဥပြုတ်ဝယ်ပြီး အဆောင်မှာ ယူတွယ်ရန် ကြံစည်ခဲ့ခြင်း ဖြစ်၏။ ဆိုင်ရောက်သောအခါ သနပ်ခါးပါးကွက်ကျားနှင့် ယဉ်စစ ပြောဆိုသံကလေးကြောင့် သူ့နှလုံးသည်းပွတ်တို့ တဝုန်းဝုန်း တုန်ခါခဲ့ရ၏။

မမြင်စဖူး မြင်လိုက်ရသော တောစပယ်ရိုင်းကလေးလို လှနေသော ဝေဝေ။

ပကတိ ငြိမ်သက်တိတ်ဆိတ်နေသော ခံစားမှုတို့ ပြောင်းဆန်ကုန်၏။ လှုပ်လှုပ်ရှားရှား ခံစားလိုက်ရသည်မို့ ဝယ်ရမည့် ဟင်းလျာတို့ပင် မေ့သွားခဲ့၏။ နောက်ဆုံး ဟင်းမဝယ်တော့ဘဲ ဆိုင်မှာပင် တွယ်လိုက်၏။ တစ်ဖက်က ဗိုက်ဖြည့်၊ တစ်ဖက်က အရိပ်တကြည့်ကြည့် ခံစားခဲ့မိ၏။

ယခုတော့ ဝေဝေဆိုသော ကောင်မလေးထက် ဘာမှ အရေးမကြီးတော့။ ခြစ်ကုတ်ထားသည့်ပိုက်ဆံ ပြောင်သလင်းခါသွားပါစေ၊ အချစ်ကြောင့် အောင်ဘ အရာရာ ကန်းကွယ် ဆွံ့အသွားပြီဟု ဆိုရတော့မည်။

တစ်ယောက်တည်း တောင်တောင်ဂျီဂျီ တွေးတောနေစဉ် သူ့ခုတင်ပေါ် ဝင်းသစ္စာနှင့် နိုင်ဦးသော် ရောက်လာ၏။ သူတို့နှစ်ယောက်ကိုကြည့်ပြီး အောင်ဘ မျက်ခုံးတလှုပ်လှုပ် ဖြစ်နေ၏။

သူ့အကြောက်ဆုံးက ဝင်းသစ္စာ။ ဝေဝေနှင့် သူ့ကြား ဝင်းသစ္စာသို့ စတမျိုး ကြားဝင်လိုက်လို့ကတော့ ငါးပါးရော သံယာစင်ပါ မှောက်ပေမည်မို့ ရင်တထိတ်ထိတ်။

"ဘာ. . . ဘာလဲကွ"


www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ ခုတော့ စိတ်ကူးယဉ်သမားကြီး ဖြစ်နေပြီလား အောင်ဘရဲ"

"ဟာ- မင်းကလည်း ငါ စိတ်ကူးမယဉ်တတ်ပါဘူးကွာ၊ ဟို. . . အဲ မင်းတို့"

"ဟေ့ကောင် အောင်ဘ"

"ဘာတုံး"

"မင်း ဘာတွေ တွေးနေတယ်ဆိုတာ တို့နှစ်ယောက်စလုံး သိနေပါတယ်ကွာ။ မှတ်ထားကွ၊ အချစ်ဆိုတဲ့ကဏ္ဍမှာ တစ်ယောက်တည်း မလုံးနဲ့ကွ။ တစ်ယောက်တည်းလုံးရင် ကြောင်သွားတတ်တယ်၊ ရူးသွားတတ်တယ်"

"အင်. . . ဟို- အဲဒါ ငါ ဘယ်လို"

"ဟားဟားဟား"

"နိုင်ဦး၊ မင်း. . . မင်း ဘာရယ်တာလဲကွ။ ခုမှ ငါက ချစ်တတ်ခါစ ရှိပါသေးတယ်။ ငါ့ကို မလှောင်ပါနဲ့ကွာ"

နိုင်ဦးသော် ဟက်ဟက်ပက်ပက် ရယ်မောလိုက်တော့ အောင်ဘ ကြောင်စီစီ ဖြစ်နေ၏။ ထိုစဉ် နိုင်ဦးသော်က ခပ်တည်တည်နှင့် မေးလိုက်၏။

"မင်းနဲ့ အဲဒီ ထမင်းဆိုင်က ကောင်မလေးနဲ့ ဘယ်လို အခြေအနေ ရှိပြီလဲ"

"ဟို. . . ဟိုကွာ၊ မျက်လုံးချင်းတော့ စကားပြော"

"ဘာကွ၊ မျက်လုံးချင်း စကားပြော။ အဲဒါ မဖြစ်နိုင်ဘူးကွ၊ ပြောချင်းပြော ပါးစပ်ကသာ ပြောနိုင်မှာကွ။ မင်းဉစ္စာ ယုတ္တိမရှိလိုက်တာကွာ"

"ဟာ- သဘောပြောတာကွ။ သူကလည်း ငါ မလာရင် ဟိုရှာဒီရှာကွ။ ငါကလည်း ဆိုင်ရောက်လို့ သူ့မမြင်ရင် ဟိုရှာဒီရှာနဲ့၊ အဲဒါ စကားပြောကြတဲ့ သဘောပေါ့ကွာ"

"မဖြစ်နိုင်ဘူး၊ အချစ်ဆိုတာကို မင်း အသေအချာ မသိပါဘူးကွာ။ ဝင်းသစ္စာ၊ ပြောပြလိုက်စမ်းကွာ"

"အင်"

"ဟဲဟဲ ဘယ်လိုလဲ အောင်ဘ၊ မင်း ငါ့သြဝါဒကို နားထောင်မလား"

"ဟကောင် ဝင်းသစ္စာ၊ မင်းက မိန်းမဆို မူးလို့တောင် ရှုစရာမရှိတဲ့ ကောင်ကများ"

"ဟာ- အဲဒါကိုက မင်း မှားနေတာကွ။ ငါက ချစ်သူရှာဖို့ထက် ကိုယ့်ကိုယ်ကိုယ်တောင် ချစ်မဝနိုင်အောင် ဖြစ်နေတဲ့လူကွ။ အချစ်ဆိုတာ သေးသေးလေးပါကွာ"

"ဟင်"

ဝင်းသစ္စာ၏ ခပ်လွှော့လျော့ ပြောချလိုက်သော စကားကြောင့် အောင်ဘ မခံမရပ်နိုင်အောင် ခံစားနေရ၏။ ဝေဝေဆိုတဲ့ ပန်းပွင့်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို သူ ခြေခုံမို့မို့ညိုညိုလေးကအစ မျိုထားမတတ် စွဲနေမိ၏။ ယခုတော့ ဝင်းသစ္စာ၏ သေးသေးလေးပါ ဆိုလိုက်သဖြင့် အောင့်သီးအောင့်သက် ဖြစ်သွား၏။

"အဲဒီလိုတော့ မပြောနဲ့ကွာ"

"ဘာလဲ၊ မင်းကောင်မလေးက အကောင်ကြီးလို့လား။ အကောင်ကြီးရင် မျိုရခက်တယ်နော်"

"ခြေထောက်က စမျိုပေါ့ကွာ"

ဝင်းသစ္စာနှင့် နိုင်ဦးသော်တို့နှစ်ယောက် အောင်ဘကို ဘီးတပ်ပေးနေကြ၏။ အတည်ပေါက် ပြောနေသည်အမှတ်နှင့် အောင်ဘကလည်း ပြုံးဖြီးဖြီးနှင့် ပြောလိုက်၏။

"ဟုတ်တယ်ကွ၊ ဟို. . . ဟိုလေ အဲဒီ ဝေဝေဆိုတဲ့ တောရိုင်းပန်းလေးက ခြေထောက်ကလေးကအစ လှတာကွ။ သူ့ရဲ့ ညိုတိုတို ခြေခုံမို့မို့လေးဆို ငုံထားချင်စရာကွ"

"ဟေ"

"ဟားဟားဟား ဟုတ်ပြီ၊ ငုံမထားနဲ့ မျိုလို့ရရင် မျိုသာမျိုကွ။ အချစ်ဆိုတာ မြွေပဲ၊ သူ့ကိုယ်မျို ကိုယ့်သူမျိုနဲ့ နောက်ဆုံး မြွေတွေဖြစ်သွားကြတာကွ"

"အင်"

အောင်ဘတစ်ယောက် မျက်လုံးတလည်လည်နှင့် ဖြစ်နေ၏။ ဝင်းသစ္စာ၏ စကားကိုလည်း တကယ်မှ ဟုတ်ပါလေစဟု ဇဝေဇဝါ ဖြစ်နေ၏။ ထိုစဉ် နိုင်ဦးသော်ကပါ ဝင်မ,လိုက်၏။

"အဲဒါ အမှန်ပဲကွ၊ တချို့က နားရွက်ကစပြီး မျိုတာကွ။ တချို့ကတော့ ခြေထောက်ကစပြီး မျိုကြတာကွ"

"အင်- မင်းတို့ဥစ္စာ မျိုတာနဲ့ကို မပြီးသေးပါလားကွ"

"စောစောကပဲ မင်းပြောခဲ့တယ်လေ၊ ခြေခုံညိုညိုမို့မို့လေးဆို၊ အေး အဲဒါ တစ်ခုတော့ ရှိတယ်ကွ"

"ဘာတုံး နိုင်ဦးရ"

"ငါတို့ရုံးက ကိုမြဖေကြီး ပြောတာတော့ အချစ်က ခေါင်းကစတာ ရှိတယ်၊ နားရွက်ကစတာ ရှိတယ်၊ ခြေထောက်ကစတာ ရှိတယ်၊ ခြေထောက်ကစရင်တော့ နည်းနည်း ငန်တယ်တဲ့ကွ"

"အင်- ဒါ. . . ဒါဆို နားရွက်"

"အေး နားရွက်ကစရင် သက်တက်တက်တဲ့ကွ။ ခေါင်းကျတော့ ညီစိုစို"

"ဟာကွာ၊ မင်းဥစ္စာ တစ်မျိုးကြီးပါလားကွ။ ဒါပေမယ့်ကွာ၊ ဝေဝေ့ခြေထောက်လေးတွေကြည့်ပြီး သူ့ခြေရာလေးတွေ ငါ့ရင်ထဲ ဘိမ်းထားလိုက်ချင်တယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ- မင်းက အမေ့ခြေရာ၊ အဖေ့ခြေရာထက် ချစ်သူခြေရာကို စုံမက်သကိုး။ အဲဒါ လွယ်ပါတယ်ကွာ၊ ဝေဝေ စီးနေကျဖိနပ်ကို ရအောင် ခိုးပြီး မင်းရင်ထဲ ဝှက်ထားပေါ့ကွ"

"ဟေ- ခိုးရမယ်၊ ဟာကွာ အဲဒါတော့"

"ဟာ- ချစ်လာရင် ဘာမှ မမြင်ပါဘူးကွာ။ ချစ်သူခြေရာကို လိုချင်ရင် အဲဒီလိုတော့ လုပ်ရမှာပဲကွ။ အချစ်ဆိုတာ အနာအဆာရှိမှကွ။ အောင်ဘ ငါ ပြောသလိုလုပ်၊ သူမေးလာရင် ချစ်လို့ပေါ့ကွ။ အဲဒါ တကယ့် အချစ်ဒဿနကွ"

နိုင်ဦးသော် ထင်ရာမြင်ရာ စွတ်တင်ပြီး ပြောဆိုမှုကို အောင်ဘက တကယ်ထင်နေ၏။ သို့သော် သူ့စိတ်ထဲ မရွံ့မရဲ ဖြစ်နေ၏။ အောင်ဘက အညာသားပီပီ ရိုးလွန်း အလွန်း ထုံလွန်းလှသူ ဖြစ်၏။

ကုမ္ပဏီတစ်ခုတွင် စာပေးစာယူ လုပ်ကိုင်နေရသူဖြစ်ပြီး သူ့အမူ အကျင့်မှာ အရာရာကို ကုတ်စေးတွန့်တိုတတ်ခြင်း ဖြစ်လေ၏။ သို့သော် ဝေဝေဆိုသော အမျိုးသမီးငယ်လေးနှင့် ကြုံလာသောအခါ နဂို အမူ အကျင့်ဖြစ်သော တစ်ယောက်တည်း နေတတ်သည့်အကျင့် လျော့ရဲလာ ခြင်းပင် ဖြစ်လေ၏။

သူ့အယူအဆက တစ်မျိုး။ လူများများကို မပေါင်းချင်၊ ပေါင်းလျှင် သူ့အလှည့်ကိုယ့်အလှည့်ဆိုသည့် ဆက်ဆံရေးကို အောင်ဘ အမြဲ ထိတ် လန့်နေ၏။ သူများကျွေးတာကို စီးစီးပိုးပိုး စားချင်သောက်ချင်စိတ်သာ ရှိ၏။ ထို့အပြင် လူများများနှင့် စကားမပြောခြင်းမှာ စကားကအစ ချွေ တာခြင်း ဖြစ်၏။

တောထဲတောင်ထဲမှ တက်လာရသူ ဖြစ်၍ အမြဲတမ်း ကုပ်ကုပ်ခြစ် ခြစ် နေထိုင်ချင်သူလည်း ဖြစ်၏။ ယခုတော့ နိုင်ဦးသော်တို့လူစုကို သူ ပျူပျူငှာငှာ ပြောရဆိုရလေပြီ ဖြစ်၏။

ယခုလည်း နိုင်ဦးသော် ပေးလာသည့် အကြံဉာဏ်ကို သူ ခပ်ထုံထုံ အတွေးနှင့် စဉ်းစားနေ၏။

"ကောင်းပါ့မလားကွ၊ သူများဖိနပ်ခိုးတာ"

"ဟာ- မင်းကို သူများဖိနပ် ခိုးခိုင်းတာ မဟုတ်ဘူးကွ၊ အချစ်ခြေရာ ယူခိုင်းတာလေ"

"အချစ်ခြေရာ"

"မင်းကလည်း ထုံပါ့ကွာ၊ အယူတော်မင်္ဂလာထဲမှာ အချစ်ခြေရာကို အဲဒီလို ယူရတယ်တဲ့ကွ"

"ဟင်- ဘယ်သူပြောသတုံး"

"ကိုမြဖေကွာ"

"မင်းတို့ကုမ္ပဏီက ပညာရှိကြီးလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လွှားခနဲ ခုန်ချလိုက်ရလေ၏။

"ဟိုက်- ထမင်းချိုင့်ကြီး၊ ဟိုး. . . ဟိုး ဟိုးဗျို့"

သူ အတင်း အော်ဟစ်ပါသော်လည်း ကားကြီးက မီးခိုးတွေ ထောင်းထောင်းထအောင် မှုတ်ထုတ်ပြီး ဝေါခနဲ မောင်းပြေးလေတော့၏။ သူ ဘာလုပ်လို့ လုပ်ရမှန်းမသိ။ လက်ထဲ မှဲ့နီလေး၏ ချိုင့်ကြီးက တန်းလန်း။ နမော်နမဲ့နှင့် ပိုင်ရှင်ထံ ပြန်မပေးဘဲ ယူလာမိသည်မို့ အူချာချာ ဖြစ်နေရ၏။

နောက်ဆုံးတော့ ထမင်းချိုင့်ကြီးဆွဲပြီး သစ္စာကမ္ဘာ ကုမ္ပဏီကြီးသို့ ချီတက်ခဲ့ရလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဦးသော် အတည်ပေါက် ပြောနေသည်မို့ အောင်ဘ ခေါင်း တညိတ်ညိတ် လုပ်နေ၏။ ဝေဝေ၏ ခြေခုံမို့မို့လေး ထင်ကျန်ရစ်ခဲ့သော ဖိနပ်ကို သူ အရယူတော့မည်ဟု စိတ်ကို တုံးတုံးချလိုက်လေ၏။

သို့နှင့် ထမင်းဆိုင်တွင် ဝင်ထွက်သွားလာရင်း ပို၍ပို၍ ရင်းနှီးလာ၏။ အောင်ဘက မီးမွှေးသည့်ကအစ ဝိုင်း၍ လုပ်ကိုင်ပေးခဲ့၏။ ကုမ္ပဏီလည်း မသွားတော့။

ဝေဝေ့နား တရစ်ဝဲဝဲ လုပ်ရင်း တဟဲဟဲ တဟီးဟီး ဖြစ်နေလေ၏။ တစ်ချိန်တွင် ထမင်းဆိုင်အနောက်ဘက်တွင် မိန်းမစီးဖိနပ်ကလေးတစ်ရန် ချွတ်ထားသည်ကို အောင်ဘ မြင်လိုက်ရ၏။

မြင်ကွင်းကြောင့် သူ ဝမ်းသာအားရ ဖြစ်နေ၏။ ဟိုဟိုဒီဒီကြည့်ပြီး ခရမ်းနုရောင်ဖိနပ်ကလေးကို သူ့ခါးကြားထဲ အတင်း ထိုးထည့်ကာ အပေါ်မှ အင်္ကျီကို အပြင်ထုတ်၍ ဝတ်လိုက်၏။ သို့သော် သူ့လုပ်ရပ်ကို မထင်မှတ်ဘဲ မြင်သွားသူက ဒေါ်ချစ်ကြီး ဖြစ်လေ၏။

ခေါင်းမူးသဖြင့် ထပ်ခိုးပေါ် တက်အိပ်နေစဉ် ဖျတ်ခနဲ လန့်နိုးလာရာမှ အောက်သို့ ငုံ့အကြည့် အောင်ဘ၏လုပ်ရပ်ကို မြင်တွေ့သွားခြင်းပင် ဖြစ်၏။ ထိုအခြင်းအရာကြောင့် ဒေါ်ချစ်ကြီး ထိတ်လန့်သွား၏။ ကျယ်ကျယ်ဟာဟာလည်း မပြောဝံ့။

အောင်ဘ ဆိုင်က ပြန်သွားချိန် ဒေါ်ချစ်ကြီး ထပ်ခိုးပေါ်မှ ဆင်းလာ၏။ ဝေဝေ့ကို တွေ့သည်နှင့် တီးတိုးပြောပြလိုက်၏။

"ရှင်၊ အရီးဖိနပ်ကို ယူသွားတယ်"

"ဟုတ်ပ့ါတော်၊ ကျုပ်ဖိနပ်ယူပြီး ဘာလုပ်မလို့လဲ မသိဘူး"

"သေချာရဲ့လား အရီးရယ်"

"အို သေချာပါသတော်၊ ခါးကြားထိုးပြီး၊ အင်္ကျီနဲ့ဖုံးသွားတာ ကျုပ်မျက်စိနဲ့ တပ်အပ်မြင်တယ်။ ဧကန္တ မီးဖုတ်စားဖို့များလား၊ ဒါမှမဟုတ် အောင်ဘဟာ ဘာလဲ"

"ဟုတ်သားပဲ၊ ကျွန်မတော့ အံ့ရောပဲ အရီးရေ"

"ငါလည်း နားတောင်မလည်တော့ပါဘူးဟယ်"

တူဝရီးနှစ်ယောက် ကြောင်စီစီနှင့် ပြောဆိုနေကြစဉ် အဆောင်ပြန်ရောက်လာသော အောင်ဘကတော့ အောင်နိုင်သူကြီးတစ်ဦးပမာ ဝင့်ဝင့်ကြွားကြွား ဖြစ်နေလေ၏။

ခရမ်းနုရောင် ဖိနပ်ကလေးကို ထုတ်ကြည့်ကာ ပီတိတွေ ဖြာနေ၏။ ချစ်သူခြေရာလေး စွန်းထင်းကျန်နေသော ဖိနပ်ကလေးမို့ သူ့ရင်မှာ တယ တယ ဖြစ်နေ၏။ ထိုမြင်ကွင်းကို မြင်လိုက်သူက အဆောင်ပိုင်ရှင် ဦးရွှေကို။

မိန်းမဖိနပ်ကလေး တကိုင်ကိုင် လုပ်နေသော အောင်ဘကိုကြည့်ပြီး ဦးရွှေကို မျက်လုံးပြူးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . . မင်း ဖိနပ်"

"ဟဲဟဲ ဦးလေးရွှေကိုပါလား"

"မင်း ဘာတွေလုပ်တာလဲကွ"

"ဟဲဟဲ ဒါ အချစ်ခြေရာ စွန်းထင်းနေတဲ့ ဖိနပ်လေ။ သိမ်းထားမလို့ ပေါ့ဗျာ"

"ဟိုက်- အချစ်ခြေရာ၊ မင်းဥစ္စာ ဟုတ်မှဟုတ်ရဲ့လားကွာ။ ဘာတွေ လျှောက်လုပ်နေတာလဲ"

"ခက်ပဲ့ ဦးလေးရွှေကိုရာ၊ ဒါ နိုင်ဦးသော်ရဲ့ဆရာ လမ်းညွှန်ချက် ဗျ။ အချစ်ခြေရာကို သိမ်းဆည်းထားရင် အချစ်ကို ပိုင်ဆိုင်ရမယ်တဲ့ဗျ။ အဲဒါ ဟို- အယူတော်မင်္ဂလာထဲ. . ."

"ဟုတ်ရဲ့လားကွာ"

"အဲဒါကြောင့် ခက်တာပေါ့ ဦးလေးရွှေကိုရာ၊ ဦးလေးက ရည်းစားမှ မထားဘူးဘဲကိုး။ အချစ်ရှိလာရင် ဘာမဆို လုပ်ရဲတယ်ဗျ"

"ဟေ- ဒါဆို မင်း အဲဒီဖိနပ် ဘယ်လိုရလာသလဲ"

"ဖြောင်လာတာလေ၊ ဒီလိုပဲ စွန့်စားရတာပေါ့ဗျာ။ ခုတော့ အချစ် ခြေရာက ကျွန်တော့်ရင်ခွင်ထဲ ရောက်နေပြီလေ။ ရင်ထဲ နွေးခနဲ သိမ့်ခနဲ ခံစားလိုက်ရတာဗျာ"

"ဟာ- သွားပါပြီ၊ ငါတော့ ဒီတစ်ခါပဲ ကြားဖူးမြင်ဖူးသကွာ"

နောက်ဆုံးတော့ အောင်ဘကို ဦးရွှေကို လက်နက်ချလိုက်ရ၏။ အောင်ဘခမျာ စင်ဒရဲလားပုံပြင်ထဲက ဖိနပ်ဖူးစာလေးအကြောင်းကို သတိရလာ၏။

သူနှင့် ဝေဝေတို့လည်း ဖိနပ်ဖူးစာများ ဖြစ်လေမလား။

သို့ဆိုလျှင်. . .

ဝေဝေက စင်ဒရဲလားကလေးလား၊ သူကရော ရွှေမင်းသားကလေး လား။

အတွေးထဲ ဝါးတားတား ဝေတေတေ။ သို့သော် အချစ်စီးသော ဖိနပ် ကလေး ရင်ခွင်ထဲ ပွေ့ထားရသည်ပင် တအုံနွေးနွေးနှင့် ခံစားနေရ၏။

ထိုအချိန်တွင် နိုင်ဦးသော်တစ်ယောက် စတီးချိုင့်ကြီးကိုင်ပြီး ဂရင်း လေဒီမည်သော ဆိုင်ထဲသို့ ဝင်သွား၏။

သူ့ရင်ကို အလုပ်ရှုပ်ကြီး လှုပ်ရှားစေခဲ့သော မှဲ့နီလေး၊ သို့တည်း မဟုတ် ထားခက်ခက်ဝေ။

သူ့ကိုမြင်တော့ ရှုတင်းတင်း လှမ်းကြည့်နေ၏။ နိုင်ဦးသော်သည် စတီးချိုင့်ကလေးကို ကောင်တာစားပွဲပေါ် ထောက်ခနဲ တင်လိုက်၏။

"ဟင်- ထမင်းချိုင့်"

"ဟုတ်တယ်လေ၊ အဲဒါ လာပို့တာ။ ထမင်းတွေတော့ ??းလိုက် ပြီနော်၊ ဟဲဟဲ မထားဝေ ကျေနပ်ရဲ့လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မကျေနပ်ရင် ပြန်အန်ပေးမလို့လား"

"ဟာ- အဲဒီလို မဟုတ်ပါဘူးဗျာ၊ တကယ်လို့ ထမင်းဟင်း ပြန်ထည့်ဆိုလည်း. . ."

"တော်ပါ၊ နောက်တစ်ခါ ရှင် မှတ်ထားဖို့က နေရာတကာမှာ နမော်နမဲ့ မနိုင်စေနဲ့။ ရှင့်ပုံက အဲဒီလိုပဲ ထမင်းချိုင့်တွေ မှားယူပြီး ထမင်းတွေ မှား လိုက်စားနေသလား"

"ဗုဒ္ဓေါ၊ ဟာ- အဲဒီလိုတော့ မပြောပါနဲ့ မထားဝေရယ်၊ ကျွန်တော် ဒီတစ်ခါပဲ မှားဖူးတာပါ"

"တော်ပါ"

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် ဂရင်းလေဒီ ဆိုင်ရှေ့သို့ မာစီဒီကားကြီး ထိုးဆိုက်လာ၏။ ကားကို မြင်လိုက်သည်နှင့် နိုင်ဦးသော် မျက်လုံးပြူးသွား၏။

"ဟာ- ဘော့စ် လာပြီ"

"ဘာတုံး"

"ဟို. . . ဟို ဘော့စ် လာနေပြီဗျ။ ပြဿနာပဲ၊ ဘယ်မှာ ပုန်းရမှန်းမသိ"

"ဒုက္ခပါပဲ၊ လာလာ ဒီကောင်တာနောက်ကို ဝင်ခဲ့"

"ကျေးဇူးပဲဗျာ"

ပြောပြောဆိုဆိုနှင့် ကောင်တာကြား လမ်းကလေးထဲ ဝင်လိုက်ကာ ဗီရိုနောက်တွင် ပုန်းကွယ်လိုက်ရ၏။ ထိုအချိန်တွင် ကားပေါ်မှ ဆင်းလာသော ဦးသစ္စာစကြာသည် ဆိုင်ထဲ တန်းတန်းမတ်မတ်ကြီး ဝင်လာကာ ထားခက်ခက်ဝေရှေ့ ရပ်လိုက်၏။

"ဟော- အစ်ကိုကြီးပါလား"

"ဟုတ်တယ် ထားရေ၊ မလာချင်လည်း လာနေရတယ်ကွယ့်"

"ရှင်၊ အစ်ကိုကြီးက ထားတို့ဆိုင်ကို မလာချင်ဘူးလား"

"ဩော်- ဒီလိုမဟုတ်ပါဘူး ထားရယ်၊ ထားတို့ဘော့စ်ကို ကြောက်လို့လေ"

"ဟင်- မမကြီးက သဘောကောင်းပါတယ် အစ်ကိုကြီးရယ်"

"ဟာ-သူက အရမ်း ဝန်တိုတယ်လေ၊ သူ့ဆီကို မလာရင် အစ်ကိုကြီးအဖေကို ပြဿနာလုပ်မ်းလုပ်လွန်းလို့ လာရတာ၊ လာကို မလာချင်ဘူး"

"အဲဒီလိုလည်း မပြောပါနဲ့ အစ်ကိုကြီးရယ်၊ မမကြီးက အစ်ကိုကြီးကို ချစ်လို့ပေါ့"

"တော်ပါတော့ ထားရာ၊ ကြာလေ ဆားနဲ့ စားချင်လေ"

"ရှင်၊ ဘာဖြစ်လို့တုံး"

"အို. . . ဒါတွေ ပြောမနေချင်ပါဘူး။ အခုရော ဘယ်မှာလဲ"

"အခန်းထဲမှာ ရှိတယ်"



www.burmeseclassic.com

"ဒါဆို သွားတွေ့ဦးမယ်"

"ဟုတ်ကဲ့"

ဦးသစ္စာစကြာ အပေါ်ထပ်သို့ ထွက်သွားသည်နှင့် နိုင်ဦးသော် ထွက်လာ၏။ ထားခက်ခက်ဝေသည် သူ့ကို ပြုံးစိစိကြည့်ရင်းက ပြောလိုက်၏။

"ရှင်က ဘာဖြစ်လို့ ကြောက်နေတာလဲ"

"ဟာ- ဘော့စ်က မလွယ်ဘူး။ စည်းကမ်း မလိုက်နာရင် ပြဿနာရှာမှာ ကျိန်းသေတယ်"

"ဘော့စ်က ဆိုးလို့လား"

"ဂဏှိဂဏ္ဍောင် များတယ်ဗျ ဟဲဟဲ"

"ရုပ်ကတော့ ဖြောင့်တယ်နော်။ အိုင်တော့ သူ့မျက်လုံးတွေကြည့်ပြီး ရင်တွေခုန်လိုက်တာ"

"ဗျာ"

"ဘာဖြစ်လို့ ကာဗာတပ်ထားရတာလဲဟင်"

"နှာခေါင်း မကောင်းလို့ဗျ"

"ရှင်- နှာခေါင်း၊ နှာခေါင်းက ဘာဖြစ်လို့တုံး"

"ဟဲဟဲ အဲဒါ ဘော့စ်ကို မေးကြည့်လေ။ အကြောင်းသိချင်ရင် နှာခေါင်းကြည့်တဲ့ဗျ။ ပေါင်းမိတာနဲ့ မီးတောက် . . ."

"ရှင်"

"ဟဲဟဲ သွားမယ်နော် မထားဝေ"

နိုင်ဦးသော်တစ်ယောက် သူ ထင်ရာမြင်ရာ ပြောဆိုရင်း ထွက်သွား၏။ ထားခက်ခက်ဝေမှာ နိုင်ဦးသော်၏ စကားကြောင့် နှာခေါင်းပြဿနာခေါင်းထဲ ရှုပ်နေ၏။

သို့သော် ဦးသစ္စာစကြာ၏ အမူအရာက တကယ့် လူကြီးလူကောင်း အသွင်။ ရုတ်တရက်ကြည့်လျှင် ရစ်ချတ်ဂီရီနှယ် ခန့်ညားချောမောသော လူကြီး။ ထားခက်ခက်ဝေ၏ရင်ထဲ အာရုံတွေ ဖွာလန်ကြဲနေ၏။

ထိုအချိန်တွင် ဦးသစ္စာစကြာတစ်ယောက် ဂရင်းလေဒီ ဆိုင်ပိုင်ရှင် မိုးမြင့်မြင့်မော်၏ရှေ့တွင် အရုပ်တစ်ရုပ်လို ထိုင်နေ၏။ မိုးမြင့်မြင့်မော်မှာ အရွယ်အားဖြင့် သုံးဆယ်စွန်းစ ရှိပြီဖြစ်သော်လည်း ပြင်ဆင်ထားသည်မှာ မော်ဒယ်ကောင်မလေးများနှင့် နင်လားငါလားပင်။

သူ အခန်းထဲ ဝင်လာသည်နှင့် အဲယားကွန်း အေးစိမ့်စိမ့် အရသာနှင့်အတူ ပဲရစ်ရေမွှေးနံ့ကလေးက တစ်ခန်းလုံး သင်းပျံ့ကြိုင်အီနေ၏။ စားပွဲထိုင်ခုံကအစ အစိမ်းရောင် ဖန်စီအရိပ်ကလေးများ ဖုံးလွှမ်းနေ၏။

တစ်ကိုယ်လုံး ကျောက်စိမ်းရောင် အဝတ်အစားကလေးနှင့် လှချင်တိုင်း လှနေသော မိုးမြင့်မြင့်မော်။ ဦးသစ္စာစကြာနှင့် ထပ်တူညီသည့် အချက်မှာ မျက်နှာပေါ်တွင် စိမ်းဖန့်ဖန့် မျက်နှာဖုံးလေး တပ်ထားခြင်း ဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်မြင့်မော်၏ အကြည့်များက စားတော့ဝါးတော့ မတတ်။ စူးရဲ ချွန်မြည့်နေသော မြားမီးကျည်အလားပင်။ ဦးသစ္စာစကြာတစ်ယောက် မိုးမြင့်မြင့်မော်ရှေ့ ထိုင်ရသည်မှာ မလုံမလဲ ဖြစ်နေ၏။

"ဘယ်လိုတုံး ဆရာကြီးရဲ့၊ မိုးကို မှတ်မှ မှတ်မိရဲ့လား"

"ဟာ- မိုးကလည်း ကိုယ် အလုပ်မအားလို့ပါကွာ။ ကုမ္ပဏီလုပ်ငန်းက မိုးသိတဲ့အတိုင်းပဲလေ။ အိပ်ရာထဲဝင်တာတောင် ဖုန်းသံတွေနဲ့ တဝွမ်ဝွမ် နှိပ်စက်တာကွ။ ကြာတော့ ကိုယ်လည်း ငြီးစီစီလို ဖြစ်လာတယ်"

"ဒါဆိုလည်း ပစ်ကနစ်လေး ဘာလေး ထွက်ကြမယ်လေ၊ ဘယ်လိုလဲ"

"ဟို. . . အလုပ်တွေ ပစ်ပြီး . . ."

"ပြောပြီ၊ ပြောလိုက်ရင် ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့"

"ဩော်. . . မိုး"

"ဘာလဲ၊ မိုးနဲ့သွားရမှာ ကြောက်နေလို့လား။ ဧကန္တ ဖန်စီလေးတွေကြား သိပ်အလုပ်များနေပြီ ထင်တယ်။ ယူ နားလည်ထားဖို့က အိုင့်ဒယ်ဒီနဲ့ ယူ့ဒယ်ဒီအကြောင်းကိုလည်း သိသားနဲ့။ သူတို့နှစ်ယောက်က အိုင်တို့ကို အမြဲ ခါးကြိမ်းကြိမ်းနေတာ ယူ သိတယ်နော်။ အိုင်လည်း နားတွေ ညည်းလှပြီ"

"ဟုတ်. . . ဟုတ်ပါတယ် မိုးရယ်၊ ကိုယ် အားလုံး နားလည်ပါတယ်။ ဒါပေမယ့် မိုးနဲ့ကိုယ် ကတိရှိတယ်လေ။ လွတ်လပ်မှုကို ပြည့်ပြည့်ဝဝ ခံစားချင်သေးတယ်ကွာ"

"ဘာလဲ၊ အိုင်က ယူ့ကို ကြိုးတွေနဲ့ တုပ်နေလို့လား"

"ဟာ- မဟုတ်ရပါဘူး မိုးရယ်၊ ကိုယ်ပြောတာ အိမ်ထောင်သည်ဘဝဆိုတာ အချိန်အများကြီး ပေးရတယ်လေ။ ဒီတော့ မိုးတို့ ကိုယ်တို့ မျှော်လင့်ထားတဲ့ ဘစ်စနက်တွေ လစ်ဟင်းသွားမှာစိုးလို့ပါ"

"ဟုတ်လား၊ ယူ အဲဒီလောက် စိုးရိမ်သလား"

"ဩော်- ကိုယ်က ပါဖက်သဘောပါ"

"တော်ပါ၊ စကားတွေ တောင်လှည့်မြောက်လှည့် ပြောနေတာ ယူ့ရင်ထဲ တစ်မျိုးကို ဖြစ်နေပြီ"

"မဟုတ်ရပါဘူး မိုးရယ်၊ ကိုယ်က နှစ်ဦးစလုံးရဲ့ အကျိုးစီးပွားကို တွေးပြီး ပြောနေတာပါ"

"တော်ပါ၊ ကဲ- အခု အိုင်ပြောတဲ့ကိစ္စ ဘယ်လိုလဲ"

"ဩော်- မိုးရဲ့ဘတ်ဒေးလား၊ မပူပါနဲ့ မိုးရာ။ ကိုယ် အားလုံး စီစဉ်ပြီးသားပါ။ သန်ဘက်ခါည မဟုတ်လား"

"ဒီလောက် သတိရရင်တော့ တော်သေးတာပေါ့။ ယူနော် မျက်လုံးတွေ အများကြီး ရှိတာ။ စကားတွေပြောတာ ကြည့်ပြော၊ ခြေလှမ်းတွေ လှမ်းတာ ကြည့်လှမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အင်"

"အိုင့်ရင်ထဲမှာ ယူ အမြဲရှိနေတာ။ ယူဟာ အိုင့်ရင်ထဲက နှလုံးသားရုပ်ကြွင်းပဲ။ ယူကတော့ အိုင့်ကို ရှိတယ်တောင် မတွေးမိဘူး။ အဲဒါကို အိုင် စိတ်မကောင်းဆုံးဘဲ"

"မိုးရယ် အဲဒီလို မပြောပါနဲ့။ မိုး ကိုယ့်ကို စိတ်မဆိုးပါနဲ့။ ကိုယ် အများကြီး တောင်းပန်ပါတယ်ကွာ"

"ကောင်းပြီလေ၊ ယူ့ကို အိုင် သတိပေးလိုက်ပြီးပြီပဲ။ ယူ ပြန်နိုင်ပြီ"

"ဟင်"

မိုးမြင့်မြင့်မော်၏အသံက မာဆတ် ခက်ထန်နေ၏။ အသံနှင့်ရုပ်အသွင်ကလည်း ခက်ထန်နေ၏။ မျက်လုံးက စူးစူးရဲရဲ။ ကြာတော့လည်း ဦးသစ္စာစကြာတစ်ယောက် မိုးမြင့်မြင့်မော်ရှေ့တွင် ကြာကြာမရပ်ရဲတော့။

မိုးမြင့်မြင့်မော်၏မျက်နှာကို မဝံ့မရဲကြည့်ရင်း အပေါ်ထပ်မှ အလျင်အမြန် ဆင်းခဲ့လေ၏။ မိုးမြင့်မြင့်မော်ရှေ့ နေရသည်မှာ အကျဉ်းအကျပ်ထဲ ရောက်နေရသလိုပင်။ အမှန်မတော့ မိုးမြင့်မြင့်မော်နှင့်သူက မိဘများ သဘောတူထားသည့်အဆင့်တွင် ရှိနေ၏။ ထို့ပြင် မိုးမြင့်မြင့်မော်ဖခင်ကြီး၏ ကျေးဇူးကလည်း ရှိနေ၏။ ကုမ္ပဏီလုပ်ငန်းမှန်သမျှ မိုးမြင့်မြင့်မော်၏ဖခင်ကြီးက နိုင်ငံခြားမှ တာဝန်ခံ ဆောင်ရွက်နေသည်မို့ ကိုယ်ထင်သလို ပြုမူပြောဆို၍လည်း မဖြစ်ပါချေ။

အမှန်မတော့ မိုးမြင့်မြင့်မော်၏ ဆက်ဆံမှုက အလွန်မှ စီးပိုးလှလေရာ ဦးသစ္စာစကြာတစ်ယောက် အခံစားကြီး ခံစားနေရလေ၏။ သို့နှင့် ကုမ္ပဏီသို့ပြန်အရောက်တွင် မြဖေ၏ သတင်းပို့ချက်အရ ဧည့်ခန်းထဲသို့ ဝင်ခဲ့၏။ ဆိုဖာပေါ်တွင် ထိုင်နေသော လူနှစ်ဦးကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွား၏။

အမျိုးသမီးကြီးတစ်ဦးနှင့် အလွန်တရာမှ ချောမောပျိုမျစ်လှသည့် အမျိုးသမီးငယ်ကလေးတစ်ဦး။ အမျိုးသမီးငယ်ကလေးက ရှိလှ နှစ်ဆယ့်တစ်နှစ်ခန့်အရွယ်။ ဂွမ်းစိုင်လို ဖြူနုကာ စင်းဖြောင့် နက်မှောင်သော ဆံကေသာ ပိုင်ရှင်လေးတစ်ဦး။ မျက်နှာသွယ်သွယ်၊ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူက အလွန့်အလွန်မှ ချစ်စဖွယ်၊ ယစ်မူးဖွယ် ကောင်းလှသော မိန်းမချောကလေး။

သူ ဧည့်ခန်းထဲ ရောက်ရှိသွားစဉ် သူ့နောက်မှ မန်နေဂျာ ဦးမင်္ဂလာ တုပ်ချောင်းချောင်းနှင့် လိုက်လာ၏။

"ဘော့စ် ပြန်လာပြီ"

"ဟုတ်တယ် ဦးမင်္ဂလာ၊ သူတို့က . . ."

"ဪ- ကျွန်တော် ဘော့စ်နဲ့ မိတ်ဆက်ပေးမလို့ပါ"

"ဟုတ် ဟုတ်ကဲ့"

ဦးသစ္စာစကြာသည် ဆိုဖာခုံပေါ် ဝင်ထိုင်ရင်း အမျိုးသမီးငယ်လေး



www.burmeseclassic.com

www.burmeseclassic.com



ကို ငေးမောကြည့်လိုက်၏။ ထိုစဉ် ဦးမင်္ဂလာ၏စကားသံ ထွက်လာ၏။

"အဟမ်း အဟမ်း"

"ဘာဖြစ်တာတုံး ဦးမင်္ဂလာ"

"ဟဲဟဲ ဟို ချောင်းဟန့်တာပါ·ဘော့စ်"

"ရောဂါ ရှိနေလို့လား၊ ဆေးစစ်ဦးလေ"

"ဗျာ၊ ဟာ- ဘော့စ်ကလည်း ကျွန်တော်က အလတ်ကြီးပါ ဘော့စ်ရယ်။ အဟမ်း အဟမ်း အဟွတ် အဟွတ် ခွီး ဖူး . . ."

"ဟာ- ပြောမှ ပိုးဆိုးသဗျာ"

ဦးမင်္ဂလာတစ်ယောက် အသားကုန် ခံစားနေသော ဦးသစ္စာစကြာကို သတိပေးသည့်အနေနှင့် ချောင်းဟန့်ရာမှ ချောင်းတခွပ်ခွပ် ထဆိုးလေတော့၏။ သူ့ရှေ့တွင် ထိုင်နေသော အမျိုးသမီးကြီးမှာ မျက်လုံးပြူးနေ၏။

"အဟမ်း အော့ ခွီး. . ."

"ဟာ- ဘာသံတွေတုံး၊ ခင်ဗျား ဆားလ်လား၊ တီဘီလား"

"ဘာ ဘာမှ မဖြစ်ပါဘူး ဘော့စ်ရယ်။ ဟို ကျွန်တော် သူ သူတို့နဲ့ မိတ်ဆက်ပေးပါရစေ"

"ဘယ်သူတွေတုံး"

"ဟို- သူကတော့ ကျွန်တော့်အမေဘက်က နှမနှစ်ဝမ်းကွဲ ပပဦးပါ။ ဟော့ဒီ သမီးလေးကတော့ ရွှေ ရွှေဝတ်လွှာပါ ဘော့စ်"

"ရွှေဝတ်လွှာ၊ သမီးက အတော့်ကို ချောတာပဲနော်"

"ဟုတ် ဟုတ်ကဲ့၊ အဟမ်း အဟွတ်"

"ဟာဗျာ၊ ခင်ဗျားကလည်း"

"ဟဲဟဲ ဒီလိုပါ ဘော့စ်၊ ရွှေဝတ်လွှာလေးကို ဘော့စ်ဆီမှာ အလုပ်လုပ်ပါရစေတဲ့။ တက္ကသိုလ်ကနေ ဘွဲ့ရပြီးပါပြီ ဘော့စ်၊ အဲဒါ ဘော့စ်ကို ကျွန်တော် ပြောချင်တာပါ"

"ဟာ- ခန့်ရမှာပေါ့။ ရွှေဝတ်လွှာလေးဟာ မိန်းမချောလေးပဲ။ ကျွန်တော့်ကုမ္ပဏီအတွက် ပိုပြီး မင်္ဂလာရှိတာပေါ့ဗျာ"

"ဟင်- တကယ်လား ဦး၊ ဝတ်လွှာ တကယ် လုပ်ရမှာလားဟင်"

"ဟာ- တူမလေးကလည်း ဘော့စ်က ပြောပြီးတဲ့စကားကို မပြင်တတ်ဘူးကွ။ ဒါဆို ကျွန်တော် တူမလေးကို ဘယ်နေရာမှာ ခန့်ရမှာလဲ ဟင်"

"ဟာ- ဦးမင်္ဂလာကလည်း ဒီမက်နစ်ချ်မင့်ကို ခင်ဗျားပဲ စီစဉ်လေ။ ဖြစ်နိုင်ရင် ကျွန်တော့်အခန်းနဲ့ အနီးစပ်ဆုံးနေရာမှာသာ ထားလိုက်"

"ဟုတ်ကဲ့၊ ကောင်းပါပြီ ဘော့စ်"

"ကုမ္ပဏီ ယူနီဖောင်းကြေးလည်း ထုတ်ပေးလိုက်။ ပြီးတော့ ဖယ်ရီပါ စီစဉ်ပေးလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ဘော့စ်ရယ်"

ဦးမင်္ဂလာတစ်ယောက် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာဖြစ်နေ၏။ သူ့ အမိက ထိုးစစ်ဆင်ချင်သူက တွဲဖက်မန်နေဂျာ ရွှေမမ။

ရွှေမမက သူ့ဆွေမျိုး ရွှေကောင်းကင်ကို ဘော့စ်နှင့် ချည်နှောင်ရန် ကြိုးစားခဲ့၏။ သူကလည်း ရွှေမမကို တုံ့ပြန်ချင်သောသဘောဖြင့် တူမနှစ်ဝမ်းကွဲတော်သူ ရွှေဝတ်လှုံကို သစ္စာကုမ္ပဏီကြီးထဲ မရရအောင် ခေါ်သွင်းခဲ့၏။ ယခုတော့ သူ ဆင်ထားသည့်ခွင်ထဲ ကွက်တိ ဝင်သွားပြီမို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။

ရွှေကောင်းကင်နှင့် ရွှေဝတ်လှုံတို့၏အလှက တစ်မျိုး စွဲမက်ယစ်မူးဖွယ် ကောင်းလှ၏။ သူတို့နှစ်ဦး ကုမ္ပဏီထဲ ရောက်ရှိလာသောအခါ အားလုံး လှုပ်လှုပ်ရွရွ ဖြစ်လာကြ၏။ ဦးသုစ္စာပိုင်ဆိုင်သည် သူတို့နှစ်ဦးကို သူ့အခန်းရှေ့တွင် သီးသန့်ထားရှိခဲ့၏။ နှစ်ယောက်စလုံးက အလှချင်းပြိုင်နေကြသလို အဆင့်အတန်းချင်းကလည်း မတိမ်းမယိမ်း။

အရွယ်ရော၊ ရုပ်ရည်ရော ယှဉ်သာသည့်အခြေအနေကြောင့် နှစ်ဦးစလုံး တစ်ယောက်ခြေ တစ်ယောက် ကြည့်နေကြလေ၏။ ထိုအခြေအနေကြား ဖိုးကျိုင်းတုတ် ဖြစ်နေသူက သစ္စာကမ္ဘာကုမ္ပဏီကြီး၏ဘော့စ် ဦးသစ္စာစကြာ။ အလှဖုရားလေးတွေ ဝိုင်းဝိုင်းလည်နေသော သူ့ကုမ္ပဏီကြီးကို နတ်ပြည်ကြီးတစ်ပြည်အလား ခံစားနေ၏။

ထိုဖြစ်စဉ်ကို သုံးသပ်နေသူက ဂျက်မြဖေ။ သစ္စာစကြာကလည်း ကုမ္ပဏီတွင် ပို၍ အနေမြဲလာ၏။ ရွှေကောင်းကင်နှင့် ရွှေဝတ်လှုံတို့နှစ်ဦးကြား မြူးထူးတက်ကြွကာ ဆယ့်ခြောက်နှစ်သား လုပ်နေ၏။

တစ်ချိန်တွင် မြဖေကို သူ့အခန်းထဲ ခေါ်လိုက်၏။

"ကိုမြဖေ"

"ပြောပါ ဘော့စ်"

"မနက်ဖြန် ကုမ္ပဏီငါးနှစ်မြောက် ဖယ်ရာပွဲလေး လုပ်ချင်သဗျာ။ အဲဒါ ဦးမင်္ဂလာနဲ့ ရွှေမမတို့ကို ပြောလိုက်ပါ။ စားရေးသောက်ရေးကအစ အကုန်စီစဉ်ပါလို့ ပြောလိုက်။ ပြီးတော့ ကုမ္ပဏီဝန်ထမ်းသစ်ကလေးတွေကိုလည်း ပွဲထုတ်ချင်တယ်"

"ဗျာ၊ ဟို ပွဲထုတ်မယ်ဆိုတော့ ဘော့စ်က ပွဲကမလို့လား"

"ဘာ၊ ခင်ဗျား ဘာတွေ အတွေးချော်နေတာလဲ"

"ဟဲဟဲ ဘော့စ်ရယ်၊ လူတွေဟာ ငယ်ရာက ကြီးလာကြတယ်။ အဲဒီလိုနဲ့ ကြီးလာတဲ့အခါမှာ ငယ်ချင်ကြပြန်ရော"

"ဘာကွ၊ မင်း ဘာတွေပြောသတုံး ကိုမြဖေ။ ခင်ဗျားက ကျွန်တော့်ကို ငယ်ချင်တယ်လို့ ပြောတာလား"

"ဘော့စ်ရယ် အဲဒါ အချစ်ပဲလေ။ အချစ်ကြောင့် ဘယ်အရွယ်ဖြစ်ဖြစ် ငယ်သွားကြတာပဲ မဟုတ်လား။ ကောင်းတယ်၊ အချစ်ဆိုတာ မသေ

www.burmeseclassic.com

www.burmeseclassic.com



ဆေးတစ်မျိုးပဲဗျ"

"ခင်ဗျားပြောတာ ဟုတ်တုတ်တုတ်ပဲဗျ။ ကျွန်တော်လည်း အဲဒီဆေး ရှာတွေ့နေပြီလား မသိဘူး"

"သိပ်သေချာတာပေါ့ ဘော့စ်ရယ်၊ ဘော့စ်ရဲ့မျက်နှာက မှိုကို အုံ့နဲ့ ကျင်းနဲ့ ရတဲ့လူလိုပဲ။ လူက ပိုပြီး သွက်လာတယ်။ ဟုတ်ပြီ၊ ဩော်. . . ဟာ- အဲဒီ မသေဆေးကို တွေ့နေပြီဆိုတာ သေချာပြီဗျ။ ပြောပါဦး ဘယ် သူလဲ၊ ဘော့စ်က လူသာ ဦးတပ်ခေါ် ရတာ ရုပ်ကတော့ ဆယ့်ခြောက်နှစ် သားနဲ့ နင်လားငါလားပဲဗျ။ ကေန္တ ရွှေတွင်းကြီး တွေ့နေပြီထင်တယ်"

မြဖေ၏စကားကြောင့် ဦးသစ္စာစကြာတစ်ယောက် ပြုံးဖြီးဖြီး ဖြစ် ၏။ သည်းခြေကြိုက်စကားကို ကောင်းကောင်းကြီး ပြောလေ့ပြောထ ရှိသော မြဖေ။ ယခုလည်း သူ့စိတ်ထဲ ရိုးတိုးရွတ ခံစားနေရသော ခံစား ချက်ကို ဆွဲထုတ် လှစ်ပြလိုက်သလိုပင်။ ဦးသစ္စာစကြာတစ်ယောက် မြဖေ ကို အနားထိုင်ခိုင်းပြီး ပြောလိုက်၏။

"ကိုမြဖေ"

"ဗျာ ဘော့စ်"

"ခင်ဗျား ရွှေကောင်းကင်ကို ဘယ်လိုမြင်သတုံး"

"ရွှေကောင်းကင်"

"ဟုတ်တယ်လေ၊ ခင်ဗျား ဝေဖန်ကြည့်စမ်းဗျာ"

"အဟမ်း- ရွှေကောင်းကင်က နတ်သမီးလေးပဲ ဘော့စ်ရာ။ နတ် ပြည်သူဇာ ပျံကျလာသို့ ဆိုတဲ့စကားလိုပေါ့။ အဲဒီ နတ်သမီးလေးဟာ ခြေအစုံ မှိုမှိုလေးကအစ လှတယ်၊ နုတယ်၊ နွဲ့တယ်၊ အိတယ် ဘော့စ်ရယ်။ ဘာတုံး ဘော့စ် ခံစားနေပြီလား။ ဒါဆို ချိတ်သာချိတ်လိုက်စမ်းပါ ဘော့စ် ရာ"

"ဟဲဟဲ ခင်ဗျားကလည်းဗျာ"

"ဘာတုံး ရှက်နေပြီလား။ ချစ်တာပဲ ဘော့စ်ရာ၊ မသေဆေး တွေ့ တာကို မစားဘဲနေရင် ဘော့စ်ဟာ လူမိုက်၊ ငပေါ၊ ငကြောက်ပဲလေ"

"ဘာ- ခင်ဗျားက ကျုပ်ကို . . ."

"ဟဲဟဲ အိတ်ဇင်ပဲလ်လေ ဘော့စ်ရယ်၊ ခံစားချက် ရဲရဲထုတ်ဖော်ဝံ့ တာ အချစ်ပဲဗျ။ သိပ်ချစ်သလား ချိတ်သာချိတ်လိုက်စမ်းပါ ဘော့စ်ရာ"

"ဟာ- ခင်ဗျားကလည်း ကျုပ်ကို အတင်း ချိတ်ခိုင်းနေတာပဲ"

"ဟာ- ဘော့စ်က တစ်မျိုးကြီးပါလား။ ဘာလဲ ခုမှ ချိတ်တိတ်တိတ် သဘောပဲ ရှိသေးသလားဗျ"

"ဟဲဟဲ အဲ. . . အဲဒီလိုပေါ့ဗျာ။ ဒါဆို ရွှေဝတ်လွှာကရော ဘယ်လိုနေ ရှိသလဲ"

"ဗျာ"

ဦးသစ္စာစကြာ၏ တစ်ကျော့ပြန် မေးလာသောစကားကြောင့် မြဖေ



www.burmeseclassic.com

www.burmeseclassic.com


ကြောင်သွား၏။

ပထမ ရွှေကောင်းကင်၊ ဒုတိယ ရွှေဝတ်လွှာ။ ရွှေနှစ်ရွှေကြား ဝေဝါးနေသော ဦးသစ္စာစကြာကို မြဖေ ကြည့်ရင်း ခေါင်းတညိတ်ညိတ် လုပ်လိုက်၏။ လောဘကြီးသော ဦးသစ္စာစကြာ။

"ဩော်- ဒီလိုကိုး။ ဟုတ်ပြီ၊ ရွှေဝတ်လွှာကလေးကလည်း တကယ့်နတ်သမီးအတိုင်းပဲ ဘော့စ်ရယ်။ သူကလေးက နားရွက်ကလေးကအစ လှတာဗျ"

"ဟာ- ခင်ဗျားက အံ့ဩစရာပဲကိုး။ ကောင်မလေးတွေကို ခြေခုံတွေ၊ နားရွက်တွေကအစ ကြည့်တတ်တာကိုး။ အဲဒီဟာတွေ ကြည့်တော့ ဘာဖြစ်သတုံးဗျ"

"ဘာဖြစ်ရမှာလဲ ဘော့စ်ရယ်။ ဘေးကကြည့်မှ အချစ်ကို ကွင်းကွင်းကွက်ကွက် မြင်နိုင်တာဗျ။ ဘယ်လိုတုံး ဘော့စ်၊ ရွှေနှစ်ရွှေကြား ထွေပြားသည့်စိတ် ဘယ်သူ့ချိတ်ရ၊ ကျိတ်ပြီး ရွေးဖို့ ခက်နေပြီထင်တယ်"

"လုပ်ပြီဗျာ၊ ခင်ဗျား ပြောသလိုဆို နှစ်ယောက်စလုံးက နတ်သမီးလေးတွေပေါ့"

"ဒါပေါ့ ဘော့စ်ရယ်။ ဘော့စ်က နတ်ပြည်တောင် မရောက်သေးဘူး။ နတ်သမီးလေးတွေ တစ်ဖက်လေးငါးရာ ဖြစ်နေပြီကိုး။ အဲဒါ အချစ်ပဲ ဘော့စ်ရ"

"အချစ် သေ သေချာရဲ့လားဗျ။ အချစ်ဆိုတာ တစ်ချစ်တည်းပဲ ရှိတယ် မဟုတ်လား။ ခုဟာက နှစ်ယောက်ဗျ။ ရှင်းရှင်းပြောမယ်ဗျာ။ အဲဒီ ရွှေကလေးတွေကို မြင်တိုင်း ကျွန်တော့်ရင်တွေ တဝုန်းဝုန်း ခုန်နေရတယ်ဗျ။ ခြေတွေလက်တွေ အေးစက်သွားတယ်ဗျာ။ စကားတွေ ထစ်ငေါ့သွားရတယ်ဗျ။ ပြီးတော့ အနားမှာ တစ်ကောင်ကောင် ရစ်တစ်တစ် လုပ်တာလည်း မကြိုက်ဘူး။ ကုန်ကုန်ပြောမယ်ဗျာ၊ နှစ်ယောက်စလုံးကို တစ်ပြိုင်နက် ခံစားမိတာ အချစ်လို့ ခေါ်မှာလားဗျ"

"မှန်တယ်၊ အဲဒါ အချစ်ပဲ။ အချစ်ဆိုတာ နှလုံးသားထဲက ခံစားမှု အာလေယျပဲဗျ။ တစ်ယောက်တည်း၊ တစ်မျက်နှာတည်း ခံစားမှ အချစ်လို့ ဘယ်ဘုတ်အုပ်မှာမှ မဖော်ပြထားဘူး။ သုံးလေးယောက်ကိုလည်း တစ်ပြိုင်တည်း ခံစားလို့ရတယ်ဗျာ။ အချစ်အာရုံ ထုံပွားမှ လူလားမြောက်တယ် ဘော့စ်။ လူဆိုတာ အချစ်ကို မတွေ့မချင်း သူငယ်နှပ်စား မောင်ဖွတ်ကျားပဲဗျ"

"ဟင်"

"ချစ်လိုက်စမ်းပါဗျာ။ တစ်ယောက်ချစ်ချစ်၊ နှစ်ယောက်ချစ်ချစ် အချစ်ဟာအချစ်ပဲ။ အသည်းနှလုံးက အချစ်ကိုလိုက်ပြီး သုံးလေးခု ဖြစ်သွားဘူးဗျ။ ဒါပေမယ့် အဲဒီ အချစ်ဆိုတဲ့ စိတ်ကတော့ ဖြစ်တည်နေတဲ့ အသည်းနှလုံးတောင် နှစ်မြွာပေါင်းထားတာပဲ ဘော့စ်ရယ်။ ချပ်စ်လိုက်


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

သူ့ထမင်းချိုင့်ကို စူးစူးရဲရဲ စောင့်ကြည့်နေသူက ပြာတာကြီးမြဖေ။ တစ်ခုခု ပြောတော့မည့်ပုံနှင့် ပါးစပ်တပြင်ပြင် လုပ်နေ၏။ နိုင်ဦးသော် ရင်တထိတ်ထိတ်။

"ဟ- ဘယ်လိုဖြစ်လာသတုံးကွ။ ဒီကနေ့ ဂင်းနစ်စာအုပ်ထဲ မှတ်တမ်းတင်ရမယ့်နေ့ပါလား နိုင်ဦးရ"

"ဘာ. . . ဘာဖြစ်လို့လဲဗျ"

"မင်းကလည်း တုံးပါ့ကွာ၊ လက်ထဲက ထမင်းချိုင့်ကြီးလေ။ ဟဲဟဲ မင်း ထမင်းစားတာ ငါ ဒီတစ်ခါပဲ တွေ့ဖူးတယ်ဟ"

"ဗျာ၊ ဟို. . . အဲဒါ"

"နိုင်ဦးရာ၊ မင်း အတော့်ကို ပြောင်းလဲနေပြီပဲကိုး"

"ဟာဗျာ ကိုမြဖေကြီးကလည်း၊ ဒီထမင်းချိုင့်က ကျုပ်. . . ကျုပ်ဟာ မဟုတ်ဘူးဗျ၊ ဟို အဲ"

"ဟင်- ဒါဆို ဘယ်သူ့ဟာတုံးကွ"

"ဟို. . . ကားပေါ်မှာ ကျွန်တော့်ကို အမျိုးသမီးတစ်ယောက်က ခဏပေးထားတာဗျ။ အဲဒါ ကျွန်တော် မှတ်တိုင်ဆင်းတော့ မေ့ပြီး ပြန်မပေးခဲ့ဘူးဗျ။ ဟို ဟီးဟီး ကျုပ်လည်း ယောင်ပြီး ယူလာမိတာလေ"

"ဟင်- ဟုတ်လား၊ အံ့ဩစရာပဲကွာ"

"ဟုတ်တယ်ဗျ၊ ကျုပ်လည်း ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ဘူးဗျာ"

"ဟာကွာ၊ စားပစ်လိုက်ပေါ့ကွာ။ ဒါဟာ ဇာတ်လမ်းစတဲ့သဘော၊ ဘယ်သဘောဖြစ်ဖြစ် အပျိုးအခင်း အခက်အဖြေဆိုတာ ရှိတယ်လေကွာ။ ဟဲဟဲ ဒီတော့ မင်းဥစ္စာ ပျိုးလိုက်တဲ့သဘောပဲကွ"

"ဗျာ၊ ပျိုးတာ"



www.burmeseclassic.com

www.burmeseclassic.com



စမ်းဗျာ"

"ဟာ- ခင်ဗျားကတော့ စကားပြောရင် တစ်ဖက်သား မြောက်သွားလောက်အောင် တယ်လည်း ပြောသဗျာ"

"ကျွန်တော်ပြောတာ အမှန်အကန်ပါ ဘော့စ်ရယ်။ မြန်မာပြည်လုပ်စကားတွေပါ။ ကျွန်တော်ကိုယ်တိုင်လည်း မြန်မာပြည်ဖြစ် မြဖေပါ ဘော့စ်ရယ် ဟဲဟဲ"

"တော်ပါတော့ဗျာ။ ခင်ဗျားပြောတာနဲ့ ကျွန်တော် ခေါင်းတောင်ရှုပ်သွားပြီဗျ။ ကိုင်းကိုင်း သွားတော့ သွားတော့"

မြဖေ၏စကားကြောင့် ဦးသစ္စာစကြာတစ်ယောက် အူလည်ချာလည်ဖြစ်သွား၏။ အမှန်လည်း သူ့ရင်ထဲ ရွှေကလေးနှစ်လွှာ မွှေနှောက်နေ၏။

ရွှေကောင်းကင်ကိုလည်း လိုချင်၏။ ရွှေဝတ်လွှာကိုလည်း ချစ်လိုက်ချင်၏။

အချစ်တွေများလေ ရင်တွေ ဖိုတိုတို ခံစားရလေပင်။ ဆုံလည် ဆိုဖာကြီးပေါ်တွင် ဦးသစ္စာစကြာတစ်ယောက် လည်တယ်တယ် ဖြစ်နေ၏။

ထိုအချိန်တွင် မြဖေတစ်ယောက် ပြုံးစိစိနှင့် နိုင်ဦးသော်ရှိရာသို့ ရောက်လာ၏။ အခန်းထဲ ရောက်သည်နှင့် မြင်လိုက်ရသည်က ရွှေကောင်းကင်၊ နိုင်ဦးသော်၏ဘေး ထိုင်ကာ ပြုံးစိစိ ပြောဆိုနေ၏။ နိုင်ဦးသော်မှာ မောက်စ်ကို ကိုင်ရင်း မော်နီတာပေါ် ပေါ်လာသော ပုံရိပ်များကို ကာလာချိန်နေ၏။

မြဖေ ဝင်လာသည်ကို တွေ့တော့ နိုင်ဦးသော် ထွက်ပေါက်ရသွားသလိုပင်။

"ဟာ- ကိုမြဖေကြီးပါလား။ လက်ဖက်ရည် သောက်ရအောင်ဗျာ"

"အေးကွာ၊ အဲဒါ အကောင်းဆုံးပဲ"

"ဒါဆို ကောင်းကင်လည်း လိုက်မယ်လေ။ ကိုနိုင်ဦး ကောင်းကင်လည်း လိုက်မယ်နော်"

"ဗျာ၊ ဟာ- လက်ဖက်ရည်ဆိုင် ထိုင်တယ် ဆိုတာ . . ."

"ဘာလဲ မခေါ်ချင်ဘူးလား။ မခေါ်ချင်နေ၊ အဲဒီလောက် မကြီးကျယ်နဲ့"

"ဟာ"

ရွှေကောင်းကင်တစ်ယောက် စူပွပွနှင့် ပြောဆိုရင်း အခန်းထဲမှ ထွက်သွား၏။

မြဖေမှာ သူတို့နှစ်ဦး၏ဖြစ်စဉ်ကို ကြည့်ပြီး ယောင်ချာချာဖြစ်နေ၏။ ထိုစဉ် နိုင်ဦးသော် စကားသံ ပေါ်လာ၏။

"သွားစို့ဗျာ"

"အင်- အေးအေး"

နှစ်ယောက်သား ကုမ္ပဏီကြီးပေါ်မှ ဆင်းခဲ့ကြပြီး 'မြေးကြာသံ' လက်



www.burmeseclassic.com

www.burmeseclassic.com


ဖက်ရည်ဆိုင်ကလေးတွင် ဝင်၍ ထိုင်လိုက်ကြ၏။ မှုန်တေတေလုပ်နေသော နိုင်ဦးသော်ကို ကြည့်ပြီး မြဖေက မေးလိုက်၏။

"ဘာတွေဖြစ်နေသတုံးကွ"

"ဟာ- ကောင်းကင်က မလွယ်ဘူးဗျာ။ အမေ့မွကြီးဗျ။ ကျွန်တော်က သူ့အနား မကပ်ရဲဘူး။ ဘောစ်တ အဲဒီလိုကပ်ရင် မျက်စောင်းတခဲခဲဗျ။ ဒါကို ကောင်းကင်က မကြိုက်ဘူး။ ခုလည်း ကျွန်တော့်အခန်းထဲ ဝင်လာပြီး ဟိုပြောဒီပြော လုပ်နေတာဗျ"

"ဟေ- ဟားဟားဟား ကောင်းကွာ၊ ဟိုက ရွှေလေးတွေ ဝိုင်းနေလို့ သူ့ခမျာ ရင်တဖိုဖို ဖြစ်နေတာကွ။ ခုတော့ . . ."

"အဲဒါပြောတာပေါ့ဗျာ။ တော်ကြာ ဘောစ်က ကျွန်တော်နဲ့ ငြိလာမှာဗျ"

"ဟားဟားဟား မင်းကလည်း ကြံဖန် ကြောက်နေရသလားကွာ။ ပြီးတော့ ဒါ သဘာဝပဲကွ။ လူငယ်သဘာဝ ဆိုတာ ဖိုနဲ့မ တွေ့ချင် စကားပြောချင်ကြတာပဲ။ ကောင်းကင်အဲဖြစ် မဟုတ်ပါဘူးကွာ"

"ဟာ- ဘောစ် ရှိတယ်လေ"

"အေးလေ၊ ငါ နားလည်ပါတယ်ကွာ။ ဒါပေမယ့် ဘောစ်က နည်းနည်း အိုဇာဟွန်းဖြစ်နေပြီလေကွာ။ သုံးဆယ်ကျော် လေးဆယ်နီးနေပြီ ဆိုတော့ ကောင်းကင် ဘယ်လို ခံစားတတ်မှာလဲကွ"

"အဲဒါတော့ ကျွန်တော် မသိဘူးဗျာ"

"ခက်တယ်။ အချစ်ဆိုတာ ဆန်းကြယ်ပါ့ကွာ။ နိုင်ဦးရေ အချစ်ဆိုတာ လုပ်ကြံဖန်တီးလို့မရတဲ့ အရာကွ။ ဒါပေမယ့် ငါပြောလိုက်မယ် နော်၊ ဘောစ်က ရွှေကလေးနှစ်ယောက်နဲ့ကို ဘယ်ညာရံပြီး ခရီးသွားမယ့်ပုံကွ"

"မပြောတတ်ဘူးဗျာ။ ကျွန်တော် အဲဒါတွေ စိတ်မဝင်စားဘူး။ သူတို့နှစ်ယောက်စလုံး လှတာ မလှတာ ကျွန်တော် ခံစားလို့ မရဘူးဗျ"

"ဟေ- မင်းဥစ္စာ တစ်မျိုးကြီးပါလားကွ။ ဘာဖြစ်နေသလဲ၊ မင်းနှလုံးသားတွေ ကျောက်ဖြစ်ကုန်ပြီလား"

"ဟုတ်တယ်၊ ကျွန်တော့်နှလုံးသားထဲမှာ ကောင်မလေးတစ်ယောက် ကျောက်ဖြစ်နေတယ်"

"အင်- အံ့ဖွယ်ပါလား"

မြဖေတစ်ယောက် နိုင်ဦးသော်၏စကားကြောင့် လည်တယ်တယ် ဖြစ်နေ၏။ နိုင်ဦးသော်တစ်ယောက်ကတော့ သူ့အတွေးနှင့်သူပင်။ သူ့ရင်ထဲ တိုးဝှေ့ ငြိတွယ်နေသောသူကလေး ထားခက်ခက်ဝေ မှလွဲ၍ အခြားမရှိ။

ထိုလွယ်ရှုလွယ်သော သူ့နှလုံးသားမှာ ထားခက်ခက်ဝေ၏အပြုံးတွင် ကျောက်ဖြစ်နေကြချေပြီ။ တိတ်ဆိတ်နေသော လက်ဖက်ရည်ဆိုင်ကလေး


www.burmeseclassic.com

www.burmeseclassic.com



၏အရသာကို မြဖေ မခံစားတတ်။

"မင်းပုံကြည့်ရတာ တစ်ခုခုနဲ့ ငြိနေသလိုပဲကွ။ ဘာတုံး မင်းမှာ ရည်းစားရှိနေပြီလား နိုင်ဦး"

"ဟုတ်တယ် ကိုမြဖေ၊ ကျွန်တော် အဲဒီကောင်မလေးကို ချစ်တယ်၊ အရမ်း အရမ်း ချစ်တယ်ဗျ"

"ဟင်- ဘယ်ကတုံး၊ ဘယ်သူတုံးကွ"

"နာမည်က ထားခက်ခက်ဝေ၊ ဂရင်းလေဒီ ကွန်ပျူတာကူမွကို ကောင်တာကပဲ"

"ဪ- ဒီလိုကိုး၊ ကောင်းတယ်။ အဲဒါမှ မင်းလည်း ဘဝကို အရသာရှိရှိ ခံစားတတ်လာမှာကွ။ ချစ်စမ်း၊ ချစ်လေ ကောင်းလေပဲ။ ချစ်တဲ့နေရာမှာလည်း တစ်ချစ်တည်း၊ တစ်ယောက်တည်း လုပ်မနေနဲ့၊ အချစ်များတော့ ပစ်သွားလည်း ဖြေသာတယ်ကွာ ဟဲဟဲ"

"တော်ပါတော့ဗျာ၊ ဒါဆို ကိုမြဖေ ဘာဖြစ်လို့ မိန်းမတစ်ယောက်တည်း ယူတာလဲ။ နှစ်ယောက်သုံးယောက်ယူပါလား"

"အဲဒီ အခြင်းအရာကို ငါလည်း စဉ်းစားနေတာကွ။ ပီကာဆိုတို့ မင်းတုန်းမင်းတို့ဆို မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူတာ"

"ကိုမြဖေကတော့ ပြဿနာပဲဗျာ"

"ဟားဟားဟား"

မြဖေတစ်ယောက် သူ့ဘာသာ ပြောရင်း ခွက်ထိုးခွက်လန် ရယ်မောလိုက်၏။ နိုင်ဦးသော်မှာ မြဖေ၏စကားတွေကြား နားထောင်ရင်း ခေါင်းစားလာသဖြင့် လက်ဖက်ရည်ဖိုးရှင်းကာ ဆိုင်ထဲမှ ထွက်ခဲ့၏။ ကွန်ပျူတာခန်းထဲ ဝင်တော့ ရွှေဝတ်လွှာကို တွေ့လိုက်ရပြန်၏။

ရွှေဝတ်လွှာက ကောင်းကင်ထက် ပို၍ ရဲတင်း၏။ သွက်လက်ချက်ချာ၏။ အရယ်အပြုံးကအစ မာယာလေးတွေ ပါ၏။ မျက်လုံးလက်လက်ကလေးများဖြင့် စကားဖွာဖွာလေးများလည်း ပြောတတ်လေ၏။ အသံကယစ်မူးဖွယ်။

သို့သော် နိုင်ဦးသော် မခံစားနိုင်။ ထားခက်ခက်ဝေမှလွဲ၍ သူ့ရင်ထဲ အခြားမရှိ။ အလုပ်ဆင်းချိန် ရောက်သောအခါ ဦးသစ္စာစကြာသည် ရွှေ ကောင်းကင်နှင့် ရွှေဝတ်လွှာတို့ကို မာစီဒီးပေါ် တင်ကာ ကြိုပို့လုပ်သွား၏။

နိုင်ဦးသော်ရင်ထဲမှာ စိုးစိမ့်မျှ မခံစားမိ။ အဆောင်သို့ ဝိုက်ဆိုက်ဆိုင်နှင့် ပြန်ရောက်လာ၏။ အခန်းထဲရောက်တော့ ဖိနပ်ကလေး တကြည့်ကြည့် လုပ်နေသော အောင်ဘကို တွေ့လိုက်ရ၏။

ထိလွယ်ရှလွယ် ခံစားလွယ်သော အောင်ဘ သူ့ကိုမြင်တော့ ဖိနပ်ကလေးကို အတင်း ဖက်နေ၏။

"ဘယ်လိုလဲ ရွှေမင်းသား။ စင်ဒရဲလားက ဖိနပ်ပျောက်မှ ရုံးတော်တိုင်လို့ သက်သက်မဲ့ အချုပ်ထဲ ရောက်နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ဦးရာ၊ အဲဒီလိုတော့ မပြောပါနဲ့ကွာ။ ဖိနပ်ကလေးဟာ ဝေဝေ့ရဲ့ ကိုယ်စားပြုလေးပါကွာ။ ခုဆို ဝေဝေခြေရာ ငါ့ရင်နဲ့ နီးနီးလေး ရှိနေပြီကွ။ ဟဲဟဲ ပျော်လိုက်တာကွာ"

"မင်းက ခြေရာပဲ ခံစားတာလား။ လက်ရာရော မခံစားဘူးလား။ ခြေရာ လက်ရာစုံရင် ပိုကောင်းတာပေါ့ကွာ"

"ဟာ- နိုင်ဦးကလည်း၊ တော်ကြာ ငါ့ကို ဝေဝေ့က ခြေရာလက်ရာ ကြည့် ဖေဒင်ဆရာ မှတ်နေပါဦးမယ်ကွာ"

"အဲဒါ ပို့ရှင့်ပဲ အောင်ဘရ"

"ဟင်- ဘာ ဘာပို့ရှင့်လဲကွ။ ရှင်း ရှင်းပြောကွာ။ ငါက နည်းနည်းထုံ တယ်ကွ"

"သိတယ်လေ၊ ဒါကြောင့် ငါ ရှင်းပြတာပေါ့။ မိန်းမတွေက ဖေဒင် ဆြာဆို တအား အားကိုးတာကွ။ မင်းက ဖေဒင်လည်း တတ်သားပဲ။ ဒီတော့ ဝေဝေနဲ့ တစ်သားတည်းဖြစ်ချင်ရင် ဖေဒင်ဆြာ လုပ်လိုက်ပေါ့ကွာ။ ဒါဆို အိုကေပဲ"

"ကောင်း တောင်းပါ့မလားကွ"

"သိပ်ကောင်းတာပေါ့ ရွှေမင်းသားရာ။ ဒါထက် ဝင်းသစ္စာ မမြင်ပါ လား။ ပြန်မလာသေးဘူးလား"

"ဟာ- ဒီကောင်က မြွေကွ။ ငါ့ကို အချွန်နဲ့ မ,ချင်တဲ့ကောင်"

"အဲဒီလို မပြောပါနဲ့ကွာ။ သူငယ်ချင်းတွေပဲဟာ"

"ငါ ဒီကောင့်ကို ကြောက်တယ်ကွ။ ဟို ဝေဝေ့ကိစ္စ အသိမပေးရဲ ဘူး။ တစ်ချက်သိတာနဲ့ တစ်ချက် မ,တာကွ"

"အောင်ဘကလည်းကွာ၊ ဝင်းသစ္စာလို ခပ်ရဲရဲသူငယ်ချင်း လိုတယ် ကွ။ အပြောရဲဆိုရဲတော့ မင်းလည်း ရဲတာပေါ့ကွာ။ အချစ် ဆိုတာ နှုတ် ရဲရတယ်ကွ။ အဲ- လက်တော့ အရမ်းမရဲနဲ့၊ အချုပ်ထဲရောက်သွားတတ် တယ်"

"အင်- လုပ်ပြီကွာ။ ဒါဆို ငါ ဝေဝေကို ဘယ်လို လုံးရမလဲ"

"ဒါများကွာ"

သူတို့နှစ်ဦး အချီအချ ပြောဆိုနေစဉ် ဝင်းသစ္စာ ရောက်လာ၏။ အသွင်က အူယားဖားယား။

"ရွှေမင်းသား၊ ပေ့ကောင် ရွှေမင်းသား"

"ဘာတုံးကွ"

"မင်း စင်ဒရဲလားတော့ ဝံပုလွေဝိုင်းနေပြီကွ"

"ဟင်- ဝံပုလွေ၊ ဟာ- ဒါ တောကြီးမျက်မည်းမှ မဟုတ်တာကွ"

"ဟင်"

"တုံးပါ့ကွာ၊ ဥပမာ ပြောတာလေကွ။ မင်း သိချင်ရင် ဆိုင်ကိုမြေး ဆေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွာ၊ ငါတော့ မင်းပြောတာ နားမလည်ဘူး"

"အောင်ဘရာ၊ မင်းက ပြောလေ ဒုံးဝေးလေပါလားကွ။ မင်းရဲ့ ကောင်မလေး ဝေဝေဘေးမှာ ငတေသုံးလေးယောက် တွေ့ခဲ့တယ်"

"ဟင်- ဟုတ် ဟုတ်လား"

"အေး- မင်း ဝေဝေတော့ အရိုးအသားရှာတောင် တွေ့မှာမဟုတ်ဘူးကွ။ အဲဒီကောင်တွေ ကြည့်ရတာ အစွယ်ဖွေးဖွေး သွားရည်တများများနဲ့ကွ"

"ဟို- ဝံ ဝံပုလွေကြီးတွေလား"

"ဟာ- ရှင်းလေ ရှုပ်လေပဲကွာ။ မင်း သိချင်ရင် ဆိုင်သာ သွားမေးပေတော့ဟေ့"

ဝင်းသစ္စာကိုယ်တိုင်ပင် အီလည်လည် ဖြစ်သွားရ၏။ အောင်ဘတစ်ယောက် မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်၍ စဉ်းစားနေဆဲ။ တဖြည်းဖြည်းချင်း သဘောပေါက်လာကာ အဆောင်ပေါ်မှ ဒရောသောပါး ဆင်းချလာလေ၏။

ထိုအချိန် အောက်ထပ် တန်းလျားပေါ် ထိုင်နေသော ဦးရွှေကိုမှာ အောင်ဘကို မြင်သည်နှင့် အတင်း ခေါ်လိုက်၏။

"ဟကောင် လာစမ်းပါဦးကွာ"

"ဘာ ဘာတုံး ဦးလေးရွှေကိုရ"

"ထိုင်စမ်းပါဦးကွာ၊ မင်း ကြည့်ရတာ ဆပ်ပြာသည် လင်ပျောက်နေသလိုပဲ။ ကဲ- ငါမေးတာဖြေပါ"

"ဗျာ၊ ဘာ ဘာမေးမလို့လဲ"

"ဟိုလေကွာ ငါ မင်းကောင်မလေး ထမင်းဆိုင်မှာ ထမင်းချိုင့် မှာစားချင်လို့ကွ။ အဲဒါ မင်း ဆိုင်သွားမယ်ဆို ငါလည်း လိုက်ချင်သကွာ။ ဟိုစားဒီစား စားရတာ မကောင်းဘူးကွ"

"ဟာ- ဦးလေးရွှေကို အတွေးအခေါ်ဟာ အမှန်တရားကို ရှာဖွေတွေ့ရှိသွားတဲ့လူလိုပဲ။ ဟုတ်ပြီ၊ ဒေါ်ချစ်ကြီးက ထမင်းချက်လည်း ကောင်းတယ်ဗျာ။ အနင်းအနှိပ်လည်း ကောင်းတယ်။ စိတ်မထင်ရင် ငရုတ်ကျည်ပွေ့နဲ့ ထထုတတ်တာပဲရှိတယ်ဗျ။ ဒါလည်း ပြဿနာမဟုတ်ပါဘူး။ ဆေးရုံဆေးခန်းတွေ ရှိသားပဲဗျ။ ချစ်လာမှတော့ ခံသာခံလိုက်"

"ဟေ- ဟ ဟ . . . မင်းစကားက ဘာစကားလဲကွ။ ငါက ထမင်းစားဖို့ ပြောတာ။ ဘယ့်နှယ် ဒေါ်ချစ်ကြီး အတင်း ယူခိုင်းနေတာလဲကွ"

"ဟဲဟဲ ဦးလေးရွှေကိုကလည်းဗျာ၊ မြွေမြွေချင်း ခြေမြင်ပြီးသားပါဗျ။ ဒီယုန်မြင်လို့ ဒီချုံထွင်တာပဲဟာ ပဲဟင်းစားချင်ရင် နှုတ်ခမ်းမွေး အနုတ်ခံလိုက်ဗျာ"

"ဟေ"

အောင်ဘ၏ ထင်ရာမြင်ရာစကားကြောင့် ဦးရွှေကို မှာလုံးပြူးနေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ထိုစဉ် ဝေဝေ့အကြောင်းတွေးရင်း အောင်ဘရင်ထဲ မီးတွေလောင်နေ၏။

"ဦး ဦးလေးရွှေကို"

"ဘာတုံးကွ"

"ဟို- ကျုပ်က ကျုပ်ရင်ထဲ မီးတွေလောင်နေတယ်"

"ဘာ- မီးတွေလောင်နေတယ်။ ဘယ်သူရှို့တာလဲကွ။ ဒါမှမဟုတ် မင်း ဓာတ်ဆီတွေ သောက်မိလို့လား"

"ဟို ဟိုဗျာ၊ ကျုပ်ကောင်မလေးပါ။ ဟိုကောင်တွေက အစွယ်တွေပါတယ်တဲ့ဗျာ၊ သွား သွားမယ်ဗျာ"

"အင်- ဟ နေပါဦးဟ။ ငါပါ လိုက်မယ်လေကွာ"

"လာ လာ . . ."

အောင်ဘ ဒရောသောပါး ထပြေးတော့ ဦးရွှေကိုလည်း နောက်မှ မောကြီးပန်းကြီး လိုက်ခဲ့ရ၏။ ဆိုင်ရောက်တော့ အောင်ဘ ရင်ဆို့သွား၏။ ဝေဝေကို ပြီတီတီ ရီတိတိ လုပ်နေကြသော ချစ်စိန်တို့လူစုကို တွေ့လိုက်ရသဖြင့် အောင်ဘ ရင်နှစ်ခြမ်း ပြန်းပြန်းကွဲမတတ် ခံစားနေရ၏။

ချစ်စိန်က အရပ်ထဲမှ လူမိုက်။ ရုပ်ရည်က သနားကမားရှိသော်လည်း ကိုယ်ကျင့်တရား ပျက်စီး ချို့ယွင်းနေသူ။

ချစ်စိန်အကြောင်းကို ဝေဝေ သိပုံမပေါ်။ ပြုံးပြုံးရွှင်ရွှင်နှင့် တုံ့ပြန်ဆက်ဆံနေသည်ကို မြင်လိုက်ရသောအခါ အောင်ဘ ရင်ခုန်နေရ၏။ သူ့အလာကို မြင်လိုက်သူက ဒေါ်ချစ်။

"ဟော- မောင်အောင်ဘ လာပြီလား၊ ထိုင်လေ ဩော် ကိုရွှေကိုလည်း ပါလာသကိုး။ ထူထူးဆန်းဆန်းပါလားတော့"

"ဟဲဟဲ ဒီလိုပေါ့ မချစ်ကြီးရယ်။ ထမင်းဟင်း စားရတာ မကောင်းဘူးဗျ။ လျှာတွေလည်း ထုံနေပြီ။ အာခေါင်တွေလည်း ဟုန်နေပြီ"

"ရှင်၊ ဒါ ဒါဆို လျှာကင်ဆာများ ဖြစ်နေလို့လား"

"ဗျာ၊ ဟာ- မချစ်ကြီးကလည်း၊ လက်ရာမကောင်းတာ ပြောတာဗျ။ အသက်ကလေး ရလာတော့ အရသာရှိရှိလေး စားချင်လာသဗျာ"

"ဩော်- ဟုတ်ပြီ။ နွားအိုမြက်နုကြိုက် ဆိုတဲ့ သဘောပေါ့။ ကျွန်မဆိုင်က မြက်တော့ မချက်ဘူးရှင့်။ ဖိနပ် အဲလေ . . ."

"ဟာ- ရှုပ်ကုန်ပြီ"

ဦးရွှေကိုမှာ ဒေါ်ချစ်ကြီး၏စကားကြောင့် တွန့်ခနဲ ရှုံ့ခနဲ ဖြစ်သွား၏။ အောင်ဘမှာ သူ့ခံစားချက်နှင့်သူ။ ထိုစဉ် ဒေါ်ချစ်ကြီးက အောင်ဘကို မေးလိုက်၏။

"မောင်အောင်ဘ၊ ဘာစားမတုံး"

"ဖိနပ်၊ အဲ . . ."

"အလို မင်းက ဖိနပ်တွေချည်းပဲစားနေသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ၊ ဟဲဟဲ မှား မှားသွားလို့ပါ"

"ဩော်- မင်းမလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ အယောင်ယောင်အမှား အမှား တယ်ဖြစ်သကိုး။ ကဲ- ပြောကြ၊ ကိုရွှေကိုက စားမှာလား"

"ကျွန်တော်က အိမ်ကို ချိုင့်ဆွဲယူသွားမှာဗျ။ အဲဒါ လာပြောတာ"

"ကောင်းတာပေါ့ရှင်၊ အသက်ကြီးလာတော့ မြိုးမြိုးမြက်မြက်ကလေး စားရတယ်ရှင့်။ ဟောဒီမှာကြည့်၊ ငါးမြင်းဟင်း၊ အုပ်ဖားဆီပြန်၊ ငါးတန်ကုလားချက်၊ ဝက်သားနှပ်၊ သီးစုံချဉ်ရည် ကြိုက်တာပြော"

ဒေါ်ချစ်ကြီးက အိုးဖုံးတွေ တဂွမ်းဂွမ်း လှန်ပြရင်း ပြောဆိုနေ၏။ အောင်ဘခဗျာ ဝေဝေ့ကို မျက်လုံးရွဲကြီးများနှင့် အီတီတီကြီး ကြည့်နေ၏။ ထိုအချိန် ချစ်စိန်တို့လူစု၏စကားသံများ ထွက်လာ၏။

"အသည်းနှလုံးဆီပြန် ရှိသေးလား"

"ရှင်"

"ဟဲဟဲ ညီမလေးကလည်း အစ်ကိုတို့က အသည်းနှလုံးမှ ကြိုက်တာကွ"

"အဲဒါတော့ မရှိ . . ."

"ဩော်- အသည်းနှလုံး မရှိဘူးပေါ့။ ဟင်းဟင်းဟင်း အဲဒီလောက်တော့ မရက်စက်ပါနဲ့ ညီမလေးရာ"

"ဟဲ့- ချစ်စိန်၊ နင် ဘာတွေပြောနေသတုံး။ မဟုတ်မဟပ်တွေ မပြောစမ်းနဲ့။ ဒါ စီးပွားရေးလုပ်နေတာဟဲ့"

"ကြီးတော်ကလည်းဗျာ ဟဲဟဲ"

ဒေါ်ချစ်ကြီးက ချစ်စိန်ကို တင်းတင်းရင်းရင်း ပြောပစ်လိုက်၏။ အောင်ဘတစ်ယောက် ဒေါ်ချစ်ကြီးကို အားကိုးတကြီးနှင့် ကြည့်လိုက်၏။ ချစ်စိန်အသွင်အပြင်က မထီမဲ့မြင်။ အောင်ဘဘက် တစ်ချက်လှမ်းကြည့်ရင်း ပြောလိုက်၏။

"အညီရှိရင် ယင်အုံစမြဲပဲ ဒေါ်ချစ်ကြီးရာ"

"ဘယ်ကအညီတုံး။ ဘာတွေ လာပြောနေတာလဲ။ စားပြီးလည်း သွားတော့"

"ဟာဗျာ"

ချစ်စိန် မကျေမချမ်း ဖြစ်သွား၏။ ထိုအချိန် အောင်ဘအနားသို့ ဝိဝေ ရောက်လာ၏။ အောင်ဘ ရင်တွေ ဘောင်ဘင်ခတ်နေ၏။ ခြေလက်တွေ တအား အေးစက်သွားသလိုပင်။

"ကိုအောင်ဘ ဘာစားမတုံး"

"ဖိနပ်၊ အဲလေ ဒုက္ခပါပဲ"

"ဘယ်လိုဖြစ်တာတုံး၊ တစ်ချိန်လုံး ဖိနပ်ချည်းပဲ တ,တတ လုပ်နေသလား"

"ဟုတ်ပါ့ကွာ၊ ဟကောင် အောင်ဘ စကားပြောရင်လည်း ထိန်းထိန်း



www.burmeseclassic.com

www.burmeseclassic.com



သိမ်းသိမ်း ပြောကွာ။ ဗီဇတွေ ထုတ်မပြနဲ့"

"ဟာ- ဦးလေးရွှေကိုကလည်း၊ ဟဲဟဲ ထုံးစံအတိုင်းပေါ့ ဝေဝေရယ်"

"သိပါတယ်၊ ကျွန်မ ချန်ထားပါတယ်"

"ကျေး ကျေးဇူးပဲ ဝေဝေရာ"

အောင်ဘတစ်ယောက် ဝမ်းသာလိုက်သမှ နှလုံးသားတွေ ခုန်ဆွ ခုန်ဆွ ဖြစ်နေ၏။ ဝေဝေသည် ဆိုင်ထဲဝင်သွားကာ ဟင်းထမင်းများ ခူးခပ်လာ၏။ အောင်ဘ စားနေသည့်ဟင်းကို ကြည့်ပြီး မကျေမချမ်း ဖြစ်သွားသူက ချစ်စိန်၊ မျက်စောင်းကြီးတခဲခဲနှင့် ပြောလိုက်၏။

"ဘာလိုတုံး ညီမလေးရဲ့၊ အစ်ကိုပြောတော့ မရှိဘူးဆို။ ခု ဘယ်က ဘယ်လို ထွက်လာသလဲ"

"ဟို- အဲဒါ ဒီအစ်ကိုက အမြဲ မှာထားတာလေ"

"အဲဒါတော့ မျက်နှာလိုက်သကွာ။ ထားပါတော့၊ အသည်းနှလုံး စားတယ် ဆိုတာ ဘီလူးသဘက် နာနာဘာဝတွေမှ စားတာကွ။ ဟဲဟဲ သွားမယ်နော်"

"အင်"

ချစ်စိန်စကားကြောင့် အောင်ဘ ရှုံ့ရှုံ့ရွဲရွဲ ဖြစ်သွား၏။ လူစင်စစ်က နာနာဘာဝတစ်ကောင် ဖြစ်သွားရသည်မို့ လက်ထဲက အသည်းဖတ်ပင် ဖုတ်ခနဲ ပြုတ်ကျသွားခဲ့၏။ ထိုအချိန်တွင် ချစ်စိန်တို့လူစု ဆိုင်ထဲက ထွက်သွားပြီ ဖြစ်၏။

"အစ်ကို စားလေ၊ သူတို့ ပြောတာကို နားမထောင်စမ်းပါနဲ့။ အစ်ကို စားချင်တယ်ဆိုလို့ ကျွန်မ ချန်ထားတာလေ စားပါ"

ဝေဝေ၏ ချော့ချော့မော့မော့ စကားသံလေးကြောင့် အောင်ဘ ငြိမ်ကျသွား၏။ ဦးရွှေကိုမှာ အောင်ဘ အဖြစ်သနစ်ကို ကြည့်ပြီး ရယ်ကျဲကျဲ လုပ်နေ၏။ ဒေါ်ချစ်ကြီးသည် ဦးရွှေကို စားရန်အတွက် ဟင်း၊ ထမင်းများ ချိုင့်ထဲ ထည့်နေ၏။

"ဟောဒီမှာ ကိုရွှေကိုရေ့ ကျွန်မ ရှယ်ဟင်းတွေ ထည့်ပေးလိုက်တယ် နော်။ ကျွန်မ ဘဲ့ ရှယ်ပဲ"

"ဗျာ၊ ဟဲဟဲ ကောင်းတယ်၊ ကောင်းတယ်။ ကျွန်တော်က ရှယ်မှ ကြိုက်တာဗျ။ သွားမယ်နော်"

ဦးရွှေကိုတစ်ယောက် ဒေါ်ချစ်ကြီးကို မျက်လုံးဝင်းဝင်းကြီးနှင့် လှမ်းကြည့်ရင်း ဆိုင်ထဲမှ ထွက်သွား၏။ အောင်ဘတစ်ယောက် ဝေဝေနှင့် အနေဝေးသွားမည်စိုးသဖြင့် ထမင်းကို ချွဲစားနေ၏။

"မိဝေ"

"ရှင်၊ ကြီးကြီးချစ်"

"ဈေးထဲ သွားပါဦးဟယ်။ ကြက်ဥဘဲဥလေး သွားဝယ်ပါဦး"

"ဟုတ် ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဝေဝေတစ်ယောက် ခြင်းတောင်းကလေး ဆွဲ၍ ဈေးဘက်သို့ ထွက်သွား၏။ ဆိုင်မှာလည်း လူသူရှင်းနေ၏။ ထိုအချိန်တွင် ဒေါ်ချစ်ကြီးက အောင်ဘကို တိုးတိုးတိတ်တိတ် မေးလိုက်၏။

"မောင်အောင်ဘ"

"ဗျာ"

"ကြီးတော် မင်းကို မေးစရာရှိလို့ကွယ့်"

"ဘာ ဘာတုံးဗျ"

"ဟိုလကွယ်၊ ဟိုတစ်လောက ယူသွားတဲ့ ကြီးတော်ဖိနပ်လေး ပြန်ပေးပါကွယ်။ ဝယ်တာမှ မကြာသေးဘူးလေ"

"ဗျာ၊ ကြီးတော် ဖိနပ်"

"ဟုတ်တယ်ကွယ့်၊ မင်းက ဘာလုပ်ဖို့ ယူသွားတာတုံး"

"ဟိုက်- သွားပါပြီကွာ"

"ဘာ ဘာဖြစ်လို့လဲကွယ့်"

"ဟို- အဲ ဟိုဒင်း ဟိုဟာ"

"မင်းဥစ္စာကလည်း ကြောင်တိကြောင်တောင်နဲ့ကွယ်"

"ကြီးတော်ရဲ့ဖိနပ်လား"

"ဟုတ်ပ၊ ကြီးတော်လည်း ပြောရမှာ အားနာလှသကွယ်"

"ရ ရပါတယ်၊ ပြန် ပြန်ပေးပါ့မယ်"

ကြားလိုက်ရသောစကားကြောင့် အောင်ဘရင်ထဲ အရှိန်အဟုန်ပြင်းထန်လှသည့် မီးရထားတွဲကြီး ဝါးလုံးထိုး ခုတ်မောင်းသွားသလိုပင်။ မျက်နှာဘယ်ထားလို့ ထားရမှန်း မသိ။ ရှက်ကိုးရှက်ကန်းနှင့် စားလက်စ ထမင်းကိုရပ်ကာ လက်ကို ကပျာကယာ ဆေးလိုက်၏။ လက်သုတ်ပဝါပင် မသုတ်တော့ဘဲ ဝတ်ထားသည့်ပုဆိုးနှင့် အလျှင်အမြန် သုတ်ကာ ဆိုင်ထဲမှ သုတ်ခြေတင်ခဲ့ရလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

နိုင်ဦးသော်နှင့် မြဖေတို့နှစ်ဦး ဦးသစ္စာစကြာအခန်းထဲ ရောက်နေ၏။ နှစ်ဦးစလုံး ဘော့စ်မျက်နှာကို ကြည့်ပြီး ရင်တထိတ်ထိတ် ဖြစ်နေ၏။ ထိုစဉ် ဦးသစ္စာစကြာထံမှ စကားသံ ထွက်လာ၏။

"ဟောဒီမှာ ဘတ်ဒေးပရဲဇင့်"

"ကျွန်တော်တို့ကို ပေးတာလား ဘော့စ်"

"ဘာကွ"

"ဟို- ကျွန်တော့်မွေးနေ့အတွက် . . ."

"တိတ်စမ်းကွာ၊ ခေါင်းရှုပ်နေရတဲ့အထဲ မင်းက အူကြောင်ကြောင်နဲ့။ ငါပြောတာ နားထောင်။ ဟောဒီ အထုပ် ယူသွား။ ဂရင်းလေဒီက ဒေါ်မိုးမြင့်မြင့်မော်ကို ပေးလိုက်။ ငါ အလုပ်တွေ တအား ရှုပ်နေတယ်လို့ ပြောလိုက်ကွာ"

"ဩော်- ဒီလိုကိုး"

"အေး၊ အဲဒီ အမျိုးသမီးမေးသမျှ စွတ်မဖြေနဲ့နော်။ ငါ သူနဲ့မျက်နှာချင်းကို မဆိုင်ချင်ဘူး"

"ဘာဖြစ်လို့လဲ ဘော့စ်ရယ်။ ဒေါ်မိုးမြင့်မြင့်မော်က ရုပ်ပါစားပါတယ်ဗျာ။ ဘော့စ်နဲ့ဆို . . ."

"ဟေ့ကောင် နိုင်ဦး၊ မင်း ဘာနားလည်လို့လဲ။ ငါ အဲဒီ မိန်းမကို ကြောက်တယ်ကွ"

"ဗျာ၊ ဘာ ဘာကို ကြောက်တာလဲ ဘော့စ်"

"ဟာ- သူ့မျက်လုံးကြီးရယ်၊ ပြီးတော့ သွားစွယ်ကြီးတွေကွ"

"အင်- သွားစွယ်ကြီးတွေ ရှိလို့လား"

"ငါကိုယ်တိုင် မြင်လိုက်တာကွ။ မျက်နှာဖုံးချွတ်ပြီး စားတုန်း သူ့သွားစွယ်ကြီးတွေ မြင်လိုက်ကတည်းက ငါ အတော်ကို ကြောက်သွားတာကွ။



www.burmeseclassic.com

www.burmeseclassic.com


"အေးလေ၊ ဘယ်ဖြစ်စဉ်မှာမဆို ဒီသဘောရှိတယ် နိုင်ဦးရ။ အဲဒီ ကောင်မလေးက ဘယ်လို ရုပ်အသွင်ရှိသတုံး"

"ဟ- ချောတယ်ဗျ၊ တအားကို ချောတာ။ ပြီးတော့ မေးစေ့မှာ မှဲ့နီလေးလည်း ရှိတယ်"

"ဟုတ်လား၊ ဒါဆို ယောက်ျားကို နိုင်မယ့်နိမိတ်ကွ။ ဟကောင် နိုင်ဦး၊ ကြည့်လုပ်နော်။ အဲဒီမိန်းမရရင် မင်းဘဝ နေဝင်ပြီသာ မှတ်ပေတော့ကွ"

"ဟာဗျာ၊ ကိုမြဖေကလည်း စွတ်ပြောနေပြန်ပြီ"

"မင်းက ဗဟုသုတ တယ်နည်းသကိုး။ ဒါ အကိုးအကားနဲ့ ပြောတာကွ။ အယူမှားရင် လူနွားဖြစ်သွားမယ်ကွ။ နိုင်ဦး၊ မင်း စဉ်းစားပါဦးကွာ။ ဘာလုပ်လုပ် ခေါင်းကလေးတော့ သုံးကွ"

"တော်ပါတော့ဗျာ၊ အဲဒီ ကောင်မလေးနဲ့ ကျုပ်က ဘာမှလည်း ဖြစ်သေးတာ မဟုတ်ဘူးဗျ။ ဟဲဟဲ စိတ်ကူးကြည့်တာပါဗျာ"

"စိတ်မကူးစမ်းပါနဲ့ကွာ၊ ရှေ့တစ်လှမ်းတိုးချင်ရင် နောက်တစ်လှမ်း ကြွရတယ်ကွ။ ရှေ့လည်းမတိုးချင် နောက်ခြေလည်း မကြွချင်။ ပြီးတော့ ရှေ့သို့ချည်းပဲ ဇွတ်ပြောနေလို့ကတော့ နာပြီသာမှတ်ပေ့"

"အင်- ဘာတွေတုံးဗျာ။ ကျုပ်စိတ်ထဲ ဘာမှ မဖြစ်သေးပါဘူးဗျ။ အရေးကြီးတာ ဒီထမင်းချိုင့်ကြီးကိုစွ"

"ဟာကွာ၊ စားပစ်လိုက်ပေါ့"

"ဘယ်ကောင်းမှာလဲဗျ၊ သူများက စေတနာပါလို့ ကျွေးတာမှ မဟုတ်တာ"

"အင်- စေတနာ၊ နေပါဦး အဲဒီကောင်မလေး စေတနာ ပါ၊ မပါ မင်း ဘယ်လို သိသတုံးကွ။ တော်တော် ကြောင်တဲ့ကောင်ပဲ၊ ဘာမှ မလုပ်နဲ့ ထမင်းစားချိန် ငါ လာခေါ်မယ်။ ငါလည်း ဟင်းက သိပ်ကောင်းတာ မဟုတ်ဘူးကွ။ ကဲ- သွားသွား ရှေ့မင်းသားကြီး မင်းကို မေးနေပြီကွ"

"ဟုတ်လား"

ဦးသစ္စာစကြာ မေးနေပြီဆိုတော့ နိုင်ဦးသော် ဗျာနေ၏။

အချိန်ကို အင်မတိ အင်မတန် လေးစားသော ဦးသစ္စာစကြာ။ စိုးရိမ် စိတ်နှင့် လက်ကနာရီကို ငုံ့ကြည့်လိုက်၏။ ကိုးနာရီခွဲရန် ငါးမိနစ်လိုသေး ၏။ ဝမ်းသာအားရနှင့် မြဖေရှေ့မှ အလုပ်တက်စာရင်းတွင် လက်မှတ်ထိုး ရန် ပြင်လိုက်၏။

"ဟကောင် နိုင်ဦး"

"ဗျာ"

"မင်း ဒါပါနဲ့ဆို နှစ်ကြိမ်ရှိနေပြီကွ။ ဒီကိစ္စ ငါ့မှာ တာဝန်ရှိတယ် နော်။ ငါက အသော်ရတီကို အလွဲသုံးစား မလုပ်ချင်ဘူးကွ"

"ကိုမြဖေကြီးကလည်း၊ ဒီမှာလေ ကိုးနာရီခွဲဖို့ ငါးမိနစ်တောင် ...ိသေးတယ်ဗျ"


www.burmeseclassic.com

www.burmeseclassic.com


မိုးဟာ သွေးစုတ်ဖုတ်ကောင်ကြီး ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

"သွေးစုတ်ဖုတ်ကောင် ဆိုတာ ကြမ်းပိုးအကြီးစား ဘော့စ်ရဲ့။ ဟို ကြမ်းပိုးဆေး ဝယ်တိုက်လိုက်ပါလား"

"ဘာကွ၊ မင်းက ငါ့ကို တရားခံ ရှာနေတာလား။ ပေါက်တီးပေါက် ရှာ မပြောစမ်းနဲ့ကွာ။ ကဲ- သွား သွားပေးလိုက်။ အသေအချာလည်း ပြောပြနော်။ တော်ကြာ ပြဿနာလုပ်နေဦးမယ်။ သူနဲ့ငါက ကင်းလို့ရတာ မဟုတ်ဘူးကွ။ ကဲ- သွားကြ၊ ကိုမြဖေ"

"ဗျာ"

"ခင်ဗျားတို့ မိုးရှေ့ကျ စကားဆင်ခြင်ပြောနော်"

"ဘယ်နှနာရီသွားရမှာလဲ ဘော့စ်"

"အိမ်ကို သွားလိုက်ပါ။ ပွဲမစခင် သွားလိုက်၊ ဒရိုင်ဘာ ခေါ်သွား"

"ဟုတ်ကဲ့"

သူတို့နှစ်ဦး ဦးသစ္စာစကြာ ပေးလိုက်သည့် မွေးနေ့လက်ဆောင်ထုပ် ကြီးပိုက်ကာ ကုမ္ပဏီထဲမှ ထွက်ခဲ့ကြ၏။ ဒရိုင်ဘာ တင်ဝင်းတစ်ယောက် ကားထဲ အိပ်ပျော်နေသဖြင့် မနည်းကြီး နှိုးလိုက်ရ၏။

"ဘယ်သွားမလို့လဲ ကိုမြဖေ"

"ဘော့စ်က ဒေါ်မိုးမြင့်မြင့်မော်အိမ်ကို ပို့ပေးပါတဲ့။ အဲဒါ သွားမယ် လေ"

"ဝါး. . . အိပ်ချင်တယ်ဗျာ၊ လက်ဖက်ရည်လေးဘာလေး တိုက်ပါ လားဗျ။ ညက ဝိုင်းကောင်းတော့ တော်တော်နဲ့ မထနိုင်ဘူးဗျ။ လုပ်ဗျာ၊ ကျွပ်အိတ်ထဲတော့ တစ်ပြားမှ မရှိတော့ဘူး"

"ကဲ- ဒါဆိုလည်း လက်ဖက်ရည်ဆိုင် အရင်မောင်းကွာ"

တင်ဝင်းက ဖဲသမား။ ဖဲရိုက်ရမယ်ဆိုလျှင် မိုးလင်းမိုးချုပ် ရိုက် တဲ့တတ်သူ ဖြစ်လေ၏။ တင်ဝင်းက လူထူးလူဆန်း။ ဧလောင်းကစားမက်သည့် နေရာတွင် စံတင်လောက်၏။ လွန်ခဲ့သည့်နှစ်ပိုင်းက ကုမ္ပဏီကို ရောက် မလာဘဲ ဆက်ရက်ကျော်ကျော်ခန့် ပျောက်နေ၏။

ထိုအချိန်တွင် တင်ဝင်းတစ်ယောက် ရပ်ကွက်ထဲ ပွဲကြီးနှစ်ပွဲ ဆက် နေ၏။ တစ်ပွဲက ကြီးတော်ဖြစ်သူ အသုဘနှင့် နောက်တစ်ပွဲက အရပ် လူကြီး ကိုမှုန် အသုဘ ဖြစ်လေ၏။

ကြီးတော် ဆုံးပြီး ခုနစ်ရက်ပြည့်သည့်ရက်လည်တွင် ကိုမှုန်ကြီး ဆုံး သွားသဖြင့် တင်ဝင်းတစ်ယောက် အူမြူးနေ၏။ အသုဘအိမ်နှစ်အိမ်ကြား အိမ်မပြန်နိုင် ဖြစ်ခဲ့၏။ မိန်းမ မသိအောင် ဖြောင်လာသည့် ပိုက်ဆံလည်း ဝိုင်းမှာ ပြောင်သလင်းခါသွား၏။

ကိုယ်ပေါ်ဝတ်ထားစားထားတာတွေလည်း ပြောင်သွား၏။ အကြွေး တွေလည်း ပုံသွား၏။ နောက်ဆုံး ကြဲရာမရဖြစ်ကာ ကြံမိကြံရာ ဖြစ်လေ တော့၏။


www.burmeseclassic.com

www.burmeseclassic.com



အကြံက တခြား မဟုတ်။ သူ့မိန်းမ မရွှေမိက နတ်ကိုးကွယ်မှုအစွန်း ရောက်နေသူ ဖြစ်၏။ အိမ်မှာလည်း နတ်ရုပ်တွေက တင်းကြမ်း၊ စားစရာ မရှိသော်လည်း နတ်ရုပ်တွေမှာ ရွှေရောင်တဝင်းဝင်း။

သူ ဖဲဝိုင်းရောက်နေချိန်တွင် ရွှေမိကလည်း နတ်ကနားပွဲ ရောက် နေ၏။ တင်ဝင်းတစ်ယောက် အိမ်ကို သုတ်ခြေတင် ပြန်လာကာ စင်ပေါ် မှ နတ်ရုပ်များကို ဂုန်နီအိတ်ထဲထည့်ကာ ဖဲဝိုင်းတွင် ပေါင်းနှံလေ၏။ သူ့နတ်ရုပ်တွေကြည့်ပြီး ဘယ်သူမှ အပေါင်မခံရဲ။

နောက်ဆုံး ကုလားမတို့ဆီ ရောက်သွား၏။ ကုလားမက နတ်ရုပ် တွေကြည့်ပြီး ရွှေရောင်တဝင်းဝင်းမို့ ဝမ်းသာအားရနှင့် အပေါင်ခံလိုက် ၏။ ရလာသည့်ငွေကလေးနှင့် တင်ဝင်း ဖဲဝိုင်းမှာ မထတမ်း ရိုက်ခဲ့၏။ ထိုအချိန် နတ်ကနားပွဲမှ ပြန်လာသော မရွှေမိတစ်ယောက် နတ်စင်ကို ကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟယ်- ကိုယ်တော်ကြီးတို့ မရှိတော့ပါလား။ ဘုရား ဘုရား၊ အလို တော် မမနဲ့တောင် မရှိတော့ပါလား။ ဘယ်တွေများ ကြွကုန်ပါလိမ့်။ ဒုက္ခ ပါပဲ"

ရွှေမိတစ်ယောက် ဆတ်ဆလူးခါနေ၏။ သူ့အတွက် ကိုးကွယ်ရာ မဲ့သွားသလိုပင်။ နောက်ဆုံး ဘေးအိမ်တွေ မေးကြည့်တော့ သူ့ယောကျ်ား လက်ချက်မှန်း သိလိုက်၏။ သတင်းရလျှင်ရချင်း ဖဲဝိုင်းသို့ ဒရောသော ပါး လိုက်ခဲ့၏။ ထိုအချိန်တွင် တင်ဝင်းတစ်ယောက် ဖဲဝိုင်းဘေးတွင် ပုဆိုး လေးခြုံပြီး ကွေးနေ၏။

"ဟဲ့- လူကြီး ထ ထစမ်း"

"အင်- အသူလဲကွ"

"ဘယ်သူရမှာလဲ၊ ရှင့် မိန်းမလေ။ ထစမ်းပါဦး မိစ္ဆာကြီးရဲ့"

"ဟေ- ဟာ ရွှေ ရွှေမိ"

"ဟုတ်တယ်၊ ဘယ်မှာလဲ ကိုယ်တော်ကြီးတို့ ရုပ်ပုံတွေ ပြောစမ်း"

"ကြွသွားပြီကွာ"

"ဘာ- ဘယ် ဘယ်ကို ကြွသွားသတုံးတော့"

"ဟို- အဲ ဟိုဒင်း မကုလားမဆီလေ"

"ဘာ- ရှင် ရှင် ပေါင်ပစ်လိုက်ပြီပေါ့"

"အေးကွာ၊ ငါလည်း ရမလားလို့ လိုက်ကြည့်တာပဲ။ နောက်ဆုံး ကိုယ်တော်ကြီးတို့လူစု ခဏကြည့်ခိုင်းလိုက်တာပေါ့ကွာ"

"အောင်မယ်လေးတော့၊ မိုးကြိုးတော့ ပစ်ကုန်တော့မှာပဲ။ ကျုပ်က ကိုယ်တော်ကြီးတို့ဆီမှာ နတ်ကတော်လုပ်ပါ့မယ်လို့ ကတိပေးထားတာ တော့"

"ဘာ- မင်းက ငါ့ကတော် မလုပ်ချင်တော့ဘူးပေါ့။ ပြောစမ်း"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရှင့်လို ဖဲသမားနဲ့ တစ်သက် မနေချင်

www.burmeseclassic.com


ဘူးမှတ်။ ရှင် ခုချက်ချင်း ပြန်ရွှေးပေးမလား၊ မရွှေးပေးဘူးလား ပြော"

"ဟာ- ဘယ်ကပိုက်ဆံနဲ့ သွားရွှေးရမှာတုံးကွ။ ပိုက်ဆံမရှိလို့ မင်းတောင် ပေါင်ရိုက်မလား စိတ်ကူးနေတာကွ"

"ဘာ- ရှင် ရှင် မိုက်ရိုင်းလှချည်လား။ ရှင်ဟာ ကိုယ်တော်ကြီးကိုယ်တော်လေးတို့၊ အမေဂျမ်းတို့၊ မမနဲ့တို့ကို စော်ကားတယ်။ ရှင် တစ်နေ့ ဘေးတွေ့လိမ့်မယ်"

"ဟာကွာ၊ ဖဲရှုံးရတဲ့ကြား မင်းကတစ်မျိုး"

"ကဲ- ရှင် အခုချက်ချင်း ကျွန်မနဲ့လိုက်ခဲ့"

"ဘယ်ကိုလိုက်ရမှာလဲ"

"ကုလားမတို့အိမ်လေ၊ သွားရွှေးမယ်"

"ဘယ်မှာ ပိုက်ဆံရှိလို့လဲ"

"ဒါ ရှင့်အပူ မပါဘူး။ ကိုယ်တော်ကြီးတို့ကိုတော့ ကျုပ် မပြစ်မှားရဲဘူး"

"ဒါကျတော့ သိသား။ ငါ့ကျတော့ ခွခွဆဲနေတဲ့မိန်းမ"

"တော်စမ်းပါရှင်၊ ကဲ- လာလာ . . ."

နောက်ဆုံးတော့ တင်ဝင်းကို အရှုံးပေးလိုက်ရ၏။ လင်မယားနှစ်ယောက် ကိုမှုန်ကြီးအသုဘအိမ်မှ ဆင်းခဲ့ကြရာ မကုလားမဆီ ရောက်လာ၏။ ထိုအချိန်တွင် မကုလားမသည် နတ်ရုပ်တုကိုယ်ပေါ်မှ ရွှေများကို ပွတ်ယူနေ၏။

သူတို့ ရောက်ရှိနေချိန်တွင် ရွှေရောင်တဝင်းဝင်း တောက်နေသော နတ်ရုပ်များမှာ ရွှေပွတ်ခံလိုက်ရသည်မို့ မီးသွေးခဲကြီးများလို မည်းကြုတ်သွားလေ၏။ ထိုမြင်ကွင်းကို မြင်လိုက်ရသောအခါ ရွှေမိတစ်ယောက် စွေ့စွေ့ခုန်ကာ အော်ဟစ်လေတော့၏။

"အောင်မယ်လေးတော့်။ မိုးကြီးတွေ ပစ်တော့မှာပဲ။ ရှင် ရှင် ဘာတွေ လုပ်ပစ်တာတုံး မကုလားမ"

"ဟင်းဟင်း၊ ရွှေတွေပွတ်ပစ်လိုက်တာလေ"

"ဘုရားဘုရား၊ ရက်စက်လှချည်လားရှင်။ ရှင်တော့ ဘေးတွေ့တော့မယ်"

"အို၊ ရှင့်ယောက်ျား လာပေါင်တဲ့နတ်ရုပ်တွေ ကျွန်မက ဘာလုပ်ရမလဲ။ အတိုးလိုချင်လို့ အပေါင်ခံတာတော့။ ဒီတော့ မရ ရတာ ပွတ်ယူရတာပေါ့"

"ရှင်"

"ဟိုက်- မကုလားမကတော့ လက်သံပြောင်ပုံများ"

လင်မယားနှစ်ယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်ခဲ့နေ၏။ ကုလားမကတော့ နတ်တွေဘာတွေ နားလည်သူမဟုတ်။ သူ နားလည် သည်က ပိုက်ဆံရဖို့ပင်။ ယခုလည်း တင်ဝင်းဆီက အပေါင်ခံထားသော



www.burmeseclassic.com

www.burmeseclassic.com


နတ်ရုပ်ကိုကြည့်ပြီး အကျိုးရှိအောင် ရွှေတွေပွတ်ယူလိုက်ခြင်း ဖြစ်လေ၏။

နောက်ဆုံး ရွှေမိတစ်ယောက် ရင်တအုန်းအုန်းထုကာ ချက်ချင်း ပြန်ရွေး၍ အိမ်သို့သယ်သွားလေတော့၏။

တင်ဝင်းမှာ မည်းကြုတ်ကြုတ်ဖြစ်နေသော နတ်ရုပ်ကြီးများကိုကြည့်ကာ တခွိုးခွိုး သဘောကျနေလေတော့၏။

ထိုအချိန်မှစ၍ တင်ဝင်းတို့လင်မယား ကွဲသွားခဲ့ရာ တင်ဝင်းမိန်းမ နတ်ကတော် မရွှေမိဖြစ်သွားလေ၏။ တင်ဝင်းကတော့ မိန်းမလည်းမမြင်၊ သူ့ဘဝ ဖဲကလွဲ၍ ဘာဆိုဘာမှ မမြင်ပါတော့ချေ။

ယခုလည်း ဖဲဝိုင်းနှစ်ဝိုင်း ဆက်လာသည်မို့ ကားထဲ အိပ်ပျော်နေခြင်း ဖြစ်၏။ မြဖေတို့ရောက်လာသောအခါ အတင်း လူးလဲထပြီး မြို့ထဲသို့ ထွက်ခဲ့ကြ၏။

လမ်းတစ်ဝက်အရောက်တွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲ ဝင်ကာ သူတို့သုံးဦး စကားတွေ တောင်ပြောမြောက်ပြောလုပ်ရင်း အချိန်ကြာသွားခဲ့၏။ စားပွဲပေါ် တင်ထားသည့် လက်ဆောင်ထုပ်ကိုပင် သတိမရ။

ပြောဆို စားသောက်ပြီးကြသည်နှင့် ဆိုင်ထဲမှ ထွက်ခဲ့ကြပြီး မိုးမြင့်မြင့်မော်အိမ်ဆီသို့ မောင်းထွက်ခဲ့ကြ၏။ မိုးမြင့်မြင့်မော်နေထိုင်ရာ ခြံဝင်းကြီး အလွန်မှ ကျယ်ဝန်းလှပြီး နှစ်ထပ်တိုက်ကြီးမှာလည်း ခြံအလယ်တွင် ခန့်ခန့်ညားညား တည်ရှိနေ၏။

ခြံတံခါးဝသို့အရောက် နိုင်ဦးသော် လက်ဆောင်ထုပ်ကို သတိရလာ၏။

"ဟာ- လက်ဆောင်ထုပ်"

"ဟေ- ဟာ သွားပြီ သွားပြီကွာ"

"ဘယ်မှာ မေ့ကျန်ခဲ့ပါလိမ့်"

"ဆိုင် ဆိုင်မှာဗျ"

"ဒုက္ခပါပဲ နိုင်ဦးသော်ရာ။ မင်းကလည်း နမော်နမဲ့နိုင်လိုက်တာကွာ"

"ကဲ- ဆိုင်ဘက် ပြန်လှည့်ဗျာ၊ ကိုတင်ဝင်းရေ လက်ဖက်ရည်ဆိုင် ပြန်မောင်းတော့ဗျာ"

သူတို့လူစု လက်ဖက်ရည်ဆိုင်သို့ အလျင်အမြန် ပြန်မောင်းလာပြီး လက်ဆောင်ထုပ်ကို ရှာလိုက်၏။ ခုံပေါ်တွင် လက်ဆောင်ထုပ် မရှိတော့။ သူတို့သုံးယောက်စလုံး ခေါင်းခဲသွားကြ၏။ နိုင်ဦးသော်က-

"ဒုက္ခပါပဲဗျာ၊ ဘယ် ဘယ်လိုလုပ်ကြမလဲ။ မိုးမြင့်မြင့်မော်က မီးခဲကြီး ကိုမြဖေရ"

"မီးခဲ၊ ဒါဆို မီးတောက်တာပေါ့"

"ခင်ဗျားကလည်း အရေးထဲဗျာ၊ ဟို- ဘယ်လိုလုပ်ရမလဲ။ အဲဒီ မိန်းမကြီးကို ဘော့စ်က သိပ်ကြည်တာ မဟုတ်ဘူးဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်- ဘယ်လိုသဘောလဲကွ"

"ဒီလိုဗျ၊ အဲဒီ မိန်းမကြီးမှာ ဘာနိုင်ကွက်ရှိသလဲ မသိဘူး။ ဘော့စ်က အသေကြောက်ရတာဗျ။ ပြီးတော့ သူတို့ချင်းလည်း မိဘတွေ သဘောတူထားတာ၊ ပြဿနာပဲဗျာ"

"အိုကွာ၊ ဒါဆို ဘော့စ်က ငါတို့ဘက်မှာ ရှိတာပေါ့"

"ဟင်- အဲဒါ ဘာဖြစ်သလဲ"

"ဟာ- ဘာဖြစ်ရမှာလဲကွ၊ ဘော့စ်ကလည်း အဲဒီ မိုးမြင့်မြင့်မော်နဲ့ ကွဲချင်ပြဲချင်နေတာကွ။ ဒီတော့ လွယ်ပါတယ်ကွာ။ ထင်ရာဝယ်ပေးလိုက် ရုံပေါ့။ ပြဿနာ မြန်မြန်ဖြစ် မြန်မြန်ကွဲတော့ အေးတာပေါ့ကွ"

"ဟာ- ဟုတ်ပြီ၊ ဒါဆို လာဗျာ"

နောက်ဆုံး သူတို့လူစု စတိုးဆိုင်ထဲဝင်ကာ ဘောလုံးတစ်လုံး၊ ချောက်ချက်တစ်ခု၊ နို့ဘူးတစ်ဘူး ဝယ်ကာ ပက်ကင်ထုပ်လိုက်၏။ ပြီးသည်နှင့် ပက်ကင်ပေပါပေါ် ဦးသစ္စာစကြာ၏နာမည်ရေးလိုက်ပြီး မိုးမြင့်မြင့်မော် ဆီသို့ ထွက်ခဲ့ကြလေ၏။

အိမ်ရောက်သော မိုးမြင့်မြင့်မော်က အစွမ်းကုန်ပြင်ဆင်ကာ ပျော်နေ၏။ ဧည့်သည်တချို့လည်း တဖွဲဖွဲ ရောက်လာကြပြီ ဖြစ်၏။ နိုင်ဦးသော်သည် လက်ထဲက ပါကင်ပေပါနှင့် ထုပ်ပေးသော လက်ဆောင်ထုပ်ကို မိုးမြင့်မြင့်မော်အား ပေးလိုက်၏။

"ဟင်- ကိုသစ္စာ မလာဘူးလား"

"ဟုတ် ဟုတ်ကဲ့၊ ဘော့စ် အလုပ်တွေ အရမ်းများနေလို့တဲ့ မမ။ အဲဒါ လက်ဆောင်ပဲ ပေးခိုင်းလိုက်လို့ပါ"

"အင်"

"ကျွန်တော်တို့ သွားဦးမယ်"

"စားသွားကြဦးလေ၊ လာလာ လာကြ . . ."

သူတို့သုံးဦး စားပွဲတစ်လုံးတွင် ဝိုင်း၍ ထိုင်လိုက်ကြ၏။ စားသောက်ဖွယ်ရာများကလည်း စုံပေစွ။ ဟမ်ဘာဂါ၊ အိုက်စကရင်၊ စတော်ဘယ်ရီကိတ်၊ နို့ချောကလက်ဖျော်ရည်၊ သစ်သီးဝလံမျိုးစုံနှင့် စားချင့်စဖွယ်ပင်။

သူတို့သုံးဦး စားသောက်နေကြစဉ် ဂရင်းလေဒီ အမှုထမ်းကလေးများ ရောက်လာ၏။ နိုင်ဦးသော်တစ်ယောက် ထားခက်ခက်ဝေကို မြင်လိုက်သည်နှင့် ရင်တွေ အခုန်ကြီးခုန်နေ၏။ သူ့ကိုမြင်တော့ ထားခက်ခက်ဝေက ပြုံးပြလိုက်၏။

"ဟာ- မထားဝေပါလား"

"ဘယ်သူတုံးကွ"

"ဟို ဟိုမှာလေ၊ မဲ့ မဲ့နီလေးနဲ့ . . ."

"ဩော်- ဟုတ်ပြီ၊ ငါးခူနှုတ်ခမ်းမွေး ကောင်မလေးလား"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com


"အားပါး၊ တော်တော်လှတာပဲကွာ။ ဘာတဲ့ မင်းနဲ့ကြိုက်နေပြီလား"

"ဟာ- ကျွန်တော်က အသေကြိုက်တာပါဗျာ။ အဲဒီ မထားဝေက ကျွန်တော့်ကို ကျေနပ်ပုံမရဘူးဗျ။ သွားလည်ရင်လည်း မှုန်ကုပ်ကုပ်နဲ့ဗျ"

"ဒါများကွာ၊ မိန်းကလေးဆိုတာ မူရာမာယာတော့ ရှိရမှာပေါ့ကွ။ မဆိုးဘူး နိုင်ဦးရ၊ မဲ့နီလေးက အတော့်ကို လှတာပဲကွာ။ မင်း မင်း ဖွင့်ပြောပြီးပြီလား"

"မပြောရသေးဘူးဗျ"

"ဟာ- ပြောလိုက်လေကွာ"

"ကြောက်တယ်ဗျ"

"မင်းကလည်း အဲဒီ မဲ့နီလေးက သရဲတစ္ဆေမှ မဟုတ်တာဘဲကွာ။ ပြောစရာရှိရင် သွက်သွက်ချာချာပြော၊ အချစ်ဆိုတာ မနက်ဖြန် မရှိဘူးကွ။ လက်မြန်သူ တစ်သက်စံရမှာပဲ"

"အင်"

မြဖေ၏ အပြောအဆိုကြောင့် နိုင်ဦးသော် ငြိမ်ကျသွား၏။ သူမျက်လုံးထဲ ဖျောက်၍မရသော ထားခက်ခက်ဝေ။ မြဖေပြောသလို ဖွင့်ပြောဖို့ကလည်း အခြေအနေမပေး။

သို့သော် လက်မြန်မှ တစ်သက်စံရမည်ဆိုသော စကားကြောင့် မဲ့နီလေးကို အမြန်ဆုံး ဖွင့်ပြောရန် ဆုံးဖြတ်လိုက်လေ၏။ သူတို့လူစု စားသောက်ပြီးသည်နှင့် မွေးနေ့ပွဲမှ အလျင်အမြန် ထွက်လာကြလေ၏။

မိုးမြင့်မြင့်မော်မှာ ဦးသစ္စာစကြာ ရောက်မလာသည်မို့ ဒေါသစိတ်တွေ တလူလူ ဖြစ်နေ၏။ သူ့ကို ဂရုမစိုက်နိုင်သည့် လူတစ်ယောက်ကို တစ်သက်လုံး လက်တွဲရမည်ဆိုသည်က ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်။ မိန်းကလေးက စရမည့်အလုပ်ကိုတော့ မိုးမြင့်မြင့်မော် မလုပ်ချင်။ ပြီးတော့ သူ့ဒယ်ဒီ၏ ကျေးဇူးတွေက ဦးသစ္စာစကြာအပေါ်တွင် ရှိနေသည်မို့ ဘယ်နည်းနဲ့မှ အောက်ကျို့မခံချင်။

နောက်ဆုံး သူ အမှတ်တရပေးလိုက်သည့် လက်ဆောင်ထုပ်ကို အိပ်ခန်းထဲယူသွားပြီး ဒေါသဖြစ်ဖြစ်နှင့် ဆွဲခွာကြည့်လိုက်၏။

"ဟယ်- ဘာ ဘာတွေတုံး"

ပက်ကင်ပေပါအောက်မှ ထွက်လာသော လက်ဆောင်ပစ္စည်းများကို မြင်လိုက်ရသောအခါ မိုးမြင့်မြင့်မော်တစ်ယောက် ဒေါသယမ်းအိုးပေါက်ကွဲသွားလေတော့၏။

ထိုအချိန်တွင် ဦးသစ္စာစကြာခမျာ ရွှေကောင်းကင်၊ ရွှေဝတ်လွှာဆိုသော အလှဖုရားလေးနှစ်ယောက်ကြား ဗျာများနေရ၏။ ကောင်မလေးနှစ်ယောက်ကလည်း အပြိုင်အဆိုင်။ ဦးသစ္စာစကြာခမျာ သူတို့နှစ်ယောက်ကြား ဗျာများနေ၏။

ကောင်းကင်ကို နှုတ်ခမ်းနီဆိုးဆေး ဝယ်ပေးလျှင် ဝတ်လွှာက နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ခမ်းဆူ၏။ ဝတ်လွှာကို မိတ်ကပ်ဝယ်ပေးလျှင် ကောင်းတင်က ခြေကလေး တဆောင့်ဆောင့် လုပ်တတ်၏။

ထို မကျေမနပ်မှု ဝန်တိုမှုကလေးများကြား ဦးသစ္စာစကြာတစ် ယောက် နွားပြာကြီး အောက်သွားမရှိသလို တဟီးဟီး ဖြစ်နေ၏။

ယခုလည်း သူတို့နှစ်ဦးကို အိမ်တိုင်ရာရောက် ပို့ပြီးအပြန် ရေမိုးချိုး နေစဉ် ဆဲလ်ဖုန်းသံ တတီတီ မြည်လာ၏။

ထို့ကြောင့် ရေကမန်းကတန်း သုတ်ကာ စားပွဲပေါ်မှ ဆဲလ်ဖုန်းကို ယူ၍ စကားပြောလိုက်၏။

"ဟဲလို သစ္စာ ပြောနေပါတယ်"

"ညြော်. . . ယူကိုး"

"ဟာ- မိုး. . . မိုး"

"ဟုတ်တယ်၊ ဘာလဲ ယူ အိုင့်ကို တမင် ချိုးလိုက်တာလား"

"ဗျာ၊ ဘာ. . . ဘာဖြစ်လို့လဲ မိုးရယ်"

"ဘာ- ယူက အခုမှ ဘာမသိချင်ယောင်ဆောင်နေတာလဲ ပြော စမ်း။ ဘောလုံးက ဘာလုပ်ရမှာလဲ၊ အိုင် ကန်ဖို့လား။ ပြီးတော့ ချောက် ချက်နဲ့ နို့ဘူးကရော"

"ဟာ- ဘာတွေတုံး"

"တော်ပြီ၊ ယူ အိုင့်ကို ချိုးတာ အိုင် မကျေဘူး။ ဒီကိစ္စ အိုင် ကလဲ့စား ချေရမှ ကျေနပ်မယ်"

"ဟာ- နေ. . . နေပါဦး"

တစ်ဖက်က ဖုန်းပိတ်သွားသဖြင့် ဦးသစ္စာစကြာတစ်ယောက် ကြောင်စီစီ ဖြစ်နေ၏။ မိုးမြင့်မြင့်မော်ပြောလိုက်သည့် စကားလုံးတွေ ပြန် ၍ ရေရွတ်နေမိ၏။

"ဘောလုံး၊ ချောက်ချက်၊ နို့ဘူးတဲ့ ဘာတွေတုံး။ အဲဒါ ဘာတွေလဲ။ ငါ့ကို မှာတာလား။ သူက အဲဒါ ဘာလုပ်မှာတုံး။ ပြီးတော့ ငါက သူ့ကို ချိုးတာတဲ့၊ ဘာချိုးတာလဲ။ ဒုက္ခပါပဲကွာ"

သူ ဘာတစ်ခုမှ မစဉ်းစားတတ်။ အဖြေလည်း ရှာမရ။ သို့နှင့် နောက်တစ်နေ့ ရုံးအဖွင့်တွင် မြဖေကိုခေါ်ပြီး ပြောပြလိုက်၏။

"အဲဒါ ဘယ်လိုသဘောလဲကွ။ သူက ဘောလုံးကန်ချင်လို့လား၊ ဒါမှမဟုတ် ချောက်ချက်နဲ့ ကစားချင်လို့လား။ ငါကတော့ မစဉ်းစားတတ် တော့ဘူး မြဖေရာ။ ပြီးတော့ သူက ငါ့ကို ချိုးတယ်တဲ့၊ ငါ ဘာလုပ်ရမလဲ"

"ဟုတ်လား၊ ဘော့စ်က ဘာသွားချိုးလိုက်တာလဲ"

"ဟာ- မချိုးပါဘူးကွာ"

"ဧကန္တ ဘော့စ် အမျိုးသမီးက ဘောလုံးကန်ချင်လို့ ဘောလုံးပူဆာ တာလား မသိဘူး"

"ဟာ- မဖြစ်နိုင်တာကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ခက်ပါ့ ဘောစ်ရာ၊ ခေတ်က တအား တိုးတက်နေတယ်လေ။ မိန်းမ တွေတောင် ဘောကန်နေတာ ဘောစ်ရဲ့"

"ထားပါတော့ကွာ။ ဟို ချောက်ချက်တို့၊ နို့ဘူးတို့ကရော"

"အဲဒါကတော့ သူ့တူကလေး၊ တူမလေးတွေ ပေးချင်လို့ ဖြစ်မှာပေါ့"

"မဖြစ်နိုင်ဘူးထင်တယ်၊ ဖုန်းထဲမှာ သူ အတော့်ကို ဒေါပွနေပုံပဲ မြဖေရ။ ပြောရရင် ငါ မိုးကို မချစ်ဘူးကွာ။ ငါချစ်တာ ဟို အဲ . . ."

"သိတယ်၊ မြဖေ သိတယ်လေ။ ဒါပေမယ့် ဘောစ်ကို တစ်ခုတော့ ပြောမယ်"

"ဘာတုံးကွ"

"အဲဒီ မိုးမြင့်မြင့်မော်က အသက် နည်းနည်းကြီးတယ်။ တစ်နည်း ပြောရရင် ရင့်ပြီပေါ့ ဘောစ်ရယ်။ ဟို ရွှေကလေးတွေက နုနုထွတ်ထွတ် ဟဲဟဲ"

"အေးကွ၊ အဲဒါ ကွာတာပဲ"

"ဒါပေမယ့် ဘောစ်ရယ်၊ ကြံမှာ အနုအရင့် ဘယ်ဟာ ပိုချိုသတုံး"

"အင်- မင်းကလည်းကွာ"

"မြန်မာစကားကလည်း ရှုပ်ပါ့ဗျာ။ ကြံကျတော့ ရင့်မှချိုတယ်၊ ကြက်ကျတော့ နုမှ ချိုတယ်။ ဒီတော့ ဘောစ်ရဲ့မိုးက ကြံလား၊ ကြက် လား"

"ဘာကွ၊ မင်း ဘာတွေ ပြောနေသတုံးကွ။ ဒီမှာ ခေါင်းစားရတဲ့ကြား။ ကိုင်း- ပြောနေတာ ကြာတယ်၊ မိုးဆီ အမြန်ပြေးမှ။ သူလိုချင်တာလည်း ဟုတ်ဟုတ် မဟုတ်ဟုတ် ဝယ်သွားမှ"

"အကောင်းဆုံးပေါ့ ဘောစ်ရယ်"

မြဖေတစ်ယောက် အချွန်နှင့် ထပ်မ,လိုက်၏။ ဦးသစ္စာစကြာက တော့ မိုးမြင့်မြင့်မော် တကယ် လိုချင်သည်အထင်နှင့် ဘောလုံး၊ ချောက် ချက်၊ နို့ဘူးများ ဝယ်ကာ အလျင်အမြန် ချီတက်သွားလေ၏။

ထိုအချိန်တွင် နိုင်ဦးသော်တစ်ယောက် ကွန်ပျူတာခန်းထဲမှ အထွက် ရွှေကောင်းကင်နှင့် မျက်နှာချင်းဆိုင်မိလေ၏။

"ကိုနိုင်"

"ဗျာ"

"ကောင်းကင်နဲ့ ခဏလိုက်ခဲ့ပါလားဟင်"

"ဘယ်. . . ဘယ်ကိုလဲဗျ"

"စတိုးဆိုင်ကိုလေ၊ ကောင်းကင် တစ်ယောက်တည်း မသွားရဲဘူး။ ပြီးတော့ ကိုနိုင့်ကို မုန့်တွေ အများကြီး ဝယ်ကျွေးမှာနော်"

"ဟင်- ဟို. . . ကျွန်တော့်ကို ချိန်းထားတာ. . ."

"အို. . . အဲဒီကိစ္စ ဘေးချိတ်လိုက်စမ်းပါ။ ဘာလဲ ဝတ်ရွှာ ချိန်း ထားတာ မဟုတ်လား"



www.burmeseclassic.com

"အင်"

"လာ၊ သွားမယ်"

ကောင်းကင်က ဖွတ်၊ သူ ဘယ်လိုမှ ပြောမရသဖြင့် ကောင်းကင် ခေါ်ရာနောက် ကောက်ကောက်ပါသွားရှာလေ၏။

သူတို့နှစ်ဦး ထွက်သွားသည်ကို မြင်လိုက်ရသူက ရွှေဝတ်လွှာ။ နှုတ်ခမ်းလေး ဆူပွဆူပွလုပ်ကာ အကြီးအကျယ် ဒေါပွနေ၏။

"ကိုမြဖေကြီး"

"ဟေ- ဘာတုံး ဝတ်လွှာလေးရဲ့"

"ရှင့်လူက ဟို ရွှေကောင်းကင်နဲ့ ထွက်သွားတယ် မဟုတ်လား"

"ဟင်- အဲဒါ ငါတော့ မသိ"

"ကိုမြဖေကြီးကလည်း တစ်ကြိတ်တည်း တစ်ဉာဏ်တည်းပါ။ ကျွန်မက သူ့ကို အပြင်မှာ ထမင်းကျွေးမလို့။ ခုတော့ ကောင်းကင်နောက် လိုက်သွားပြီ။ ဘာလဲ ကိုနိုင်က ကောင်းကင်ကို အသေကြောက်နေသလား"

"ဟာ- မ. . . မဖြစ်နိုင်ဘူး ထင် . . ."

"တော်ပါ၊ ပြောလိုက်စမ်းပါ။ ရွှေဝတ်လွှာဆိုတဲ့ မိန်းမဟာ သူ လိုချင်ပြီဆိုရင် မရ ရအောင် ယူတတ်တယ်လို့"

"အင်"

ရွှေဝတ်လွှာက ဆူဆူအောင့်အောင့်ကလေး ပြောကာ ထွက်သွား၏။

မြဖေတစ်ယောက် အံ့ချော်နေသောအဖြစ်ကို တွေးပြီး အဖြေရှာမရအောင် ဖြစ်နေ၏။ ဦးသစ္စာစကြာက ရွှေကလေးနှစ်ယောက်ကို အသေရရ အရှင်ရရ။

ရွှေကလေးနှစ်ယောက်က နိုင်ဦးသော်ကို အသေရရ အရှင်ရရ ဖြစ်နေပြီလား။ အားလုံး မှုန်မှုန်ဝါးဝါး။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မြဖေတစ်ယောက် ညနေစောင်းမှ ကုမ္ပဏီက ပြန်ဖြစ်သည်။ လမ်းတစ်ဝက်ရောက်တော့ ခင်မှုန် မှာလိုက်သည့် ခေါက်ဆွဲကြော်ကို သတိရလာ၏။

ခင်မှုန် မှာသည်မှာ အကြိမ်နှစ်ဆယ်ခန့် ရှိနေပြီ ဖြစ်၏။ သူ့ခမျာ ကလေးတစ်အုံတစ်ကျင်းကြား ကောင်းကောင်း မစားရသည်မှာ ကြာပြီ ဖြစ်၏။ သူကလည်း အလွန်တရာမှ မေ့တတ်သူ ဖြစ်၏။

ယခုလည်း မေ့မည်စိုးသဖြင့် စိတ်ထဲ အသေအချာမှတ်ကာ စားသောက်ဆိုင်ထဲ ဝင်လိုက်၏။

"မြဖေ၊ ဟေ့ကောင် မြဖေ"

"ဟင်"

ရုတ်တရက် ခေါ်သံကြောင့် သူ အသံလာရာကို ကြည့်လိုက်၏။ ဦးရွှေကို၊ သူ့မိခင်၏ မောင်တစ်ဝမ်းကွဲ။ နိုင်ဦးသော်တို့ အဆောင်ပိုင်ရှင်။ ထူးဆန်းသည်က ဦးလေးရွှေကို အရက်သောက်တာ တစ်ခါမျှ မမြင်ဖူးဘူး။ ယခုတော့ မြဖေ အအံ့သြကြီး အံ့သြနေ၏။

စားပွဲနား လျှောက်သွားရင်း အံ့သြတကြီး မေးလိုက်၏။

"ဦး. . . ဦးလေးရွှေကို၊ ဘယ်လိုဖြစ်တာတုံးဗျ။ အရက်တွေ ချနေပါလား"

"ဟဲဟဲ အနိစ္စဝတ သင်္ခါရာလေကွ။ လောကကြီးဟာ ဖြစ်ပျက်ပြောင်းလဲနေတယ် ငါ့တူ။ ငါလည်း အဲဒီ ပြောင်းလဲမှုတွေကြား အနိစ္စတွေ ဖြစ်နေတယ်ပေါ့ကွာ။ ဟားဟားဟား မနေ့က ရွှေကိုနဲ့ ဒီကနေ့ ရွှေကို ကြားမှာ အနိစ္စ ခြားသွားပြီလေ။ ထိုင်စမ်းပါကွာ"

"အင်- အနိစ္စ"

"ထိုင်စမ်းပါကွာ။ ရှုတတ်ရင် လူ့ဘဝဆိုတာ အလှအပတွေများ



www.burmeseclassic.com

www.burmeseclassic.com


သကွ"

"ဗျာ၊ ဘာတွေတုံး ဦးလေးရာ။ ကဗျာတွေရွတ်၊ အနိစ္စတွေပြောနဲ့။ အရက်ကလည်း တခွပ်ခွပ်"

"ချစမ်းကွာ၊ သောက်စမ်း ဝီစကီနော် ချစမ်း"

"ဟို- ခေါက်ဆွဲ"

"ချစမ်းပါကွာ"

ဦးရွှေကိုက ဖွတ်အမွေ။ ပြောပြောဆိုဆိုနှင့် အတင်း တိုက်လေတော့ မြဖေလည်း မူတူတူလုပ်ရင်း တခွပ်ခွပ် ချလိုက်ရ၏။ သုံးပက်လောက် ဝင်သွားတော့ မြဖေလည်း စကားတွေ ရွှင်လာ၏။

"ဦးလေးရွှေကို၊ ဘာဖြစ်လို့ အရက်တွေ ချနေတာတုံးဗျ"

"ဟာကွာ၊ အချစ်လေ. . . အချစ်ကွ"

"ဗျာ အချစ်၊ ဟာ- မကြီးမငယ်ဗျာ"

"အသက်ကြီးတာနဲ့ မချစ်ရတော့ဘူးလားကွ။ ကျောက်ဆိုတာ သက်တမ်းရင့်မှ အဖိုးထိုက်သကွ၊ အရည်လဲ့သကွ"

"ဟာ- ဘယ်လိုဖြစ်တာတုံး၊ ကျုပ်ကို ရှင်းရှင်းပြောစမ်းပါဗျာ"

"ဒီလိုကွာ"

"ဘယ်လိုတုံး၊ အော့ . . ."

"ငါ လမ်းထိပ် ထမင်းဆိုင်က ဧဒါ်ချစ်ကို တအား ချစ်နေပြီကွ။ အဲဒါ ငါ ဖွင့်မပြောရဲဘူး ဖြစ်နေသကွ။ သူ့ကိုချစ်တဲ့ အချိန်ကစပြီး ငါ . . . ငါလည်း ဘုရားမေ့၊ တရားမေ့နဲ့။ ဟောဒါလေးနဲ့ တွေ့နေရပြီကွ"

"မလွယ်ပါလားဗျာ"

"အေးကွာ၊ ကံကြမ္မာဘီးကြီးထဲ တလည်လည် ဖြစ်နေကြတဲ့ ဖြစ်စဉ်ပဲကွာ"

"ဟုတ်ပြီ၊ ဦးလေးပြောတာ သဘောပေါက်သွားပြီဗျ"

"ဘာတုံးကွ၊ အော့ . . ."

"ဦးလေး၊ ကမ္ဘာကြီးက လုံးသလား၊ ပြားသလား"

"လုံးတယ်လေကွာ"

"ဟုတ်ပြီ၊ လုံးလည်းလုံးတယ်၊ လည်လည်း လည်တယ်။ ဒီတော့ လူတွေလည်း အားလုံး လည်တယ်တယ်ပဲဗျ"

"သိပ်ဟုတ်တာပေါ့ မြဖေရာ။ မင်းဟာ အတော့်ကို အတွေးအခေါ် ကောင်းတဲ့ ငါ့တူပါလား"

"ကျုပ်တွေးမိသွားပြီ ဦးလေးရွှေကိုရ။ လည်တယ်တယ် ကမ္ဘာကြီးမှာ လူတွေ လည်တယ်တယ် မူးတူးတူး ဖြစ်နေကြတာ သဘာဝပဲ။ အရက်ဆိုတာ လည်တယ်တယ် ဖြစ်နေတဲ့ ဖြစ်စဉ်တွေရဲ့ ဖောင်ဒေးရှင်း အားပဲဗျ။ ချဗျာ ထပ်ချ"

"ချမှာပေါ့ကွာ၊ ဟို မချစ်ကို ငါ ဘယ်လိုလုပ်ရမလဲ"


www.burmeseclassic.com

www.burmeseclassic.com



"လွယ်ပါတယ် ဦးလေးရာ။ ဦးလေးတို့ အချစ်က အချစ်ကြီးဗျာ။ မီးခြစ်လိုသဗျာ အေ့"

"ဟေ- မီးခြစ်၊ ဘာလုပ်ရမှာလဲကွ"

"ဦးလေးတို့က အသက်ကြီးလေ၊ ဒီတော့ မှုန်တိမှုန်ဝါးဆို ဘယ်ကောင်းမလဲဗျ။ ဒါကြောင့် မီးခြစ် ဆောင်ခိုင်းတာပေါ့ဗျာ"

"အင်း. . . နောက်ကော"

"နေဦးဗျာ၊ ဦးလေးက ဘာနေ့သားလဲ"

"ဟေ- ဗေ ဗေဒင်တွက် . . . "

"ဒါပေါ့၊ အရေးကြီးတာ ကံကြမ္မာကို လိမ်လို့မရဘူးလေ။ ကံကြမ္မာရဲ့ဖြစ်စဉ်ကို တကယ်သိတာ ဗေဒင်ပညာပဲဗျ။ ကဲ- ပြော"

"ဟုတ်ပြီ၊ ငါက ဗုဒ္ဓဟူးကွ။ မချစ်က တနင်္လာသမီးကွ။ ဘယ်လိုတုံးခတ်ကျရဲ့လား"

"ခတ်၊ နေဦးဗျ"

မြဖေသည် လည်တယ်တယ်နှင့် ဟိုဒီ တွက်ချက်နေ၏။ ဦးရွှေကို ခမျာ ရီဝေဝေ မျက်လုံးများနှင့် စောင့်စားနေ၏။ ထိုစဉ် မြဖေ၏အသံ အက်အက်ကြီး ပေါ်လာ၏။

"တနင်္လာ၊ ဗုဒ္ဓဟူး. . . နေဦးဗျ၊ ဦးလေးက ဦးရွှေကို ဆိုတော့ ရာဟုဖြစ်ရမယ်ဗျ။ ဟုတ်ပြီ၊ ဦးဝေစံကူး ရေဘူးတောသူ အဲ- ဦးသာစိန်ပန်းဒန်းလှကိုရှာ၊ ဓမ္မာသောက အင်းဝရာဇာ တောင်းအောင်သာ ဘယ်ညာ"

"ဟာ- ဘာတွေလဲကွ"

"ဟဲဟဲ ကျွန်တော် ရွတ်ကောင်းကောင်းနဲ့ ရွတ်တာဗျ။ ဟုတ်ပြီ၊ တနင်္လာ ရာဟု ဆိုတာ ခတ်ဗျ။ ခတ်မှ မဟာဘူတခေ့တ်ဗျ။ ဟုတ်ပြီ၊ ပထဝီတေဇော ခတ်တွေစီး အသက်ကြီးမှ မီးတောက်အံ့ တဲ့ဗျ"

"ဟေ- မီးတောက် . . . "

"ကောင်းတယ်။ ညားမယ် ညားမယ်၊ အဲဒီ အရွယ်မှာ မီးတောက်တယ် ဆိုတော့ ခရီးတစ်ထောက်မှာ ပြာကျကိန်း မြင်တယ်ဗျ"

"ဟိုက်- တော်ပါတော့ကွာ၊ မင်းလုပ်တာနဲ့ ရှုပ်ကုန်ပြီကွာ"

"ဟဲဟဲ ဦးလေးကလည်းဗျာ၊ ကျုပ်က ခတ်ဆင်မလို့ပါ။ ခတ်ဆင်မှ စင်ပေါ်ရောက်တာဗျ- အေ့"

"အေး- ဒါဆို လုပ်ကွာ၊ ငါ ဘာလုပ်သင့်သလဲ"

"ဒီလိုလုပ်ဗျာ၊ ကြက်ခြေထောက် မီးမြှိုက်ပြီး ဘူးသီးနဲ့ချက်ဗျာ။ အဲဒါကို တစ်ထိုင်တည်းစား။ ထမင်း မပါစေနဲ့။ အဲဒါဆို ခတ်က ဂဠ္ဌေခတ်ကျတယ်။ လုပ်သမျှ အောင်ပြီသာ မှတ်ပေတော့"

"ကောင်းကွာ၊ ကိုင်း- ပြီးတော့ကော"

"ပြီးရင် စားပြီးသား ကြက်ခြေထောက်ရိုးကို ထုတ်၊ ဒေါ်ချစ်ကို သက်ဆောင်ပေးလိုက်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ- ဒါဆို ငါ့ကို ပါးရိုက် . . ."

"ဦးလေးကလည်း ခက်ပါ့ဗျာ။ အဲဒါတော့ အရဲစွန့်ရမှာပေါ့ဗျာ"

"ဒါ. . . ဒါဆို အိုကေလား"

"အိုကေတာပေါ့ဗျာ။ ကဲ- နောက်တစ်လုံး မှာဗျာ။ လိုသေးတယ်ဗျ"

"ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ်၊ မြဖေက ဓာတ်ကျမှ သောက်တာဗျ"

နောက်ဆုံး မြဖေ ထင်ရာမြင်ရာ ပြောဆိုနေသော စကားကြား ဦးရွှေကိုလည်း လည်နေ၏။ နှစ်ဦးသား သောက်လိုက်ပြောလိုက်၊ ပြောလိုက်သောက်လိုက်နှင့် နောက်ဆုံး မှောက်သွားသူက မြဖေ။

အခြေအနေက ဘယ်လိုမှ ထိန်းမရတော့။ ဦးရွှေကိုတစ်ယောက် အိမ်လည်း ပြန်မပို့ရဲ။ မြဖေ၏မိန်းမ ခင်မှုန်အကြောင်းကို သူ အသိဆုံး။ အလည်ချလည် လုပ်လို့မဖြစ်။ နောက်ဆုံး သူ့အဆောင်သို့ ခေါ်ချလာလေ၏။

နိုင်ဦးသော်နှင့် အောင်ဘတို့နှစ်ဦးမှာ အဆောင်ရှေ့ တန်းလျားများပေါ် ထိုင်ကာ ဟိုဟိုဒီဒီ ပြောဆိုနေကြ၏။ ထိုစဉ် ဒယီးဒယိုင် တွဲ၍ ဝင်လာသော မြဖေနှင့် ဦးရွှေကိုကို ကြည့်၍ အံ့သြနေ၏။

ဘုရားသံ၊ တရားသံ၊ ဘုရားဒကာကြီး လုပ်နေသော ဦးရွှေကို၏ ဖြစ်စဉ်ကိုကြည့်ပြီး နှစ်ယောက်စလုံး အဖြေရှာ၍မရ ဖြစ်နေ၏။ ထို့ကြောင့် ထိုင်ရာမှ ထ၍ တွဲလိုက်ရ၏။

"ဘယ်သူလဲကွ၊ ငါ့ကိုတွဲတာ"

"နိုင်ဦးပါ ဦးလေးရွှေကို"

"အေ့- နိုင်ဦးလား။ ဟဲဖဲ ဘာလဲ၊ မင်းက ငါ့ကို မူးလာတယ် ထင်သလား၊ မမူးဘူးကွ။ ကမ္ဘာကြီး လုံးနေတယ်၊ လည်နေတယ်။ ဒီတော့ ငါလည်း လည်တယ်တယ်ဖြစ်တာ ဘာဆန်းသလဲကွ။ ဟုတ်ဘူးလား မြဖေ"

"ဟုတ်တယ်၊ ဒါဟာ လောကသစ္စာပဲ။ လူတွေလည်း လည်နေတာ ကမ္ဘာကြီးလည်း လည်နေတယ်။ မင်းတို့ ငါတို့ အားလုံးလည်း လည်နေတာပဲကွ- အေ့"

"ဟာ- ကိုမြဖေကတော့ ပြဿနာပဲ"

"ပြဿနာ မဟုတ်ပါဘူးကွာ၊ ပြဿနာကိုလုပ်တာ အချစ်ကွ။ အချစ်ကြောင့် လူတွေလည်း လည်ကုန်တာ- အေ့"

"ဟင်"

"ဘာတွေလဲဗျာ"

နိုင်ဦးသော်ရော အောင်ဘပါ ကြောင်စီစီ ဖြစ်နေ၏။ ထိုအချိန် သူတို့ဝိုင်းထဲသို့ ဝင်းသစ္စာပါ ရောက်လာ၏။ မြဖေနှင့် ဦးရွှေကိုတို့နှစ်ဦးမှာ တန်းလျားပေါ်တွင် ကျောမှီပြီး ထိုင်နေ၏။

ထိုစဉ် ဝင်းသစ္စာက စ၍ မီးမွှေးလိုက်၏။

www.burmeseclassic.com

"ဘယ်လိုဖြစ်တာတုံး ဘုရားဒကာ ဦးလေးရွှေကိုရဲ့ အရက်တွေ ဘာတွေ သောက်လို့ တယ်လည်း ခေတ်မီပါလားဗျာ"

"ဟားဟားဟား မှန်တယ်၊ ဘုရားဒကာမှာလည်း အသည်းနှလုံးနဲ့ လေကွာ။ ဟဲဟဲ ခံစားတတ်တယ်၊ အေ့- ကြေကွဲတတ်တယ်၊ ချစ်တတ်တယ်"

"ဩော်- ဟုတ်ပြီ၊ ဦးလေးရွှေကိုတစ်ယောက် ရင်ကွဲနာကျလာပြီထင်တယ်"

"ဟုတ်တယ်၊ ငါ အချစ်ကို ခံစားတတ်ပြီကွ။ အချစ်ကြောင့် အချစ်ကို ခံစားတတ်ပြီ အောင်ဘ"

"ဗျာ"

"မင်းနဲ့ငါ ဘဝတူ ဖြစ်သွားပြီကွာ၊ မင်းဟာ အချစ်ကြောင့် ဖိနပ်ကြီးနဲ့ နှစ်ပါးသွားခဲ့ရတယ် မဟုတ်လား"

"အင်"

"မင်းနာမည် စင်ဒရဲလားမင်းသား မဟုတ်ဘူးလားကွ"

"ဟာ- ဘာတွေတုံးဗျ"

"ပေါက်ကွဲနေတာကွ။ ငါ အချစ်နဲ့ပတ်သက်ပြီး အချစ်တွေ ပေါက်ကွဲနေပြီ မြဖေ။ မင်း ငါ့ဆီမှာ အိပ်ကွာ။ မင်းဟာ အချစ်ရဲ့နည်းစနစ်မှာ ပါရဂူကြီးကွ။ မင်းကို ငါ ပြုစုရမှာပေါ့ကွာ"

"ကောင်းပါ့ဗျာ"

သူတို့နှစ်ယောက်၏ ပြောသံဆိုသံများကို နားထောင်ရင်း နိုင်ဦးသော် လည်နေ၏။ ထိုအချိန်တွင် မြဖေနှင့် ဦးရွှေကိုတို့နှစ်ဦးမှာ တန်းလျားပေါ်တွင် ကျောခင်းရင်း မူးမူးနှင့် အိပ်ပျော်သွားကြလေ၏။

"အဲဒါ အချစ်ရဲ့မီးတောက်များပဲကွ"

"ဘာတုံး ဝင်းသစ္စာရ၊ မင်းကတစ်မျိုး"

"ငါပြောတာ ယုံစမ်းပါကွာ၊ မင်းတို့နှစ်ယောက်လုံး အချစ်၊ ဟောဒီလူနှစ်ယောက်လည်း အချစ်ကြောင့် ရင်ကွဲပက်လက် မူးရူးကုန်ကြတာကွ"

"တော်ပါတော့ကွာ"

"ကိုင်း- ငါလည်း အချစ်ဆီသွားပြီဟေ့"

ဝင်းသစ္စာတစ်ယောက် ပြောပြောဆိုဆိုနှင့် ခြံဝင်းထဲမှ ထွက်သွားလေတော့၏။ မြဖေတို့နှစ်ဦးမှာ ဘာဆိုဘာမှ မသိတော့။

သို့နှင့် နောက်တစ်နက် နံနက်ခင်းအရောက် သူတို့နှစ်ဦးစလုံး လန့်ဖျပ် နိုးလာကြ၏။ ဦးဆုံး ကြောင်စီစီဖြစ်သွားသူက မြဖေ။

"ဟင်- ငါ ဘယ်လိုလုပ်ပြီး ဒီရောက်လာပါလိမ့်။ ခင်မှုန်အတွက် ခေါက်ဆွဲဆိုင်ဝင်ပြီး ခေါက်ဆွဲဝယ်တာ အိမ်မရောက်ဘဲ တန်းလျားအောက် ရောက်နေပါလား"

တစ်ယောက်တည်း ရေရွတ်နေစဉ် ဦးရွှေကိုလည်း နိုးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- ငါ. . . ငါတို့ ဒီမှာ အိပ်နေကြပါလား။ ဘာတွေဖြစ်ကုန်ပြီလဲ။ မြဖေ့ မင်းက ဘယ်လိုလုပ် ငါ့ဆီ လာအိပ်နေတာလဲ"

"ဟာ- ဦးလေးရွှေကိုကလည်း ကြောင်ပါ့ဗျာ၊ ကိုယ်ဘာလုပ်တယ်ဆိုတာ မသိတော့ဘူးလားဗျ"

"ဟင်- ငါ ဘာတွေ လုပ်ခဲ့ပါလိမ့်"

"ဟာ- အရက်တွေ သောက်တာလေ။ ကျုပ်ကိုလည်း အရက်တွေအတင်းတိုက်ပြီးတော့ အချစ်တွေအချက်တွေနဲ့။ ပြဿနာဗျာ၊ ခင်မှုန်တော့ ကျုပ်ကို စိတ်ပူနေပြီထင်တယ်"

"ဟင်- ရှုပ်ကုန်ပြီကွာ"

• "ရှုပ်မှာပေါ့ဗျ၊ ဦးလေးက ကြီးမှ အင်ပြင်တွေ ဝက်သက်တွေ ပေါက်တာကိုး"

"ဟေ"

"သွားမယ်ဗျာ"

မြဖေတစ်ယောက် အိပ်ချင်မူးတူးနှင့် အိမ်ကို အလျင်အမြန် သုတ်ခြေတင်ခဲ့ရ၏။ အိမ်ရောက်တော့ ခင်မှုန်တစ်ယောက် သူ့ကို ပြဿနာရှာလေတော့၏။

"ဘယ်လိုတုံး ကိုမြဖေ၊ ရှင့်ကိုရှင် လူပျိုများ မှတ်နေသလား။ ပြောပါဦး"

"မင်းကလည်းကွာ ငါက မင်းစားချင်တဲ့ ခေါက်ဆွဲ ဝင်ဝယ်တာကွ။ အဲဒါ ဦးလေးရွှေကိုနဲ့တွေ့ပြီး ဟို အဲ- သောက်ဖြစ်သွားတာကွ"

"ဘာ- ဦးလေးရွှေကို၊ ရှင် ရှင်မဟုတ်တာတွေ မပြောနဲ့။ ဟိုကဘုရားဒကာ၊ ရှင်က မိစ္ဆာသရဲ၊ ဘယ်လိုမှ မဖြစ်နိုင်ဘူး"

"ဟင်းဟင်း မိန်းမ မိန်းမ၊ အနိစ္စဝတသင်္ခါရာတဲ့ကွ။ လောကကြီးကို မျက်ကြောသေကြီးနဲ့ မကြည့်စမ်းပါနဲ့ကွာ။ မင်းကို ငါ မေးပါရစေဦး"

"ဘာတုံး"

"ကမ္ဘာကြီးက လုံးသလား၊ ပြားသလား ပြော"

"အလိုတော်၊ သူ့ဘာသာသူ လုံးလုံးပြားပြား ကျွန်မတို့ ထမင်းဝအောင် ကျွေးရမှာ ရှင့်တာဝန်ရှင့်"

"ခက်ပါ့ မိန်းမရာ၊ ထမင်းစားတာပဲ ဒါ သိပ်ကြီးကျယ်တဲ့ ပြဿနာမဟုတ်ပါဘူး။ ပြဿနာက ကမ္ဘာကြီးလုံးနေတဲ့ပြဿနာကွ"

"ဘာ- ရှင်. . . ရှင် ရူးနေပြီလား ပြောစမ်း၊ ဒါမှမဟုတ် ရှင် အခုထိအရှိန်မပြေသေးဘူးလား"

"ဟာကွာ၊ မိန်းမကလည်း ကိုယ့်ယောက်ျားကို ငါးဖယ်များ အောင်မေ့နေသလားကွာ"

"တိတ်စမ်း၊ ရှင့်ပါးစပ်က ကမ္ဘာကြီးတွေ ကဘက်ကြီးတွေ လုပ်မနေတဲ့၊ ဘယ်မှာလဲ ဈေးဖိုး"



www.burmeseclassic.com

www.burmeseclassic.com



"အင်- ငါ ဟိုတစ်နေ့က ပေးတဲ့ပိုက်ဆံ ကုန်ပြီလား"

"ဘာ- ငွေတစ်ထောင်ကို ကလေးသုံးယောက်နဲ့ ငါးရက်စာခွဲနေ တာလား ပြောစမ်း၊ ရှင် ခေတ်အကြောင်း ဘယ်လောက် သိသတုံး၊ ကန် စွန်းရွက်တစ်စီး ဘယ်လောက်လဲ ရှင်သိလား၊ ကမ္ဘာကြီး လုံးတာ ပြားတာ ထက်တောင် အရေးကြီးတယ်ရှင့်"

"အင်- ဟုတ်သားပဲ၊ ငါ့မိန်းမဟာ ကန်စွန်းရွက်တစ်စီးနဲ့ ကမ္ဘာကြီး လုံးပစ်လိုက်ပါလား။ မပူနဲ့ ဘာမှ မပူနဲ့။ ငါ့မှာ ကျစ်ထားတဲ့ ပိုက်ဆံလေး ရှိသကွ။ ရော့- ဟောဒီမှာ"

မြဖေသည် အတွင်းခံဘောင်းဘီထဲ ကျစ်ထားသော တစ်ထောင်တန် နှစ်ရွက်ကို ထုတ်ပေးလိုက်၏။ ပိုက်ဆံ မြင်လိုက်သည်နှင့် မခင်မှုန်၏ တင်းမာကြွပ်ဆတ်နေသော မျက်နှာကြီးမှာ ပျော့တီးပျော့ဖပ် ဖြစ်လာ၏။

"ဒီဂါ်မှပေါ့ ကိုမြဖေရယ်။ ပညာရှိဆိုတာ ကန်စွန်းရွက်တစ်စီးနဲ့ ကမ္ဘာပတ်ရရတယ်ရှင့်"

"ဟေ"

ခင်မှုန်စကားတွေက သူ့ကို ပုဆ္ဓာထုတ်လိုက်သလိုပင်။ စဉ်းစားလေ ရှုပ်လေမို့ နောက်ဆုံး ကမ္ဘာကြီးလုံးနေသည်ကိုပင် သတ္တုချလိုက်လေ၏။

သို့နှင့် မခင်မှုန်တစ်ယောက် ခြင်းတောင်းတစ်လုံးနှင့် ဈေးထွက် သွား၏။ ကလေးသုံးယောက်ကလည်း မလွယ်။ ဆော့လိုက်တာမှ တာတေ လံနေ၏။ မြဖေ ခေါင်းစားနေ၏။

သုံးယောက်စလုံးကလည်း တစ်နှစ်ကြီးတစ်နှစ်ငယ်တွေ ဖြစ်၏။ အ ကြီးနှစ်ယောက်က ယောကျာ်း၊ နာမည်က မြရွှေနှင့် မြငွေ။ အငယ်မက မြဝေ။ သုံးယောက်စလုံး အပြိုင်းအရိုင်း။

ဖအေထက် မအေကို ပိုကြောက်ကြ၏။ မြဖေကို ကျောက်ရုပ်ကြီး တစ်ရုပ်လို သဘောထားကာ ပြောင်းဆန်အောင် အော်ဟစ် ခုန်ပေါက်နေ ၏။

ကြာတော့လည်း မြဖေ ခေါင်းရှုပ်လာ၏။ မျက်စိနောက်လာ၏။ မရိုးမရွ ဖြစ်လာ၏။ တဟဲ့ဟဲ့ တဟိတ်ဟိတ်နှင့် အော်ရင်းက စိတ်မရှည် တော့။

နောက်ဆုံး ထိုင်ရာမှ ဝုန်းဒိုင်းထကာ ကလေးသုံးယောက်စလုံးကို အိမ်ခြေရင်းမှာ ကြိုးနှင့်တုပ်ထားပစ်လိုက်၏။ သုံးယောက်စလုံး တအီး အီး ငိုကြွေးနေကြ၏။

ထိုအချိန် ခင်မှုန်တစ်ယောက် ခြင်းတောင်းကြီးတကားကား ဆွဲ၍ ရောက်လာ၏။ ကလေးတွေဖြစ်အင်ကိုကြည့်ပြီး မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေ၏။

"အလိုတော် ကိုမြဖေ"

"ဘာတုံးကွာ"



www.burmeseclassic.com

"ရှင်က ရှင့်ကလေးတွေကို ဘယ်လိုလုပ်ထားတာတုံး။ ကျွန်မကလေးတွေကို ဘာမှတ်နေသတုံး"

"ဟာ- မင်းကလေးသုံးယောက်စလုံးက မလွယ်ဘူး။ လူဆိုတာမျောက်က ဆင်းသက်လာတယ်ဆိုတာ ငါ အခုမှ ယုံပြီကွ"

"ဘာ- ရှင်က ကလေးတွေကို မျောက်နဲ့နှိုင်းတာလား"

"သဘောပြောတာပါ မိန်းမရယ်။ ငါ ဘယ်လိုမှ ပြောမရဘူးကွ။ အော်ဟစ်နေတာ တစ်လမ်းလုံး ဝက်ဝက်ကွဲပဲ။ ဒါကြောင့် ကြိုးနဲ့တုပ်ထားတာကွ"

"ရှင် တော်တော် ရက်စက်ပါလား။ ရှင့်မှာ ဖခင်စိတ်ရော ရှိသေးရဲ့လား"

"မိန်းမရာ၊ ငါ ဒီလိုမှ မလုပ်ရင် မင်းကလေးတွေက . . ."

"တော်စမ်းပါရှင်၊ ရှင်လည်း ငယ်ရာက ကြီးလာတာပဲ။ ရှင်ဆို ပိုဆိုးဦးမယ်"

ခင်မှုန်တစ်ယောက် သူ့ကို ဆူပွဲဆူပွဲလုပ်၍ ကလေးတွေကို ကြိုးဖြေပေးလိုက်၏။ ကလေးသုံးယောက်စလုံးက စောင်းငန်း စောင်းငန်းနှင့် သူ့ကိုကြည့်နေကြ၏။ မခင်မှုန်ကလည်း မျက်စောင်းတခဲခဲ။

ကြာတော့ မြဖေ အိမ်မှာ မနေရဲ။ ရေအလျှင်အမြန် ချိုး၊ ထမင်းအလျှင်အမြန် စားကာ ကုမ္ပဏီဘက်သို့ ချီတက်ခဲ့လေ၏။

ကုမ္ပဏီရုံးခန်းထဲ ဝင်ဝင်ချင်း ဦးမင်္ဂလာနှင့် ထိပ်တိုက်တိုးလေတော့၏။

"ဟာ- မောင်မြဖေ"

"ဂျာကြီး"

"မင်းတို့ မိုးမီးနဲ့ရှို့တာပဲဟေ့။ သွား သွား မင်းကို ဘော့စ် ခေါ်နေပြီကွ"

"ဗျာ၊ ဘာ ဘာဖြစ်သတုံး"

"ပြောတတ်ဘူးလေကွာ"

မြဖေ မျက်ခုံးတလှုပ်လှုပ်နှင့် ဦးသစ္စာစကြာ၏အခန်းထဲသို့ မရဲတရဲဝင်သွား၏။ အခန်းထဲ ရောက်ရှိသွားချိန်တွင် ဦးသစ္စာစကြာ သူ့ကို စူးစူးရဲရဲကြီး ထိုင်ကြည့်နေ၏။ အသွင်ကလည်း မလှုပ်မယှက်။ မြဖေ ခြေတွေလက်တွေ အေးစက်သွား၏။ ပြဿနာကတော့ ပေါ်လေပြီဟု တွေးမိလိုက်၏။ ထိုစဉ် ဦးသစ္စာစကြာ၏စကားသံ ပေါ်လာ၏။

"ထိုင်ပါဦး ကိုမြဖေ"

"ဟုတ် ဟုတ်ကဲ့ ဘော့စ်"

တုန်တုန်ယင်ယင်နှင့် ထိုင်ခုံတွင် ဝင်၍ ထိုင်လိုက်ရ၏။ ဦးသစ္စာစကြာကိုလည်း ရဲရဲမကြည့်ဝံ့။ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမြဖေ"

"အင်"

"ခင်ဗျား ဘာတွေ ပြဿနာရှာခဲ့သလဲ ပြောစမ်း"

"ဗျာ၊ ပြဿနာ. . . ဘာဖြစ်လို့လဲ ဘော့စ်"

"ခင်ဗျား ဘာတွေလုပ်ခဲ့တယ် ဆိုတာ စဉ်းစားလို့ မရတော့ဘူးလား ပြောစမ်း"

မြဖေ နားမလည်နိုင်။ ကြောင်စီစီ အူချာချာ ဖြစ်နေ၏။ ပဟေဠိဆန်သော ဘော့စ်၏စကားကိုလည်း အဖြေမထုတ်တတ်။ ဝါးတားတား ဖြစ်နေ၏။

"ကိုင်း- ကျွန်တော် ပြောမယ်"

"ပြောပါ ဘော့စ်၊ ဘာများတုံး"

"ခင်ဗျား မိုးဆီ လက်ဆောင်ပေးခိုင်းလိုက်တာ ဘာတွေ သွားပေးလဲ ပြောစမ်း"

"ဗျာ"

"ဖြေလေဗျာ"

"ဟို ဟို အဲ အဲလေ . . ."

"ဘယ်လိုဖြစ်သွားတာတုံးဗျ။ ကျုပ်က နိုင်ငံခြားဖြစ် သုံးသိန်းဖိုးလောက်ရှိတဲ့ အလှပြင်ပစ္စည်းတွေ ပက်ကင်ထုပ်ပြီး ပေးလိုက်တာကို ခင်ဗျားတို့ ဘယ်မှာ ရောင်းစားခဲ့သလဲ ပြောစမ်း"

"ခင်ဗျာ၊ ဟို နိုင် နိုင်ဦး . . ."

"ခေါ်စမ်း၊ ခု ချက်ချင်းခေါ်"

"ဟုတ် ဟုတ်ကဲ့"

ပြဿနာက ဘူးပေါ်သလို ဘွားခနဲ ပေါ်လာပြီမို့ မြဖေ မျက်ကလူးဆန်ပျာ ဖြစ်နေ၏။

တုန်တုန်ယင်ယင်နှင့်ထကာ နိုင်ဦးသော်ကို တရားခံ ဆွဲထည့်ရန် ခေါ်လိုက်ရ၏။ ဘော့စ်ရှေ့ရောက်တော့ သူတို့နှစ်ဦးစလုံး ယောင်ချာချာ ဖြစ်နေ၏။ ထိုစဉ် ဘော့စ်က သူတို့ကို စူးစူးရဲရဲ ကြည့်ရင်း -

"ကဲ- ပြောပါဦး နိုင်ဦးသော်ရ၊ ငါ ပေးလိုက်တဲ့ လက်ဆောင်တွေ မင်းဘယ်မှာ ရောင်းခဲ့သလဲ ပြောစမ်း"

"ဗျာ၊ ဟို အဲ- သဟာ . . ."

"ဘာတုံးကွ၊ မင်းတို့ လုပ်တုန်းကလုပ်ပြီး ပြဿနာဖြစ်မှ ကြောက်နေသလား"

"ဟို. . . ဒီ ဒီလိုပါ ဘော့စ်ရယ်"

နိုင်ဦးသော်တစ်ယောက် ဖြစ်ရပ်အမှန်ကို အစအဆုံး ပြောပြလိုက်၏။ သူ့စကားကို နားထောင်ရင်း ဘော့စ် မျက်နှာကြီး နီလာ၏။

"ဟုတ်ပြီ၊ မေ့ကျန်ခဲ့ရစ်ခဲ့တာနဲ့ ပျောက်သွားတာတွေ ငါ ယုံလိုက်



www.burmeseclassic.com

ပြီ၊ ဒါဆို ဘာကြောင့် လက်ဆောင်အတုတွေ သွားပေးသတုံး။ ဘောလုံးတွေ၊ နို့ဘူးတွေ သွားပေးတော့ ငါ ဘာဖြစ်သွားမယ် ပြောကြစမ်း။ ကိုမြဖေ၊ ခင်ဗျားက လူကြီး၊ ခင်ဗျားကပါ အလိုတူအလိုပါလား"

"ဟာ- မ မဟုတ်ရပါဘူး ဘောစိရာ။ ဒီကိစ္စ. . . နိုင်ဦးသော် မင်း ပြောလိုက်လေကွာ"

"ဟုတ် ဟုတ်ကဲ့၊ ဟို အဲဒီ မမမိုးကို ဘောစိက ချစ်လို့လား"

"ဘာကွ၊ မင်း ဘာပြောတာတုံး"

"ဘောစိ ချစ်တဲ့ချစ်သူဆိုရင် ကျွန်တော်တို့ နှစ်ယောက် အဲဒီလို မလုပ်ပါဘူး ဘောစိရယ်။ ဘောစိကိုယ်တိုင် မမမိုးကို ကြည့်မရဘူး။ ဒါပေမယ့် ဘောစိ မမမိုးကို ကြောက်ရတယ် မဟုတ်လား"

"အင်"

နိုင်ဦးသော်၏စကားကြောင့် ဦးသစ္စာစကြာ လည်သွား၏။ သူ့စကားတွေက ရင်ကို ဒက်ထိမှန်သွားသလိုပင်။ ထို့ကြောင့်လည်း နိုင်ဦးသော်ကို နင်တင်တင်နှင့် ကြည့်နေ၏။

ထိုစဉ် နိုင်ဦးသော်က စကားဆက်လိုက်၏။

"ပြောရရင် ဘောစိရဲ့ ပါရမီကို ဖြည့်လိုက်တာပါ"

"ဘာကွ"

"ဟုတ်တယ်လေ၊ ဘောစိက မမမိုးကို ကန်ချင်တယ်။ ဒါကြောင့် ကျွန်တော်နဲ့ ကိုမြဖေက ကြားက ဝင်ကန်ပေးလိုက်တာပါ"

"အဲဒါ အမှန်ပဲ ဘောစိရ။ နိုင်ဦးသော် တစ်ယောက်တည်း ကန်ရင် ကန်ချက်လွဲမှာစိုးလို့ ကျွန်တော်ပါ ဝင်ကန်လိုက်တာပါ။ ဒက်ထိပဲ မဟုတ်လား ဘောစိ"

"ကောင်းတယ်၊ သိပ်ကောင်းတယ်။ မင်းတို့ ကန်ချက်က ပြင်းတော့ မိုး မလွင့်ဘဲ ငါ လွင့်ရတော့မှာကွ။ တောက်- သွားကြစမ်းကွာ။ တော်တော်ရှုပ်တဲ့လူတွေ"

"အင်"

ဘောစိ မျက်နှာက မီးတောင်ကြီး ဖွာခနဲ ပေါက်ကွဲသွားသလိုပင်။ နှစ်ယောက်သား ကုပ်ချောင်းချောင်းနှင့် ထပြေးရလေတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဘယ်လိုတုံး ကိုတင်ဝင်း၊ ကျွန်မပေးတဲ့ ပိုက်ဆံက နည်းနေလို့လား"

"ဟာ- မ မဟုတ်ရပါဘူး မမမိုးရယ်။ ဟို- များတောင် များနေပါပြီ"

"ဒါဆို ရှင် ကျွန်မကို ကူညီမှာလား"

"ကျွန်တော် ကူတော့ ကူညီချင်ပါတယ်ဗျာ။ ဒါပေမယ့် ဘော့စ်က ကျွန်တော့်ဒုက္ခကို ကယ်ခဲ့တာဗျ"

"ကျွန်မ သိပါတယ်။ ခုလည်း ရှင့်မှာ ဖဲကြွေးတွေ တောင်ပုံယာပုံ ဖြစ်နေတယ်ဆို။ ဒါကြောင့် ကျွန်မက ဝင်ကယ်တာပေါ့"

"ဗျာ၊ ဒါ ဒါဆို ကျွန်တော် ဘာ ဘာလုပ်ပေးရမှာလဲ မမမိုးရယ်"

"ရှင် ဘာမှ လုပ်စရာ မလိုဘူး။ အရေးကြီးတာ ရှင့်ဘော့စ်ရဲ့ အခြေအနေပဲ။ သူ့ဆီကို ကျွန်မ ရောက်သွားတုန်းက ကောင်မလေးချောချော နှစ်ယောက်ကို တွေ့ခဲ့တယ်။ သူတို့က ဘယ်သူတွေလဲ၊ ရှင့်ဘော့စ်နဲ့ ရှင်းရဲ့လား။ အဲဒါ မှန်မှန်ပြောစမ်း"

"အင်- ဟို အဲ . . ."

"မှန်မှန်ပြောနော်"

"ဟုတ်ကဲ့၊ ဟို- သူတို့က ရွှေကောင်းကင်နဲ့ ရွှေဝတ်လွှာဆိုတဲ့ ကောင်မလေးတွေပါ။ ဟဲဟဲ ဘော့စ်က အဲဒီ ကောင်မလေးတွေကိုတော့ တအား ပစားပေးတာ မမရဲ့"

"ဟင်"

"ဟုတ်တယ်၊ နှစ်ယောက်စလုံးက ချွဲတဲတဲ ပျစ်တစ်တစ်လေးတွေဗျာ။ အစ်ကိုကြီး. . . အစ်ကိုကြီးနဲ့၊ ဘော့စ်ကလည်း တဟဲဟဲပဲ မမမိုးရဲ့။ ပြီးတော့ ဘော့စ်က အဲဒီ နှစ်ယောက်စလုံးကို ချိတ်တိတ်တိတ်ဗျ။ လိုက်ပို့ရ၊ သွားကြိုရနဲ့ ကျွန်တော်လည်း သူတို့ကြားမှာ လည်နေတာပဲ"

"ဟင်- ဒီလောက်တောင်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတစ်လောက ရွှေကောင်းကင်ဆိုတဲ့ ကောင်မလေး မွေးနေ့မှာ ဆိုင်မှာ ထမင်းလိုက်ကျွေးသေးတယ်ဗျ"

"ဟင်- ဒါဆို သူခြေလှမ်းတွေ ကျွံနေပြီပေါ့"

"အဲဒါတော့ ဖြစ်နိုင်ချေရှိတယ် မမမိုးရဲ့။ နဖူးစာဆိုတာ ဦးရာလူပဲ မမမိုးရဲ့။ ဒီကိစ္စမှာ မမမိုး လက်နှေးရင် ကျန်ခဲ့မှာပဲ"

"အို- ကျွန်မ သူ့ကို ပိုင်ကို ပိုင်ဆိုင်ရမယ်။ ကျွန်မလက်က လွတ်ကို မလွတ်စေရဘူး သိရဲ့လား"

"ဟဲဟဲ ပြောနေလို့ မဖြစ်ဘူးလေ မမမိုးရဲ့။ တစ်ခုတော့ ရှိတယ်"

"ဘာတုံး"

"မမမိုးက အချစ်ကို နားလည်တတ်ဖို့ လိုတယ်။ လိုချင်ရင်တော့ ပေးရမယ်ဗျ။ အယူရှိရင် အပေးတော့ ရှိရမှာပေါ့ မမမိုးရယ်။ ကိုယ်က ချစ်တာဆိုရင် သူ့ကို နားလည်ခွင့်လွှတ်ဖို့တော့ လိုတယ်။ မောင်းမတစ်ထောင် လင်ကောင်တစ်ယောက် ဆိုတဲ့စကား ရှိသားပဲဗျာ"

"ဟို. . . ရှင်ပြောတာ ကျွန်မဘက်က အားနည်းချက် ရှိနေလို့လား"

"ကျွန်တော် မှန်တာ ပြောရမလား မမမိုး"

"ပြောလေ"

တင်ဝင်းတစ်ယောက် ဂရင်းလေဒီကုမ္ပဏီပိုင်ရှင် မိုးမြင့်မြင့်မော် ရှေ့တွင် ပညာရှိကြီးလုပ်နေ၏။ ဟန်ပန်အမူအရာကလည်း ဆရာကြီး ဂိုက်ဖမ်းထား၏။

"အဟမ်း၊ မမမိုးက ဘော့စ်ကို အချုပ်သားတစ်ယောက်လို ချစ်တာဗျ။ ချည်ပြီးတုပ်ပြီး ရိုက်ချင်တာ အမှားပဲ။ အပိုင်ချည်ထားတာကိုက ဘော့စ်ရဲ့ နှလုံးသားကို မမမိုးက ရှင်သန်ခွင့် မပေးတာဘဲဗျ"

"ဟင်"

"ဘော့စ်ဟာ လူတစ်ယောက်။ ချစ်တတ်တယ်၊ ကြေကွဲတတ်တယ်၊ လွမ်းတတ်တယ်။ ပြီးတော့ ခံစားတတ်တယ်လေ မမမိုးရဲ့။ အဲဒီအချက်ကို မမမိုး နားလည်ပေးသင့်တာပေါ့။ အချစ်ကို ငါမှ ငါဆိုရင် ပျာပြီသာမှတ်။ အဲဒီအချက်ကို မမမိုး သတိပြုမိရဲ့လား"

"ဟုတ်. . . ဟုတ်ပါတယ် မမမိုး မှားခဲ့တာပါ။ ရှင့်ဘော့စ်ကို ကျွန်မ အသေချည်ခဲ့တာပါရှင်။ ဒါ ဒါဆို ကျွန်မ ဘာလုပ်ရမှာလဲ ကိုတင်ဝင်း"

"လွယ်ပါတယ် မမမိုးရယ်၊ ဘော့စ် သနားလာအောင် နေပြရမယ်။ ချစ်ခြင်းအစ သနားခြင်းကတဲ့"

"ဒါဆို ကျွန်မက သူ့ကို အမြဲ ငိုပြနေရမှာလား။ ကျွန်မ ငယ်ငယ်ကတည်းက ငိုဖူးတာ မဟုတ်တော့ ခက်တယ်"

"ဟာ- ငိုခိုင်းတာ မဟုတ်ဘူးဗျ။ ဘော့စ်မျက်လုံးထဲ စွဲနေအောင် နေပြရမယ်။ ဥပမာ ကုမ္ပဏီကို တစ်ပတ် နှစ်ခါလောက်လာ ဘော့စ်ကို အမြင်ရအောင် ခေါ်ထုတ်၊ မိန်းမမာယာ သဲကိုးဖြာရှိတာပဲ မမမိုးရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ ကိုတင်ဝင်းဟာ အစော်ကို အရည်အချင်းရှိတဲ့လူပဲ။ ကဲ နောက်အပတ် မန်းဒေးလောက် ကျွန်မတို့ဆီ လာခဲ့ဦး။ ပြီးတော့ ရှင့်ဘော့စ်ကိုလည်း ကျွန်မအကြောင်းတွေ နားသွင်းပေးပါ။ ကျွန်မအချစ်ကို ခွင်ကြီးတစ်ခွင်လို ပုံသေရိုက်ပြီး မချစ်ချင်ဘူး"

"ဒါပေါ့ဗျာ၊ လေးထောင့်ထဲ အဝိုင်းရိုက်ထည့်သလို ဖြစ်နေမှာပေါ့။ ကဲ- ဒါဆို ကျွန်တော် ပြန်မယ်"

"ကောင်းပါပြီရှင်"

တင်ဝင်းတစ်ယောက် မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။ မိုးမြင့်မြင့်မော် ပေးလိုက်သော ပိုက်ဆံနှစ်သောင်းကို အိတ်ကပ်ထဲ ကျစ်ကျစ်ပါအောင် ထည့်ကာ ကုမ္ပဏီပေါ်မှ အလျှင်အမြန် ဆင်းခဲ့လေ၏။

သူ ပလက်ဖောင်းပေါ်အရောက်တွင် မထင်မှတ်ဘဲ မြဖေနှင့် ထိပ်တိုက် တိုးလေတော့၏။ မြဖေကလည်း မွှေမွှေချင်း ခြေမြင်သူ ဖြစ်လေရာ တင်ဝင်းကို ပခုံးဖက်ပြီး အစ်လေတော့၏။

"ဘယ်လိုတုံး ဇာတ်ဆရာတင်ဝင်းရဲ့"

"ဟာ- ကို. . . ကိုမြဖေ ဟဲဟဲ"

"ဘာဟဲဟဲလဲကွ၊ မင်း ဘာတွေ လုပ်နေတယ်ဆိုတာ ငါ သိတယ်နော်"

"ဟဲဟဲ ကျွန်တော်က အကျိုးတော်ဆောင် လုပ်တာပါ ကိုမြဖေရယ်"

"ကိုယ့်လူ သူ့ဘက်သား အကျိုးတော်ဆောင်ကြီး မဟုတ်လားကွ။ တင်ဝင်းရာ ဒီမှာကြည့်စမ်း"

မြဖေက ပါးစပ်ဟကာ အံသွားတွေကို ထိုးပြလိုက်၏။ တင်ဝင်း ကြောင်စိစိ ကြည့်ရင်း-

"ဘာဖြစ်တာလဲ သွားကိုက်လို့လား"

"ဟာကွာ၊ အံတိုနေပြီ ပြောတာကွ"

"အံတိုတာပဲဗျာ၊ နုတ်ပစ်လိုက်ပေါ့။ ကျွန်တော်ဆို အံသွားတောင် မပေါက်သေးဘူးဗျ"

"တော်စမ်းပါကွာ၊ ဂီယာတွေ ချိန်းမနေနဲ့ တင်ဝင်းရေ၊ ငါ ဘာဖြစ်ချင်တယ်ဆိုတာ မင်း သိပါတယ်နော်"

"ဒုက္ခပါပဲဗျာ၊ ကိုင်း- ဒါဆို ကျွန်တော် ဝီစကီတိုက်မယ်ဗျာ၊ အမြည်းလည်း ကျွေးပါ့မယ်"

"ဒီလိုမှပေါ့ကွ။ ကိုင်း- လာ၊ အီစွတ်တို့ဆိုင်ကို သွားမယ်။ ဟဲဟဲ မြဖေဆိုတာ ဘာကောင်လဲ မင်းသိပါတယ် တင်ဝင်းရာ"

"ဟုတ်. . . ဟုတ်ပါတယ်ဗျာ၊ ကိုင်း- လာ"

နောက်ဆုံးတော့ တင်ဝင်းတစ်ယောက် မြဖေကို မကျော်နိုင်။ ...တည်ိတ်ညိတ်နှင့် အီစွတ် အရက်ဆိုင်ဆီသို့ ချီတက်ခဲ့ကြလေ၏။ မြဖေကတော့ သူ့မူအတိုင်း ရယ်ကျဲကျဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရောက်တော့ ဝီစကီတစ်ပြား မှာကာ ဘဲကင်တစ်ခြမ်း မှာလိုက်၏။

"ကဲ- ဘယ်လိုတုံး၊ မမိုးကို မင်း ဘာတွေ ဒိုင်ကြောင်လွှတ်ခဲ့တာလဲ။ ကြည့်လုပ်နော်၊ ဘော့စ် ခံစားသွားရမယ့်အလုပ်တော့ မလုပ်နဲ့ကွာ"

"မ. . . မလုပ်ပါဘူး ကိုမြဖေရာ။ ဟို- အဲဒီ မမမိုးက ကြည့်တော့သာ ဘဝင်လို့ ထင်ရတာ။ အချစ်ကျတော့ ကံခေပါ့ဗျာ။ သူ သိတာ လိုချင်တာ မရရအောင် ယူဖို့ပဲဗျ။ အဲဒါ ကျွန်တော်က အပေးအယူ သဘောလေး ပြောခဲ့တာပါဗျာ"

"ကောင်းတာပေါ့ကွာ။ ဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေကွ။ ဒါပေမယ့် ဘော့စ်က အင်တင်တင်ကွ။ သူ တကယ် ခံစားနေတာ မင်းသိသားပဲ"

"ဟုတ်ပါ့ ကိုမြဖေရာ။ ဘယ်လို လုပ်ရမှန်းတောင် မသိဘူးဗျာ"

"အဲဒါ အချစ်ပဲကွ၊ အချစ်ဆိုတာ ဘုရားသခင်ပေးတဲ့ အိပ်မက်ကွ"

"ဗျာ၊ ဟဲဟဲဟဲ အဲဒီလောက် ကျွန်တော် ဉာဏ်မမီပါဘူး ကိုမြဖေရာ။ ဒါပေမယ့် ဘော့စ်နဲ့ မမမိုးတို့ကိုတော့ ဖြစ်စေချင်တယ်ဗျာ။ ဟိုကောင်မလေးတွေက ငယ်လွန်းတယ်ဗျ"

"မင်းကလည်း တုံးပုံကွာ။ ဘူးသီးနုနုက ပိုချိုတာပေါ့ကွာ။ ဟုတ်ဘူးလား"

"အင်- အဲဒီ ကောင်မလေးတွေက ဘူးသီးမှ မဟုတ်တာဗျာ။ ကိုမြဖေ"

"ဘာတုံးကွ"

"မနေ့က ကျွန်တော် နှစ်ပိုင်းဆက်လိုက်တာ ရှိသမျှ ကုန်ရောဗျ။ အဲဒါ၊ ဟဲဟဲ ဒီနေ့ ပြန်ကဲမလို့ဗျ"

"မင်းကလည်း မလွယ်ပါလားကွ၊ ဘော့စ်ဆီ မသွားတော့ဘူးလား။ ကြည့်လုပ်နော်၊ ဟိုမှာ လိုတာမရ ရတာမလိုနဲ့ စိတ်ကို မီးရှို့ထားတာကွ"

"ပြန်မှာပါ၊ သောက်ပြီးရင် ပြန်မယ်လေ။ ဟို- ကိုမြဖေရော ဖြစ်ပါ့မလား ဘော့စ်က နံတယ် ပြော . . ."

"မသိပါဘူးကွာ၊ သူက မျက်နှာဖုံးစွပ်မင်းသားပဲ"

"အေးဗျာ၊ ဘော့စ်ကလည်း မျက်နှာအဖုံးစွပ် မင်းသား၊ မမမိုးကလည်း မျက်နှာဖုံးစွပ် မင်းသမီး။ ဒီလူနှစ်ယောက်က စကြဝဠာကို ပိုးမွှားကမ္ဘာကြီး အောက်မေ့နေတာဗျ"

"ဟားဟားဟား မင်း တော်တော့်ကို တိုးတက်လာပြီကိုး။ လောကကြီးဟာ ကြောက်စရာကောင်းလှတဲ့ ရှုထောင့်က ကြည့်ရင်တော့ အသားတောင် ဝဝ ရှုရဲမှာ မဟုတ်ဘူးကွ။ ဒါပေမယ့် လူတွေဟာ တစ်ခါပဲ သေရတာပါကွာ။ အဲဒီလို တွေးကြောက်နေရင်တော့ အဲဒီလူတွေဟာ အခါခါ သေနေကြမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့ဗျာ"

တင်ဝင်းတစ်ယောက် မြဖေ၏ ဒိုင်ကြောင်မြစ်ထဲ မျောသွား၏။ မိုးမြင့်မြင့်မော်ထံမှ ယူလာသော ပိုက်ဆံတွေလည်း တလျှောလျှော ခုန်ထွက်လာ၏။

ဆိုင်ကထွက်တော့ နှစ်ယောက်စလုံး ရီတီတီ ဝေတေတေ။ သူတို့နှစ်ယောက် ကုမ္ပဏီသို့ အရောက်တွင် ဦးမင်္ဂလာတစ်ယောက် စူပွစူပွ ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ဘာဖြစ်နေတာတုံး ဂျာကြီးရဲ့"

"ဟာ- မပြောချင်ပါဘူးကွာ။ ဘယ်သူ ရှိရမလဲကွာ၊ ရွှေမမပေါ့။ သူ့တူမကို တအား စန်းတင်နေတာကွ။ ခုလည်း ရွှေကောင်းကင်ကို ဘော့စ်က ရာထူးတစ်ဆင့် တိုးပေးလိုက်တယ်လေ"

"ကောင်းတာပေါ့ဗျာ"

"ဘာကောင်းတာလဲကွ။ ငါ့တူမ ရွှေဝတ်လွှာကိုလည်း ရာထူးတိုးသင့်တာပေါ့ကွ"

"ဩော်- ဒါကို မကျေနပ်တာကိုး"

"ဒါပေါ့ကွာ၊ အဓိက ချယ်လှယ်တာ ရွှေမမပဲကွ။ မကျေနပ်ဘူးကွာ၊ ငါ ဘယ်လို လက်တုံ့ပြန်ရမလဲ စဉ်းစားနေတယ်ကွ"

"ဒါများဗျာ၊ ဘာခက်တာမှတ်လို့"

"ဟင်- ဟုတ်ပြီ။ မင်းက ဉာဏ်နီဉာဏ်နက်ကြီးတဲ့ကောင်၊ ပြောစမ်းကွာ"

မြဖေ၏စကားကို ဦးမင်္ဂလာ အယုံကြီး ယုံနေ၏။ တင်ဝင်းကတော့ မြဖေကိုကြည့်ပြီး မျက်ခုံးခပ်လှုပ်လှုပ်။ ထိုစဉ် မြဖေ၏အသံ ပေါ်လာ၏။

"ဂျာကြီးကလည်းဗျာ၊ ဒေါ်ရွှေမမရဲ့ အားနည်းချက်က ဘာလဲ။ အဲဒါ သိလား"

"ဟင်- အားနည်းချက် . . ."

မြဖေ၏စကားကြောင့် ဦးမင်္ဂလာ တွေခနဲ ဖြစ်သွား၏။ တစ်အောင့်အကြာတွင် လက်ဖျောက်တစ်ချက် တီးလိုက်၏။

"ဟုတ်ပြီ၊ ရွှေမမဟာ အိမ်မြှောင် တအား ကြောက်တဲ့မိန်းမကြီးကွ"

"အိမ်မြှောင်"

"ဟုတ်ပါ့ကွာ၊ အိမ်မြှောင်မြင်ရင် တက်တောင် တက်တာကွ"

"ဟာ- အဲဒါ ပွိုင့်ပဲဗျ"

"ဘာ. . . ဘာလုပ်ရမှာလဲ"

"ဒါဆို အဲဒီ အိမ်မြှောင်တွေ ရအောင်ဖမ်း၊ ပြီးရင် အဲဒီ ရွှေမမ အနီးဆုံးနေရာမှာ သုံးလေးရက် ဆက်ထားလိုက်စမ်းဗျာ"

"ဟုတ်ပြီ၊ မင်းပေးတဲ့အကြံကို ကြိုက်သွားပြီကွ။ လုပ်မယ် ဒီတစ်ခါ အကောင်အထည် ဖော်မယ်။ ဒါပေမယ့် အဲဒီ အိမ်မြှောင်တို့ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖမ်းမလဲ"

"လွယ်ပါတယ်ဗျာ၊ ဒီကိစ္စ ကျုပ်တို့တာဝန်ထား။ တစ်ခုတော့ရှိတယ် နော်၊ အိမ်မြှောင်တစ်ကောင်ကို ငါးရာတော့ပေးဗျာ"

"ဟေ- များလှချည်လားကွ"

"ဟာ- ဂျာကြီးကလည်း ဒီလောက်တော့ ရင်းရမှာပေါ့ဗျာ"

မြဖေ၏ အပေးအယူက အဆင့်မြင့်လှ၏။ ဦးမင်္ဂလာတစ်ယောက် အိမ်မြှောင်တစ်ကောင် ပိုက်ဆံငါးရာ ပေးရမည်ဆိုတော့ တွန့်ခနဲ ဖြစ်သွား၏။ အမှန်မှာတော့ ဦးမင်္ဂလာက ကုတ်စေး။ တစ်ပြားကို နှစ်ပြားခွာနေသူ ဖြစ်၏။

သို့သော် သူ အမုန်းကြီးမုန်းနေသော သို့တည်းမဟုတ် မျက်လုံးထဲ ထိုးထိုးထောင့်ထောင့် ဖြစ်နေသော ရွှေမမကိုတော့ နှိပ်ကွပ်ချင်လှ၏။

ထို့ကြောင့်လည်း မြဖေ၏ အပေးအယူကိစ္စကို သဘောတူညီလိုက် ၏။ ဦးမင်္ဂလာ ထွက်သွားတော့ မြဖေက တင်ဝင်းကို ညှိလိုက်၏။

"ဘယ်လိုတုံးကွ၊ ဒီကိစ္စ မင်းရော ပါမှာလား"

"တစ်ကောင် ငါးရာ"

"အေးလေကွာ၊ ငါက အကျိုးဆောင်ခ တစ်ရာတော့ နုတ်မယ်"

"ဒီနေ့တော့ မအားဘူးဗျာ"

"ဒါဆို ဒီကိစ္စ ငါနဲ့ နိုင်ဦးသော် ညှိလိုက်မယ်ကွာ။ ဒါပေမယ့် နုတ် တော့ လုပ်စေနော်"

"စိတ်ချစမ်းပါဗျာ"

မြဖေတစ်ယောက် တင်ဝင်းကို မလိုမ့်တပတ် နုတ်ပိတ်ရင်း နိုင်ဦး သော်၏ ကွန်ပျူတာခန်းထဲ ဝင်လာ၏။

"နိုင်ဦး"

"ဟာ- ကိုမြဖေ၊ ဟင်- ခင်ဗျား ချလာတယ် ထင်တယ်"

"ဟဲဟဲ နည်းနည်းပါကွာ။ နိုင်ဦး"

"ဘာတုံးဗျာ၊ ဒီမှာ အလုပ်ရှုပ်နေတာဗျ"

"မင်းကို အလုပ်ပေးမလို့ကွ"

"ဘာအလုပ်လဲ"

"အလုပ်က လွယ်လွယ်လေးပါကွာ။ အိမ်မြှောင်ဖမ်းပေးရင် တစ် ကောင် ငါးရာ ပေးမယ်ကွာ"

"ဗျာ၊ အိမ်မြှောင်တစ်ကောင် ငါးရာ ဟုတ်လား"

"အေး၊ ရသလောက် အိမ်ကဖမ်းခဲ့"

"ဟာဗျာ၊ ဘယ်လိုကြီးလဲဗျ"

"လျှာမရှည်နဲ့ကွာ။ ပိုက်ဆံလိုချင် ဖမ်းသာဖမ်းခဲ့။ တစ်ကောင်ကို လေးရာပဲ ပေးမယ်။ တစ်ရာက ငါ့အကျိုးတော်ဆောင်ခပေါ့"

"ဟင်- ခင်ဗျားကလည်း အရေးထဲ ပွဲညွှန်ခွန်းနေပြန်ပြီ ခင်ဗျားက



www.burmeseclassic.com

www.burmeseclassic.com



အိမ်မြှောင်တွေဝယ်ပြီး နိုင်ငံခြား ပို့မလို့လား"

"အဲဒါ ငါ့ကိစ္စပါ၊ မနက်ဖြန် ဖမ်းလာခဲ့၊ ကတ်ရှ် ချက်ချင်း ချေမယ်"

မြဖေ၏ ထူးထူးဆန်းဆန်း စကားကြောင့် နိုင်ဦးသော် အူတူတူ ဖြစ်သွား၏။ အိမ်မြှောင်တစ်ကောင် ငါးရာဆိုသည်မှာ ကြားတောင်မှ မကြားဘူး။

အဆိုပါကိစ္စကို အောင်ဘ သို့မဟုတ် ဝင်းသစ္စာကို လွှဲလိုက်လျှင် သေချာပေါက် ပိုက်ဆံရချေမည်။

"စိမ်လိုက်လေ၊ ကျွန်တော် ဖမ်းလာခဲ့မယ်"

"ဖမ်းခဲ့စမ်းကွာ၊ များလေ ကောင်းလေပဲကွ"

"ပိုက်ဆံ ချက်ချင်း ချေမှာနော်"

"ချေမှာပေါ့ကွာ၊ မြဖေဟာ ကတိသစ္စာကို အသက်လို လေးစားပါတယ်ကွာ"

"ကောင်းပြီ၊ မနက်ဖြန် ပါလာစေရမယ်"

မြဖေတစ်ယောက် အိမ်မြှောင်ကိစ္စ ပြောဆိုပြီး ကွန်ပျူတာခန်းထဲမှ ထွက်သွား၏။ နိုင်ဦးသော်တစ်ယောက်ကတော့ အိမ်မြှောင်ကိစ္စကို ခုထိ ဇဝေဇဝါ ဖြစ်နေဆဲ။

ထိုအချိန် ကွန်ပျူတာအခန်းထဲသို့ ရွှေကောင်းကင် ဝင်လာ၏။ နိုင်ဦးသော်ကို ပြုံးပြုံးကလေး စိုက်ကြည့်ရင်း ပြောလိုက်၏။

"ဘာတွေ စဉ်းစားနေတာလဲ"

"ဟဲဟဲ အိမ်မြှောင်တွေလေ"

"ရှင်၊ အိမ်မြှောင်။ အောင်မလေး ကြားတာနဲ့ ရင်တုန်လိုက်တာ"

"ဗျာ၊ ကောင်းကင်က အိမ်မြှောင်ကြောက်တယ် ဟုတ်လား"

"အို၊ ကောင်းကင်တို့ တစ်မျိုးလုံး အိမ်မြှောင်ကြောက်တာ။ မေမေလည်း ကြောက်တယ်၊ ဖေဖေလည်း ကြောက်တယ်၊ ညီမလေးလည်း ကြောက်တယ်။ အို. . . အန်တီမမပါ ကြောက်တာ ကိုနိုင်ရဲ့။ အဲဒီစကား မပြောပါနဲ့ရှင်"

"ဟုတ်လား၊ တော်တော် ထူးဆန်းတာပဲနော်။ ဒါဆို ပိုးဟပ်၊ ပုရွက်ဆိတ်၊ ခြံ၊ လောက်"

"အို- တော်ပါတော့ ဘာတွေပြောနေသတုံး"

"ဟဲဟဲ အင်းဆက်မှန်သမျှ ကြောက်သလားလို့ပါ"

"တော်ပါ၊ ကိုနိုင်နော် လူကို ဘာမှတ်နေသတုံး။ ဘာဖြစ်လို့ မေးတာလဲ ပြော"

"ဟာ မ. . . မဟုတ်ပါဘူး။ လူတွေအကြောင်းထက် ပိုပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ အိမ်မြှောင်တွေအကြောင်းကို စဉ်းစားမိလို့ပါ"

"ရှင်၊ အံ့ဩစရာပဲ"

"ဟုတ်တယ်လေ၊ ကောင်းကင် စဉ်းစားကြည့်။ နေ့တော့ မှတ်နှာ

www.burmeseclassic.com

www.burmeseclassic.com



ကြွက်၊ ခေါင်မိုးမှာ တပ်နေကြတယ်။ ကြည့်တဲ့မျက်လုံးတွေက ဖောက်တိဖောက်ထိုး။ အဲဒီ အိမ်မြှောင်သေပြီး လူဖြစ်ရင် အဲဒီလူတွေဟာ လောကကြီးကို ဘယ်လိုကြည့်ကြသလဲ။ အဲဒါ စိတ်ဝင်စားစရာ မကောင်းဘူးလား"

"တော်ပါတော့ ကိုနိုင်ရယ်။ ဒီက အပြင်မှာ အအေးသွားသောက်ချင်လို့ လာခေါ်တာ။ ကြားတဲ့စကားက အော်ဂလီဆန်တယ်"

"ဟဲဟဲ တွေးကြည့်ရင် အော်ဂလီလောကကြီးပါ ကောင်းကင်ရယ်"

"ကဲကဲ၊ ထထ ဆက်ပြောရင် ကောင်းကင် ထွက်ပြေးတော့မှာ"

"ဘယ်ကိုလဲ"

"အအေးဆိုင်လေ၊ ရင်တွေ ပူလွန်းလို့ပါ ကိုနိုင်ရာ။ လာ၊ သွားကြမယ်"

ရွှေကောင်းကင် ဖွတ်တရွတ် ခေါ်နေသဖြင့် နိုင်ဦးသော်ဟစ်ယောက် ထိုင်ခုံမှ မထချင် ထချင်နှင့် ထလိုက်ရ၏။ ထို့နောက် သူတို့နှစ်ဦး အခန်းအပြင်သို့ ထွက်ခဲ့ကြ၏။ သူတို့နှစ်ဦး၏ လှုပ်ရှားမှုကို မျက်လုံးထောင့်ကပ်ကြည့်နေသူက ရွှေဝတ်လှ။ နှုတ်ခမ်းလေး စူတူတူနှင့် အလိုမကျသည့်အသွင် ဖြစ်နေ၏။

ထိုအချိန်တွင် အအေးဆိုင်ကလေးထဲ ရောက်ရှိသွားသော ရွှေကောင်းကင်နှင့် နိုင်ဦးသော်တို့နှစ်ဦး ချောင်ကျသည့်နေရာတွင် ဝင်၍ထိုင်လိုက်ကြ၏။ ဆိုင်ထဲမှာလူက ကျဲတိကျဲတောက်။

ထိုင်ခုံတွင် ထိုင်လိုက်သည်နှင့် ရွှေကောင်းကင်က မီနူးကတ်ကလေးကြည့်ဟာ စားသောက်ဖွယ်ရာများကို မှာလိုက်၏။

"ဟာ- များလှချည်လား၊ ဘာ. . . ဘာလုပ်တာလဲ"

"စားစမ်းပါ ကိုနိုင်ရာ။ ကောင်းကင် ပရိုမိုးရှင်းတက်တာ ကျွေးချင်လို့လေ"

"ဩော်- ဒီလိုကိုး၊ ဟဲဟဲ ဒါဆိုရင်တော့ ကြိတ်ရတာပေါ့ကွာ"

"ကြည့်လည်းကြိတ်နော်၊ ကိုယ့်သွားတွေပါ ကိုယ်ရောကြိတ်မိလို့ အမှုန့်ဖြစ်သွားဦးမယ်"

"ဟာ- ကောင်းကင်ကလည်း"

သူတို့နှစ်ဦး ပြောဆိုနေကြစဉ် စားသောက်ဖွယ်ရာများ ရောက်လာ၏။ ရွှေကောင်းကင်လည်း နိုင်ဦးသော်ရှေ့သို့ စားသောက်ဖွယ်ရာများ တွန်းပို့လိုက်၏။ ဆင်းဒဝစ်ချ်၊ အအေးဘူး၊ အသားကင်များ စသည်ဖြင့် အမယ်စုံလှ၏။

"စားနော်၊ အားနာရင် ကောင်းကင် မုန်းတယ်"

"အားမနာရင်ကော"

"ဟင်းနော်၊ စကားတွေ ပေါက်တီးပေါက်ရှာ မတွေးနဲ့"

"ဟဲဟဲ ကောင်းကင်ကလည်း စိတ်ချည်းပဲ"

"ကဲ- စားစမ်းပါ၊ ဒီက ကျွေးချင်လို့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဦးသော်တစ်ယောက် ကျွေးသည့်လူက စေတနာထက်သန်နေမှတော့ အားမနာစတမ်း စားပစ်လိုက်၏။ ထိုအချိန် အအေးဆိုင်ကလေးထဲသို့ စုံတွဲတစ်တွဲ ဝင်လာ၏။ သူတို့က အခြားမဟုတ်၊ နိုင်ဦးသော်၏ဘော္ဒစ် ဦးသစ္စာစကြာနှင့် မိုးမြင့်မြင့်မော်တို့နှစ်ဦး ဖြစ်လေ၏။

သစ္စာစကြာ၏ အမူအရာမှာ မှုန်တေတေ ဖြစ်နေ၏။ မိုးမြင့်မြင့်မော်ကတော့ မျက်နှာတစ်ခုလုံး အပြုံးရိပ်ကလေး များစွာနှင့် ဝေဆာနေ၏။ သူတို့နှစ်ဦး ဆိုင်ထဲရောက်သည်နှင့် စားပွဲဝိုင်းတစ်ဝိုင်းတွင် ဝင်၍ထိုင်လိုက်၏။

ဦးသစ္စာစကြာ ထိုင်သည့်နေရာက နိုင်ဦးသော်တို့နှစ်ဦး ထိုင်နေသည့်စားပွဲဝိုင်းနှင့် ဝါးတစ်ရိုက်သာ ကွာ၏။ ထိုင်ခုံတွင် ထိုင်ချလိုက်သည်နှင့် ဦးဆုံး မြင်လိုက်ရသော မျက်နှာလေးကြောင့် ဦးသစ္စာစကြာ မျက်မှောင်ကြီးကုတ်သွား၏။

မြင်လိုက်သည့် မျက်နှာလေးက ရွှေကောင်းကင်၏ မျက်နှာနုဖပ်ဖပ်ကလေး ဖြစ်၏။ ရွှေကောင်းကင်နှင့် မျက်နှာချင်းဆိုင်ထိုင်၍ စကားပြောနေသော ကောင်လေးကို ကျောပိုင်းကသာ မြင်ရသဖြင့် ဦးသစ္စာစကြာတစ်ယောက် အံတကြိတ်ကြိတ် ဖြစ်လာ၏။ ထိုစဉ် မိုးမြင့်မြင့်မော်၏အသံကလေး ထွက်လာ၏။

"ဘာယ်လိုဖြစ်လို့ အံကြိတ်နေသတုံး၊ ကေန္တ အံသွားပေါက်ပြီ ထင်တယ်။ ယူ့ကြည့်ရတာ တစ်ခုခု အလိုမကျတဲ့ ကလေးဆိုးကြီးလိုပဲ"

"ဟင်၊ မိုးကလည်း နောက်ပြန်ပြီ။ ဟဲဟဲ အလိုကျပါတယ် မိုးရယ်"

"သေချာရဲ့လား ယူရယ်၊ အိုင် ဘာလုပ်ပေးရမလဲပြော။ ယူ ဘာလိုချင်သလဲ၊ ယူလိုချင်တာ အိုင် အကုန်ပေးမယ်"

"ဟာ- မဟုတ်တာဘဲ"

"ယူ ဘယ်လိုဖြစ်နေသတုံး၊ ဘယ်သူ့ကို ကြည့်နေတာလဲ ပြောစမ်း"

"ဟင်- အဲ ဟို ဟဲဟဲ မကြည့်ပါဘူး"

သူ့မျက်စိများကိုကြည့်ပြီး မိုးမြင့်မြင့်မော် သင်္ကာမကင်း ဖြစ်နေ၏။ ထို့ကြောင့်လည်း စိတ်ကို မနည်းကြီး ထိန်းချုပ်ပြီး မိုးမြင့်မြင့်မော်နှင့် မျက်နှာချင်းဆိုင်လိုက်၏။ ရွှေကောင်းကင်ကမူ သူ့ကို မြင်ပုံမပေါ်။ မျက်နှာလေးကလည်း ပြုံးရွှင်နေ၏။

ထိုစဉ် ရွှေကောင်းကင်က အသားတုံးလေးတစ်တုံးကို ငွေခက်ရင်းနှင့်စိုက်ကာ နိုင်ဦးသော်၏ပါးစပ်ထဲ ထည့်ပေးလိုက်၏။

ဘေးတိုက် မြင်လိုက်ရသော မျက်နှာအနေအထားဖြင့် ဦးသစ္စာစကြာ စွေ့စွေ့ခုန်မတတ် ဖြစ်သွား၏။

နိုင်ဦးသော်. . .

ခြေမြန်လက်မြန် လှုပ်ရှားသွားသည့်အဖြစ်ကို တွေးရင်း ဦးသစ္စာစကြာ ဒေါသတွေ ဟုန်းဟုန်းထနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါးမြွေထိုးကောင်"

"ရှင်၊ ယူ. . . ယူ ဘာပြောတာလဲ။ ဘယ်က ငါးမြွေထိုးလဲ"

"အဲ- ဟို. . . ဟို ငါးမြွေထိုးဆိုတဲ့ ငါးက တအား မြန်တာပဲနော်"

"အင်- ဘာတွေတုံး ယူရယ်။ ယူ ဘာတွေ တွေ့နေသတုံး၊ ငါးမြွေထိုး ဖြစ်ချင်လို့လား"

"ဟာ- မဟုတ်ပါဘူး မိုးရယ်"

"ယူ့စကားတွေက ကြောင်စီစီနဲ့ တစ်မျိုးကြီးပဲ။ အိုင်နဲ့ စကားပြော ရတာ စိတ်မပါဘူးလား"

"မဟုတ်တာဘဲ မိုးရယ်"

"ဒါဆို မှာလေ၊ ဘာစားမလဲ။ ယူ ကြိုက်တာ အိုင် လိုက်စားမယ်"

"ရပါတယ် မိုးရာ"

"မှာစမ်းပါ ယူရာ"

မိုးမြင့်မြင့်မော်၏ အပြောတွေက သူ့နားထဲ ဝါးတားတား။ သူ ခံစား နေရသည်က ရွှေကောင်းကင်။ နိုင်ဦးသော်လုပ်ပုံက သူ့အသည်းနှလုံးတွေ ကို တစ်ဖွဲ့ချင်း တစ်ဖွဲ့ချင်း ခြေမွနေသလိုပင်။ စားချင်စိတ်လည်း ကုန်ဆုံး သွားခဲ့၏။ နောက်ဆုံး အအေးဘူးတစ်ဘူး မှာသောက်ပြီး ဆိုင်ထဲက အလျင်အမြန် ထွက်ခဲ့ရ၏။

ကုမ္ပဏီ ပြန်ရောက်သည်အထိ ချစ်သောကတွေ မုန်တိုင်းထန်နေဆဲ။ နိုင်ဦးသော်ကို ကျွဲပေါက်တစ်ကောင်လို ခံစားမိ၏။ ဝှေ့လိုက်သည့် ဝှေ့ ကွက်က အသည်းနှလုံးတွေ ဆတ်ဆတ်ခါ ကြေမွသွားခဲ့ရသည်မို့ နှလုံး သားတွေ ဖရိုဖရဲ။

အခန်းထဲ ကုပ်ချောင်းကုပ်ချောင်း ဝင်လာသည့် ဦးမင်္ဂလာကိုပင် ဓမ္မန္တရာယ်ကြီးလို မြင်နေမိ၏။

"ဘာတုံး ဦးမင်္ဂလာ၊ ဘာတွေ ဖြစ်လာပြန်ပြီတုံး"

"ဟဲဟဲ ပြဿနာမရှိပါဘူး ဘော့စ်ရယ်။ စကားလေးတစ်ခွန်း ပြော ချင်လို့"

"ဘာစကားတုံး"

"ဟို. . . ဟိုဒင်းလေ ဟဲဟဲ"

"ဟာ- ဘာလဲဗျာ၊ ဟိုဒင်းဆိုတာ ဘာတုံး"

"အဲ- ကျွန်တော့်တူမလေး ရွှေဝတ်လွှာ"

"ဘာ- ဝတ်ရွှေလွှာ ဘာဖြစ်သွားပြီလဲ၊ ပါသွားပြီလား"

"ဗျာ၊ အဲ- မပါပါဘူး ဘော့စ်ရယ်။ ရွှေဝတ်လွှာက ဝမ်း တအားချုပ် တာဗျ ဟီဟိ"

"ဘာဗျ၊ ခင်ဗျား ဘာတွေ လာပြောနေသတုံး"

"ဟို. . . ဟို ပရိုမိုးရှင်းလေး"

"ဘယ်က ပရိုမိုးရှင်းလဲ၊ ခင်ဗျားလား။ ခင်ဗျားက ဗိုက်ဘာမန်နေဂျာ



www.burmeseclassic.com

www.burmeseclassic.com

ကြီး ဖြစ်ချင်လို့လား"

"ဟာ- မဟုတ်ရပါဘူး ဘော့စ်ရယ်၊ ဟိုလေ တူမလေးက ရာထူးတိုး ချင်လို့တဲ့။ အဲဒါ ဘော့စ်က စေတနာမေတ္တာ ရှေ့ထားပြီး သစ္စာအနန္တ"

"ဟာ- တော်ပါတော့ဗျာ၊ ကျုပ် သိတယ်။ ကျုပ်ကြည့်နေတာ ကြာပြီ"

"ဗျာ၊ ကြည့်နေတယ်။ ဒါဆို ကျွန်တော့်တူမလေးက ရွှေကောင်းကင် လောက် မလှလို့လား ဘော့စ်ရယ်"

"တော်စမ်းဗျာ၊ ခင်ဗျားကြီး ဘာမဟုတ်တရုတ်တွေ ပြောနေသလဲ။ လှတာနဲ့ ပရိုမိုးရှင်း ပေးရမယ်ဆိုရင် ရုပ်ရှင်မင်းသမီးတွေ ခေါ်သုံးမှာပေါ့ ဗျာ။ တော်ပြီ၊ ကျုပ် သိတယ်။ ရွှေဝတ်လွှာကိစ္စ ခေါင်းထဲမှာ ရှိတယ်။ ဒါပေမယ့် ကျုပ် ကြည့်ဦးမယ်"

"ဒါဆို ခေါ်လိုက်ရမလား ဘော့စ်"

"ဟာ- ခင်ဗျားကလည်း နားဝေးပါ့ဗျာ။ ဘယ်မှာတုံး မြဖေ၊ မြဖေ ခုချက်ချင်း ခေါ်လိုက်။ ခင်ဗျားသွားတော့"

"ဟုတ်. . . ဟုတ်ကဲ့ ဘော့စ်"

ဦးမင်္ဂလာတစ်ယောက် မအူမလည်နှင့် အခန်းထဲမှ ထွက်လာ၏။ မြဖေကို ဟိုဟိုဒီဒီ ရှာလေတော့လည်း မတွေ့။ ထိုအခါ ဦးသစ္စာစကြာ တစ်ယောက် ပို၍ပို၍ ပေါက်ကွဲနေလေ၏။

နိုင်ဦးသော်တစ်ယောက် ညနေပိုင်း ကုမ္ပဏီကအပြန်တွင် စိတ် သောက ဖြစ်နေရ၏။ သူ့ကို သက်သက်မဲ့ ပြဿနာရှာသော ဘော့စ်ကို နားမလည်နိုင် ဖြစ်နေရ၏။

အဆောင်သို့ ပြန်အရောက်တွင် အောင်ဘတစ်ယောက် စက္ကူ သေတ္တာတစ်လုံးနှင့် အလုပ်ရှုပ်နေသည်ကို တွေ့လိုက်ရ၏။

"ဘာတွေ လုပ်နေတာတုံးကွ"

"ဟာ- မင်းကလည်း၊ မင်းပဲပြောပြီး မေ့နေပြီလားကွာ။ ဒီမှာကြည့် စမ်း၊ အားလုံးပေါင်း ဆယ့်နှစ်ကောင်။ တစ်ကောင်သုံးရာဆိုတော့ ဆယ့် နှစ်သုံးလီ သုံးဆယ့်ခြောက်၊ သုံးထောင့်ခြောက်ရာကွ"

"ဟင်- အိမ်မြှောင်တွေပါလားကွ၊ ဘာလုပ်မလို့တုံး။ စားစရိတ်သက် သာအောင် လုပ်နေတာလား"

"ဟာကွာ၊ မင်းပဲ တစ်ကောင် သုံးရာပေးမယ်ဆို။ အဲဒါကြောင့် ငါ ဒီနေ့ တစ်နေ့လုံး အိမ်မြှောင်ထိုင်ဖမ်းနေတာကွ။ ပြီးတော့ ဟောဒီမှာ ကြည့်စမ်း"

ပြောပြောဆိုဆို စက္ကူဘူးတစ်လုံးကို အသာဖွင့်ပြလိုက်၏။ မျက်လုံး ပြူးပြူးကြီးနှင့် သတ္တဝါကြီးတစ်ကောင်။

"ဟာ- အဲ. . . အဲဒါ ဘာကောင်ကြီးလဲကွ"

"အိမ်မြှောင်က သုံးရာပဲ ရတာ၊ ဒီကောင်က တောက်တဲ့လေး


www.burmeseclassic.com

အိမ်မြှောင်ထက် ကြီးတယ်ကွ။ တစ်ကောင် ငါးရာပဲပေးကွာ"

"ဟင်- တောက်တဲ့"

"ဟုတ်တယ်လေ၊ အိမ်မြှောင်နဲ့ တစ်ပုံစံတည်းပဲ။ ငါ့စိတ်ကူးက အကောင်ပိုကြီးလေ အလုပ်ဖြစ်လေ တွက်မိတယ်ကွ။ အိမ်မြှောင်ထက် ကြီးတာ တောက်တဲ့။ တောက်တဲ့ထက်ကြီးတာ ဖွတ်၊ ဖွတ်ထက်ကြီးတာ မိကျောင်း"

"ဟာ- တော်ပါတော့ကွာ၊ ပြဿနာပါပဲ"

"ကဲ- ဒါဆို မင်း ဟောဒီ တောက်တဲ့ကြီး ယူသွားလိုက်"

"ဖြစ်. . . ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ၊ အိမ်မြှောင်ကိုင်ရင် လက်တုန်တယ်ကွ။ တောက်တဲ့ကျတော့ အိုကေပဲ"

"ဟာကွာ၊ ခေါင်းရှုပ်ရတဲ့ကြား"

တောက်တဲ့ကြီးကြည့်ပြီး နိုင်ဦးသော် လန့်နေ၏။ သို့သော် အောင်ဘ ပြောသလို ဦးမင်္ဂလာ ပို၍ နှစ်သက်လိမ့်မည်ဟု ထင်မိ၏။

ထို့ကြောင့်လည်း နောက်တစ်နေ့ နံနက်စောစောတွင် သေတ္တာဘူး ကြီးနှစ်ဘူး ပိုက်ပြီး မန်နေဂျာ ဦးမင်္ဂလာ အခန်းထဲ ဝင်ခဲ့၏။

"ဂျာကြီး"

"ဟာ နိုင်ဦး၊ ဘာတွေတုံးကွ"

"ကြည့်လေ၊ ဂျာကြီးခိုင်းတာ ကျွန်တော် အပီ လုပ်လာတာဗျ"

"ဟင်- ဘာတွေပါလိမ့်"

ဦးမင်္ဂလာသည် စားပွဲပေါ် တင်လာသည့် စက္ကူသေတ္တာကြီးနှစ်လုံး ကို ဖွင့်ကြည့်လိုက်၏။ တောက်တဲ့ကြီး ထည့်ထားသည့် သေတ္တာကို ဖွင့် ကြည့်လိုက်ရာ ဖြုန်းခနဲ ထိတ်လန့်သွား၏။

"ဟဟ ဘာ. . . ဘာကြီးလဲ"

"အဲဒါ တောက်တဲ့ကြီးဗျ။ အိမ်မြှောင်နဲ့ တစ်ပုံစံတည်း။ လိုအပ်ရင် ဖွတ်တွေ၊ မိကျောင်းတွေရော ယူမလား။ ဈေးတော့ ပိုပေးရမယ်"

"တော်. . . တော်ပါတော့ကွာ။ နေ. . . နေပါဦး၊ ဒီကိစ္စ မင်းက ငါ့ဆီ ဘာဖြစ်လို့ ယူလာတာတုံး။ မြဖေ ပြောလို့လား"

"ဟုတ်တယ်လေ၊ ကိုမြဖေက တစ်ကောင် လေးရာပေးမယ်တဲ့။ သူက တစ်ရာ ကြားက ပွဲစားခ ယူထားတာဗျ။ ဒါကြောင့် ဂျာကြီးဆီ တိုက်ရိုက်ဝင်တာ"

"ဟေ- ဒါဆို တောက်တဲ့က"

"တောက်တဲ့ကိုတော့ ငါးရာပေးဗျာ။ ဖမ်းရတာ ခက်တယ်ဗျ"

"အေး ကောင်းတယ်ကွာ။ ဒါဆို ပိုက်ဆံယူသွား။ မြဖေကိုလည်း နည်းနည်းမျှပေးလိုက်ပါကွာ"

"ရပါတယ် ဂျာကြီးရာ၊ ကျွန်တော်က ခေါင်းပုံဖြတ်တာကို မကြိုက်



www.burmeseclassic.com

www.burmeseclassic.com


လို့ဗျ ဟဲဟဲ"

ဦးမင်္ဂလာတစ်ယောက် တောက်တဲ့ကြီးကိုကြည့်ပြီး သူပင် ကြက်သီးတဖြန်းဖြန်း ထမိ၏။ သို့သော် အကောင်ကြီးလေ သူ့အတွက် အကျိုးရှိလေပင်။ သို့နှင့် နိုင်ဦးသော် ထွက်သွားပြီးနောက် ခိုင်းစေရမည့်လူကို တွေ့လိုက်၏။

"ဟုတ်ပြီ တင်ဝင်း၊ ကစားသမား ပိုက်ဆံရမယ်ဆို ဘာမဆို လုပ်မယ့်ကောင်၊ ဒီကောင်နဲ့ ညှိရမယ်။ အိုကေ"

တစ်ယောက်တည်း ရေရွတ်ရင်း တင်ဝင်းကို သူ့အခန်းထဲ ခေါ်ပြောလိုက်၏။ တင်ဝင်း၏ အသွင်သဏ္ဌာန်က ရှုံ့ရှုံ့မဲ့မဲ့။ ဆံပင်တွေ၊ အင်္ကျီတွေကလည်း ဖိုးရိုးဖားရား။ မျက်နှာကလည်း ညောင်နာနာ။

"ဟေ့ကောင် တင်ဝင်း"

"ဗျာ၊ ဘော့စ်"

"မင်းကို ခိုင်းစရာ ရှိတယ်ကွ။ ဒါပေမယ့် နှုတ်လုံဖို့တော့ လိုတယ်နော်"

"ဘာ. . . ဘာလဲ ဘော့စ်"

"အေး၊ ပိုက်ဆံ ကောင်းကောင်းပေးမှာကွ"

"ဟင်- တကယ်လား"

"တကယ်ပေါ့ကွာ၊ ဟောဒီမှာ ကြည့်စမ်း။ ဘာတွေလဲ"

"ဟုတ်. . .ဟုတ်ကဲ့"

တင်ဝင်းသည် စားပွဲပေါ် တင်ထားသည့် သေတ္တာဘူးကြီးနှစ်ဘူးကို ဖွင့်ကြည့်လိုက်၏။ မြင်ကွင်းကြောင့် မှုန်ကုပ်ကုပ် အမူအရာများ လွင့်စဉ်သွား၏။

"ဟာ- အိမ်. . . အိမ်မြှောင်တွေ၊ တောက်တဲ့တွေပါလား။ ဘာလုပ်မှာတုံး၊ နိုင်. . . နိုင်ငံခြားပို့ဖို့လား"

"တော်စမ်းကွာ၊ ငါပြောတာ နားထောင်"

"ဗျာ"

"ဒီလိုကွာ"

ဦးမင်္ဂလာသည် လေသံတိုးတိုးနှင့် ပြောလိုက်၏။ ဦးမင်္ဂလာစကားကြောင့် တင်ဝင်း မျက်လုံးပြူးသွား၏။

"ဖြစ်. . . ဖြစ်ပါ့မလားဗျာ၊ ပြဿနာ . . ."

"မင်းကလည်း ကြံဖန် သွေးနည်းနေပြန်ပြီ၊ ဒီကုမ္ပဏီမှာ ငါက မန်နေဂျာကွ။ ငါခိုင်းတာ လုပ်ရမှာပေါ့ကွ။ ပြီးတော့ ပိုက်ဆံလည်းရမယ့် အလုပ်ကွ"

"အင်"

တင်ဝင်းတစ်ယောက် ဖဲချပ်တွေ ကြည့်သလို စက္ကူသေတ္တာထဲမှ အိမ်မြှောင်နှင့် တောက်တဲ့ကြီးကိုကြည့်ပြီး တွက်ချက်နေ၏။ လုပ်ရမည့်


www.burmeseclassic.com

အလုပ်က အဆင်မပြေလျှင် အလုပ်ပြုတ်သွားနိုင်သည်။

သို့သော် မန်နေဂျာကိုယ်တိုင် ခိုင်းသည့်ကိစ္စဖြစ်၍ ငြင်းရန်လည်း မသင့်တော်။ နောက်ဆုံး ခေါင်းညိတ်လိုက်ရ၏။

"ဒါပေါ့ကွာ၊ ကဲ- မင်း ညနေပိုင်း လှုပ်ရှားပေတော့။ အာပီလုပ်နော်"

"စိတ်ချပါ ဂျာကြီးရာ၊ ပေါက်တဲ့နဖူး မထူးတော့ပါဘူး"

နောက်ဆုံးတော့ တင်ဝင်းတစ်ယောက် စက္ကူဘူးကြီးတွေယူကာ ဂိုဒေါင်ဘက် ထွက်သွားလေ၏။ ဦးမင်္ဂလာတစ်ယောက် ရွှေမမ ဖြစ်အင်ကို တွေးပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ မကြာမီ ကိုယ်ကျိုးနည်းရတော့မည့် ရွှေမမအရေးကို တွေးကာ တမြုံ့မြုံ့ ပျော်နေလေ၏။

ထိုအချိန်တွင် ကွန်ပျူတာအခန်းထဲ ခိုးကြောင်ခိုးဝှက် ဝင်လာသော မြဖေသည် နိုင်ဦးသော်ရှေ့ရပ်ပြီး မေးလိုက်၏။

"ယော့ကောင် နိုင်ဦး၊ ဟို. . . ငါမှာထားတာ"

"ပေးလိုက်ပြီလေဗျာ၊ ပိုက်ဆံပါ ရှင်းပေးလိုက်တာ။ ရော့- ခင်ဗျားအတွက်"

"ဟာ- မင်းက မြန်လှချည်လားကွ"

"ဟဲဟဲ ကိုမြဖေက ပွဲစားလုပ်နေတာကိုး။ ကျွန်တော်က ပွဲစားဆိုကြည့်လို့ကို မရဘူးဗျ"

"မင်းကလည်းကွာ"

နောက်ဆုံးတော့ ပွဲစားမြဖေတစ်ယောက် နိုင်ဦးသော် ပေးတာယူပြီး အရက်ဆိုင် လစ်ခဲ့ရလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"အောင်မယ်လေးတော်၊ လုပ်ကြပါဦး"

"မမရွှေ. . . မမရွှေ၊ ဟာ- လာကြပါဦးကွာ"

"တက်. . . တက်နေပြီ"

"ဂီး. . . ဂီး"

ဦးသစ္စာစကြာတစ်ယောက် ရွှေမမ အခန်းထဲဝင်ပြီး စာရင်းဇယား ဝင်၍ တောင်းခံရာ ရုတ်တရက် ပေါ်ပေါက်လာသည့် အခြေအနေကြောင့် သူလည်း ပျာယာခတ်သွား၏။

ရွှေမမတစ်ယောက် မျက်လုံးကြီး တလည်လည်နှင့် ပါးစပ် တခူးခူး တဖွီးဖွီး ဖြစ်နေ၏။

ဘော့စ်၏အသံကြောင့် ဝန်ထမ်းတွေ ဒရောသောပါး ရောက်လာကြ၏။ ခြေချိုးသူချိုး၊ လက်ချိုးသူချိုးနှင့် ရှုပ်ယှက်ခတ်ကုန်၏။ ဦးသစ္စာစကြာမှာလည်း ဘာလုပ်လို့ လုပ်ရမှန်း မသိ။

ရွှေကောင်းကင်လေးမှာ အဒေါ်ဖြစ်သူကို ကြည့်ပြီး မျက်ရည် တစမ်းစမ်း ဖြစ်နေ၏။ နောက်ဆုံး ဆရာဝန် အလျင်အမြန်ပင့်ပြီး ဆေးထိုးလိုက်မှ ဒေါ်ရွှေမမ အခြေအနေ ပြန်ကောင်းလာတော့၏။

"သက်သာရဲ့လား မမရွှေ"

"ဟင်- တောက်. . . တောက်တဲ့ကြီး ဘော့စ်။ ဘော့စ်ဖိုင်ထဲက ထွက်လာတာ"

"ဟာ- မ. . . မရှိတော့ပါဘူးဗျ ဒုက္ခပါပဲ။ ဘယ်လိုလုပ်ပြီး တောက်တဲ့တွေ၊ အိမ်မြှောင်တွေ ရောက်လာပါလိမ့်"

"ဘုရား. . . ဘုရား၊ အောင်မယ်လေး ကြောက်လိုက်တာ ဘော့စ်ရယ်"

ဦးသစ္စာစကြာတစ်ယောက် ဘယ်လိုမှ အဖြေရှာ၍ မရနိုင်တော့

www.burmeseclassic.com

www.burmeseclassic.com


သူ့စာရင်းဇယားဖိုင်ထဲ တောက်တဲ့ကြီး ရောက်လာသည့်ကိစ္စကို စိတ်ထဲ သံသယ ဖြစ်နေ၏။ ပို၍ ဆိုးရွားသွားသည်က ရွှေကောင်းကင်။

အဒေါ်လုပ်သူခမျာ သူ့စနက်ကြောင့် ဖြစ်ရသည်မို့ သူ့အပေါ် ပို၍ ငြိုငြင်သွားမှာကို မလိုလား။ အခန်းထဲရောက်တော့ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိ၏။

ခေါင်းထဲ ပုစ္ဆာပေးနေသည်က တောက်တဲ့ကြီး။ ထိုစဉ် မနက်ပိုင်းက ကိစ္စ ပြန်၍ တွေးမိလာ၏။ ကုမ္ပဏီ၏ နှစ်ချုပ်စာရင်းဖိုင်ကို ရွှေမမထံ တင်ဝင်းအား ပေးခိုင်းလိုက်သည်ကို သတိရလာ၏။

"ဟုတ်ပြီ၊ ဒီပြဿနာ တင်ဝင်းလက်ချက်ပဲ ဖြစ်ရမယ်။ တင်ဝင်း၊ တင်ဝင်း လာစမ်း"

ဦးသစ္စာစကြာသည် ဒရိုင်ဘာ တင်ဝင်းကို ချက်ချင်း ခေါ်ခိုင်းလိုက်၏။ မြဖေမှာ ဘော့စ်တစ်ယောက် မီးဟုန်းဟုန်း တောက်နေပြီဆိုတာ သိလိုက်သဖြင့် တင်ဝင်းကို ခေါ်ပေးလိုက်ရ၏။

"တင်ဝင်း"

"ခင်ဗျာ၊ ဘော့စ်"

"မင်း ဘာတွေ လုပ်ခဲ့သတုံး ပြောစမ်း"

"ဗျာ၊ ကျွန်တော် ဟို ကားမာတ်ဆီသွားဖြည့်"

"တိတ်စမ်း၊ တောက်တဲ့ အဲဒီ တောက်တဲ့ကို မင်း ဖမ်းထည့်ထားတာ မဟုတ်လား"

"ဗျာ၊ တောက်တဲ့ ဘာ. . . ဘာကို ပြောတာလဲ"

"ဘာကွ၊ ဘာခုမှ မသိချင်ယောင်ဆောင်နေတာလဲ။ ရွှေမမဆီ ပို့ခိုင်းတဲ့ဖိုင်ထဲမှာ ဖိုင်လစ်နဲ့ တောက်တဲ့ကြီး ညှပ်ထည့်ပေးလိုက်တာ မင်းပဲ။ မင်း မငြင်းနဲ့"

"ဗျာ၊ ဟို အဲ ကျွန်တော် . . ."

"ဟေ့ကောင် တင်ဝင်း၊ မင်း ငြင်းဖို့ မကြံနဲ့နော်"

"ဒီ. . . ဒီလိုပါ ဘော့စ်၊ ဘော့စ်ရယ်. . ."

"ပြောစမ်းကွာ၊ ဒီကိစ္စ လက်သည်ဟာ မင်းဆိုတာ ငါသိတယ်"

ထိုအချိန်တွင် အခြေအနေက ပေါက်ကွဲတော့မည့် အခြေအနေမှန်း သိသဖြင့် မြဖေ အခန်းအပြင်သို့ လစ်ထွက်ရန် ကြံစည်လိုက်၏။

"ဟေ့ကောင် မြဖေ"

"ဗျာ၊ ဘော့စ်"

"မင်းလည်း မသွားနဲ့၊ ဒီပြဿနာမှာ မင်းလည်း တစ်ထောင့်တစ်နေရာက ပါလာနိုင်တယ်ကွ"

"အင်- ဟို ကျွန်တော်က လူရိုးလူကောင်းပါ ဘော့စ်ရယ်။ ငါးသီလ အမြဲဥာန်ဝင်နေတာ တစ်ပတ်ရှိပါပြီ ဘော့စ်ရယ်"

"တိတ်စမ်းကွာ၊ ကိုင်း- ပြောစမ်း တင်ဝင်း၊ မင်းရဲ့ တောက်တဲ့နဲ့


www.burmeseclassic.com

www.burmeseclassic.com


ဘာကြောင့် ပြဿနာ ရှာသလဲ ပြောစမ်း"

"ဒီ. . . ဒီလိုပါ ဘော့စ်"

တင်ဝင်းတစ်ယောက် မရှင်းလို့လည်း မဖြစ်တော့။ ပြဿနာက သူတစ်ယောက်တည်း ပုံအောကျလာပြီမို့ လွတ်လိုလွတ်ငြား ရှန်းကြည့်ရန် အမှန်အတိုင်း ပြောပြလိုက်လေတော့၏။

"ဘာ- ဂျာကြီးက ခိုင်းတာ"

"ဟုတ်. . . ဟုတ်ပါတယ် ဘော့စ်ရယ်၊ ဒီ တောက်တဲ့ကြီးကို မြဖေက ယူလာတာတဲ့။ တစ်ကောင် လေးရာပေးရတယ်တဲ့။ အဲဒါ ကိုမြဖေက တစ်ရာဖြတ်စား . . ."

"ဘာကွ၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ တိတ်စမ်း။ ဦးမင်္ဂလာ သေချာရဲ့လား၊ ဟိုက လူကြီးလူကောင်းနော်"

"ဟာ- ဘော့စ်ကလည်း အဲဒီလို လူကြီးလူကောင်းတွေက မဟုတ်တာ ပိုလုပ်တာ ဘော့စ်ရဲ့"

"ကောင်းပြီ၊ ဒါဆို ခုချက်ချင်း ဦးမင်္ဂလာကို ခေါ်လိုက်။ မြဖေ မင်း ဘယ်မှ မသွားနဲ့နော်။ အမှုတွဲထဲမှာ မင်းလည်း ပါနေပြီ"

"အင်- ဒုက္ခပါပဲကွာ"

နောက်ဆုံး မပြေးသော် ကံရာရှိနေပြီမို့ မြဖေတစ်ယောက် မျက်နှာကြီး ရှုံ့မဲ့ကာ မန်နေဂျာ ဦးမင်္ဂလာကို သွားခေါ်လိုက်ရ၏။

"ဟို. . . ဘော့စ်. . . ဘော့စ်က ဘာဖြစ်လို့ ငါ့ကို ခေါ်တာလဲ"

"မိုးမီးလောင်ကုန်ပြီ ဂျာကြီးရ"

"ဟေ- မိုးမီးလောင်ပြီ ဟုတ်လား၊ ဘာတွေတုံး"

"ဟို- တောက်တဲ့ပြဿနာ"

"ဘာ. . . တောက်တဲ့"

"တင်ဝင်း၊ ဒေါ်ရွှေမမ၊ ပြဿနာတွေ လုံးထွေးပတ်ချာလည်ကုန်ပြီဗျ။ ကျွန်တော်တို့ လုပ်ကြံမှုကြီး ဘွားခနဲ ပေါ်သွားပြီဗျ"

"ဟိုက်- ဗုဒ္ဓေါ. . . သမ္ဗုဒ္ဓေ"

"ခုမှတော့ ဘုရားစာတွေ ရွတ်မနေနဲ့တော့။ လာလာ ခင်ဗျားကို ခေါ်နေပြီဗျ"

"သွားပါပြီကွ ... ကြီးမှ တောက်တဲ့ကိုက်တာ ခံရပြီဟေ့"

ဦးမင်္ဂလာတစ်ယောက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေ၏။ မရှုနိုင် မကယ်နိုင် အခြေအနေကြား စင်းစင်းကြီး ခေါင်းထိုးခံရတော့မည်မို့ ဖြေစရာ အဖြေလည်း မရှိတော့။

နောက်ဆုံး ဘော့စ်အခန်းထဲ ကုပ်ချောင်းကုပ်ချောင်း ဝင်ခဲ့ရ၏။ ပြဿနာအားလုံး မုန့်လုံးစက္ကူကပ် ဖြစ်နေ၏။

"ဘယ်လိုတုံး ဂျာကြီးရာ၊ ခင်ဗျားက ဒီကိစ္စမှာ ခေါင်းဆောင်ကြီး ပါလားဗျ"


www.burmeseclassic.com

www.burmeseclassic.com



"အင်- ဟို. . . ဟို".

"နေပါဦး၊ ဘာဖြစ်လို့ မမရွှေကို ဒုက္ခပေးရတာတုံးဗျ။ ခင်ဗျား တောက်တဲ့တွေ၊ အိမ်မြှောင်တွေ ဖမ်းပြီး ဘာလုပ်တာလဲ ပြောစမ်း။ ဘယ်သူက ဖမ်းခိုင်းတာလဲ"

"ဗျာ၊ ဟို. . . ဟိုဟာ"

"ရှင်းရှင်းပြောစမ်းဗျာ"

"ဒီ. . . ဒီလိုပါ ဘော့စ်ရယ်၊ ကျွန်တော်နဲ့ ရွှေမမဟာ ဟိုအရင်ကတည်းက နောက်ဖူးပြောင်ဖူးကြတာပါ ဘော့စ်ရယ်။ ပြောရရင် ကျွန်တော် ကျီစယ်လိုက်တာပါ"

"ဘာဖြစ်တယ် ကျီစယ်တာ၊ ကျီစယ်ရအောင် ခင်ဗျားနဲ့ ရွှေမမက ချစ်သူတွေလား"

"အင်- ဟဲဟဲ ငယ်စိတ်ကလေးတွေ ရှိနေပြန်တော့"

"တော်တော့ ရပ်တော့၊ ပြောစမ်း ဒီသတ္တဝါတွေ ဘယ်သူ ဖမ်းပေးတာလဲ"

"ဟို မြ. . . မြဖေပါ။ တစ်ကောင်ကို ငါးရာ ပေးမယ်ဆိုပြီး ဖမ်းခိုင်းတာပါ"

"အာ ဂျာကြီးကလည်း ကျွန်တော့်ကို ဆွဲထည့်နေပြန်ပြီ။ ကိုယ့်ပြဿနာ ကိုယ်ရှင်းမယ်ဆို"

"မင်းလည်း ပါတာပဲကွာ"

"တော်ကြစမ်း၊ ကဲ- မြဖေ ပြောစမ်း၊ မင်း ဘယ်က ဖမ်းလာတာလဲ"

"အင်၊ ဟို. . . ကျွန်တော် မဖမ်းရပါဘူး ဘော့စ်ရယ်။ ကျွန်တော်က အိမ်မြှောင်ဆို အသေကြောက်တာဗျ။ အဲဒါ တစ်ရကောင်ကို လေးရာပေးမယ်ဆိုပြီး နိုင်ဦးသော်ကို ခိုင်းလိုက်တာပါ"

"ဘာ- ဒီကိစ္စမှာ နိုင်ဦးသော်လည်း ပါလား"

"ဟုတ်. . . ဟုတ်ကဲ့၊ ကျွန်တော်က တစ်ကောင်တစ်ရာစားနဲ့ ဖမ်းခိုင်းလိုက်တာပါ"

"အရေးထဲ ပွဲစားဝင်လုပ်နေရသေးတယ်။ ကိုင်း- ဒါဆို နိုင်ဦးသော် ခေါ်စမ်းဗျာ။ ဒီကိစ္စဟာ လူတစ်ယောက် ဒုက္ခအကြီးအကျယ် ရောက်သွားနိုင်တဲ့ကိစ္စဗျ။ ခင်ဗျားတို့ဗျာ မကြီးမငယ်နဲ့ ပြဿနာ တယ်ရှာသကိုး"

"ဟုတ်. . . ဟုတ်ကဲ့"

နောက်ဆုံးတော့ ပြဿနာထဲ နိုင်ဦးသော်ပါ ပါလာလေ၏။ ဦးသစ္စာ စကြာမှာ နိုင်ဦးသော်အပေါ် နဂိုကတည်းက အကြိုက်အခဲ ဖြစ်နေ၏။ ယခုတော့ သူ့အကွက်ပေါ်ပြီမို့ ပြဿနာကို ဆက်၍ ဖွလေတော့၏။

"ဘယ်လိုတုံးကွာ၊ မင်းက အိမ်မြှောင်တောင် မဟုတ်ဘူး တောက်တဲ့ပါ ဖမ်းလာတာဆိုတော့ . . ."

"ဟို. . . အကောင်ကြီးလေ ကောင်းလေလို့ ကိုမြဖေက ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာပါ"

"ဟာ- ငါပြောတာ မဟုတ်ဘူးကွ။ ဟို . . . ဦးမင်္ဂလာပြောတာ"

"ဟာကွာ၊ မင်းတို့ကိစ္စက ဂျာအေး သူ့အမေရိုက်ကိစ္စပါလား"

"အင်"

သူတို့လူစု ခေါင်းကြီးတွေ တလည်လည် ဖြစ်နေ၏။ ဦးသစ္စာစကြာမှာ သူလိုချင်သော ချက်ပွိုင့်ရလိုက်ပြီမို့ ဝမ်းသာအားရ ဖြစ်နေ၏။ ထို့ကြောင့်လည်း ရွှေကောင်းကင်လေးကို ချက်ချင်းခေါ်ကာ သူမရှေ့မှာပင် ပြဿနာကို ပြောင်ရှင်းလေတော့၏။

ကောင်းကင်တစ်ယောက် နှုတ်ခမ်းကလေး စူပွစူပွ လုပ်နေ၏။ အစကြ ပြဿနာတရားခံဖြစ်သော ဦးမင်္ဂလာကိုလည်း မျက်စောင်းတခဲခဲ လုပ်နေ၏။

"ဒါဆို၊ ဂျာကြီးက ကောင်းကင်ရဲ့ အန်တီကို ချစ်လို့ ကျီစယ်တာပေါ့"

"ဟုတ် . . . ဟုတ်ပါတယ် တူမလေးရယ်။ အဲကွာ ဟို အဲဒီစကား ရွှေမမ မသိပါစေနဲ့နော်"

"အဲဒီလို လုပ်တာတော့ ဘယ်ကောင်းမှာလဲလို့၊ အန်တီက အိမ်မြှောင်ဆို သေမတတ် ကြောက်တာရှင့်။ အဲဒီလို ကြောက်တာကို သိလျက်နဲ့ တမင်လုပ်တာ။ အန်တို့ကို ချစ်ရာမရောက်ဘဲ သေကြောင်းကြံသလို ဖြစ်သွားတာပေါ့"

"အန်ကယ် မှားပါတယ် သမီးရယ်၊ ဒါဟာ အချစ်ကြောင့် မှားမိတာပါကွယ်"

"တော်စမ်းဗျာ၊ အသက်ကြီးမှ ခင်ဗျားက တံမြက်စည်း ဖြစ်ချင်တာလား"

"အဲဒါတော့ မဖြစ်ချင်ပါဘူး ဘော့စ်ရယ်။ အချစ်ဆိုတာ ကြီးတယ်၊ ငယ်တယ်၊ ပျိုတယ်၊ အိုတယ် မရှိပါဘူး။ ချစ်လာမိရင် နှလုံးသားတွေ . . ."

"တော်စမ်းဗျာ"

ဦးမင်္ဂလာ ထင်ရာမြင်ရာ ပြောဆိုနေသဖြင့် ဦးသစ္စာစကြာ ဟန့်တားလိုက်ရ၏။ သူ့အကြည့်က နိုင်ဦးသော်အပေါ် ရောက်ရှိလာ၏။

"နိုင်ဦးသော်"

"ဗျာ"

"မင်းအပြစ် မင်းသိလား"

"အပြစ်၊ အာ . . . ဘော့စ်ကလည်း ကျွန်တော့်မှာ အပြစ်မရှိပါဘူးဗျာ။ ကျွန်တော်က ဂျာကြီးရဲ့ လုပ်ကြံမှုကိုမှ မသိတာ။ ကျွန်တော် သိတာ ကျွန်တော် အဆောင်က သူငယ်ချင်းကို တစ်ကောင် သုံးရာနဲ့ ဖမ်းခိုင်းရင် ကြားထဲက ကျွန်တော် တစ်ရာကျန်မယ်။ အဲဒီအချက် တွေပြီး

www.burmeseclassic.com


လုပ်မိတာပါ"
"ဘာမှ ပြောမနေနဲ့ကွာ၊ ဒီပြဿနာမှာ မင်းဟာ အကောင်အထည်ဖော်ပေးတဲ့ တရားခံအစစ်ကွ။ ဒီတော့ မင်းကို သုံးရက်အတွင်း အပြစ်ဒဏ်ချမှတ်မယ်"
"ဗျာ၊ ဒါဆို ဟိုလူတွေ . . ."
"အေး၊ သူတို့က အချစ်ကြောင့် ဖြစ်ကြတာ၊ ဖြစ်ပါစေ။ သူတို့မှာ အပြစ်မရှိဘူး။ မင်းက မသိဘဲ လုပ်တာဆိုတော့ ပိုအပြစ်ကြီးတယ်ကွ"
"ဟာ- ဘော့စ်ကလည်း မသိလို့လုပ်ရင် အပြစ်မရှိဘူးထင်တယ်"
"တိတ်စမ်းကွာ၊ ဒီကိစ္စ ချဲ့တွေးရင် လူသေအောင် ကြံစည်မှုနဲ့တောင် ပြဿနာကြီးသွားနိုင်တယ်ကွ။ ငါ ရဲလက်အပ်လိုက်ရမှာလား"
"ဟာ- အဲ. . . အဲဒီလောက်တော့ မလုပ်ပါနဲ့ ဘော့စ်ရာ"
"ဒါဆို ငါပေးတဲ့အပြစ်ကို မင်းတို့ နာခံရမယ်"
ဦးသစ္စာစကြာ၏စကားကြောင့် နိုင်ဦးသော် မကျေနိုင်။ ပြဿနာ၏ ခေါင်းဆောင်ကြီးက မန်နေဂျာဦးမင်္ဂလာ။ ခုတော့ ယိုသမ့်ချေး ခေါင်းပေါ်ရောက်လာသည်မို့ နိုင်ဦးသော် လက်မခံနိုင်။
"ဘော့စ်"
"ဘာတုံးကွ"
"ဒီကိစ္စ အားလုံး အပြစ်ရှိတာပဲ။ အားလုံး အပြစ်ပေးပေါ့"
"ဒီကုမ္ပဏီမှာ ငါက ဘော့စ်ပါ နိုင်ဦးရာ။ မင်း မကျေနပ်ရင် ထွက်စာတင်လိုက်ကွာ"
"မကျေနပ်နိုင်ဘူးဗျာ၊ ထွက်တယ်"
"ဟင်"
နိုင်ဦးသော်တစ်ယောက် ဆောင့်ဆောင့်အောင့်အောင့် ပြောပြီး အခန်းထဲမှ ထွက်သွား၏။ ဦးသစ္စာစကြာတစ်ယောက် နိုင်ဦး ထွက်သွားသဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။ အရှုပ်တစ်ယောက် ရှင်းသွားပြီမို့ သူ့မျက်နှာကြီး ဝင်းထိန်နေ၏။
ထိုစဉ် ရွှေကောင်းကင် စကားသံ ပေါ်လာ၏။
"ဘော့စ်"
"ဘာတုံး၊ ကောင်းကင်လေးရယ်"
"ကိုနိုင့်ကို အဲဒီလောက်တော့ အပြစ်မယူသင့်ပါဘူးရှင်။ သူက သိမှ မသိတာ။ သူ့မှာ အပြစ်မရှိပါဘူး၊ ဘော့စ်လုပ်တာ မတရားဘူး"
"ဟေ"
"ဟုတ်တယ်၊ ကိုနိုင်ထွက်ရင် ကောင်းကင်လည်း ထွက်မှာပဲ"
"ဟေ၊ ဟာ မဟုတ်တာကွယ်။ ကောင်းကင် ဘာဖြစ်လို့ ထွက်ရမှာလဲ။ ဒီကိစ္စ ကောင်းကင်ရဲ့ အန်တီကိစ္စလေ"
"ကျွန်မ သိပါတယ်။ ဒီပြဿနာရဲ့တရားခံဟာ ဦးမင်္ဂလာလေ"


www.burmeseclassic.com

www.burmeseclassic.com



"အင်"

သူ့ဘက် ပြောင်းလှည့်လာသည်မို့ ဦးမင်္ဂလာတစ်ယောက် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်နေ၏။ ဘယ်လိုရှင်း၍ ရှင်းရမှန်းလည်း မသိ။ ဦးသစ္စာစကြာမှာလည်း ရွှေကောင်းကင်၏စကားကြောင့် လည်တယ်တယ် ဖြစ်နေ၏။

ရွှေကောင်းကင် ထွက်မယ်ဆိုတော့ သူ့မှာ အသည်းနှလုံးတွေ တပြုတ်ပြုတ် ပြုတ်ထွက်သွားသလိုပင်။ ဗျာဗျာသလဲ တောင်းပန်နေရ၏။

"အို၊ မဟုတ်တာဘဲ ကောင်းကင်ရယ်။ ဟိုကောင်က လူရှုပ်လေ။ ဘာဖြစ်လို့ သူ့ကို ဂရုစိုက်နေတာလဲကွယ်"

"မရှုပ်ပါဘူး ဘော့စ်ရယ်၊ ကိုနိုင်က လူတော်လူကောင်းတစ်ယောက်ပါ။ သူလိုလူမျိုးက မမှန်တာ မလုပ်ဘူးဆိုတာ ကျွန်မ ယုံတယ်။ ဒါတော့ ဘော့စ် သူ့ကို ပြန်ခန့်လိုက်ပါ။ အပြစ်မတင်ဘူးဆိုရင် ကောင်းကင်လည်း မထွက်ဘူး"

"ဟင်- တ. . . တကယ်လား"

"တကယ်ပေါ့"

"ဒုက္ခပါပဲကွာ"

နောက်ဆုံးတော့ ဦးသစ္စာစကြာတစ်ယောက် မထွေးနိုင် မအန်နိုင် ဖြစ်နေရ၏။ နိုင်ဦးသော်ကို အသံတောင် မကြားချင်။ သို့သော် နိုင်ဦးသော်ကို ဆွဲထုတ်လျှင် ရွှေကောင်းကင်ပါ ပါလာမည်မို့ လက်လျှော့လိုက်ရလေ၏။

"ဟဲဟဲ တော်ပြီ၊ ပြီးတဲ့ဟာတွေ ပြီးပါစေ။ ဦးမင်္ဂလာ"

"ဗျာ၊ ဘော့စ်"

"ခင်ဗျား မမရွှေကို တောင်းပန်လိုက်။ ဒီကိစ္စမှာ ပြဿနာ ဖန်တီးတာ ခင်ဗျားပဲ။ ခင်ဗျားအပြစ်ကို ခင်ဗျား သိမှာပေါ့"

"သိ. . . သိပါတယ်ဗျာ"

ဦးသစ္စာစကြာတစ်ယောက် သူ့လူတွေ အားလုံးကို ကောင်းကင်ကြောင့် အလျှော့ပေးလိုက်ရလေတော့၏။ နိုင်ဦးသော်ကိုလည်း ချော့ချော့မော့မော့ ခေါ်ပြီး ပြောလိုက်ရလေတော့၏။

သို့သော် ရင်ထဲမှာတော့ ခိုးလိုးခုလု ခံစားနေရဆဲပင်။ ထိုအချိန်တွင် နိုင်ဦးသော်၏ မီးပွားက မီးတောက်ကလေး ဖြစ်လာပြန်၏။

အကြောင်းက တခြားမဟုတ်။ သူ့စိတ်ထဲ ချိတ်တိတ်တိတ် ခံစားချင်နေသော ရွှေစတ်လွှာ ပြဿနာပင်။ ရွှေကောင်းကင် မရလျှင် ရွှေစတ်လွှာကို ချိတ်ရန် သူ ကြံစည်ထားခဲ့၏။

ထို့ကြောင့်လည်း သူတို့နှစ်ဦးအတွက် ဦးသစ္စာစကြာ အစွမ်းကုန် စည်းရုံး သိမ်းသွင်းခဲ့၏။ လက်ဆောင် ဝယ်ပေးလိုက်၊ ထမင်းကျွေးလိုက်၊ ဟိုတယ်ခေါ် သွားလိုက်၊ အိမ်အကြိုအပို့ လုပ်ပေးလိုက်နှင့် ကုန်မှကုန်



www.burmeseclassic.com

www.burmeseclassic.com


တောင် မေ့တော့ဘ ဖြစ်ခဲ့ရ၏။

ထိုသို့ အားစိုက်ခွန်စိုက် ကြိုးပမ်းအားထုတ်နေစဉ် တစ်စခန်းထလာသူက ရွှေဝတ်လွှာ။ တစ်ရက်တွင် ကွန်ပျူတာခန်းထဲသို့ ရွှေဝတ်လွှာဝင်သွားသည်ကို မြင်လိုက်ရသဖြင့် မြဖေကို ချောင်းခိုင်းလိုက်၏။

မြဖေကလည်း ပြဿနာကို မပွ ပွအောင် ဖွတတ်သူဖြစ်ရာ သူ့ရွှေ့လည်းရောက်ရော ဟုတ်တာရော မဟုတ်တာရော ဖွလေတော့၏။

"ဟာ- နိုင်ဦးဆိုတဲ့ကောင်က တော်တော် စွံတဲ့ကောင် ဘော့စ်ရ။ ခုလည်း ရွှေဝတ်လွှာက သူ့အတွက် ထမင်းချိုင့်တစ်ချိုင့် အပိုယူလာပြီး တယုတယ ကျွေးနေတာဗျ"

"ဘာကွ"

"ဟာ့- ၄ဘော့စ်ကလည်း လန့်လိုက်တာ"

"ဒီ. . . ဒီကိစ္စ တကယ်လား"

"တကယ်ပေါ့ ဘော့စ်ရာ။ နိုင်ဦးသော်မှာ ပီယဆေး ရှိနိုင်တယ်နော်"

"ပီယဆေး၊ မဖြစ်နိုင်တာကွာ"

"ဘော့စ်က အဲဒါတွေ သိမှ မသိတာ။ ဒီကောင်နေတဲ့ အဆောင်မှာ ဂန္ဓာရီပညာရှင်တစ်ဦး ရှိတယ်ဗျ။ သူ့နာမည်က ဦးရွှေကိုတဲ့။ အဆောင်တွေ၊ လက်ဖွဲ့တွေ ပိုင်တယ်။ သူ့ဆီက အဆောင်ရရင် ကိုယ်ချစ်တဲ့ကောင်မလေးကို မျိုချပစ်လိုက်လို့ရတယ်ဗျ"

"ဟေ- ဟုတ်. . . ဟုတ်ရဲ့လားကွ"

"သိပ်ဟုတ်တာပေါ့ ဘော့စ်ရာ။ နေပါဦး၊ ခု ဘော့စ်က ရွှေကောင်းကင်ရော၊ ရွှေဝတ်လွှာကိုရော ခံစားနေတာလား"

"ဟုတ်. . . ဟုတ်တယ်လေ၊ ကျွန်တော် သူတို့နှစ်ယောက်စလုံးကို အသည်းပေါက်မတတ် ချစ်နေပြီဗျာ။ အချစ်ဆိုတာ၊ မျှားလေကောင်းလေလို့ ခင်ဗျားပဲ ပြောခဲ့တာလေ"

"အင်- ဟဲဟဲ ဘော့စ်ကတော့ဗျာ"

"ဘာဖြစ်လို့လဲ၊ ငါလုပ်တာ မှားသလား"

"ဟာ- ဘယ်မှားမှာလဲ ဘော့စ်ရာ။ တစ်သက်မှာ တစ်ချစ်၊ တစ်ချစ်မှာ တစ်ယောက်ဆိုတာ အူကြောင်ကြောင် စာရေးဆရာတွေ ပြောခဲ့တဲ့ကိစ္စဗျ။ အချစ်ဆိုတာ အတ္တပိုင်ပစ္စည်း မဟုတ်ဘူးဗျ။ ဘုရားသခင် ချပေးတဲ့ အိပ်မက်ဗျ။ ဒီတော့ ဘုရားသခင် ချပေးရာကို ခံစားရဲရမယ်ဗျ"

"ဗျာ၊ ဘယ်က ဘုရားသခင်တွေ ပါလာသတုံးဗျ"

"ဟဲဟဲ၊ ပြောကြည့်တာပေါ့ ဘော့စ်ရယ်။ ပြီးတော့ ယောက်ျားတွေရဲ့ တတိယနံရိုးတော်နဲ့ မိန်းမတွေ ဖြစ်ခဲ့တာ ဘော့စ်"

"အင်း ရှုပ်ပါ့ကွာ၊ ငါတော့ လည်ကုန်ပြီ မြဖေရာ။ မင်း စကားတွေကို တန်ပိုလျှော့ပါဦးကွာ"

"လွယ်လွယ်လေးပါ ဘော့စ်ရာ။ ကျွန်တော်တို့ မဟာပုရိသတွေရဲ့


www.burmeseclassic.com

www.burmeseclassic.com



လမ်းစဉ်တော်မှာ . . ."

"တော်ပါတော့ကွာ၊ ငါ. . . ငါ ဘာဆက်လုပ်ရမှာလဲပြော၊ နိုင်ဦးသော်ဟာ ငါ့အတွက် ဖျက်မျဉ်းကွ"

"ဟာ- အဲဒီကိစ္စ ကျွန်တော် လက်မခံနိုင်ဘူး ဘော့စ်ရာ။ ဒါ အချစ် ဘော့စ်ရ။ အချစ်မှာ ဘာမှ မရှိဘူးလေ။ အားလုံး ခံစားလို့ရတယ်။ ပိုင်ဆိုင်လို့ ရတယ်ဗျ။ ဒီတော့ ဘော့စ် နိုင်ဦးသော်ထက် အရေးကြီးတာ ဟိုကောင်မလေးနှစ်ယောက် ဘော့စ်ရင်ခွင်ထဲ ရောက်လာဖို့ပဲ။ ဒါထက် နေပါဦး ဘော့စ်ရယ်၊ ဟို- ဘော့စ်က နှစ်ယောက်စလုံးကို ချိန်တာဆိုတော့ နှစ်ယောက်စလုံး ယူမှာလား"

"ဟဲဟဲ ကျွန်တော်က နည်းနည်းတော့ လောဘကြီးတယ်ဗျ။ ကျွန်တော် မှားသလား"

"မမှားပါဘူး ဘော့စ်ရာ။ အချစ်လေ အချစ်"

"ဟင်"

မြဖေ၏စကားကြောင့် ဦးသစ္စာစကြာလည်း လည်တယ်တယ် ဖြစ်သွား၏။ ရွှေကောင်းကင်ရော ရွှေဝတ်လွှာပါ နိုင်ဦးသော်၏ စက်ကွင်းထဲ ဝင်နေသည်ကို မကျေနပ်ချင်။ သူ့ရင်ထဲ နိုင်ဦးသော်ကို ဦးချိုကားကားနှင့် ကျွဲပေါက်တစ်ကောင်လို ခံစားနေရ၏။

ထိုအဖြစ်နှင့် ပတ်သက်ပြီး ဦးသစ္စာစကြာတစ်ယောက် အိပ်မက်ထဲတောင် မက်မိ၏။ မိုးမြင့်မြင့်မော်ကိုလည်း သူ မခံစားချင်တော့။

သို့သော် နိုင်ဦးသော်ကို ဖယ်ရှားပစ်ဖို့ရန် သူ အကြံကြီး ကြံခဲ့၏။ နှလုံးသားရေးရာမှာ မျှတမှု၊ ကရုဏာ၊ သစ္စာတရားထက် ပို၍ အရေးကြီးသည်က လက်ဦးမှု ရယူခြင်းဖြစ်ကြောင်း မြဖေက မြွက်ဆိုခဲ့ဖူး၏။

ထိုစကားကို ဦးသစ္စာစကြာ သဘောကျကြီး ကျနေ၏။ နိုင်ဦးသော်သည် သူ့မျက်စိထဲတော့ သေးသေးလေးပင်။ ထိုသေးသေးမွှန်မွှန်လေးက ကျယ်ပြန့်သောနေရာကို ယူထားသဖြင့် သူ့အတွက် ခိုးလိုးခုလု ခံစားရသည်ကို ဝေဒနာတစ်ခုလို ထင်နေ၏။

နောက်ဆုံး မိုးမြင့်မြင့်မော်၏ ဂရင်းလေဒီကုမ္ပဏီကို သတိရလာ၏။ တစ်ချိန်က မိုးမြင့်မြင့်မော် ပြောခဲ့သည့်စကားကို သတိရလာ၏။ ထိုစကားက တခြားမဟုတ်၊ သူ့ကုမ္ပဏီတွင် ကွန်ပျူတာသမား လိုသည်ဆိုသော စကားပင်။

သတိရလျှင်ရချင်း မိုးမြင့်မြင့်မော်ဆီသို့ ချက်ချင်း ထွက်ခဲ့လေတော့၏။ သူ့ကိုမြင်တော့ မိုးမြင့်မြင့်မော်တစ်ယောက် ဝမ်းအသာကြီး သာနေ၏။

"ဟယ်၊ ယူ. . . ယူ အိုင့်ဆီ လာသလား"

"ဟုတ်တယ် မိုးရယ်၊ ကိုယ့်မှာ ကိစ္စလေး ရှိနေလို့ပါ"

"ဟင်- ဘာ. . . ဘာကိစ္စလဲဟင်၊ ဟိုတစ်လောက ဒီအိုင့် ယူ့ဆီ ဖုန်းဆက်တယ်ဆို။ ယူနဲ့အိုင်ကိစ္စ မေးတယ်ဆို။ ဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com


"အင်း၊ ဟုတ်. . . ဟုတ်တယ် မိုး"

"ဘယ်လိုလဲ ယူရယ်၊ အိုင်တို့ ဒီလိုပဲ ငေါင်စင်းစင်း နေရမှာလား"

"ခဏစောင့်ပါဦး မိုးရယ်။ ကိုယ် အခုလာတာ မိုးဆီမှာ ကွန်ပျူတာ ဂရပ်ဖစ်သမား လိုတယ်ဆို"

"ဟာ- လိုတာပေါ့။ ယူ့ဆီမှာ ရှိလို့လား"

"ရှိတယ်လေ၊ နာမည်က နိုင်ဦးသော်တဲ့။ ဂရပ်ဖစ်တော့ အိတ်စပတ်ပဲ"

"ဟုတ်လား၊ ဒါဆို ခေါ်ခဲ့လေ။ ခုချက်ချင်း ခေါ်ခဲ့။ ချက်ချင်း ခန့်မှာ ဘယ်ကလဲ"

"ကိုယ့်ကုမ္ပဏီကပါ။ ကုမ္ပဏီမှာ ဂရပ်ဖစ်သမားတွေ များနေလို့ မမိုးဆီ ပြောင်းပေးမယ်လေ"

"ဟာ- သိပ်ကောင်းတာပေါ့"

"ဒါဆို အတော်ပဲ၊ ကိုယ်ကိုယ်တိုင် လာပို့မယ်နော်"

"လာခဲ့. . . လာခဲ့၊ ဖြစ်နိုင်ရင် မနက်ဖြန် ခေါ်လာခဲ့"

ဦးသစ္စာစကြာတစ်ယောက် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ ထို့နောက် မိုးမြင့်မြင့်မော်ကို ချက်ချင်း နှုတ်ဆက်ကာ ကုမ္ပဏီသို့ ပြန်လာခဲ့၏။

ကုမ္ပဏီ ရောက်ရောက်ချင်း ချက်ချင်း အမိန့်ထုတ်လေတော့၏။ ထိုအမိန့်စာကိုကြည့်ပြီး အံ့သြနေသူက မြဖေ။

"ဟာ- ဘော့စ်၊ ဟို ဒီ. . . ဒီကိစ္စ"

"ဂရင်းလေဒီနဲ့ ငါတို့ သစ္စာကမ္ဘာက ကုမ္ပဏီတစ်ခုတည်းလေကွာ။ ဒါကြောင့် နိုင်ဦးသော်ကို ပြောင်းပေးလိုက်တာ။ ဟိုမှာ လူလည်း လိုနေတယ်လေ"

မြဖေ ဦးသစ္စာစကြာ၏ အကြံအစည်ကို အကဲခပ်သိလိုက်၏။ ရယ်ကျဲကျဲနှင့် ခေါင်းတညိတ်ညိတ် လုပ်လိုက်၏။ နောက်ဆုံး နိုင်ဦးသော်ကို အခန်းထဲ ချက်ချင်း ခေါ်လိုက်ရ၏။

ဦးသစ္စာစကြာသည် နိုင်ဦးသော်ရှေ့သို့ ရောက်လာသည်နှင့် အမိန့်စာထုတ်ပေးလိုက်၏။ နိုင်ဦးသော်သည် ဂရင်းလေဒီကုမ္ပဏီသို့ ပြောင်းရွှေ့ရမည် ဆိုသောကြောင့် ဝမ်းသာအားရ ဖြစ်သွား၏။

"ဟာ- ဘော့စ်၊ ကျွန်တော် တကယ် ပြောင်းရမှာလား ခင်ဗျာ"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ မင်း မပြောင်းချင်ဘူးလား"

"ဟာ- သိပ်ပြောင်းချင်တာပေါ့ ဘော့စ်ရာ"

"ဘာကွ၊ မင်းစကားကြီးက တစ်မျိုးပါလား။ နိုင်ဦးသော်"

"ဗျာ"

"ဒါ မင်းကို အပြစ်ပေးလိုက်တာကွ။ ငါ အပြစ်ပေးလိုက်တာကို မင်းက ထခုန်နေပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ အဲဒီအပြစ်ကို ကျွန်တော် ခံယူချင်တာ ဘော့စ်ရဲ့။ မြန်မြန် ပြောင်းချင်လိုက်တာဗျာ"

"ဟေ"

နိုင်ဦးသော်၏စကားကြောင့် ဦးသစ္စာစကြာ ကြောင်စီစီ ဖြစ်နေ၏။ မြဖေမှာလည်း နိုင်ဦးသော်တစ်ယောက် အကြီးအကျယ် ခံစားရလိမ့်မည်ဟု ထင်မိသော်လည်း ယခုတော့ နိုင်ဦးသော် ဝမ်းသာအားရ ဖြစ်နေသည်ကို ကြည့်ပြီး အူလည်ချာလည် ဖြစ်နေလေ၏။

ထိုအချိန်တွင် စူဥလိပ် ရေထဲလွှတ်ခံရသလို အပျော်ကြီး ပျော်နေသော နိုင်ဦးသော်မှာ ဝမ်းအသာကြီးသာကာ အမိန့်စာကို တရှုပ်ရှုပ် နမ်းရှုပ်နေလေတော့၏။

သို့နှင့် ကုမ္ပဏီက အပြန်တွင် နိုင်ဦးသော်တစ်ယောက် အမိန့်စာကို ကိုင်၍ ဝမ်းသာအားရနှင့် အဆောင်သို့ ပြန်လာ၏။

အဆောင်ဝသို့ အရောက်တွင် အောင်ဘတစ်ယောက် ဦးရွှေကိုနား ထိုင်ပြီး မျက်နှာငယ်ငယ်နှင့် စကားပြောနေသည်ကို တွေ့လိုက်ရ၏။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ အောင်ဘရာ။ ကောင်မလေးကို အဆောင်ခိုးလာတော့ ငါက ဘယ်လိုလုပ် စီစဉ်ရမှာလဲကွ"

"ဟို- ဦးလေးရွှေကိုရဲ့ အောက်ခန်း . . ."

"ဘာကွ"

"ဟဲဟဲ ဦးလေးကလည်း၊ ဦးလေးရွှေကို ဒေါ်ကြီးချစ်ရဲ့မျက်နှာကို မထောက်တော့ဘူးလား။ ဦးလေးရွှေကိုသာ ကျွန်တော်တို့နှစ်ယောက်ကို ပစ်ပယ်ရင် ဒေါ်ကြီးချစ်က ဦးလေးကို မုန်းသွားမှာပေါ့ဗျာ"

"ဘာ- မင်း. . . မင်းကွာ၊ ငါ. . . ငါ ဘာလုပ်ရမှန်းတောင် မသိတော့ဘူး"

"ဟဲဟဲ မစဉ်းစားနေပါနဲ့ ဦးလေးရာ။ အချစ်မှာ အပြစ်မရှိပါဘူး။ ဟဲဟဲ ပြီးတော့ ဦးလေးအတွက် ကျွန်တော် အများကြီး အကျိုးဆောင်ပေးခဲ့တာလေ။ အဲဒါတော့ မမေ့ပါနဲ့"

"တိတ်စမ်းကွာ၊ မင်း ငါ့ကိစ္စက တကယ် ဖန်တီးပေးမှာလားကွ"

"ဟာ- စိတ်ချစမ်းပါ ဦးလေးရာ၊ ဒေါ်ကြီးချစ်ရဲ့တူမ ဦးလေးအိမ်ကို ရောက်လာပြီ ဆိုကတည်းက ရွှေလမ်းငွေလမ်း ဖောက်သလိုပေါ့ဗျာ၊ ဟုတ်ဘူးလား။ ပြီးတော့ ဒေါ်ချစ်ကြီးက ဦးလေးကို ခေါင်းညိတ်မှာ သေချာပါတယ်ဗျာ။ ဟဲဟဲ နောက်ပြီးတော့ ဦးလေးရော ကျွန်တော်ရော ဝဝလင်လင် စားဖို့ မပူရတော့ဘူးပေါ့ဗျာ"

"ဘာကွ၊ မင်းက ဒီယုန်မြင်လို့ ဒီချုံထွင်တာလား"

"ဟာ- ဦးလေးကလည်း လောကမှာ လူတွေဟာ ထမင်းစားမှ အသက်ရှင်နေကြတာလေ။ အသက်ရှင်မှ ချစ်နိုင်မယ်၊ ချစ်နိုင်မှ ဦးရေ တိုးမယ် ဟဲဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် တိတ်စမ်း၊ တော်ကွာ ဟင်းဟင်း ချစ်ချစ်မျက်နှာ ကြောင့်နေ၃်"

"ဗျာ၊ ဒါ ဒါဆို ကျွန်တော်တို့ ဦးလေးအခန်းမှာ နေလိုက်ရမလား။ မြန်မြန်ပြောလိုက်ဗျာ"

"သဘောပဲကွာ၊ အချစ်ကြောင့် လူတွေ ရူးသွားကြတယ်ဆိုတာ တယ်လည်း မှန်ပါလားကွာ။ မင်းလည်း ရူးသွားပြီ၊ ငါလည်း ရူးသွားပြီပေါ့ ကွာ။ နေကြ. . . နေကြ၊ နောက်ဆို ဝေဝေလေးက ငါ့တူမ ဖြစ်တော့မှာပဲ ကွာ။ နေ. . . နေ"

"ဒါမှ ဦးလေးကွ"

"တော်စမ်းပါကွာ"

အောင်ဘတစ်ယောက် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ ထိုစဉ် သူတို့ပြောစကားကို နားထောင်နေသော နိုင်ဦးသော်မှာလည်း အားကျလာ၏။ ထို့ကြောင့်လည်း သူတို့ စကားဝိုင်းထဲ ဝင်လိုက်၏။

"ဦးလေးရွှေကို"

"ဟင်- လာပြန်ပြီ တစ်ယောက်၊ ဘာတုံး"

"ဟို. . . ဟဲဟဲ ကျွန်တော်လည်း အစီအစဉ်တွေ ရှိနေတယ်ဗျ"

"ဘာအစီအစဉ်တုံး"

"ဟိုဗျာ၊ ကျွန်တော်လည်း ရည်းစားရှိတော့မယ်ဗျ။ အဲဒါ အဲဒီ ကောင်မလေးနဲ့ ချစ်သွားရင် ဒီအဆောင်ကို ခိုးပြေးလာလို့ ရမလားဟင်"

"ဘာ- မင်း ဘာပြောတယ်"

"ဟာ- ဦးလေးရွှေကိုကလည်း၊ ဒီဂေဟာက အချစ်ဂေဟာကြီးလေ။ အချစ်ဆိုတာ မင်္ဂလာတစ်ပါးပဲလို့ ကျွန်တော့်ကုမ္ပဏီကလူကြီးက ပြော ဖူးတယ်ဗျ။ ဒီတော့ ဦးလေးပိုင်တဲ့ အိမ်ကြီးက ကျက်သရေမင်္ဂလာ ရှိသွား မှာပေါ့ဗျာ။ ဟုတ်ဖူးလား အောင်ဘ"

"ဟုတ်. . . ဟုတ်တယ်၊ နေပါဦး မင်းရော ခိုးမလာသေးဘူးလားကွ"

"ဟာကွာ၊ ရည်းစားစကားတောင် မပြောရသေးဘူး။ ကြိုတင် စီစဉ်ထားတာ ဘဝရဲ့လုံခြုံမှုပဲ မဟုတ်လား"

"ဟုတ်တယ်၊ သိပ်ကောင်းတဲ့ အကြံအစည်ကွ"

"တိတ်စမ်း၊ တိတ်ကြစမ်း။ ဒီကိစ္စ ဆောက်ဖြစ်မှ ကျောင်းဒကာ ကိစ္စကွ"

"ဗျာ၊ ဘာ. . . ဘာဖြစ်လို့လဲ ဟင်"

"ဟ- နိုင်ဦးရဲ့ မင်းက ငကြောင်ပဲ။ မင်း ရည်းစားစကားတောင် မ ပြောရသေးဘူး။ အတူနေဖို့ အိမ်ရှာတယ်ဆိုတော့ ငကြောင်တွေ လုပ်တာ ကွ။ ပြီးတော့ ငါ့အိမ်မှာ နေမယ်ဆိုရင်တော့ ပြဿနာတွေ ရှုပ်ကုန်မှာ ပေါ့ကွာ။ မဖြစ်ဘူးကွ၊ မင်းဥစ္စာ မုန့်ဆီကြော် ဘယ်နေမှန်းမသိ၊ ပုတ်ခမ်း နာနဲ့ တည့်ပါ့မလား စဉ်းစားနေတဲ့ အရူးတစ်ယောက်လိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- ဦးလေးပဲ ပြောသလေ၊ ချစ်လာရင် ရူးသွားကြတာပဲဆို"

"ဒါက လက်တွေ့ကို ပြောတာကွ"

"ဟင်- ဒါဆို ဦးလေးက ဒေါ်ချစ်ကြီးကို ရည်းစားစကား ပြောပြီးပြီလား"

"ဟေ"

နိုင်ဦးသော်၏အမေးကြောင့် ဦးရွှေကို နင်သွား၏။ ဘာပြောလို့ ပြောရမှန်း မသိ။ ခေါင်းကြီး တဖြင်းဖြင်းကုတ်ကာ တစ်ဆို့ကြီး ခံစားနေရလေတော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

နိုင်ဦးသော်တစ်ယောက် ဂရင်းလေဒီကုမ္ပဏီသို့ ဂရပ်ဖစ်သမား ဘဝနှင့် ရောက်သွားကတည်းက တက်တက်ကြွကြွ ဖြစ်နေ၏။ သူလုပ်သည့် ကွန်ပျူတာရုံးခန်းကလည်း ထားခက်ခက်ဝေကို လှမ်းမြင်နေရသည်မို့ ဝမ်းသာအားရ ဖြစ်နေ၏။

အနီးကပ်နေရသောအခါ ထားခက်ခက်ဝေ၏ သူမတူအောင် လှသောအလှကို ပို၍ပို၍ ခံစားမိလာ၏။ သို့သော် ထားခက်ခက်ဝေက မာနကြီးလှ၏။ သူ့ကိုမြင်တိုင်း မျက်စောင်းကလေး ထိုးလေ၏။ မျက်နှာကလေး မဲ့ပြနေ၏။ လက်သီးလေး ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ထောင်ပြတတ်၏။ သူကလည်း ထိုအမူအရာလေးများကိုကြည့်ရင်း ပီတိ တဖွေးဖွေး ဖြစ်နေ၏။

သို့သော် ထားခက်ခက်ဝေ သူ့အပေါ် အငြိုးမာန်ရှမှာတော့ စိုးလှ၏။ ထို့ကြောင့်လည်း ထားခက်ခက်ဝေ မကြိုက်တာ ဘာတစ်ခုမှ မလုပ်။ ထို့ပြင် ဂရင်းလေဒီ ကုမ္ပဏီကြီး၏ လုပ်ငန်းခွင်မှန်သမျှကို နိုင်ဦးသော်က ကျွမ်းကျွမ်းကျင်ကျင် သိနေသည်မို့ ဒေါ်မိုးမြင့်မြင့်မော်၏ လက်စွဲ ဖြစ်နေလေ၏။

ထိုအခါ မိုးမြင့်မြင့်မော်နှင့် ဦးသစ္စာစကြာကိစ္စကို နိုင်ဦးသော် သိထားသည်မို့ မရမက လျှော်လေတော့၏။ သူပြောသည့် ဒိုင်ကြောင်တွေကြား မိုးမြင့်မြင့်မော် မျောနေ၏။

ဦးသစ္စာစကြာထံသို့လည်း နေ့တိုင်း ရောက်ရှိသွား၏။ မရရအောင် အပြင်ခေါ် ထုတ်၊ မာယာအမျိုးမျိုးနှင့် ချဲပြ၊ သည်းပြခဲ့၏။ ထိုအခြေအနေကြောင့် ဦးသစ္စာစကြာ ခမျာမှာလည်း ရွှေလေးနှစ်ယောက်ကို မခံစားနိုင်တော့။

ထိုအချိန်တွင် ရွှေကောင်းကင်နှင့် ရွှေဝတ်လွှာတို့မှာ သူတို့ကြောင့်

www.burmeseclassic.com



နိုင်ဦးသော် ပြောင်းသွားရသည်ကို မကျေမချမ်း ဖြစ်နေ၏။ နောက်ဆုံးတော့ သူတို့နှစ်ယောက်ထံမှ စကားသံ ထွက်လာ၏။

"ဘာ- ဂရင်းလေဒီကို ပြောင်းပါရစေ ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မကို ပြောင်းမပေးဘူး ဆိုရင်တော့ ထွက်စာတင်မယ်"

"ဟုတ်တယ်၊ ကျွန်မလည်း ထွက်စာတင်မယ်။ ကိုနိုင်ဦးသော်မှာ အပြစ်မရှိပါဘူး။ ရွှေတို့အပေါ် ကိုနိုင်ဦးသော်ဟာ တကယ် စေတနာကြီးတဲ့လူပါ"

"ဟာကွာ၊ မဟုတ်တာတွေ မပြောကြစမ်းပါနဲ့။ မင်းတို့ စဉ်းစားကြပါဦး။ ဟိုမှာလည်း နေရာလပ် မရှိပါဘူးကွ"

"အို၊ ဒါဆို ကျွန်မတို့ ထွက်မယ်"

"ဟုတ်တယ်၊ ဝတ်လွှာလည်း ထွက်မယ်"

"ဟင်"

ပြဿနာ တစ်စတစ်စ ကြီးထွားလာသည်မို့ ဦးသစ္စာစကြာတစ်ယောက် အူလည်ချာလည် ဖြစ်နေ၏။ ဘယ်လိုမှ မဖြစ်နိုင်သောကိစ္စ၊ ရွှေနှစ်ယောက်လုံးကို သူ့အိတ်ထောင်ထဲက ဖားမလေးနှစ်ကောင်လို သတ်မှတ်ထားခဲ့၏။

ယခုတော့ ခင်းတို့က ဖားမဟုတ်ဘဲ မြွေတွေ ဖြစ်နေပြီမို့ ဦးသစ္စာစကြာတစ်ယောက် အကြီးအကျယ် ခေါင်းစားနေလေ၏။

သို့နှင့် ရွှေကောင်းကင်ရော ရွှေဝတ်လွှာပါ ထွက်စာတွေ တင်လာ၏။ ထွက်စာနှစ်စောင်ကို ကြည့်ပြီး ဦးသစ္စာစကြာ ချာချာလည်နေ၏။ ထိုစဉ် အခန်းထဲသို့ မြဖေ ဝင်လာ၏။

"ဒုက္ခပဲ မြဖေရာ၊ ငါတော့ မြွေတွေနဲ့ တွေ့နေပြီဟေ့"

"ဗျာ မြွေ၊ ဟာ မြွေသားက ကောင်းတယ်ဗျ။ ချက်စားလိုက်ပေါ့ ဘော့စ်ရာ"

"ဟိတ်ကောင်၊ ဘာတွေ လျှောက်ပြောနေတာလဲကွ။ ဒီမှာ ကြည့်စမ်း"

"ဗျာ၊ ဘာတုံး ဘော့စ်ရဲ့"

ပြောပြောဆိုဆိုနှင့် ဘော့စ် လှမ်းပေးလိုက်သော ထွက်စာနှစ်စောင်ကိုဖတ်ပြီး မြဖေ လည်သွား၏။

"ဟာ- နှစ်ယောက်စလုံး ထွက်စာတင်တာလား"

"အဲဒါ ပြောတာပေါ့ကွာ၊ သူတို့က နိုင်ဦးသော်ဘက်ကကွ။ ငါ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ဘူးကွာ"

"ခက်တယ် ဘော့စ်ရာ၊ အချစ်ဆိုတာ ဖန်တီးလို့ မရ၊ လုယူလို့ မရဘူးဗျ။ ပြောရရင် အဲဒါ ကိုယ်ချစ်ပေါ့ ဘော့စ်ရာ။ ကိုယ်ချစ်တော့ ခံစားရတာပေါ့။ ဒါပေမယ့် သူချစ်ကျတော့ . . ."



www.burmeseclassic.com

 www.burmeseclassic.com 

"ဟင်- ဘာတုံးကွ သူချစ်"

"ဟဲဟဲ သူချစ်ဆိုတာ သူက ချစ်တာလေ။ အဲဒါကျတော့ လုပ်ယူစရာ မလိုဘူး၊ ဖန်တီးစရာ မလိုဘူး၊ သူ့အလိုလို ဖြစ်လာတာလေ"

"ဟင်- ဒါ. . . ဒါဆို သူချစ်ကို ငါ ဘယ်လိုရှာရမှာလဲ"

"ခက်ပါ့ ဘော့စ်ရာ၊ သူချစ်ကို ရှာဖွေစရာ မလိုပါဘူး ဘော့စ်ရဲ့။ ဂရင်းလေဒီကုမ္ပဏီပိုင်ရှင် မမိုးမြင့်မြင့်မော်ဟာ ဘော့စ်ရဲ့ သူချစ်ပဲလေ။ ဘော့စ် ထမင်းဆာတယ်ဆို သူက ခွံ့ကျွေးမှာဗျ။ အဲဒီလောက် ကြင်နာတဲ့လူကို ဘော့စ်က အနီးမှုန်နေပါလားဗျာ"

"ဟာ- သူ. . . သူက"

"ဘာဖြစ်လို့တုံး၊ မိုးမြင့်မြင့်မော်ဟာ ချမ်းသာတယ်။ ချောတယ်။ အရွယ်တင်တယ်။ ဘော့စ်နဲ့ဆို ရွှေ့သွားနောက်လိုက် နေနဲ့လ၊ ရွှေနဲ့မြ ဘယ်လောက် လိုက်သလဲဗျာ"

"ဘာ- တော်. . . တော်ဗျာ"

"အဲဒါ ပြောတာပေါ့ အချစ်ဆိုတာ တစ်ခါတစ်ခါ မခေါ်ဘဲ လာတတ်တယ် ဘော့စ်ရဲ့။ မိုးမြင့်မြင့်မော်ရဲ့ လက်ဖဝါးနုနုလေးတွေ၊ ခြေဖဝါးနုနုလေးတွေကို ဘော့စ် ကိုင်ဖူးသလား"

"အင်- ဟော့ကောင်"

"ဟဲဟဲ၊ မရှက်ပါနဲ့ ဘော့စ်ရာ။ အချစ်ဆိုတာ မထင်မှတ်တဲ့ နေရာကနေ ပေါ်လာနိုင်ပါတယ်။ ခံစားလိုက်စမ်းပါဗျာ"

"တော်စမ်းပါဗျာ"

ဦးသစ္စာစကြာတစ်ယောက် မြဖေ၏စကားကြောင့် ငေါင်စင်းစင်းဖြစ်သွား၏။ ရွှေလေးနှစ်ယောက် ထွက်စာတင်သွားပြီဆိုတော့ သူ့ဘဝက အထီးကျန်ဆန်လွန်းသွား၏။

ကုမ္ပဏီကြီး၏ မြင်ကွင်းကို ကြည့်ရင်း သဲကန္တာရကြီးလို မြင်လာမိ၏၊ အိုအေစစ်ပင် မရှိသော သဲကန္တာရကြီး။ သူ့ရင်ထဲ အမောကြီး မောနေမိ၏။

အချစ်သည် လူကို ရူးသွပ်သွားနိုင်သည်ဆိုသော စကားသည် မှန်ပေစွ။

သူ့ရင်ထဲ နုံးနုံးချည့်ချည့် ပျော့တိပျော့ဖပ်နှင့် ညှစ်ပြီးသား ကြွဖတ်ကြီး တစ်ဖတ်လို အခံစားကြီး ခံစားနေရလေ၏။

ထိုအချိန်တွင် ထားခက်ခက်ဝေကို အပီလုံးနေသော နိုင်ဦးသော်မှာ အောင်မြေကို တစ်ဝက်နင်းမိပြီဟု ဆိုရမည်ပင်။

နိုင်ဦးသော်၏ ကွန်ပျူတာပညာကြောင့် ထားခက်ခက်ဝေတစ်ယောက် နိုင်ဦးသော်အနား ရောက်လာ၏။ တစ်နေ့ထက်တစ်နေ့ ဆန်းပြားခေတ်မီလာသော ကွန်ပျူတာပစ္စည်းများကြောင့် ထားခက်ခက်ဝေ ခေါင်းစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခက်အခဲကို နိုင်ဦးသော်က ဖင်ရောက် ရှင်းပေးခဲ့၏။ ထားခက်ခက်ဝေ၏ အခက်အခဲ မှန်သမျှ ဖြေရှင်းပေးခဲ့သည်မို့ နိုင်ဦးသော်၏ အရိပ်က ထားခက်ခက်ဝေ၏ နှလုံးသားကို ဖမ်းစားစပြုချေပြီ ဖြစ်၏။

တစ်ရက်တွင် နိုင်ဦးသော်တစ်ယောက် ထားခက်ခက်ဝေ၏ ပုံတူကို မော်နီတာပေါ်တွင် ဂရပ်ဖစ်ဒီဇိုင်း ရေးဆွဲပြီး စာတွေရေးကာ စီဒီကူးလိုက်၏။ ထို့နောက် ကူးပြီးသား စီဒီခွေကို ထားခက်ခက်ဝေအား နောက်တီး နောက်တောက်နှင့် လက်ဆောင်ပေးလိုက်၏။

ထားခက်ခက်ဝေမှာ နိုင်ဦးသော် ပေးလိုက်သော စီဒီခွေကလေးကို ကြည့်ပြီး ရင်တွေ ခုန်နေ၏။ အချစ်သီချင်းတွေ ဆိုသဖြင့် ရင်တွေ တဖိုဖို တလှိုက်လှိုက် ခံစားနေရ၏။

နောက်ဆုံး အိမ်ပြန်ရောက်သည်နှင့် စီဒီခွေကို ကွန်ပျူတာထဲ ထည့်ကာ ဖွင့်ကြည့်လိုက်၏။ မော်နီတာ စကရင်ပေါ် ပေါ်လာ၏၊ သူ့ပုံတူ၊ ပြီးတော့ နိုင်ဦးသော်၏ အချစ်စကား၊ ထိုနေ့ည သူ့ရင်တွေ လှိုင်းထန်ခဲ့ရ၏။ ရင်မခုန်စဖူး ခုန်ခဲ့ရ၏။ အိပ်လို့လည်း မပျော်၊ အိပ်မက်ထဲတောင် နိုင်ဦးသော် ရောက်လာ၏။

သို့နှင့် နောက်တစ်နေ့ နံနက်ခင်း ကုမ္ပဏီသို့သွားရန် အိမ်က အထွက်တွင် နိုင်ဦးသော် စောင့်နေသည်ကို တွေ့လိုက်ရ၏။ ဘွားခနဲ မြင်ရတော့ ခြေတွေ လက်တွေ အေးစက်သွားသလိုပင်။

နိုင်ဦးသော်တစ်ယောက် သူ့အနားသို့ ကပ်လာကာ ချစ်ခွင့်အဖြေကို ကလေးတစ်ယောက် မုန့်ပူဆာသလို တတွတ်တွတ် တောင်းဆိုလေတော့၏။

ထားခက်ခက်ဝေ ခြေလှမ်းတွေ မှားကုန်၊ စကားတွေ ထစ်ငေါ့ကုန်၏။ အဖြေမရလျှင် အနားမခွာဘူး လုပ်နေသော နိုင်ဦးသော်ကို ကြည့်ပြီး တောက်တဲ့ကြီးတစ်ကောင်လို မြင်လာ၏။

နောက်ဆုံး နိုင်ဦးသော် လိုချင်သည့် ချစ်အဖြေကို ထစ်ထစ်ငေါ့ငေါ့ အဖြေပေးလိုက်ရာ ဝုန်းခနဲ ထခုန်လေတော့၏။

ထိုအချိန်မှစ၍ သူတို့နှစ်ဦး ချစ်သူဘဝသို့ တစ်မုဟုတ်ချင်း ရောက်ရှိသွားလေတော့၏။ နိုင်ဦးသော်တစ်ယောက် ပျော်လိုက်သည်မှ မိုးမမြင် လေမမြင်။

ထိုအခြေအနေကို မိုးမြင့်မြင့်မော်ကလည်း ရိပ်မိသွားသဖြင့် နိုင်ဦးသော်ကို ခေါ်မေးခဲ့၏။ နိုင်ဦးသော်ကလည်း အမှန်အတိုင်း ဖြေခဲ့၏။

"ဟုတ်. . . ဟုတ်ပါတယ် မမရယ်။ ကျွန်တော် မထားဝေကို ဘဝနဲ့ ရင်းပြီး ချစ်ခဲ့တာပါ မမရယ်။ ကျွန်တော့်ကို ခွင့်လွှတ်စေချင်ပါတယ်"

"မင်း ထားခက်ခက်ဝေအကြောင်းကို ဘယ်လောက် သိသလဲ"

"ဗျာ၊ ဟို- ကျွန်တော် သူ့အကြောင်းကို မသိပါဘူး မမ။ ကျွန်တော် သိတာ သူ့ကို ချစ်တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ၊ မမ ပြောမယ် နားထောင်"

"ဟုတ်. . . ဟုတ်ကဲ့"

"အေး- ထားခက်ခက်ဝေဟာ မမရဲ့ တူမအရင်းပဲကွယ့်"

"ဗျာ"

"ဟုတ်တယ်၊ မမရဲ့ညီမဟာ မမတို့ သဘောမတူတဲ့လူနဲ့ ယူသွားလို့ မမတို့က ရှင်ခန်းဖြတ်ခဲ့ကြတယ်လေ။ ညီမလေးတို့ကလည်း အချစ် တစ်ခု တည်းကို ကိုးကွယ်ခဲ့ကြတော့ မမတို့ စကားကို ဥပေက္ခာပြုခဲ့ကြတယ်။ သူတို့ဟာ အနေအထိုင် ဆင်းရဲနွမ်းပါးပေမယ့် ဘဝကို ရဲရဲရင့်ရင့် ဖြတ်သန်း ခဲ့ကြတယ်ကွယ့်"

"ဪ- ဒါဆို . . ."

"မမ ပြောပါရစေဦး"

"ဟုတ်. . . ဟုတ်ကဲ့"

"အဲဒီလို နေခဲ့ကြတုန်း ထားခက်ခက်ဝေလေး ကြီးပြင်းလာတော့ မမတို့လည်း ဥပေက္ခာမပြုနိုင်တော့ဘူးလေ။ မမတို့ မောင်နှမကြားမှာ အိမ်ထောင်ကျသွားခဲ့သူဆိုလို့ သူရဲ့အမေပဲ ရှိတာကွယ့်။ ဒီတော့ မွေးလာ တဲ့သမီးဟာ မမတို့ မျိုးဆက်ကလေးမို့ မပစ်ပယ်နိုင်ကြဘူးလေ။ ဒါကြောင့် လည်း ဆိုင်မှာ ခေါ်ထားခဲ့ရတာပေါ့။

ဒါပေမယ့် ထားခက်ခက်ဝေဟာ သူ့အမေအတိုင်းပဲ။ မာနကြီးတယ်၊ မမကားကိုလည်း မစီးဘူး။ သူ့မိဘတွေနဲ့ ဘဝကို ရအောင် ရပ်တည်ရဲ တယ်လေ။ ဒါပေမယ့် မမတို့က ကိုယ့်သွေးလေးဆိုတော့ အစစအရာရာ ဂရုစိုက်ရတာပေါ့ကွယ်။ ခုတော့ မောင်နိုင်နဲ့ ချစ်နေကြပြီဆိုတော့ မမ သဘောတူပါတယ်ကွယ်။ မင်းတို့နှစ်ဦး အခက်အခဲရှိရင် မမကို ပြောပါ။ မမ အားလုံး ကူညီပါ့မယ်ကွယ်"

"ကျေး. . . ကျေးဇူးတင်လိုက်တာ မမရယ်"

"ပြီးတော့ မင်းကို ပြောရဦးမယ်ကွယ့်"

"ဗျာ၊ ဘာများလဲ မမ"

"တခြားတော့ မဟုတ်ဘူးကွယ့်။ မင်းတို့ဘော့စ်နဲ့ မမတို့လည်း နောက်လ ပထမအပတ်မှာ လက်ထပ်တော့မယ်လေ"

"ဗျာ၊ တ. . . တကယ်လား မမ"

"တကယ်ပေါ့ကွယ်"

"ဟာ- ဝမ်းသာလိုက်တာဗျာ"

နိုင်ဦးသော်တစ်ယောက် ကြားလိုက်ရသော စကားများကြောင့် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ ထိုစကားကို ထားခက် ခက်ဝေအား ပြောပြခဲ့၏။

သူတို့နှစ်ဦးစလုံး အကြည်နူးကြီး ကြည်နူးနေကြ၏။ မျှော်လင့်ထား သလို ဖြစ်ခဲ့ကြပြီမို့ သူတို့နှစ်ယောက် မိုးမမြင်လေမမြင် ဖြစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဂရင်းလေဒီကုမ္ပဏီသို့ ရွှေကောင်းကင်တစ်ယောက် ယောက်လာ၏။ နိုင်ဦးသော် နာမည်တပ်ပြီး မေးလာသဖြင့် ထားခက်ခက်ဝေ မျက်လုံးပြူးနေ၏။

ထိုစဉ် နိုင်ဦးသော်တစ်ယောက် ကွန်ပျူတာပစ္စည်းများ တပ်ဆင်ရန် အပြင်သို့ သွားနေချိန် ဖြစ်လေ၏။ ထားခက်ခက်ဝေတစ်ယောက် မျက်နှာကလေး စူပွစူပွ ဖြစ်နေ၏။

ထိုသို့ မကျေမချမ်း ခံစားနေရစဉ် ဆိုင်သို့ ရွှေဝတ်လွှာ ရောက်ရှိလာပြန်၏။ နာမည်တပ်လာတော့လည်း နိုင်ဦးသော် နာမည်။ ထားခက်ခက်ဝေတစ်ယောက် စွေ့စွေ့ခုန် ခံစားနေရ၏။ နောက်ဆုံး မကျေမချမ်းနှင့် နိုင်ဦးသော်ကို ဖုန်းဆက်လိုက်၏။

နိုင်ဦးသော်မှာ ဖုန်းထဲမှ ကြားလိုက်ရသော ထားခက်ခက်ဝေ၏ စကားကြောင့် ဆိုင်သို့ မလာရဲတော့။ ပြဿနာတွေ ပို၍ပို၍ ရှုပ်ထွေးသွားနိုင်သည်မို့ နောက်ဆုံး ထားခက်ခက်ဝေကို သူရှိရာနေရာသို့ အမြန်ဆုံးလာရန် ခေါ်လိုက်ရလေ၏။

ထားခက်ခက်ဝေ ရောက်လာတော့ နိုင်ဦးသော် အကျိုးအကြောင်း ရှင်းပြခဲ့ရ၏။ ပထမတော့ ထားခက်ခက်ဝေ မယုံချင်။ မနည်းကြီးပြောမှ ခေါင်းကလေး ညိတ်လေ၏။

"ယုံပါ ထားဝေရယ်"

"သေချာရဲ့လား"

"သိပ်သေချာပါတယ်"

"သစ္စာရေ သောက်မှာလား"

"သောက်မယ်ကွာ"

"ကျိန်ပြ"

"ဘုရားစူး မိုးကြိုးပစ်ကွာ။ အိုကွာ၊ ကိုယ် မဟုတ်တာပြောရင် ကိုယ့်ကိုယ်ပေါ် ကောင်းကင်ကြီး ပြိုကျလာပါစေကွာ"

"တော်ပြီ၊ ပါးစပ်ပိတ်တော့။ ဒါဆို ထား ယုံလိုက်ပြီ"

"ဟေး"

နိုင်ဦးသော်တစ်ယောက် ထားဝေ၏ စကားကြောင့် ဝမ်းသာအားရနှင့် အော်ဟစ်လိုက်ရာ ပတ်ဝန်းကျင် တစ်ခုလုံး အထိတ်ထိတ် အလန့်လန့် ဖြစ်သွားလေတော့၏။

**ပေါ်ကျွဲရှိ**

www.burmeseclassic.com